
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






**အယ်ဒီတာအဖွဲ့**

ကိုဒီ ၊ သိပ်ပြမလှိုင် ၊ စံပြနီ

**မျက်နှာဖုံးခေါင်းစီးစာလုံး**

ပန်းချီတင်ထွဏ်း

**ဖြန့်ချိမှုတာဝန်ခံ**

အောင်မိုးလှိုင်

**ထုတ်လုပ်မှုတာဝန်ခံ**

မိုးမြင့်လှိုင်

**အကြံပေး**

လွှယ်လွှယ်ကြီး

**အယ်ဒီတာအဖွဲ့ရုံးခန်း**

အမှတ် ၁၈၉ ၊ ဒုတိယထပ်

( ၃၄ လမ်းအထက် )

ကျောက်တံတားမြို့နယ် ၊

ဖုံး ၀၉၅၁ ၉၆၃၃၁ ၊ ၀၉၄၉ ၂၈၂၆၂၀

True.megazine@gmail.com




www.burmeseclassic.com

www.burmeseclassic.com



ကာတွန်း
အောင်ရှိန်၊ ဖက်ဝိုင်း၊ သုရိန်၊
ဦးအောင်၊ စည်သူကျော်၊
ရန်ကြီးအောင်၊ စောဟန်၊ ၊
ပန်းချီဒီဇိုင်းသရုပ်ဖော်
ကျော်ဦး၊ သီဝံ၊ စက္ကူ၊
ရဲရင့်နိုင်၊ မောင်ညီညီ၊
ကျော်စိုးညိန်း၊ ညီညီလွင်
မျက်နှာဖုံးဂရပ်ဖစ်ဒီဇိုင်း
အောင်မိုးလှိုင်
အတွင်းစာမျက်နှာ မဒေဝ
DTP အနာဂတ်ကမ္ဘာ
CTP ကမ္ဘာဦး
KabaOo Colour Separation

ပုံနှိပ်မှတ်တမ်း
မေလ ၂၀၁၃ ၊ ပထမအကြိမ်
တန်ဘိုး ၇၀၀ ၊ အုပ်ရေ ၁၀၀၀
ဦးကျော်ဌေးမင်း ( ၀၅၉၉၂ )
အောင်သိန်းသန်းပုံနှိပ်တိုက်
အမှတ် ၄၄ (ခ)၊
ဗိုလ်ချုပ်အောင်ဆန်းလမ်း
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်တိုင်းတွင်ပုံနှိပ်ပြီး
မိုးကောင်းလှိုင်( ၁၆၁၆ ) မှခင်းစာပေ
၃ / ၂၆၇ ၊ ခရေပင်လမ်း၊ ဝေဘာဂီ၊
မ / ဥက္ကလာပမြို့နယ်
ရန်ကုန်တိုင်း မှ ထုတ်ဝေသည်



www.burmeseclassic.com

www.burmeseclassic.com





# မှုခင်းကြိုတင် ကာကွယ်ရေးနှင့် လမ်းပေါ်မှ စိတ္တဇ အန္တရာယ်များ

ချစ်တီးကုန်းရပ်ကွက်သည် မင်္ဂလာဒုံမြို့နယ်အတွင်း၌ ရှိသည်။ ထိုရပ်ကွက်အနီးတွင် ဈေးတစ်ခု ရှိသည်။ တစ်နေ့ ဈေးလူစည်ကားနေချိန်တွင် အသားမည်းမည်း အင်္ကျီကိုယ်ချွတ်နှင့် လူတစ်ယောက် ဈေးထဲသို့ ပြေးဝင်လာသည်။ သူ့လက်ထဲတွင် ခြံတိုင်ကို ခွဲချွတ်လာဟန်ရှိသော နှစ်ပတ်လည် သစ်သား ချွန်ကြီးတစ်ချောင်းကိုင်ထားသည်။ ဈေးဝယ်လာသူများက အလန့်တကြား အော်ဟစ်ရှောင်တိမ်းကြစဉ် ထိုသူက စက်ဘီးစီးလာသော လူရွယ်တစ်ယောက်၏ စက်ဘီးကို တွန်းလှဲကာ လက်ထဲမှ သစ်သားချွန်ကြီးဖြင့် ရိုက်နှက် ဖျက်ဆီးပစ်လိုက်သည်။ စက်ဘီးရှင် လူရွယ်မှာ အပြေးမြန်သဖြင့် ကံကောင်းသွားသည်။

ထိုသူက စက်ဘီးကို စိတ်တိုင်းကျ ဖျက်ဆီးပြီး တုတ်ကြီးကိုင်ကာ ပြေးထွက်သွားမှ ဈေးထဲမှ လူတွေ ဝိုင်းလာသည်။ အဲဒါ စိတ်ဝေဒနာရှင်တစ်ဦးဖြစ်ကြောင်း၊ သည်လို ရမ်းကားမှုမျိုး မကြာခဏ ပြုလုပ်တတ်ကြောင်း၊ သူ၏ မိသားစုများကလည်း ထိန်းမရကြောင်း၊ ထိုစိတ်ဝေဒနာရှင်ကို ကြောက်နေရကြောင်း ယခုလည်း ထိုဈေးလမ်းထဲတွင် စူပါကတ်ဆိုင်ကယ်တစ်စီးကို ရိုက်ဖျက်ပြီး စက်ဘီးကိုပါ ဆက်လက် ဖျက်ခြင်းဖြစ်ကြောင်း ပြောကြသည်။

ပြည်သူလူထုအတွက် အလွန်အန္တရာယ်ကြီးသော ဖြစ်ရပ်တစ်ခုပါလား။ ဈေးလမ်းဆိုသည်မှာ ဈေးဝယ်သူ၊ ဈေးရောင်းသူမှအစ ကျောင်းသွားကျောင်းပြန် ကလေးငယ်တွေဖြင့် စည်ကားသည့်လမ်းဖြစ်သည်။ စိတ်မထင်လျှင် မထင်သလို အန္တရာယ်ပြုလာနိုင်သည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သည်လိုကြောက်မက်ဖွယ် စိတ်ဝေဒနာရှင်ကို ထိုပတ်ဝန်းကျင်မှ တာဝန်ရှိသော လူမှုရေး အဖွဲ့အစည်းများ၊ ဈေးတာဝန်ခံများနှင့် လုံခြုံရေး အဖွဲ့အစည်းများက လက်ပိုက်ကြည့်နေသည်မှာ အန္တရာယ်ကို ဖိတ်ခေါ်သလို ဖြစ်နေသည်။ ပြည်သူ့ဘဝ လုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများသည် အဓိက ကျပါသည်။

မကြာမီက ဖြစ်ပွားခဲ့သည့် ပဲခူးမြို့နယ် အင်းတကော် ရဲစခန်းအပိုင်မှ အမှုတစ်ခု တင်ပြလိုပါသည်။ လူတစ်ယောက်က ရဲကင်းကို လေးခွနှင့် လာပစ်သည်။ ရဲတပ်ဖွဲ့ဝင် တစ်ဦးက ထွက်၍ တားမြစ်စဉ် ထိုသူက ဓားနှင့် ပြန်ခုတ်သော အမှုတစ်ခုဖြစ်ခဲ့သည်။ ဓားနှင့်ခုတ်သူမှာ စိတ်ဝေဒနာရှင်တစ်ဦး ဖြစ်နေသည်။ တစ်ခါက ကန်တော်ကြီးစောင်းတွင် ကိုယ်ပိုင်ဆလွန်းကားတစ်စီးကို ရှေ့မှ အုတ်ခဲနှင့် ထုသဖြင့် ကားမှန်ကွဲကာ ဒဏ်ရာရသူအချို့ ရှိခဲ့သည်။ ဤအမှု ကျူးလွန်သူမှာလည်း လမ်းပေါ်မှ စိတ်ဝေဒနာရှင်တစ်ဦးပင် ဖြစ်ပါသည်။ လူစည်ကားရာ အရပ်များ၊ ဥပမာ ဈေးလိုနေရာမျိုးတွင် စိတ်ဝေဒနာရှင်တွေကို တွေ့ရသည်မှာ ပြည်သူ့လုံခြုံရေးအတွက် ရင်လေးဖွယ် ရှိနေပါသည်။

BURMESE CLASSIC .com

စာရေးသူ မင်္ဂလာတောင်ညွန့် ဖဆပလရပ်ကွက်တွင် နေခဲ့စဉ်က အိမ်နီးချင်း လူရွယ် တစ်ယောက် ဓားထိုးခံရ၍ သေဆုံးသွားသည်။ ဓားနှင့်ထိုးသူမှာ စိတ်ဝေဒနာရှင်တစ်ဦး ဖြစ်ကာ အကြောင်းမဲ့ ရန်ပြုခံရခြင်းမှာ ရင်နာစရာ ကောင်းလှပါသည်။ ယနေ့ ထိုစိတ်ဝေဒနာ ရှင်ကို လမ်းပေါ်တွင် တွေ့နေရပြန်ပြီး သူသည် အပြစ်မဲ့ လူတစ်ယောက်ကို သတ်ခဲ့ပြီးပြီ။ နောက်ထပ် မသတ်တော့ပါဟု မည်သူ တာဝန်ယူနိုင်ပါမည်နည်း။

မကြာသေးမီက မကွေးမြို့တွင် မီးလောင်ဆုံးရှုံးမှုတစ်ရပ် ဖြစ်ပွားခဲ့သည်။ အကြောင်း ရင်းက စိတ်ဝေဒနာရှင်တစ်ဦးက မီးခြစ်ကို ဆော့ကစားရာမှ အစပြုခြင်းပါတဲ့။

ထို့အတူပင် မန္တလေး ပြည်ကြီးတံခွန် ရဲစခန်းအပိုင်၌ စိတ်ဝေဒနာရှင် အမျိုးသမီးကသူ၏ ရင်သွေးငယ်ကို သတ်ခဲ့သည့်ဖြစ်ရပ်မှာလည်း ကြေကွဲ ထိတ်လန့်စရာ ကောင်းနေပါသည်။ ယနေ့လမ်းများပေါ်တွင် အချိန်မရွေး ပေါက်ကွဲနိုင်သည့် စိတ်မကျန်းမာသူများ၏အန္တရာယ်များ ရှိနေသည်ကို သတိပြုသင့်ကြသည်။ မဖြစ်မီ ကြိုတင်ကာကွယ်ဖို့ ရပ်ကွက်ဆိုင်ရာ လူမှုရေး အဖွဲ့အစည်းများတွင်သာမက ပြည်သူတစ်ရပ်လုံးတွင် တာဝန်ရှိနေပါသည်။

ပြဿနာတစ်ရပ်ကို မပေါ်ပေါက်မီ ကြိုတင်ကာကွယ်ခြင်းသည် မှုခင်းကျဆင်းရေး၏ အဓိကကျသော အခန်းကဏ္ဍ ဖြစ်ပါသည်။

နီလေးမောင်

www.burmeseclassic.com

www.burmeseclassic.com



နီလေးမောင်
မြဝတီ မဂ္ဂဇင်း
အမှတ် ၂၂၂ ၊ မေလ ၊ ၂၀၁၃ ခုနှစ်

– လူတစ်ယောက်က ရဲကင်းကို လေးခွနှင့် လာပစ်သည်။ ရဲတပ်ဖွဲ့ဝင် တစ်ဦးက ထွက်၍ တားမြစ်စဉ် ထိုသူက ဓားနှင့်
**မှုခင်းကြိုတင်ကာကွယ်ရေးနှင့် လမ်းပေါ်မှုစိတ္တဇ အန္တရာယ်များ – နီလေးမောင် –– ၄**

– တီးဝိုင်းအဖွဲ့သားတစ်ဦးက မိုးပေါ်သို့ မီးရှူးမီးပန်း ပစ်တင်စဉ် မျက်နှာကြက်မီးစွဲလောင်ရာမှ ကပွဲခန်းမကို
**နိုင်ငံတကာ သတင်းလွှာ – ညိုမင်းလွင် (မော်ကျွန်း) ------------------- ၁၇**

– ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းမှုများတွင် ကိုင်တွယ်ဖြေရှင်းပုံဖြေရှင်းနည်း မှန်ကန်မှုတဖို့ အရေးကြီးပြန်ပါသည်။
**တရားဥပဒေစိုးမိုးရေး – ခင်မောင်ဌေး (ပညာရေး) ---------------- ၂၁**

– ဘီအီးအရက်ဆီများဝယ်ယူကာ တဲတွင် ရေရောစပ်၍ရောင်းချခဲ့ရာ (၁)ရက်လျှင်ရေသန့်ဘူး (၇)ဘူးမှ (၁၀)ဘူး
**သတင်းနှင့် မှုခင်း – မင်းဟိန်းခန့် (မှုခင်း) ---------------------- ၂၄**

– မရိုးမဖြောင့်သောသဘောဖြင့်၊ ခေတ္တမျှသာအလွဲသုံးစားမှုခြင်းသည်လည်း၊ ဤပုဒ်မအရအလွဲသုံးစားပြုသည်မည်၏။
**အမွေဆိုင်တစ်ဦးအား အလွဲသုံးစားမှု – ဆန်းဆန်းဦး (စမ်းချောင်းမြေ) ---- ၃၁**

– "အရက်မူးသမား 'မစင်'ကျွေး ကြည့်စားမလား၊ ဘယ်တော့မှမစားဘူး။ အသိစိတ်တော့ ရှိတာချည်းပဲ။"
**ထီလာကာသက်ဦး အရက်မူးလို့ ငယ်ပါဖြတ်တာလား – နတ္တလင်းချစ်လွင် ------ ၃၄**

– အသားညိုစိမ့်စိမ့်နှင့် ကျစ်ကျစ်လျစ်လျစ် ရှိသည်။ အမှုကလူသတ်မှု ဖြစ်သော်လည်းသူ့မျက်နှာပေါ်တွင်
**တမင်းတစ်နပ် ပုံပြင် – အောင်မြတ်ဦး ------------------- ၄၂**

– မနေ့က ကလေးတစ်ဦး၊ ဒီနေ့လူကြီးတစ်ဦး သေဆုံးတယ်။ ဝမ်းလျှောပြီးဆုံးကြတာပါ။ ပြီးတော့သူတို့ကရမ်းကုတွေနဲ့
**နွေရာသီနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ – မောင်မင်းယဉ် (ကူမဲ) -------- ၄၈**

– အဓမ္မပြုကျင့်ခံရသော မိန်းကလေးများသည် ရဲပုံဖော်ပန်းချီဆရာများ၏ အကူအညီဖြင့် တရားခံ ပုံကိုဆွဲပြီး
**တက္ကသိုလ်မြို့လေးက မုဒိန်းကောင် – နေဇော်ဦး ------------ ၅၈**

– ကျူပ် ကား ရပ်ရင်ဒီကောင်တစ်နေရာရာကစက်ဘီးနဲ့အမိ နင်းလိုက်လာပြီး ကားဘေးမှာ ယှဉ်ရပ်တယ်။ ပြီးတော့
**တွေ့ရကြုံရ ရဲတပ်ဖွဲ့ဝင်ဘဝ – ကျော်သူ ----------------- ၆၆**

– နည်းပညာ လျှင်မြန်စွာ တိုး တက်နေတဲ့အတွက် မုသားဖော် စက်ဟာ တကယ်တော့ ခေတ် နောက်ကျသွားပါပြီ။
**မုသားဖေါ်စက်တွေ အသုံးပြုသင့်သလား – မောင်မောင်ထွန်း --------- ၇၈**

www.burmeseclassic.com

www.burmeseclassic.com




– ဦးနှောက်ရဲ့ အစိတ်အပိုင်းတွေဟာ လူတွေ အမှန်ပြောချိန်နဲ့ မုသားပြောချိန်တွေမှာ လင်းလက်သွားလေ့ရှိတယ်

**မုသားဖေါ်သော နည်းလမ်းများ – ခင်မမမျိုး** ------------ ၈၆

– ကျုပ်ကိုယ်တိုင် သူကြီးမင်းပါးကို သုံးချက်ရိုက်မယ်။ ပြီးတော့ သူကြီးမင်းကိုဝန်ချတောင်းပန်မယ်။''

**တောင်းပန်တိုင်းကျေနပ်ရမှာလား သူကြီးရယ် – ကျော်သောင်း (ဘုတလင်)** ---- ၉၂

– သိုလှောင်ရုံနဲ့ ပတ်သတ်သူတွေထဲက အရက်သောက်သူ၊ ဖဲရိုက်သူနဲ့အရင်ကလက်စလက်နရှိခဲ့ဘူးသူတွေစာရင်း

**ယုန်ထင်ကြောင်ထင် – မျိုးသစ်** -------------------- ၁၀၀

– ကြောင်များကိုအမြီးချင်းချည်နှောင်ပြီး သားရေခါးပတ်နှင့် ရိုက်နှက်လေ့ရှိကြောင်း၊ ထိုကြောင်များအသေကြေရှုန်းကန်

**လူသတ်ကောင်၏ တစ်ခုတည်းသောကောင်းမှု – တိုးထက်** ---------- ၁၀၈

– ကျွန်တော်တို့ မရောက်မီကပင် သွပ်မိုးတန်း လျှားကြီးမှာ တစ္ဆေခြောက်သည် ဟူ၍ သတင်းကြားခဲ့ရပြီးဖြစ်ပါသည်။

**ကွင်းစလန်းမှ ပုဏ္ဏက – ညီညီနိုင်** -------------- ၁၁၈

– သူမတို့ကကုန်တိုက်မှာအလုပ်လုပ်ရုံမက ညဘက်တွင်နိုက်ကလပ်မှာသီချင်းဖွင့်ပေးသူအဖြစ်အချိန်ပိုင်းလုပ် ကြပါသေး၏။

**သင်္ဘောသားတစ်ဦး၏ အချစ်ဇာတ်လမ်း – မောင်မောင် (မြန်မာပြည်)** ----- ၁၂၆

– ဒုစရိုက်သမားရဲ့သားကောင်အဖြစ် တစ်လတိတိကျူးသွင်းခံနေရတာတောင် တစ်စွန်းတစ်စမျှ ကျွန်တော်မရိပ်မိခဲ့ဘူး

**ခြောက်ငါးလီ သုံးသိန်း – မောင်မိုင်းညို (ချောင်းဦး)** ---------- ၁၄၂

– ''ဝိဉာဉ်တွေ ဘာတွေနဲ့ ပတ်သက်တာ ဆိုရင်တော့ကျွန်မ ကြောက်တယ် မကူညီချင်ဘူး ရှင့်။''

**မှော်ပုဝါလေး – ဝင်းသောင် (ရမည်းသင်း)** -------------- ၁၅၄

– ကြိုးကိုဓားနဲ့ဖြတ်၍ အထုပ်ကိုကမ်းပေါ်သို့တင်လိုက်သည်။ လူသေအလောင်းအထုပ်တစ်ထုပ်ဖြစ်နေသည်။

**ရမ္မက်သားကောင် – ထီလာဖိုးထိန်** ------------------ ၁၆၆

– နင်ကလေအခုထိချောတုန်းလှတုန်း။ တို့[illegible]ကြားမြောင်းထဲကရေဆေးငါးကြီးလိုပဲဟ၊ လယ်နီးနားချင်းတွေဆိုတော့လည်း

**သစ္စာချေဖျက်မေတ္တာပျက်မှု – တမာသင်းခိုင် (စက်မှုလယ်ယာ)** ------ ၁၇၀

– ငှက်သေကို သူ့တဲကိုယူဆောင်လာပြီး တဲခြေရင်းသစ်တုံးပေါ်မှာခြေနှစ်ဖက်ကို ကားထိုင်ရင်း ငှက်တောင်မွေးများကို

**ငှက်ဆိုးရဲ့ကျိန်စာလေလား – ဇေယျာမင်းဦး** -------------- ၁၈၂

– သူတို့အကျိုးဆောင်နိုင်းရော။ ရှင်းရှင်းပြောရရင် သူတို့အငယ်အနှောင်းအဖြစ်ခံနိုင်းတော့တာလေ။ ကိုယ်ကငြင်းဆန်ရင်

**သူ့အတွက် ကိုယ့်အကျိုး – ကေရာဇ်** -------------------- ၁၉၀

– ရွာကဘောလုံးပွဲလုပ်ကြတော့ ရန်ဖြစ် ကြရာကနေ တစ်ရွာနဲ့တစ်ရွာ ရိုက်ကြတာ။ အဲဒီမှာ လူသေခဲ့တဲ့အမှုပဲ''

**ကြာပွတ်ကိုင်သစ္စာဘက်တော်သား တို့ရဲ့ခံတပ် – မြတ်နီ** ------------ ၂၀၀


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

## ဘာကြောင့် ဖြစ်မှုဖြစ်ပွားရလဲ
## မှုခင်းကျဆင်းအောင် ဘယ်လိုလုပ်ရမလဲ

- ဖြစ်မှုဖြစ်ပွားနိုင်ခြင်း၏ အခြေခံအကြောင်းအချက်များ
- ရာဇဝတ်ကောင်တို့၏ အမူအကျင့်၊ အလေ့အထ၊ လုပ်နည်းကိုင်နည်းများ
- မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ မှုခင်းကျဆင်းရေး ဆောင်ရွက်ချက်များ
- အဲဒီအချက်တွေကို သိထားပါလျှင်
- အသက်တစ်ခါမခံစေသော်လည်း အမှုတစ်ရာ တွေ့ရတတ်သည်ဟူသော စကားကို ကျော်လွှားနိုင်မည် ဖြစ်ပါ၏။

## ဒါကြောင့်

လောဘ ဒေါသ မောဟ တရားတို့၏ ဆိုးကျိုးကို မီးမောင်းထိုးပြကာ
ရှောင်ရှားစေရေး၊ တိုက်ဖျက်ရေးနှင့်
မှုခင်းများ လျှော့နည်းကျဆင်းရေးသို့
ဟူသော ဦးတည်ချက်ဖြင့် ထုတ်ဝေနေသော

နီလေးမောင် မဂ္ဂဇင်း

သေချာပေါက် ဖတ်ရှုမှ ဖြစ်ပါမယ်

## ညိုမြင့်လွင် (မော်ကျွန်း)

# INTERNATIONAL REPORT



### တောင်ပြိုကျမှုကြောင့် ရွာသားများသေဆုံး



Photo taken on 12 Jan, 2013 shows tents installed for landslide-affected villagers in Gaono Village in Zhenxiong County, southwest China's Yunnan Province. Landslide-affected villagers in Gaono Village have been temporarily settled in tents and got life necessities. Forty-six people were killed in the Friday landslide. Another two people were injured.—Xinhua

၁၁·၁·၂၀၁၃ နေ့တွင် တရုတ်နိုင်ငံ အနောက်တောင်ဘက်၊ ယူနန်ဒေသရှိ ဂါအိုပိုရွာကလေးအနီးရှိ တောင်မှ မြေပြိုကျမှု ဖြစ်ပွားခဲ့ပြီး ရွာကလေးကို ဖုံးလွှမ်းသွားသဖြင့် ရွာသား (၄၆) ယောက် မြေပိသေဆုံးကာ (၂) ဦး ဒဏ်ရာရခဲ့သည်။ အစိုးရ၏ ကယ်ဆယ်ရေးဌာနက ဘေးကင်းရာအရပ်တွင် ယာယီ ရွက်ဖျင်တဲများ တည်ဆောက်ပြီး ရွာသားများကို ကူညီစောင့်ရှောက်ထားသည်။ လိုအပ်သော ဆေးဝါး စားရေးရိက္ခာများကိုလည်း ထောက်ပံ့ပေးထားသည်။

Ref: Xinhua News, 12.1.2013.

### ကြေကွဲဖွယ် ဘရာဇီးမှ အဆိပ်ငွေ့ထွက် နိုက်ကလပ်မီး

၂၇·၁·၂၀၁၃ နေ့က ဘရာဇီးနိုင်ငံရှိ တက္ကသိုလ်ကျောင်းရှိရာ စန်တာမာရီမြို့ရှိ ကစ်စ်-နိုက်ကလပ်တွင် တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသား အပါအဝင် လူငယ် (၅၀၀) ခန့် စင်တင်တေးဂီတနားဆင်နေကြစဉ်



www.burmeseclassic.com



တီးဝိုင်းအဖွဲ့သားတစ်ဦးက မီးပေါ်သို့ မီးရှူးမီးပန်း ပစ်တင်စဉ် မျက်နှာကြက်မီးစွဲလောင်ရာမှ ကပွဲခန်းမကို ချက်ချင်း မီးကူးခဲ့သည်။ ထိုစဉ် ဖုန်းတိုက် (Foam Type)မီးသတ်ဆေးနှင့် မီးငြိမ်းရာမှ အဆိပ်ဓာတ်ငွေ့များက မီးလောင်ခန်းမအတွင်း ပိတ်မိနေသူများ အဆိပ်ငွေ့သင့်သေဆုံးခြင်း၊ ထွက်ပေါက်ရှာရာမှ လူနင်းမိ သေဆုံးခြင်းနှင့် မီးလောင်ခံရခြင်းတို့ကြောင့် စုစုပေါင်း (၂၃၄) ဦး သေဆုံးပြီး (၁၁၆) ဦး ဒဏ်ရာရခဲ့သည်။ ကမ္ဘာပေါ်တွင် လူသေဆုံးအမှုအများဆုံးဖြစ်ခဲ့သော (၂၀၀၀) ခု ဒီဇင်ဘာ (၂၅) က တရုတ်နိုင်ငံ လူအိုယန်ရှိ ရှော့ပင်စင်တာနှင့် ဒစ်စကိုခန်းမ မီးလောင်မှုတွင် လူပေါင်း (၃၀၅) ဦး သေဆုံးခဲ့ရသည်။

Ref. Internets News.



## ဒါက္ကာမြို့တော်တွင် အထည်ချုပ် စက်ရုံမီးလောင်

၂၆-၁-၂၀၁၃ နေ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါက္ကာမြို့တော်ရှိ အထည်ချုပ်စက်ရုံတစ်ခု မီးလောင်မှု ဖြစ်ပွားခဲ့ရာ အမျိုးသမီးလုပ်သား (၆) ဦး သေဆုံးပြီး အခြားလုပ်သား (၅) ဦး ဒဏ်ရာရခဲ့ကြောင်း သတင်းက ဆိုသည်။

မီးလောင်မှုကြောင့် အပ်ချုပ်စက်များ၊ ချုပ်ပြီးသား အထည်များ မီးလောင်ကျွမ်းခဲ့ရာ (၂) နာရီကြာမှ မီးငြိမ်းနိုင်ခဲ့သည်။ မီးလောင်ခြင်း ဇာစ်မြစ်ကို မသိရသေးသော်လည်း အခင်းဖြစ်ရာ မီးဘေးမှ လွတ်မြောက်ခဲ့သောသူတစ်ဦး၏ ပြောကြားချက်အရ ရှုပ်ထွေးစွာ ဆက်သွယ်ထားသော ဝါယာကြိုးများမှ ရုတ်တရက် မီးထတောက်လောင်ကျွမ်းသည်ဟု ပြောကြားခဲ့သည်။ (၂၀၁၂) နိုဝင်ဘာလကလည်း ဒါကာမြို့ပြင်ရှိ အထည်ချုပ်စက်ရုံတစ်ခု မီးလောင်သဖြင့် လုပ်သား (၁၁၂) ဦး သေဆုံးခဲ့ရသည်။ လုပ်အားခသက်သာသော ထိုနိုင်ငံတွင် အထည်ချုပ်စက်ရုံပေါင်း (၄၀၀၀) ရှိနေပြီး နိုင်ငံပို့ကုန်(၈၀%)သည် အထည်အဝတ်များဖြစ်ကြသည်။ သို့ရာတွင် အထည်ချုပ်လုပ်သားများကို ကာကွယ်သော ဥပဒေသည် ပြည့်စုံလုံလောက်စွာ မရှိသေးဘဲ ပိုင်ရှင်နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူတို့သာ အကျိုးဖြစ်ထွန်းနေကြောင်း သတင်းက ဆိုသည်။

Ref: NHK-27.1.2013

## မျိုးသုဉ်းဘေးနှင့် ရင်ဆိုင်နေရသည့် ဂျပန်မှ ငါးရှဉ့်များ

ဂျပန်နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနက နိုင်ငံတွင်း ပေါက်ပွားကြီးပြင်းသော ဂျပန်ငါးရှဉ့်တို့သည် (၅၀) ရာနှုန်းအထိ လျော့ကျသွားပြီး မျိုးသုဉ်းမည့်ဘေးအန္တရာယ် (Endangered)နှင့် ရင်ဆိုင်နေရသော သတ္တဝါဖြစ်ကြောင်း အစိုးရသတ်မှတ်ထားသော်လည်း လက်တွေ့တားဆီး အကောင်အထည်ဖော်ရာတွင် ထိရောက်မှု မရှိသဖြင့် ငါးရှဉ့်ကောင်ရေ တိုး

www.burmeseclassic.com

www.burmeseclassic.com



ပွားမှုမှာ ကျဆင်းမြဲ ကျဆင်းလျက် ရှိသည်။ ဤသို့ဖြစ်ရခြင်းအတွက် လွန်ခဲ့သော (၁၀)နှစ်ကတည်းက ငါးရှဥ့်များကို ဖမ်းဆီးမှု အတားအဆီးမဲ့ခြင်းနှင့် ရေထုညစ်ညမ်းဆိုးရွားလာမှုက အဓိကကျကြောင်း ကျွမ်းကျင်သူများ အပြစ်တင်ပြောကြားခဲ့သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနဝန်ကြီးက ငါးရှဥ့်ဟင်းလျာသည် ဂျပန်၏ စားသောက်ပုံယဥ်ကျေးမှု သဘာဝအရ မပါမဖြစ်သောဟင်းတစ်ခွက်ဖြစ်ခြင်းကပင် ငါးရှဥ့်များ မျိုးသုဉ်းမည့်ဘေးကို တွန်းပို့နေသည်ဟု ဆိုသည်။ သို့ဖြစ် ငါးရှဥ့်များ မျိုးသုဉ်းမည့်ဘေးမှ ကာကွယ်ဖြစ်နိုင်ချေ အားလုံး စတင်ဆောင်ရွက်ရန် ဝန်ကြီးက တောင်းဆိုခဲ့သည်။

Ref: NHK - 1.2.2013

## သူတစ်ပါးလည်းပျက်စီး ကိုယ်လည်းထောင်ကျတော့မည့် မန်နေဂျာ (၂)ဦး

အမေရိကန် ဖလော်ရီဒါမှ စားသောက်ဆိုင်မန်နေဂျာ (၂) ဦးကို မီးရှို့မှုဖြင့် ဖမ်းဆီးစစ်ဆေးနေကြောင်း (၃၀.၁.၂၀၁၃) သတင်းစာတွင် ဖော်ပြလိုက်သည်။

ဖလော်ရီဒါတွင် ဒိုမီနိုပလာဇာစားသောက်ဆိုင်နှင့် ပလာဇာစားသောက်ဆိုင်ဟူ၍ စီးပွားပြိုင်ဘက် (၂) ခုရှိရာတွင် ပလာဇာက လူစည်ကားပြီး၊ ဒိုမီနိုက နောက်ကျနေသည်။ သို့ဖြစ်၍ ဒိုမီနိုပလာဇာမှ မန်နေဂျာများဖြစ်ကြသော ဒေးဗစ်ဆန် (၂၃)နှစ်နှင့် ဘရေရန် (၂၂)နှစ်တို့သည် အခြားပလာဇာဆိုင် မရှိတော့လျှင် ၎င်းတို့ဆိုင် ရောင်းအားမြင့်မည်ဟု ဆုံးဖြတ်ကာ မီးရှို့ဗုံး တည်ထွင်ကြသည်။ ပလတ်စတစ်အိတ်တွင် ဂေါက်သီးအရွယ် ယမ်းမှုန့်၊ ချိန်ကိုက်နာရီ 9V ဓာတ်ခဲတို့စနစ်တကျထည့် ဗုံးလုပ်ပြီး ညအိပ်ချိန် ၎င်းတို့ (၂)ဦးသည် ပလာဇာစားသောက်ဆိုင်အနီးသွားကာ ကားပေါ်မှဆိုင်အနီးသို့ မီးလောင်ဗုံး (Ignition Device) ကိုပစ်သွင်းပြီး၊ ကားဆက်မောင်းသွားကြတော့သည်။ မကြာခင် မီးလောင်ဗုံးပေါက်ကွဲပြီး ပလာဇာစားသောက်ဆိုင် မီးစွဲတော့သည်။ နံနက်မိုးမလင်ခင် မီးကိုငြိမ်းနိုင်ခဲ့သော်လည်း ပလာဇာ၏အပျက်အစီးမှာ များလှသည်။ ထိုညက ကင်းလှည့်ကား၊ တစ်စီးက ဒေးဗစ်ဆန်နှင့်ဘရေရန်တို့စီးလာသော ကားကို ပလာဇာဘေးမှ ဖြတ်သွားသည်ကိုအမှတ်မထင် တွေ့ရှိခြေရာကောက်ရာမှ တရားခံများကို မိခဲ့ခြင်းဖြစ်သည်။

ညိုမင်းလွင် (မော်ကျွန်း)

Ref: Internet News

20.1.2013

www.burmeseclassic.com

www.burmeseclassic.com



# USA ဗိုလ်မှူးချုပ်တစ်ဦးကို မုဒိမ်းမှုဖြင့် တရားစွဲ

USA မှ ဗိုလ်မှူးချုပ်တစ်ဦးကို လက်အောက်အရာရှိ အရပ်သူတစ်ဦးအပါအဝင် အမျိုးသမီး (၄) ဦးအား အနိုင်ယူမုဒိမ်းကျင့်မှုဖြင့် စစ်တရားရုံးတွင် တရားစွဲဆိုလိုက်ကြောင်း (၃၀-၃-၂၀၁၂) အင်တာနက်သတင်းတွင် ဖော်ပြထားသည်။


ဗိုလ်မှူးချုပ် ဂျက်ဖရီအေစင်နစ်လာ (၅၀)နှစ်သည် စစ်စွမ်းရည်ကောင်းမွန်သဖြင့် ဂျာမနီ/အီရတ်/အာဖဂန် စသည့်နိုင်ငံခြားစစ်အခြေစိုက် စခန်းများတွင် တာဝန်ကျအောင်မြင်ခဲ့သည်။ ထိုတာဝန်ကျကာလများအတွင်း ဂျက်ဖရီသည် ၄င်းစိတ်ဝင်စားသော လက်အောက်အမျိုးသမီး စစ်မှုထမ်းများကို လိင်စိတ်ကြွစေသော ဗီဒီယိုခွေကတ်ပုံ၊ အီးမေးလ်များပို့ကာ-

"ငါဟာလူကြီးဖြစ်တယ်။ ဗိုလ်မှူးချုပ်ဖြစ်တယ်။ ငါ့ရာဂကြွလာရင် ဖျော်ဖြေရမယ်" ဟုဆိုပြီး လက်အောက်အမျိုးသမီး စစ်မှုထမ်းများကို အခွင့်အရေးပေးခြင်း၊ အခွင့်အရေးမရအောင် ပိတ်ပင်ခြင်းစနစ်သုံးကာ မုဒိမ်းကျင့်ခဲ့သည်။ စစ်ဆေးတွေ့ရှိချက်အရ အမျိုးသမီးကပ္ပတိန် (၂) ဦး၊ မေဂျာ (၁) ဦးနှင့် အရပ်ဖက်ဝန်ထမ်း (၁) ဦးတို့က တိုင်ကြားထားသည်။ ဂျက်ဖရီ၏ ရာထူးတူအရာရှိများ၏ထွက်ဆိုချက်အရ ဂျက်ဖရီသည် နယ်မရှောင်သော ကြယ်ပြောင်ဖြစ်ကြောင်း၊ ရုံးခန်း၊ စစ်စခန်း၊ ကပွဲခန်းမ၊ ဟိုတယ်နှင့်ကားပါတင်များ၌ပင် ကျူးလွန်လေ့ရှိကြောင်း ထွက်ဆိုခဲ့ကြသည်။ ဂျက်ဖရီကို စစ်တရားရုံးက မုဒိမ်းမှု၊ အပြာကားများ လက်ဝယ်ထားမှု၊ အခမဲ့ခရီးသွားကတ်ကို ကိုယ်ကျိုးသုံးမှု၊ တာဝန်ချိန်အတွင်း အရက်သောက်မှု စွဲချက်များဖြင့် တရားစွဲထားသည်။

ညီမြင်းလွင် (မော်ကျွန်း)

Ref: Internet News

-5.3.2012



www.burmeseclassic.com

www.burmeseclassic.com





# တာဝန်သိမှု နှင့် တာဝန်ယူ တာဝန်ခံနိုင်မှု

ခင်မောင်မောင်ငွေး (ပညာရေး)

လွန်ခဲ့သည့် နှစ်အတွင်းက တရုတ်နိုင်ငံက ကွမ်ကျိုးပြည်နယ် ဖူဆန်မြို့ကလေးရှိ ၂ နှစ်သမီး ဝမ်ဂို၏ ယာဉ်နှစ်ဆင့်တိုက်ခံရမှုနှင့် လမ်းသွားလမ်းလာများစွာတို့က လျစ်လျူရှုခဲ့သည့် သတင်းကို ရေးခဲ့ဖူးသည်။ လူသားချင်း ထားရှိအပ်သည့် မေတ္တာတရားခေါင်းပါးလွန်းလှသည်။ တာဝန်မဲ့လုပ်ရပ် အဖြစ် ရှုတ်ချခဲ့သည်။ တာဝန်သိစိတ်၊ တာဝန်ယူတတ်မှုကို ဥပေက္ခာပြုခဲ့သည့် လူ့အဖွဲ့အစည်းအဖြစ် အပြစ်မြင်ခဲ့သည်။

မကြာသေးမီကပင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၊ သုမ္မောလမ်းမပေါ်တွင် သေဆုံးသွားသည့် ရုပ်အလောင်းတစ်ခုမှာ ဖြတ်သန်းသွားသည့် ယာဉ် (၁၉) စီးပင် ထပ်မံနင်းကြိတ်ခံခဲ့ရကြောင်း၊ ကြိတ်သွားခဲ့သည့် ယာဉ်များသည် တစ်စီးမျှရပ်၍ ကြည့်ရှုခြင်းမရှိကြောင်း၊ ယင်းရုပ်အလောင်းကို ထပ်မံ မတိုက်မိစေရန် ရပ်ကွက်တွင်း နေထိုင်သူအချို့က ကားလမ်းမပေါ်တက်၊ လက်ပြတားဆီး၊ အန္တရာယ်ကြားမှ ရှောင်တိမ်းခဲ့ကြရကြောင်း ပြည်တွင်းထုတ် ဂျာနယ်တစ်စောင်တွင် ဖော်ပြထားသည်ကို ဖတ်ရသည်။ (၁၈-၃-၂၀၁၃ နေ့ထုတ် The Voice Weekly)။ တရုတ်ပြည်နယ်မှ ဝမ်ဂို အား ကား နှစ်ဆင့်တိုက်ခံရ သည့် ဖြစ်ရပ်သည် ယခုအဖြစ်အပျက်နှင့်စာလျှင် 'ပျင်းတောင်ပျင်းသေးတယ်' ဟု ဆိုရမလားပင်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းအဖြစ်အပျက်ကိုကြည့်လျှင် နံနက်စောစော ၅ နာရီဖြစ်၍ လူသွားလူလာနည်းမှုကြောင့် မျက်မြင်သက်သေမရှိခြင်း၊ အရှိန်ဖြင့်မောင်းနှင်သွားသည့် အဝေးပြေးယာဉ်တစ်စီးဖြစ်ကြောင်း ဆိုသည့် အချက်လောက်သာ သိရသည်ဖြစ်ရာ ဆက်လက်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း သိရ၏။

စင်စစ်လူ့အဖွဲ့အစည်းအတွင်းရှိ လူတို့၏ စိတ်ထား (Mind Set) များ ပြုပြင်ပြောင်းလဲရန် များစွာလိုအပ်နေခြင်းပင်ဖြစ်သည်။ အထူးသဖြင့် တာဝန်ယူမှု၊ တာဝန်သိမှုနှင့် တာဝန်ခံနိုင်မှုအပိုင်းတွင် အလွန်ပင်အားနည်းလာသည်ကို တွေ့ရ၏။ ဆိုရလျှင် အမှုအခင်းတစ်စုံတစ်ရာ တွေ့လိုက်သည်နှင့် တာဝန်သိစိတ်ဆိုသည်ထက် အမှုအခင်းတွင် ပါဝင်ပတ်သက်နေမှုကို ကြောက်ရွံ့စိုးရိမ်မှုများ ရှိနေခြင်းပင်ဖြစ်သည်။ ထို့ပြင် မိမိကိုယ်တိုင် ကျူးလွန်မိသည့်ပြစ်မှုအတွက် ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းရန်လည်း လိုလိုလားလားရှိသည်ကို မတွေ့ရတော့ပေ။

အချို့သော ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းမှုများတွင် ကိုင်တွယ်ဖြေရှင်းပုံဖြေရှင်းနည်း မှန်ကန်မှုတို့ အရေးကြီးပြန်ပါသည်။ ပြစ်မှုကျူးလွန်သူကိုယ်တိုင် တာဝန်သိစွာ ရင်ဆိုင်ဖြေရှင်းမှုအပေါ် မတရားအကျပ်ကိုင်အနိုင်ကျင့်သည့် သဘောမျိုးမသက်ရောက်စေသင့်ပေ။ တာဝန်သိစိတ်ကို အသိအမှတ်ပြုဖို့လိုသည်။ ကူညီဝိုင်းဝန်းဖို့ လိုသည်။ ဤအချက်သည် အလွန်အရေးကြီးပါသည်။ သို့မဟုတ်ပါက ရင်ဆိုင်ဖြေရှင်းမှုအား အန္တရာယ်အဖြစ် မြင်နိုင်သည်။ ဘေးဒုက္ခအဖြစ် ထင်နိုင်သည်။ ဤသို့ဖြင့် ကျူးလွန်သည့် ပြစ်မှုအား နည်းမျိုးစုံဖြင့် ဖုံးဖိခြင်း၊ ခြေရာဖျောက်ခြင်း၊ မသိကျိုးကျွန်ပြုခြင်း၊ ထွက်ပြေးတိမ်းရှောင်ခြင်း စသည့်မလိုလားအပ်သည့်ဖြစ်စဉ်များ ကြားသိနေရခြင်းပင် ဖြစ်သည်။

အထူးသဖြင့် တာဝန်ယူလိုစိတ် ကင်းမဲ့လာခြင်းသည် လူ့လောက၏ ဆိုးရွားသောပြယုဂ်များပင်ဖြစ်သည်။ တစ်နည်းအားဖြင့် အပျက်သဘော၊ ဆုံးရှုံးမှုသဘောသို့ ဦးတည်နေခြင်းပင်။ ယခုကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ရင်သွေးစွန့်ပစ်မှုများ တိုးပွားနေရာ တစ်လလျှင် ပျမ်းမျှ နှစ်ဦးနှုန်းကျော်ပင် တွေ့ရှိနေရကြောင်း၊ လူမှုဝန်ထမ်းဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။ ရင်သွေးငယ်များအား အကြင်နာမဲ့ စွန့်ပစ်နေကြရာ စီးပွားရေးမပြေလည်ခြင်း၊ မလိုချင်ဘဲရင်သွေးရခြင်း၊ မိဘသဘောမတူခြင်း၊ စသည့်အကြောင်း အမျိုးမျိုး ရှိနိုင်သော်လည်း လူသား တစ်ဦးချင်းစီ၏ တာဝန်ယူစိတ်မှု



www.burmeseclassic.com

www.burmeseclassic.com



ဆုံးရှုံးနေ ခြင်းများ ရှိနေသည်ကို တွေ့နေရခြင်းပင်။ ကြွယ်ဝိုးကြွယ်ဝ ချမ်းသာသော မိသားစုများတွင် သားသမီးများသည် **'ရတနာ'** များဖြစ်ကြသော်လည်း ဆင်းတောင့်ဆင်းရဲ ရုန်းကန်လှုပ်ရှားနေရသည့် မိသားစုများအတွက် သားသမီးများသည် **'ရတနာ'** များဖြစ်နေရသည်မှာလည်း ဝမ်းနည်းစရာပင် ဖြစ်နေတော့၏။

လူတစ်ဦး၏ တာဝန်မဲ့မှုသည် လူတစ်ဦးထဲကိုသာ ထိခိုက်နစ်နာစေသည် မဟုတ်ပါ။ လူပေါင်းများစွာကို သေကြေပျက်စီးဆုံးရှုံး နစ်နာမှုလည်း ဖြစ်နိုင်စေပါသည်။ လူတစ်ဦး၏ ဘဝတစ်ခုလုံး အရိပ်မည်းကြီးကျရောက်သွားသကဲ့သို့လည်း ဖြစ်နိုင်ပါသည်။ အထက်ဖော်ပြခဲ့သကဲ့သို့ အစွန့်ပစ်ခံ- အပယ်ခံကလေးများများ ပြားလာခြင်းသည် ဖွံ့ဖြိုးမှုတည်ဆောက်စ နိုင်ငံတစ်နိုင်ငံအနေဖြင့် အနာဂတ်မလှပနိုင်ပါ။ အနာဂတ်အတွက် ရောင်စုံပွင့်လန်းနိုင်မည့် ပန်းများအရေး အလေးထား စီမံဆောင်ရွက်ရန် လိုအပ်နေခြင်းပင်ဖြစ်သည်။

ယခုတလော ထပ်မံကြားသိနေရသည့် သတင်းမှာ မိမိကိုယ်မိမိ အဆုံးစီရင်ခြင်း (Suicide)အမှုများ တိုးပွားနေခြင်းပင် ဖြစ်သည်။ ဆိုရလျှင် အကောင်းဘက်ကို တိုးတက်ပြောင်းလဲခြင်းထက် အဆိုးဘက်သို့ ညွှန်ကိန်းများက ထိုးဆင်နေသည်က များနေသည်။ စင်စစ် မိမိကိုယ်ကို မထိန်းကျောင်းနိုင်ခြင်း၊ မှန်ကန်သည့် ဆုံးဖြတ်ချက်ကို မချမှတ်နိုင်ခြင်း၊ အခြေအနေမှန်ဘဝမှန်ကို ရဲရဲရင့်ရင့် မရင်ဆိုင်နိုင်ခြင်း၊ အများအတွက် တာဝန်ယူမှု၊ တာဝန်ခံနိုင်မှုထက် မိမိကိုယ်ကို မိမိပင် တာဝန်မယူနိုင်သည့်၊ တာဝန်မယူရဲသည့် စိတ်ဓာတ်များကို ကြုံတွေ့နေရခြင်းပင်။

အဓိကအားဖြင့် လူဟူသည် တာဝန်နှင့် ကင်းသည်၊ လွတ်သည်ဟူ၍ မရှိနိုင်ပါ။ မိမိတစ်ဦးတည်းအနေဖြင့်သော်လည်းကောင်း၊ မိမိပါဝင်ပတ်သက်နေသည့် လူ့အဖွဲ့အစည်း အဝန်းအဝိုင်းနှင့်သော်လည်းကောင်း၊ တစ်နည်းနည်းဖြင့် တာဝန်ရှိနေသည်သာ ဖြစ်သည်။ မိသားစုဆိုလျှင်လည်း မိသားစုဝင်တစ်ဦး၏ တာဝန်၊ အဖွဲ့အစည်း၊ အသင်းအပင်း၊ အလုပ်ဌာနဆိုလျှင်လည်း သက်ဆိုင်သည့် တာဝန်တစ်ခုခုရှိနေမည်သာ ဖြစ်သည်။ မိမိအပေါ်ကျရောက်လာသည့် တာဝန်ကို ကျေပွန်မှုနှင့်အတူ တာဝန်ယူမှု၊ တာဝန်ခံနိုင်မှုသည် မဖြစ်မနေယှဉ်တွဲနေရမည်သာ ဖြစ်သည်။ တာဝန်ရှိရှိ၊ တာဝန်သိသိဖြင့် တာဝန်ယူတတ်သည့် စိတ်ဓာတ်များ တိုးပွားလာသည်နှင့်အမျှ တာဝန်မဲ့ ပြုကျင့်မှုများ ပါးလျလာနိုင်မည်ဖြစ်သည်။

ထို့ကြောင့် လူတိုင်းလူတိုင်း၏ အရေးကြီးဆုံး အချက်တစ်ချက်မှာ မိမိတို့၏ Mind Set များကို မှန်မှန်ကန်ကန် ပြုပြင်ထိန်းကျောင်းနိုင်ကြဖို့ပင် ဖြစ်သည်ဟု ဆိုချင်ပါတော့သည်။

ခင်မောင်ဋ္ဌေး (ပညာရေး)

www.burmeseclassic.com

www.burmeseclassic.com



# သတင်းနှင့်မှုခင်း

## တပ်ကုန်းမြို့နယ်မှ ဇနီးနှင့် လင်...သမက်နဲ့ ယောက္ခမတို့အဖြစ်က ဒီလို

၁၅-၂-၂၀၁၃ ရက်နေ့က နေပြည်တော် ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်တွင် ဖခင်ဖြစ်သူအား ခင်ပွန်းဖြစ်သူမှ ရိုက်လိုက်၍ ခေါင်းကွဲသွားသဖြင့် ဇနီးဖြစ်သူမှ တရားလိုပြုလုပ်တိုင်ကြားသော လူရိုက်မှု ဖြစ်ပွားခဲ့ကြောင်းနှင့် သမက်ဖြစ်သူ မင်းစိုးမှလည်း ယောက္ခမဖြစ်သူနဲ့ အပေါင်းပါ သုံးဦးအပေါ် အပြန်အလှန် အမှုဖွင့် တိုင်ကြားခဲ့ကြောင်း သတင်းရရှိသည်။

မှုခင်းဖြစ်ပွားပုံမှာ ၁၁-၂-၂၀၁၃ ရက်နေ့က ရဲအုပ် တင်လတ်သည် တပ်ကုန်းမြို့နယ်၊ ရွှေမြို့ ရဲတပ်ဖွဲ့စခန်း၌ စခန်းမှူးတာဝန်ဆောင်ရွက်နေစဉ် ၂၁း၀၀ နာရီအချိန်ခန့်၌ တပ်ကုန်း ကုတင် ၁၀၀ ပြည်သူ့ဆေးရုံတွင် မိမိစခန်းပိုင်နယ်မြေ၊ ရေအေးကျေးရွာမှ ကိုသန်းဝင်း (၄၄) နှစ် ခေါင်းကွဲဒဏ်ရာဖြင့် ရောက်ရှိနေကြောင်း ကြားသိရ၍ ဆေးစာ ပေးပို့ကုသစေခဲ့ကြောင်း ၁၂-၂-၂၀၁၃ ရက်နေ့ ၁၃း၀၀ နာရီ အချိန်တွင် ရေအေးကျေးရွာ၊ အင်တောကြီးကွင်းနေ (ဘ) ဦးသန်းဝင်း၏ သမီးဖြစ်သူ မကြည်ပြာဦး (၂၀) နှစ် ရောက်ရှိလာပြီး အကြောင်းကြားသည်မှာ ၁၁-၂-၂၀၁၃ ရက်နေ့ ၁၈း၀၀ နာရီ အချိန်ခန့်က ဖခင်ဖြစ်သူ ဦးသန်းဝင်းအား ခင်ပွန်းဖြစ်သူ ကိုမင်းစိုးမှ ၎င်းတို့နေထိုင်သော တဲ၏ အရှေ့ဘက် ဓနိပင်တန်းအနီးတွင် တွေ့ဆုံ၍ အရက်သောက်ရန် တဲထဲသို့ ခေါ်ဆောင်လာခဲ့ကြောင်း ၎င်းတို့ နေထိုင်သော အခင်းတောတဲမှာ ကိုမင်းစိုး၏ ဖခင် ဦးညီခင်မှ ပိုင်ဆိုင်ပြီး ဦးညီခင်မှ ဘီအီးအရက်ဆီများ ဝယ်ယူကာ တဲတွင် ရေရောစပ်၍ ရောင်းချခဲ့ရာ (၁) ရက်လျှင် ရေသန့်ဘူး (၇) ဘူးမှ (၁၀) ဘူးထိ ရောင်းချခဲ့ရကြောင်း၊ ဦးညီခင့် အရက်ရောင်းသည်မှာ (၂) နှစ်ခန့် ရှိပြီဖြစ်ကြောင်း၊ ၎င်းတို့တဲတွင် ဖခင်ဖြစ်သူ ဦးသန်းဝင်း၊ ကိုမင်းစိုးနှင့် ဦးတင်လင်းတို့ သုံးယောက် အရက်သောက်နေခဲ့ကြကြောင်း၊ ကိုမင်းစိုးမှ ဖခင်ဖြစ်သူအား ကျောက်ပွဲစားလုပ်ကြရန် ပြောကြောင်း၊ ကျောက်တစ်ကျင်းခွဲတင်မှ တစ်ကျင်းဘိုးငွေ [illegible]၀၀

www.burmeseclassic.com

www.burmeseclassic.com



ကျပ်သာလျှင် ပေးမည်ဟုပြောရာ ဖခင်ဖြစ်သူမှ ခေါင်းပုံဖြတ်သောအလုပ်ကို မလုပ်သင့်ကြောင်း၊ ပွဲစားလည်းမလုပ်လိုကြောင်း ပြန်ပြောရာ ကိုမင်းစိုးမှ ဒါဆို ဘယ်သူမှ မလုပ်ရအောင် ကျောက်တင်ကားလာသောလမ်းတွင် ညှောင့်ထောင်ထားမည်ဖြစ်ကြောင်း၊ ကားဘီးပေါက်ပြီး အလုပ်မဖြစ်အောင် လုပ်မည်ဟုပြောရာ ဖခင်မှ မလုပ်ရန်တားမြစ်သဖြင့် ကိုမင်းစိုးလည်း ဒေါသထွက်ပြီး ပန်းကန်များလွှင့်ပစ်ကြောင်း၊ ဖခင်ကိုလည်း မောင်းထုတ်သဖြင့် ပြန်ရန်ထလိုက်စဉ် လက်ထဲမှ ကိုင်ထားသော ပန်းကန်လွတ်ကျပြီး ကွဲသွားရာ ကိုမင်းစိုးမှ တဲခေါင်မိုးတွင် ချိတ်ဆွဲထွန်းထားသော ဓာတ်ခဲသုံးခဲထိုး ဖန်ပြောင်းအားဆွဲယူ၍ ဖခင်၏ ဦးခေါင်းကိုရိုက်လိုက်ကြောင်း (၃) ချက်ဆက်၍ ရိုက်လိုက်ရာ ဖခင်၏ ယာဦးခေါင်းထိပ် ကွဲသွားပြီး ၅ ချက် ချုပ်ထားရကြောင်း၊ ဖခင်ဖြစ်သူအား ဦးခေါင်းကွဲဒဏ်ရာရအောင် ရိုက်သူ (ဘ) ဦးညီခင်၏သား ကိုမင်းစိုး (၂၅) နှစ်အား ဥပဒေအရ အရေးယူပေးပါရန် ၁၅-၂-၂၀၁၃ ရက်နေ့ တွင် အမှုဖွင့်တိုင် ကြားလာရာ ရွှေမြို့ရဲစခန်း (ပ) ၁၃/၂၀၁၃၊ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၂၅ အရ အမှုရေးဖွင့်ပြီး ယင်းနေ့တွင် ညောင်ကုန်းကျေးရွာမှ ဦးမွေးနှင့်အတူ (ဘ) ဦးညီခင်၏သား ကိုမင်းစိုးတို့အဖွဲ့ ရောက်ရှိလာကြပြီး မင်းစိုးမှ တရားလိုပြုလုပ်တိုင်ကြားသည်မှာ ၁၁-၂-၂၀၁၃ ရက်နေ့ ည ၂၀း၀၀ နာရီအချိန်ခန့်က နေအိမ်ထဲတွင် ဇနီးဖြစ်သူ မကြာပြာဦးနှင့် ရှိနေစဉ် တဲနားနီးချင်းနေ ယောက္ခမဖြစ်သူ ဦးသန်းဝင်းနှင့် ဦးတင်လင်းတို့ ရောက်ရှိလာကြပြီး ၄င်းနှင့်အတူ အင်တောကြီးတဲစုနှင့် ရေအေးကျေးရွာအကြားရှိ ဆည်မြောင်းတောပေါင် ဆောက်လုပ်ရေး လုပ်ငန်းခွင်သို့ ကျောက်များပို့ရောင်းချရန် ပြောဆိုကြရာမှ စကားများခဲ့ကြပြီး ၄င်းမှ ယောက္ခမဖြစ်သူ ဦးသန်းဝင်းအား



www.burmeseclassic.com

www.burmeseclassic.com



ထန်းလျက်၊ ထမ်းပိုးကြီးတုတ်ဖြင့် ရက်လိုက်ရာ ဦးခေါင်းထိပ်တွင် ပေါက်ပြဲဒဏ်ရာ ရရှိခဲ့ပြီးနောက် ဦးသန်းဝင်းမှာ ၎င်း၏ တဲသို့ ပြန်သွားပြီး ၁၅ မိနစ်ခန့်အကြာတွင် ဦးသန်းဝင်း၊ ၎င်း၏ညီဖြစ်သူ ကိုလွင်နှင့် ၎င်းယောက်ဖဖြစ်သူ ဖိုးပြားတို့မှ တုတ်၊ ဓား၊ လေးခွများ ကိုင်ဆောင်လာပြီး တဲအတွင်းသို့ ဝင်ရောက်ဆဲဆို ကြိမ်းမောင်းခဲ့ကြ၍ ဦးသန်းဝင်းပါ သုံးဦးအား အရေးယူပေးပါရန် တိုင်ကြားသဖြင့် ရွှေမြို့ရဲစခန်း (ပ) ၁၄/၂၀၁၃ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၄/၄၅၁/၅၀၆ ဖြင့် အမှုဖွင့်ကာ ၎င်းတို့ လင်မယားနှစ်ယောက် အပြန်အလှန် အမှုဖွင့် တိုင်ကြားသော အမှုနှစ်ခုစလုံးကို ဒုရဲအုပ်သန်းနိုင်ညိုအား အမှုစစ်အရာရှိအဖြစ် စစ်ဆေးဆောင်ရွက်ရန် တာဝန်ပေးခဲ့သည်ဟု ဆို၏။

အမှုစစ်အရာရှိ ဒုရဲအုပ်သန်းနိုင်ညိုသည် အခင်းဖြစ်နေရာသို့ သွားရောက်ခဲ့ပြီး အခင်းဖြစ်နေရာအား မှတ်တမ်းတင် ဓာတ်ပုံရိုက်ခြင်း၊ မြေပုံကြမ်းရေးဆွဲခြင်း၊ ပတ်ဝန်းကျင် လေ့လာစုံစမ်း စစ်




ဆေးမေးမြန်းခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်း၊ သက်သေများ စစ်ဆေးခြင်း၊ ပြုလုပ်ခဲ့သည်ဟု ဆို၏။

အမှုမှ သက်သေဖြစ်သော ဦးတင်လင်း၏ ဖြေကြားချက်မှာ ၁၁-၂-၂၀၁၃ ရက်နေ့က ရွာသို့ ပြန်ရန် လမ်းအတိုင်းထွက်လာစဉ် ဇီးပင်တန်းအနီးတွင် ကိုသန်းဝင်းနှင့် ဆုံပြီး ၎င်း၏ သမက်ဖြစ်သူ မင်းစိုးမှ သူ၏ တဲသို့ လိုက်လာကြရန် ခေါ်သဖြင့် ကိုသန်းဝင်းနှင့်အတူ မင်းစိုး၏ တဲသို့ လိုက်သွားခဲ့ကြောင်း၊ ကြည်ပြာဦးအား တဲအောက်တွင် တွေ့ရကြောင်း၊ မင်းစိုးမှ တဲ၏ ကပြင်တွင်ထိုင်ကြရန် ပြောပြီး ရေသန့်ဗူးဖြင့် ထည့်ထားသော အရက်သောက်ရန် ချပေးခဲ့ကြောင်း၊ ၎င်းအရက်မှာ ကျွဲရိုင်းဖြင့် စပ်ထားသောအရက်ဖြစ်ကြောင်းကို

မင်းစိုးပြော၍ သိရကြောင်း၊ အရက်မြည်းရန်အတွက် မင်းစိုးကိုယ်တိုင် ကြက်သားဟင်းခွက် ချပေးခဲ့ကြောင်း၊ မင်းစိုးချပေးသော အရက်ကုန်သောအခါ ကိုသန်းဝင်းမှ အရက်ဖိုးသူပေးပါမည်၊ အရက်ထပ်ပေးရန်ပြောရာ မင်းစိုးမှ မိုက်ဆံမပေးပါနဲ့ပြောပြီး အရက်ရေသန့်ဗူးတစ်ဝက် ထပ်မံချပေးခဲ့ကြောင်း၊ အရက်ဆက်သောက်ကြရင်း ကိုသန်းဝင်းနှင့် မင်းစိုးတို့ ကျောက်ကိစ္စ ပြောဆိုကြရင်း အပြန်အလှန် စကားလုပြောနေကြောင်း၊ ကိုသန်းဝင်းအား ပြန်ကြရန် ပြောစဉ်၊ 'ခွမ်း' ကနဲ အသံကြားရပြီး ကြည်ပြာဦးမှလည်း ဆွဲကြပါဦးဟု အော်ဟစ်ပြီး မင်းစိုးအား ဆွဲထားကြောင်း၊ မင်းစိုးကို ဝိုင်းကူဆွဲထားစဉ် ကိုသန်းဝင်းအား ကြည်ပြာဦးမှ လိုက်ပို့ခဲ့ကြောင်း၊ မင်းစိုးတဲပေါ်သို့တက်ပြီး အိမ်ထဲမှ ဓားကိုဆွဲပြီး ကိုသန်းဝင်နောက်လိုက်ရန် ပြုလုပ်သဖြင့် မလိုက်ရန်ပြောဆိုတားမြစ်ခဲ့ကြောင်း၊ မင်းစိုးမှ ပြသသဖြင့် မင်းစိုး၏ လက်တွင် သွေးများနှင့်သူ ထိမိပြီး လက်ပြတ်ရှသွားသည်ကို သိရှိကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်တွင် ရေအေးရွာထဲ၌ မိုးမိုးနှင့် တွေ့သောအခါ ကိုသန်းဝင်းအား ညက တပ်ကုန်းမြို့နယ်၊ ကုတင် ၁၀၀ ဆေးရုံတွင် တင်ထားရကြောင်းကို ပြောပြ၍ သိရှိခဲ့ရပြီး ကိုသန်းဝင်းတို့မှ မင်းစိုး၏တဲသို့ သွားရောက်ကြပြီး လက်နက်များဖြင့် ဆဲဆိုကြိမ်းမောင်းကြသည်ကိုတော့ မြင်လည်းမမြင်၊ သိလည်းမသိပါဟု ဆို၏။ ဦးညီခင် အရက်ရောင်းချသည်ကိုတော့ တဲနားနီးအားလုံး မေးကြည့်လျှင် သိကြပါသည်ဟု ဆို၏။

ဒေါ်မြရီမှလည်း အခင်းဖြစ်ညက ကိုသန်းဝင်းခေါင်းတွင် ဒဏ်ရာရ၍ သွေးများမြင်တွေ့ရပြီး ၎င်း၏ ညီဖြစ်သူ မိုးမိုး၏ ဆိုင်ကယ်ဖြင့် ဧည့်သည်မှစီးကာ ၎င်းတို့ ဆေးရုံသို့ သွားကြသည်ကို ဒေါ်မြရီတို့တဲတွင် ထားသော ဆိုင်ကယ်အား ယူဆောင်သွားသဖြင့် သိရှိမြင်တွေ့ရပြီး ကိုသန်းဝင်းတို့မှ မင်းစိုး၏တဲသို့ ဓားတုတ်၊ ဓား၊ လေးခွတို့ဖြင့် သွားရောက်ဆဲဆို ကြိမ်းမောင်းကြသည်ဆိုတာကိုတော့ ကြားလည်းမကြား၊ မြင်လည်းမမြင်ဟု ဆို၏။

အမှုစစ်အရာရှိ ဒုရဲအုပ်သန်းနိုင်ညိုသည် အမှုအား ရဲလုပ်ငန်းကုန်စင်အောင် စစ်ဆေးဆောင်ရွက်ပြီး၊ ဦးသန်းဝင်း ၏ ဦးခေါင်းအား ဦးခေါင်းယာထိပ်ပေါက်ပြဲ ဒဏ်ရာရရှိအောင် အရက်မူးပြီး ရိုက်နှက်သည့်၊ တရားခံမင်းစိုး (၂၅) နှစ် (ဘ) ဦးညီခင်၊ တောင်သူ၊ အင်တော တဲစုရေအေး ကျေးရွာအုပ်စု၊ တပ်ကုန်းမြို့နယ် နေသူအား ဥပဒေအကြံပြုချက်နှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**တပ်ကုန်းမြို့နယ်နှင့်**
**ရမည်းသင်းမြို့နယ်**
**လောင်းကစားခဲ့ထီများ၊**
**ဆင်ဆာမဲ့**
**ဗီဒီယိုခွေများနှင့်**
**ပြည့်တန်ဆာခေါင်းအား**
**ဖမ်းဆီးရမိ သတင်းတိုထွာများ**

နေပြည်တော် ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ် ရဲ တပ်ဖွဲ့စခန်းမှ နယ်ထိန်းတပ်ကြပ်အေးလွင်သည် စခန်းမှူးရဲအုပ်လှမိုး၏ တာဝန်ပေးချက်အရ မြဝတီရပ်ကွက်၊ ရာအိမ်မှူး ဦးမျိုးညွန့်ပါ (၃) ဦးနှင့်အတူ မြဝတီရပ်ကွက်၊ နယ်မြေ (၈)၊ မြို့ဦးကျောင်းအနီးရှိ 'ပန်းသခင်' အမည်ရှိ ကွမ်းယာဆိုင်အား ၁၆-၁-၂၀၁၃ ရက်နေ့ ၁၅:၃၀ နာရီအချိန်တွင် သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းကွမ်းယာဆိုင်အတွင်းမှ တရားမဝင်နှစ်လုံးထီ လောင်းကစားရာတွင် အသုံးပြုသော ဗလာစာအုပ်ပေါ်တွင် တရားမဝင် နှစ်လုံးထီ ချဲဂဏန်းများနှင့် ငွေတန်ဖိုးများအား ရေးသားထားသော စာရွက်တစ်ရွက်၊ POLO စာတမ်းပါ ပိုက်ဆံအိတ်တစ်ခု၊ Red Ruby စာတမ်းပါ စာကျူး စာရွက်ပေါ်တွင် တရားမဝင် နှစ်လုံးထီဂဏန်းများရေးသားထားသော စာရွက်တစ်ရွက်၊ အဖြူရောင်နှင့် ခရမ်းရောင် နှစ်ရောင်စပ်ဘောပင်တစ်ချောင်း၊ မြန်ငွေစက္ကူရောရာ ၁၉၇၀၀ကျပ်တို့အား ရှာဖွေတွေ့ရှိရသဖြင့် သက်သေလူကြီးများရှေ့တွင် ရှာဖွေပုံစံဖြင့် တရားဝင်သိမ်းဆည်းကာ တရားမဝင် နှစ်လုံးထီ လောင်းကစားပြုလုပ်သူ သိုက်စိုး (၃၁) နှစ် (ဘ) ဦးအုန်းမောင်၊

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းယာရောင်း၊ နယ်မြေ (၈)၊ မြဝတီ ရပ်ကွက်နေသူအား အရေးယူပေးပါရန် နယ်ထိမ်းတပ်ကြပ်အေးလွင်မှ ယင်းနေ့ ၁၆း၂၅ နာရီအချိန်တွင် တရားလိုပြုလုပ်တိုင်တန်းသဖြင့် တပ်ကုန်းရဲစခန်း (ပ) ၁၂/၂၀၁၃၊ လောင်းကစားဥပဒေပုဒ်မ-၁၅(က)/ ၁၆ (က) တို့အရ အမှုဖွင့်အရေးယူပြီး အမှုစစ်အရာရှိ ဒုရဲအုပ် အောင်ပြည့်စုံမှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်း ရရှိသည်။

နေပြည်တော် ကောင်စီနယ်မြေ၊ ဇာပ်ကုန်းမြို့နယ်၊ ရွှေမြို့ရဲစခန်းအပိုင်နယ်မြေတွင် နယ်ထန်းခေါင်းဆောင် ဒုရဲအုပ် ဝင်းမောင်ချေသည် ၁၇-၁-၂၀၁၃ ရက်နေ့၊ ၁၂း၀၀ နာရီအချိန်က စခန်းမှူး ရဲအုပ်တင်လတ်၏ ညွှန်ကြားချက်အရ သက်သေများနှင့် အတူ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၏ လောင်းကစားဖမ်းဝရမ်း အမှတ် (၃/၂၀၁၃) ဖြင့် ရွှေမြို့စခန်းပိုင်နယ်မြေအတွင်းရှိ နွယ်ရစ်ကျေးရွာအုပ်စုအတွင်း၌ တရားမဝင် နှစ်လုံးထီ/သုံးလုံးထီများ ရောင်းချနေကြောင်း သတင်းအရ ကျော်နိုင် (၃၉) နှစ် (ဘ) ဦးဖိုးမို၊ တောင်သူ၊ နွယ်ရစ်ကျေးရွာနေသူ နေအိမ်အတွင်း ရှောင်တစ်ခင် ဝင်ရောက်ရှာဖွေရာ ကျော်နိုင်၏ ခါးကြားတွင် ထိုးထားသည့် အနက်ရောင် ပိုက်ဆံအိတ်အတွင်းမှ လောင်းကစားရာတွင် အသုံးပြုသည့် (က) ကျော်အမည်ပါ ၃၀၊ ၃၄ R-၁၀၀ိ/ ဟု နှစ်လုံးထီလောင်းကစားနှင့် ငွေတန်ဖိုးများ ရေးမှတ်ထားသည့် နှစ်လုံးထီ လောင်းကစားပြုလုပ်ထားသည့် ပန်းရောင်ဘောက်ချာ စာရွက်တစ်ရွက်၊ (ဂ) ကျော်အမည်ပါ ၉၁- R-၁၀၀ိ/၊ ၄၅ R-၁၀၀ိ/ ဟု နှစ်လုံးထီလောင်းကစားဂဏန်းနှင့် ငွေတန်ဖိုးများ ရေးမှတ်ထားသည့် ပန်းရောင်ဘောက်ချာ စာရွက်တစ်ရွက် (ဃ) ကျော်အမည်ပါ ၅၅- R -၂၀၀ိ/၊ ၄၈ R- ၂၀၀ိ/ ဟု နှစ်လုံးထီ လောင်းကစားဂဏန်းနှင့် ငွေတန်ဖိုးများ ရေးမှတ်ထားသည့် ပန်းရောင်ဘောက်ချာ စာရွက်တစ်ရွက် (င) BAIL IXI စာတမ်းပါ အနက်ရောင် ပတ်တာအိတ် တစ်အိတ်နှင့် ၄င်းအိတ်တွင်းမှ မြန်မာငွေစက္ကူရော ၈၅၅၀ိ/- ကျပ်တို့အား ရှာဖွေပုံစံဖြင့် သက်သေများရှေ့တွင် တရားဝင် သိမ်းဆည်းခဲ့ပြီး ဒုရဲအုပ် ဝင်းမောင်ချေမှ အရေးယူပေးပါရန် တိုင်ကြားသဖြင့် ရွှေမြို့ရဲစခန်း (ပ) ၇/၂၀၁၃၊ လောင်းကစားဥပဒေပုဒ်မ-၁၅ (က)/၁၆ (က) တို့ဖြင့် အမှုရေးဖွင့်ကာ ဒုရဲအုပ် ကျော်နိုင်ဦးမှ အမှုစစ်အရာရှိသဖြင့် တရားခံကျော်နိုင်အား စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

တရားမဝင် CD/DVDခွေများ ရောင်းချသူများအား ဖမ်းဆီးရမိပုံမှာ မြို့နယ် ဗီဒီယို အခြေခံအဖွဲ့၏ သတင်းပေးတိုင်ကြားချက်အရ ၅-၃-၂၀၁၃ ရက်နေ့ ၁၀း၃၀ နာရီအချိန်တွင် နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး၊ ရဲမှူးဝင်းတင်၏ ညွှန်ကြားချက်ဖြင့် စခန်းမှူးရဲအုပ်လှမိုးမှ အနီးကပ်ကြီးကြပ်၍ နယ်မြေခံနယ်ထိမ်း၊ တပ်ကြပ်စိန်မြင့်နှင့် အဖွဲ့သည် သက်သေများနှင့်အတူ သတင်းအရ တပ်ကုန်းမြို့နယ်၊ ညောင်းလွန်ကျေးရွာအတွင်း ပျံကျဈေးသည့်တန်း၌ ဆင်ဆာမဲ့ နိုင်ငံခြား

www.burmeseclassic.com

www.burmeseclassic.com



## သတင်းမြန်

ဇာတ်လမ်းဗီဒီယိုခွေများ ရောင်းချနေသဖြင့် သွားရောက်ရှာဖွေရာ လှမြင့် (၄၇) နှစ်၊ ဈေးရောင်း၊ နယ်မြေ (၅)၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့နေသူ၏ ဈေးဆိုင်အတွင်းမှ အစိမ်းရောင်ပလပ်စတစ်ခြင်းတစ်ခြင်း အဝါရောင်မြွေအရေခွံလက်ဆွဲအိတ် တစ်လုံး၊ နိုင်ငံခြားဇာတ်လမ်းတွဲCD/DVD အခွေ (၁၂၅) ချပ် (ဆင်ဆာမဲ့) စုစုပေါင်းတန်ဖိုး လေးသောင်းနှစ်ထောင်ကျပ်၊ နီပြာရောင် (မြေယာခင်း) မိုးကာ တစ်ထည်တို့အား တွေ့ရှိရ၍ သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် တရားဝင်သိမ်းဆည်းကာ နယ်ထိန်းတပ်ကြပ် စိန်မြင့်မှ တရားလိုပြုလုပ်တိုင်ကြားသဖြင့် CD/DVD ခွေများ တရားမဝင် ရောင်းချနေသူ လှမြင့်အား တပ်ကုန်းစခန်း (ပ) ၄၅/၂၀၁၃၊ ဗီဒီယို အက်ဥပဒေပုဒ်မ ၃၂ (ခ) ဖြင့် စစ်ဆေးအရေးယူရန် အမှု ရေးဖွင့်ခဲ့ကြောင်း၊ ၅-၃-၂၀၁၃ ရက်နေ့ ၁၀၃၃၅ နာရီအချိန့်တွင် နယ်ထိန်းတပ်ကြပ်ကြီး စိုးလွင်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ညောင်လွန့်ကျေးရွာတွင် ဆင်ဆာမဲ့CD/DVDခွေများ ရောင်းချနေကြောင်း သတင်းအရ သွားရောက်ရှာဖွေရာ အမာတင် (၄၂) နှစ်၊ ဈေးရောင်း၊ ဘုတ်ာရပ်ကွက်၊ ညောင်လွန့်ကျေးရွာအုပ်စု၊ တပ်ကုန်းမြို့နယ်နေသူ၏ ဈေးဆိုင်အတွင်းမှ နိုင်ငံခြားဇာတ်လမ်းတွဲCD/DVD အခွေ (၅၀) ချပ် (ဆင်ဆာမဲ့)၊ အပြာရောင် ပလပ်စတစ်ခြင်း တစ်ခြင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ တစ်သောင်းခုနစ်ထောင်ကျပ်တို့အား တွေ့ရှိရ၍ ရှာဖွေပုံစံဖြင့် တရားဝင်သိမ်းဆည်းကာ နယ်ထိန်းတပ်ကြပ်ကြီး စိုးလွင်မှ တရားလိုပြုလုပ်၍ အရေးယူပေးပါရန် တိုင်ကြားလာသဖြင့် တပ်ကုန်းစခန်း (ပ) ၄၆/၂၀၁၃၊ ဗီဒီယို အက်ဥပဒေပုဒ်မ ၃၂ (ခ) အရ အမှု အရေးယူဖွင့်ခဲ့ပြီး တရားမဝင် ဆင်ဆာမဲ့ ဗီဒီယိုခွေများ ဖမ်းဆီးရမိမှုအမှု နှစ်မှုစလုံးကို ဒုရဲအုပ် အောင်ပြည့်စုံအား စစ်ဆေးဆောင်ရွက်ရန် တာဝန်ပေးခဲ့သည်ဆို၏။ အမှုစစ်အရာရှိ ဒုရဲအုပ် အောင်ပြည့်စုံသည် ဆင်ဆာမဲ့ ဗီဒီယိုခွေများအား တရားမဝင် ရောင်းချခဲ့ကြသော (ပ) ၄၅/၂၀၁၃ မှ တရားခံလှမြင့်နှင့် (ပ) ၄၆/၂၀၁၃ တို့မှ တရားခံမအမာတင်တို့နှစ်ဦးအား ဗီဒီယိုအက်ဥပဒေပုဒ်မ ၃၂ (ခ) အရ စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ရဲလုပ်ငန်းကုန်စင်အောင် စစ်ဆေးပြီးပါက ဥပဒေအကြံပြုချက်နှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ရမည်းသင်းစခန်းမှ စခန်းမှူး ရဲအုပ်အေးငွေနှင့် နယ်ထိမ်းတပ်ဖွဲ့ဝင်များသည် ရမည်းသင်းမြို့နယ်၊ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့၏ သတင်းပေးတိုင်ကြားချက်အရ ဆည်ကြီးကျေးရွာသို့ ၁-၃-၂၀၁၃ ရက်နေ့၊ ၁၉း၁၅ နာရီအချိန်တွင် သွားရောက်ပြီး ဆည်ကြီးကျေးရွာ ညောင်အိုင်လမ်းဆုံထိပ်ရှိ မြင့်မိုရ်လျှံ ဗီဒီယိုခွေအငှားဆိုင်အား

www.burmeseclassic.com

www.burmeseclassic.com



ရှောင်တခင် ဝင်ရောက်စစ်ဆေးရှာဖွေရာ ဆင်ဆာမဲ့ခွေများနှင့် မူပိုင်မဟုတ်သော CD/DVD အခွေများ ရှာဖွေတွေ့ရှိရသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံနှင့် တရားဝင်သိမ်းဆည်းကာ မြင့်မိုရ်လျှံ ဗီဒီယိုခွေအငှားဆိုင်မှ မျိုးဝင်း (၃၃) နှစ်၊ (ဘ) ဦးစစ်ဘို ဗီဒီယိုခွေ အငှားဆိုင်လုပ်ငန်း၊ ဆယ်ကြီးကျေးရွာ၊ ရမည်းသင်းမြို့နယ်နေသူအား ဥပဒေအရ အရေးယူပေးပါရန် မြို့နယ်ဗီဒီယို အခြေခံအတွင်းရေးမှူး ဦးကျော်ဆွေမှ တရာလိုပြုလုပ်တိုင်တန်းသဖြင့် ရမည်းသင်းစခန်း (ပ) ၄၄/၂၀၁၃၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၂ (ခ)အရ အမှုရေးဖွင့်ပြီး အမှုစစ်အရာရှိအဖြစ် ဒုရဲအုပ်ချမ်းငြိမ်းသော်မှ ရဲလုပ်ငန်းကုန်စင်အောင် စစ်ဆေးဆောင်ရွက်လျက်ရှိသည်ဟု ဆို၏။



မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ တောင်ဘက် ရန်ကုန်-မန္တလေး လမ်းမကြီးဘေးဟောင်းရှိ တောင်ဘိုအုပ်စု ပြတိုက်/အောက်တောက်တွင် ပြည့်တန်ဆာလုပ်ငန်းဖြင့် အသက်မွေးမြူလျက်ရှိကြောင်း တိုင်ကြားချက် သတင်းအရ ၂၇-၂-၂၀၁၃ ရက်နေ့ ၁၈း၃၀ နာရီအချိန်တွင် မိတ္ထီလာခရိုင်၊ ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးဦးစီး ရဲမှူးဇော်ဝင်းအောင်၊ ရမည်းသင်း ရဲတပ်ဖွဲ့ စခန်းမှ စခန်းမှူးရဲအုပ်အေးငွေနှင့် နယ်ထိမ်းတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ကန်ကြီးလမ်းခွဲအကျော် ရန်ကုန်-မန္တလေး လမ်းမကြီးဟောင်း အနောက်ရှိ စားသောက်ဆိုင်အား သွားရောက်ရှာဖွေ စစ်ဆေးရာ ပြည့်တန်ဆာအလို့ငှာ မိန်းကလေးများ မွေးမြူထားသည်ကို တွေ့ရှိရပြီး ဆိုင်ရှိ မ·····၏ ထွက်ဆိုချက်အရ တစ်ဆက်ရှင်ပျော်ပါးလျှင် ၈၀၀၀ ကျပ်ရကြောင်း၊ အမျိုးသား တစ်ဦးနှင့် တစ်ကြိမ် (တစ်ခဏ) ပျော်ပါးလျှင် ၅၀၀၀ ကျပ်ရပြီး ဆိုင်ရှင်ဖြစ်သူ ဦးတင်မိုးမှ ၃၀၀၀ ကျပ်ယူကာ ခန္ဓာကိုယ်ဖြင့် ရင်းရသော မ·····မှာ ၂၀၀၀ ကျပ်သာရရှိကြောင်း သိရှိပေါ်ပေါက်သဖြင့် ဆိုင်ပိုင်ရှင် တင်မိုး (၄၂) နှစ်၊ (ဘ) ဦးကြည်မောင် စားသောက်ဆိုင်၊ အောက်တောက်ရွာ ရမည်းသင်းမြို့နယ် နေသူအား အမှုဖြင့် ဖမ်းဆီးပြီး ရဲမှူးဇော်ဝင်းအောင်မှ တရားလိုပြုလုပ်တိုင်ကြားသဖြင့် ရမည်းသင်းစခန်း (ဝ) ၄၂/၂၀၁၃ ပြည့်တန်ဆာအက်ဥပဒေပုဒ်မ ၅(၁) အရ ၂၇-၂-၂၀၁၃ ရက်နေ့ ၁၉း၅၀ နာရီ တွင် အမှုရေးဖွင့်ပြီး အမှုစစ်အရာရှိအဖြစ် ရဲအုပ်အေးငွေမှ အမှုမှန် ပေါ်ပေါက်ရေး စစ်ဆေးဆောင်ရွက်လျက် ရှိကြောင်း သတင်း ရရှိသည်။

**မင်းဟိန်းခန့် (မူခင်း)**
**မှုခင်းသတင်းထောက်**

www.burmeseclassic.com

www.burmeseclassic.com





## အမွေဆိုင်ပစ္စည်းကို အမွေပုံပစ္စည်းစာရင်းနှင့် ခွဲဝေပြီး၍ အမွေဆိုင်တစ်ဦးအား အလွဲသုံးစားမှု ခွဲနိုင်မခွဲနိုင် ဥပဒေပြဿနာ

လင်မယားနှစ်ဦးပိုင် ပစ္စည်းနှင့်ပတ်သက်၍၊ လင်မယား မကွာရှင်းမီကာလတွင်း၊ တစ်ဦး၏ ပစ္စည်း တစ်ဦးကို ခိုးယူမှုနှင့်ပတ်သက်၍၊ ခိုးမှုမမြောက်သည်ကို၊ အများသိရှိပြီးဖြစ်ပါသည်။

ယခုတင်ပြလိုသည်မှာ ကွယ်လွန်သူ၏ အမွေပုံပစ္စည်းကို၊ အမွေဆိုင်တစ်ဦးတစ်ယောက်အား အလွဲသုံးစားမှု စွဲနိုင်မစွဲနိုင် ဥပဒေပြဿနာဖြစ်ပါသည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၃-တွင်၊ "မည်သူမဆို ရွှေ့ပြောင်းနိုင်သောပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့်၊ အလွဲသုံးစားပြုလျှင်၊ သို့တည်းမဟုတ်၊ မိမိ၏ပစ္စည်းအဖြစ်၊ ပြောင်းလွှဲခြင်းပြုလျှင်၊ ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တမျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ ချမှတ်ရမည်" ဟုပါရှိပါသည်။

မရိုးမဖြောင့်သော သဘောဖြင့်၊ ခေတ္တမျှသာ အလွဲသုံးစားပြုခြင်းသည်လည်း၊ ဤပုဒ်မအရ အလွဲသုံးစားပြုသည်မည်၏။

သေသူ၏ သေစဉ်က ကျန်ရစ်ခဲ့သော သေသူ၏ လက်ရှိပစ္စည်းကို၊ မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြုလျှင် ပြစ်မှုမြောက်ပါသည်။

ပုဒ်မ ၄၀၄ တွင်၊ တစ်ဦးတစ်ယောက်သော သူသေစဉ်ကကျန်ရစ်ခဲ့သော သေသူ၏လက်ရှိ ပစ္စည်းဖြစ်ကြောင်း သိလျက်နှင့် ၄င်း၊ ထိုပစ္စည်းသည် ဥပဒေနှင့်ညီစွာ လက်ရှိဖြစ်ပိုင်ခွင့်ရှိသူတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လက်သို့ မရောက်သေးကြောင်းသိလျက်နှင့် ၎င်းမည်သူမဆို ထိုပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့်၊ အလွဲသုံးစားပြုလျှင်၊ သို့တည်းမဟုတ် မိမိပိုင်ပစ္စည်းအဖြစ် ပြောင်းလွဲလျှင် ထိုသူကို သုံးနှစ်အထိထောင်ဒဏ် တမျိုးမျိုးချမှတ်ရမည်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထိုပြင်၊ ထိုပစ္စည်းရှင်သေဆုံးစဉ်အခါက၊ ပြစ်မှုကျူးလွန်သူသည် သေသူ၏ စာရေး သို့တည်းမဟုတ် အစေခံဖြစ်လျှင်၊ ထောင်ဒဏ် ၇ နှစ်အထိ တိုးမြှင့်ချမှတ်နိုင်သည်။

အမွေဆိုင်တစ်ဦးမှ၊ အမွေပုံပစ္စည်းနှင့် ပတ်သက်၍၊ အခြားအမွေဆိုင်တစ်ဦးအပေါ် အလွဲသုံးစားမှု ခွဲနိုင်မခွဲနိုင်ကို၊ ဦးမောင်မောင်နှင့် ၁။ ပြည်ထောင်စုမြန်မာနိုင်ငံ ၂။ မောင်ကိုတိုကြီး ၁၉၈၄ မတစ စာ ၇၀ တွင် အဆုံးဖြတ်ပေးထားခဲ့သည်။

မန္တလေးမြို့အရှေ့မြောက်မြို့နယ် တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၇၈၉/၈၂ တွင်၊ ဦးမောင်မောင် အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄–အရ တရားစွဲဆို စစ်ဆေးသောအမှုဖြစ်ပါသည်။ ဦးမောင်မောင်မှ၊ ယင်းအမှုကို၊ ကျေနပ်မှုမရှိ၍၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁ ကအရ ချေဖျက်ပေးရန် ဗဟိုတရားရုံးသို့လျှောက်ထားခဲ့သည်။

အမွေဆိုင်ပစ္စည်းဖြစ်သည့်၊ မန္တလေးမြို့၊ အကွက်အမှတ် ၆၀၆ ဦးပိုင်အမှတ် ၂–ဟေမာဇလရပ်ရှိ မြေနှင့် အဆောက်အဦးပစ္စည်းကို၊ ဦးမောင်မောင်သည်၊ ၎င်း၏ အမည်သို့ လွှဲပြောင်းခဲ့ပြီး မန္တလေးရှိဆိုသူအား လွှဲပြောင်းရောင်းချရန် ပြုလုပ်ခဲ့သည့်အပြင်၊ အဆောက်အဦးကိုလည်း ဖျက်ဆီးလိုက်သည်ဟု ဖော်ပြ၍၊ အမွေဆိုင်တစ်ဦးဖြစ်သူ မောင်ကိုကိုကြီးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄ အရ တိုက်ရိုက်တိုင်လျှောက်သော အမှုဖြစ်သည်။



လျှောက်ထားသူ ဦးမောင်မောင်က၊ မိမိသည်၊ ကွယ်လွန်သူ အမွေရှင်၏ တူတစ်ဝမ်းကွဲတော်စပ်ကြောင်း၊ မောင်ကိုကိုကြီးမှာ၊ ကွယ်လွန်သူ၏ အမွေရှင်၏ မောင်နှစ်မဝမ်းကွဲတော်သူဖြစ်ကြောင်း၊ မိမိသည် အမွေဆိုင်တစ်ဦးဖြစ်သဖြင့် ၎င်း၊ အချင်းဖြစ်ပစ္စည်းများမှာ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများဖြစ်သဖြင့် ၎င်းမိမိအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄ –အရ အရေးယူခြင်းမှာ မှားယွင်းကြောင်း၊ အမွေကိစ္စအငြင်းပွားမှုဖြစ်သဖြင့်၊ တရားမကြောင်းအရ ဖြေရှင်းရမည်ဖြစ်ကြောင်း တင်ပြသည်။

မူလရုံးခွဲ၊ ပြန်လှန်စစ်မေးရာတွင်၊ မောင်ကိုကိုကြီးသည်၊ "ကျွန်တော်အနေဖြင့် ယခုအမှုကို၊ ကျွန်တော် ဘကြီး၏

www.burmeseclassic.com

www.burmeseclassic.com



အမွေရလိုသည့် အတွက်၊ တရားစွဲဆိုခြင်းဖြစ်ပါသည်။ ကျွန်တော့်ဘကြီးမှာ ဟာဂျီဦးမူဆာ ဖြစ်ပါသည်။ ကျွန်တော်တို့ တရားစွဲဆိုသည့် နေရာမှာ ဟာဂျီဦးမူဆာပိုင်မဟုတ်ပါ။ ၎င်း၏ မိခင် ဒေါ်ရွှေပိုင်ဖြစ်ပါသည်။"

"တရားခံကိုမောင်မောင်သည် ယခုအချင်းဖြစ်သွားသည့် မြေ၏ မူလပိုင်ရှင်ဒေါ်ရွှေ၏ မြစ်အရင်းဖြစ်ပါသည်။ ကျွန်တော်မှာ အဆိုပါ ဒေါ်ရွှေ၏ မြေးတစ်ဝမ်းကွဲဖြစ်ပါသည်။"

တိုင်လျှောက်သူ မောင်ကိုကိုကြီး၏ တင်ပြထွက်ဆိုချက်များအရ၊ ကွယ်လွန်သူဒေါ်ရွှေ၏ အမွေပုံပစ္စည်းများနှင့်စပ်လျဉ်း၍၊ ဒေါ်ရွှေ၏ မြစ်ဖြစ်သူဦးမောင်မောင်နှင့် မြေးတဝမ်းကွဲတော်သူ မောင်ကိုကိုကြီး တို့အကြား အမွေကိစ္စကိစ္စအငြင်းပွားမှု တစ်ရပ်ဖြစ်ကြောင်း ပေါ်ပေါက်သည်။

အမွေပုံပစ္စည်းတရပ်နှင့် စပ်လျဉ်း၍၊ အမွေဆိုင်တစ်ဦးအပေါ်၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄-အရ အလွဲသုံးစားမှုမြောက်ရန်အကြောင်း မပေါ်ပေါက်နိုင်ပေ။ မောင်ကိုကိုကြီး၏ တင်ပြထွက်ဆိုချက်အရ တရားမကြောင်းအရ တရားတထုံးစွဲဆို ဖြေရှင်းရမည့် အမွေကိစ္စဖြစ်ကြောင်း ပေါ်လွင်သည်။

ထို့ကြောင့် တိုင်လျှောက်လွှာကို ခွင့်ပြု၍၊ ဦးမောင်မောင်အပေါ် စွဲဆိုသည့်အမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အချေဖျက်လိုက်သည်။

ထို့ကြောင့် အမွေဆိုင်များအကြား ကွယ်လွန်သူအမွေရှင်၏ အမွေပုံပစ္စည်းနှင့် ပတ်သက်၍၊ ပြစ်မှုကြောင်းအရ အလွဲသုံးစားမှု ခွဲဆိုခြင်းမပြုနိုင်ကြောင်း၊ အထက်ပါ အမှုက၊ ဆုံးဖြတ်ခဲ့ပါသည်။

ဆန်းဆန်းဦး(စမ်းချောင်းမြေ)

ကျမ်းကိုး
မြန်မာနိုင်ငံ တရားစီရင်ထုံး
ဦးမောင်မောင်နှင့် ၁။ ပြည်ထောင်စုမြန်မာနိုင်ငံ ၂။ မောင်ကိုကိုကြီး ၁၉၈၄ မတစ စာ ၇၀

www.burmeseclassic.com

www.burmeseclassic.com





# ထိလာကသက်ဦးမှုးလို့ ငယ်ပါဖြစ်တာလား

ဒီကောင်စိတ်ရင်း ကောင်းပါတယ်။ ခုဖြစ်ရတာ မူးလို့ပါ။ မူးတော့လည်း လူမှန်းမသိတော့ဘူးပေါ့ကွာ။

"ငါတော့လက်မခံဘူး။ အရက်မူးသမား 'မစင်' ကျွေးကြည့်စားမလား၊ ဘယ်တော့မှ မစားဘူး။ အသိစိတ်တော့ ရှိတာချည်းပဲ။ မူးကြောင် ရှူးကြောင်ဆိုတာအလကားပါ"

အမူးသမားနှင့် ပတ်သက်၍ သူ့အမြင်၊ ကိုယ့်အမြင်ငြင်းကြသည်မှာ ဓမ္မတာ။ လိုသူက သာသာထိုးထိုး ပြောသည်။ ဖေးဖေးမမ လုပ်သည်။ မလိုသူက မလိုသလို အကဲဖြတ်သည်။ တကယ်တော့ အမူးသမားဖြစ်ဖြစ် အသောက်သမားပဲဖြစ်ဖြစ် ကာယကံရှင်သာလျှင် မိမိလုပ်ရပ် မိမိအသိဆုံးဖြစ်သည်။ လူစိတ်မရှိဘဲ မူးယစ်နေ၍ သောင်းကျန်းသဖြင့် လက်လွန်ခြေလွန် ဖြစ်သွားသလား။ အရက်ကလေး (သို့)ထန်းရည်ကလေး တစ်ခွက်စ နှစ်ခွက်စ တစ်ပုလင်းစ၊ နှစ်ပုလင်းစ သောက်ရာမှ စိတ်ကြွထွေဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လာခြင်းအပေါ်၊ ချော်လဲရောထိုင်၊ အကြမ်းကိုင်ခြင်း၏ ဆိုးကျိုးရလာဒ်များဆိုတာကတော့ ကာယကံရှင်နှင့် မိမိသာလျှင် အသိဆုံး ဖြစ်ပေမည်။ ထို့ကြောင့်လည်း ပြစ်မှုဆိုင်ရာ ဥပဒေ (ယခင်ရာဇသတ်ကြီး၊ အခန်း (၄) ကင်းလွတ်ရမြဲအချက်များ (General Exception) ပုဒ်မ ၈၅ တွင် "မသိ၊ အလိုမတူဘဲ မူးယစ်အောင် သူတစ်ပါးက တိုက်ကျွေးသဖြင့် မသိနိုင်သူ၏ ပြုလုပ်မှု၊ ပုဒ်မ ၈၆ တွင် "အထူးအသိဉာဏ် (သို့) အထူးအကြံနှင့်ပြုမှ ပြစ်မှုမြောက်သည့် ပြုလုပ်မှုကို မူးယစ်နေသူပြုခြင်းတို့သည် ပြစ်မှုမမြောက်ကောင်း ပြဌာန်းထားခြင်းဖြစ်သည်။ တရားရုံးသို့ ရိုက်မှု၊ ဓားထိုး၊ ဒါးခုတ်မှု၊ လူသတ်မှု၊ လူသေမှု စသည့်ပြစ်မှု ပုဒ်မ ၃၂၅/ ၃၂၆/ ၃၀၂/ ၃၀၄ တို့ဖြစ်ပွားမှုဖြင့် ရောက်ခြင်းတွင် အရက်ဝိုင်းတွင် အရက်သောက်ပြီး မူးယစ်နေသူအချင်းချင်း ရန်ဖြစ်ကြခြင်း (သို့) မူးနေသူ၏ ပြုလုပ်မှုကြောင့် လူကောင် (အရက်မသောက်သူ) ပြစ်မှုကျူးလွန်ခံရ၍ ဒဏ်ရာ အနာတရ (သို့) သေဆုံးခြင်းဖြစ်ရသည်တို့တွင် တရားခံဘက်အနေဖြင့် ပုဒ်မ -၈၅/ ၈၆ တို့၏ အကာအကွယ်ရရှိရန် ခုခံအကြောင်းပြချေပကြသည်။ သို့မှ ပြစ်မှုပြစ်ဒဏ်မှ လွတ်ခြင်း (သို့) လျော့ပေါ့ သက်ညှာပြစ်ဒဏ်မျိုး ရရှိခြင်းဖြစ်မည် မဟုတ်ပါလား။

ထို့အတူ ယင်းဥပဒေ အခန်း (၄)၊ ပုဒ်မ- ၈၄ တွင် စိတ်ပေါ့သွပ်သူ၏ ပြုလုပ်မှုသည်လည်း ကင်းလွတ်ရမြဲ အချက်တစ်ရပ်တစ်ရပ်အဖြစ် ပြဌာန်းထားရှိရာ "စိတ်ပေါ့သွပ်ခြင်းကြောင့် ပြုစဉ်အခါက မိမိ၏ ပြုလုပ်မှုများကို မည်သို့သဘောရှိသည်ကိုသော်လည်းကောင်း၊ မတော် မမှန်သည်ကိုလည်းကောင်း၊ ဥပဒေနှင့် ဆန့်ကျင်သည်ကိုသော် လည်းကောင်း မသိနိုင်သော သူ၏ပြုလုပ်မှုသည် ပြစ်မှုမမြောက်" ဟူ၍ပါရှိသည်။ ထိုအချက်ကို တရားခံဘက်မှ အကာအကွယ်ယူ၍ အချင်းဖြစ်စဉ် စိတ်ဝေဒနာဖောက်ပြန်နေ၍ မိမိဘာလုပ်လို့ လုပ်မှန်း မသိခြင်းဆိုသည်ကို သက်သေပြကြသည်။

ပြစ်မှုဆိုင်ရာ အထူးအယူခံမှုအမှတ် ၄/၂၀၀၈ "ကိုသက်ဦးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု" ကို (၄.၈.၂၀၀၈) နေ့က တရားရုံးချုပ် (အထူးအယူခံရုံး) မြန်မာနိုင်ငံ၏အမြင့်ဆုံး တရားရုံးက အမိန့်ချမှတ်သည်မှာ မှတ်သားဖွယ်ဖြစ်သည်။ အချင်းဖြစ်စဉ်က တရားခံ၏ပြုလုပ်ချက် (ပြစ်မှုကျူးလွန်မှု) သည် စိတ်ပေါ့သွပ်နေခြင်းကြောင့်သာ ဖြစ်နိုင်သည်ဟု ယေဘူယျအားဖြင့် အများပြည်သူ(သိရှိရသူ) တို့ မှတ်ထင်နိုင်သော်လည်း ဥပဒေအမြင်တွင် စိတ်ပေါ့သွပ်သူဟု မရှုမြင်၊ မသုံးသပ်နိုင်ခြင်းကို တွေ့ရသည်။ အထူးအယူခံရုံး၏ စီရင်ထုံးပါ သုံးသပ်ချက် စာသားစကားလုံးများသည် စာဖတ်သူတို့ ဂရုပြုလိုက်နာခြင်း (သို့) ရှောင်ကြဉ်ရန် လိုအပ်သည်များလည်းရှိခြင်းတို့က စိတ်ဝင်စားဖွယ်ဖြစ်၍ တင်ပြလိုက်ရပါသည်။

အမှုမှာ (၁.၁၂.၂၀၀၆) နေ့၊ ညနေ (၅း၄၅) အချိန်ခန့်က မိတ္ထီလာမြို့၊ အောင်ဆန်းရပ်

www.burmeseclassic.com

www.burmeseclassic.com



မြေ၊ ကျောက်စူးရပ်ရှိ ဦးကြည်မောင်၏နေအိမ်ခြံဝင်းအတွင်းသို့ တောင်ဘက်ခြံနေ ကိုသက်ဦး ဆိုသူ ဝင်ရောက်ပြီး ဘာမျှမပြော မဆိုဘဲ အသင့်ယူလာသော ကတ်ကြေးဖြင့် ဦးကြည်မောင်အား ထိုးရာ ဦးကြည်မောင်က လုံးထွေး ရှောင်တိမ်းရင်းဦးကြည်မောင်၏ လက်သူကြွယ်ထိပ်၊ ညာဘက်တံ တောင်ဆစ်နှင့် ညာဘက်ဒူးတို့တွင် ပွန်းပဲ့ဒဏ်ရာများရရှိခဲ့သဖြင့် ကိုသက်ဦး အပေါ် အရေးယူပေးပါရန် ဦးကြည်မောင်က တိုင်ကြားရာမှ ပေါ်ပေါက်လာသည့် အမှုဖြစ်သည်။ မိတ္ထီလာမြို့နယ် တရားရုံးက အမှုကြီးအမှတ် (၄၆၇၆/၀၀) ဖွင့်လှစ်၍ တရားခံကိုသက်ဦးကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၄၅၂ အရ ထောင်ဒဏ် (၅)နှစ်၊ ပုဒ် မ- ၃၂၄ အရ ထောင်ဒဏ် (၂)နှစ်ကို သီးခြားစီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကိုတရားခံ ကိုသက်ဦးက မကျေနပ်၍ မိတ္ထီလာခရိုင် တရားရုံးသို့ ပြင်ဆင်မှုတက်ခဲ့ရာ ခရိုင်တရားရုံးက ပြင်ဆင်မှုအမှတ် (၂၂/၂၀၀၇) ဖြင့် လက်ခံ၍ ပလပ်

**အရက်အလွန်အကျွံသောက်သဖြင့် စိတ်ဝေဒနာခံစားနေရသူဖြစ်ကြောင်း။ အချင်းဖြစ်ပြီးနောက် ကိုသက်ဦးသည် မိမိငယ်ပါကို ဓားနှင့် ကိုယ်တိုင် လှီးဖြတ်ခဲ့သောကြောင့်**

ခြင်းခံရသည်။ ဆက်၍ ကိုသက်ဦးက မန္တလေးတိုင်းတရားရုံးသို့ ပြင်ဆင်မှု တက်ခဲ့ရာ အမှတ် (၃၃၆/၀၇) ဖြင့် လက်ခံ၍ ပုဒ်မ- ၄၅၂အရ ထောင် (၃)နှစ်၊ ပုဒ်မ-၃၂၄ အရ ထောင် (၁)နှစ်၊ စုစုပေါင်း (၄) နှစ် ကျခံစေရန် လျှော့ပေါ့ သတ်မှတ်ပြင်ဆင် အမိန့်ချမှတ်ခဲ့သည်။ ယင်းသို့ လျှော့ပေါ့ချမှတ်သည် ကိုပင် ကိုသက်ဦးက မကျေနပ်၍ အထူးအယူခံရုံးသို့ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ (အထူး)အမှတ် (၃၁/၀၈) ကို လျှောက်ထားရာ အောက်ဖော်ပြပါ ပြဿနာကို ကြားနာဆုံးဖြတ်ရန် အထူးအယူခံတင်သွင်းခွင့်ပြုခဲ့သည်။

"အမှုတွဲပါ သက်သေခံချက်များအရ တရားခံသက်ဦး၏ ပြုလုပ်မှု အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ -၈၄ပါ ကင်းလွတ်ခွင့်ကို ထည့်သွင်းစဉ်းစားသုံးသပ်ခြင်းမရှိဘဲ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းမှာ ဥပဒေအရ မှန်ကန်ခြင်းရှိမရှိ" ဟူသော ပြဿနာကို ဆုံးဖြတ်ပေးရန် ဖြစ်သည်။

အထူးအယူခံရုံး (မန္တလေး ရုံးထိုင်) တွင် (၂) ဖက်လျှောက်

www.burmeseclassic.com

www.burmeseclassic.com



လဲချက်ကြားနာ၍ ကိုသက်ဦး၏ ရှေ့နေက-

××××ကိုသက်ဦးသည် အရက်အလွန်အကျွံ သောက်သဖြင့် စိတ်ဝေဒနာခံစားနေရသူဖြစ်ကြောင်း၊ အချင်းဖြစ်ပြီးနောက် ကိုသက်ဦးသည် မိမိငယ်ပါကိုဓားနှင့် ကိုယ်တိုင်လှီးဖြတ်ခဲ့သောကြောင့် ဒဏ်ရာရရှိ

သွားခဲ့ရကြောင်း၊ မိတ္ထီလာပြည်သူ့ဆေးရုံကြီးမှ တာဝန်ခံဆရာဝန်နှင့် ဒေါက်တာစိုးမောင်တို့က ကိုသက်ဦးသည်အရက်ကြောင့် စိတ်ရောဂါဝေဒနာခံစားနေရသော လက္ခဏာများ တွေ့ရှိရသည်ဟု ထွက်ဆိုထားသောကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ - ၈၄အရ စိတ်ပေါ့သွပ်သူ၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်သောကြောင့် တရားရုံးအဆင့်ဆင့်က ပြစ်မှုထင်ရှားစီရင်ခဲ့သည့်အမိန့်များကို ပယ်ဖျက်ကာ အမှုမှအပြီးအပြတ် လွှတ်ပေးပါရန် လျှောက်ထားတင်ပြသည်။

နိုင်ငံတော်ဘက်မှ လိုက်ပါသည့် ဥပဒေအရာရှိ ကလည်း မူလရုံးအမှုတွဲ ပါ သက်သေခံချက်များအရ ကိုသက်ဦး၏ ပြုလုပ်မှုကြောင့် ဦးကြည်မောင်တွင် သာမန်ဒဏ်ရာများ ရရှိခဲ့သည်မှာ ထင်ရှားပေါ်ပေါက်ကြောင်း၊ ကိုသက်ဦးက ၎င်းသည်အရက်ကြောင့် စိတ်ဖောက်ပြန်ဝေဒနာခံစားရလေ့ရှိကြောင်း၊ အချင်းဖြစ်သည်ကို- မမှတ်မိတော့ကြောင်းဟု ထုချေခဲ့ကြောင်း၊ ဦးလှဝင်း (လိုပြ-၂) ကလည်း ကိုသက်ဦးသည် အချင်းဖြစ်ပြီး ငယ်ပါကို ဓားနှင့်လှီးဖြတ်၍ ဆေးကုသခဲ့ရကြောင်း၊ ကိုသက်ဦးသည်၎င်း၏ မိခင်ကိုလည်း လည်ပင်းညှစ်ဖူးကြောင်း ၊ဒေါ်ခင်စန်းမြင့် (ခံပြ-၃) နှင့် ဒေါက်တာစိုးအောင် (ခံပြ-၄) တို့က ကိုသက်ဦးသည် လွန်ခဲ့ သော (၇)နှစ်ခန့်ကပင် အရက်ကြောင့် စိတ်ဝေဒနာဖြစ်၍ ဆေးကုရကြောင်း အချင်းဖြစ်ပြီးနောက် ကိုသက်ဦးအား ဆေးကုသခဲ့သူ ဒေါက်တာသူရကိုကို (ခံပြ-၂)က ကိုသက်ဦးသည် အရက်ကြာရှည်စွာ သောက်သုံး၍ စိတ်ဝေဒနာခံစားရကြောင်းဖြင့် ထွက်ဆိုထားကြကြောင်း ၊ ကိုသက်ဦး၏ အချင်းမဖြစ်မီအချင်းဖြစ်ချိန်နှင့် အချင်းဖြစ်ပြီးနောက် ပြုမူချက်များအရ ကိုသက်ဦးသည် ပြစ်မှုကျူးလွန်စဉ်က မိမိပြုလုပ်မှုသည် မည်သည့်သဘောရှိသည်၊ မတော်မမှန်သည်ကို မသိဘဲ စိတ်ဖောက်ပြန်နေကြောင်း ပေါ်ကြောင်း၊ တရားခံသည် စိတ်ရောဂါဝေဒနာ ခံစားနေရသူဖြစ်ကြောင်း သက်ဆိုင်ရာစိတ်ရောဂါ အထူးကုဆရာဝန်၏ ဆေးစာကို နည်းလမ်းတကျ တင်ပြနိုင်ခြင်းမရှိသည်မှအပ အချင်းဖြစ်ချိန်က ကိုသက်ဦးသည် စိတ်ဝေဒနာခံစားနေရကြောင်း ပေါ်ပေါက်နေ၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ- ၈၄ ကင်းလွတ်ချက်ကို ထည့်သွင်းစဉ်းစားသင့်ကြောင်းနှင့် ဤအထူး



www.burmeseclassic.com

www.burmeseclassic.com



အယူခံမှုအား လက်ခံ၍တရားရုံး အဆင့်ဆင့်၏အမိန့်ကို ပယ်ဖျက်ပြီး ကိုသက်ဦးအား အမှုမှ အပြီးအပြတ် လွှတ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

နှစ်ဖက် လျှောက်လဲချက်ကို ကြားနာပြီး အထူးအယူခံရုံးက သုံးသပ်ရာတွင်-

"မူလမှုတွင် ဦးကြည်မောင် (လိုပြ-၁)၊ ကိုဝင်းမောင် (လိုပြ-၃) နှင့် ဒေါ်တင်ဦး(လိုပြ-၆) တို့၏ ထွက်ဆိုချက်များအရ အချင်းဖြစ်နေ့ နံနက်က ကိုသက်ဦးသည် ဦးကြည်မောင်၏ နေအိမ်ခြံဝမှနေ၍ ကြည့်နေသဖြင့် ဦးကြည်မောင်က အလှူခံထင်၍ ငါ့ညီပိုက်ဆံ တောင်းချင်ရင် ဟိုဘက်သွားရန်ပြောရာ ကိုသက်ဦးက ထွက်မသွားဘဲ အိမ်ခြံဝင်းအတွင်းကို ဝင်လာပြီး မည်သို့မျှမပြောဆိုဘဲ အသင့်ပါလာသော ကတ်ကြေးဖြင့် အိမ် တံစက်မြိတ်အောက်တွင် ဦးကြည်မောင်အား (၃)ကြိမ်ထိုးရာ လက်သူကြွယ်၊ ညာတံတောင် ဆစ်၊ ဒူးတို့တွင် ဒဏ်ရာများ ရရှိခဲ့ကြောင်း ပေါ်ပေါက်သည်။ ဒေါ်တင်နွဲ့(လိုပြ-၇)၏ အော်သံကြောင့် ရောက်လာကြသည့် ဝင်းဇော် (လိုပြ-၃)၊ ဖုန်းကျော် (လိုပြ-၅)တို့အား သက်ဦးက မင်းတို့နဲ့ မဆိုင်ဘူး။ ဝင်မရှုပ်နဲ့။ မဆိုင်သူရှေ့မတိုးနဲ့ ဟု ပြော၍ ခြံထဲမှ ထွက်သွားကြောင်း ပေါ်ပေါက်သည်။

သက်ဦးက ၄င်းသည် အရက်ကြောင့် စိတ်ဝေဒနာခံစားနေရကြောင်း၊ ၄င်း၏ခြံထဲတွင် နှင်းဆီ ပန်းကိုင်းများဖြတ်ရင်း စိတ်ဖောက်ပြန်သွား၍ ဦးကြည်မောင်ကို မည်သို့ပြုလုပ်မိသည်ကို မသိကြောင်း၊ ၄င်းကို ကုသသည့် ဆရာဝန်များကို သက်သေပြ၍ ထုချေသည်။ ဒေါက်တာ သူရကိုကို (ခံပြ-၂)နှင့် ဒေါက်တာ စိုးအောင် (ခံပြ-၄) တို့က ကိုသက်ဦးသည် စိတ်ကြောင်ရောဂါကြောင့် စိတ်ဖောက်ပြန်သည့် လက္ခဏာရှိကြောင်း ထွက်ဆိုသော်လည်း အချင်းဖြစ်ချိန်က ကိုသက်ဦးသည် စိတ်ဖောက်ပြန်နေခြင်း ရှိမရှိ မသိနိုင်ကြောင်း၊ စိတ်ရောဂါအထူးကုဆရာဝန်သာ သိရှိနိုင်ကြောင်း ထွက်ဆိုချက်အရအချင်းဖြစ်ချိန်က ကိုသက်ဦးသည် စိတ်ပေါ့သွပ်နေကြောင်း ထင်ရှားပေါ်လွင်ခြင်းမရှိပေ။

တဖန်ကိုသက်ဦးသည် ဦးကြည်မောင်အား ကတ်ကြေးဖြင့်ထိုးပြီးနောက် အနီးကို ရောက်လာသည့် အလုပ်သမားများအား မင်းတို့နဲ့မဆိုင်ဘူး၊ ဝင်မရှုပ်နဲ့ မဆိုင်သူရှေ့မတိုးနဲ့ဟု ပြောဆိုခဲ့ခြင်းကြောင့် ကိုသက်ဦးသည် ဦးကြည်မောင်အား ရန်ပြုစဉ်အခါက မိမိ၏ ပြုလုပ်မှုသည် မတော် မမှန်သည်ကိုလည်းကောင်း၊ ဥပဒေနှင့်ဆန့်ကျင်သည်ကိုလည်းကောင်း၊ မိမိ၏ ပြုလုပ်မှုသည် မည်သို့သဘောရှိသည်ကိုလည်းကောင်း သိရှိနိုင်သည့် အခြေအနေရှိကြောင်း ပေါ်ပေါက်သည်။ အချင်းဖြစ်ပြီးနောက် ကိုသက်ဦးသည် မိမိ၏ ငယ်ပါကို လှီးဖြတ်ခြင်းကြောင့် စိတ်ဖောက်ပြန်၊ စိတ်ပေါ့သွပ်နေသူ ဖြစ်သည်ဟု ကောက်ယူနိုင်ခြင်း မရှိပေ။

ဤအမှုတွင် အချင်းဖြစ်ချိန်က တရားခံသည် စိတ်ဝေဒနာ ခံစားနေရသူဖြစ်ကြောင်း သက်ဆိုင်ရာ စိတ်ရောဂါအထူးကုဆရာဝန်၏ ဆေး[illegible]အား နည်းလမ်းတကျ တင်ပြနိုင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



မရှိသည့်ပြင် အချင်းဖြစ်ချိန်က ကိုသက်ဦးသည် စိတ်ဝေဒနာ ခံစားနေရသူ ဖြစ်ကြောင်း ပေါ်ပေါက်ခြင်းမရှိသဖြင့် ကျူးလွန်ခဲ့သည့် ပြစ်မှုနှင့် စပ်လျဉ်း၍ ဖြစ်ပွားချိန်မှာ ဥပဒေပုဒ်မ -၈၄ အရ ပြစ်မှုကင်းလွတ်ခွင့် ရမည် မဟုတ်ပေ" ဟု ဆိုကာ အယူခံလျှောက်ထားမှုကို ပလပ်၍ မူလတရားရုံးကပြစ်ဒဏ် ချမှတ်ခြင်းနှင့် အထက်ရုံးတို့က ပြင်ဆင်အတည်ပြုခြင်းများကို ဆက်လက် အတည်ပြုကြောင်း အမိန့်ချမှတ်လိုက်သည်။

အထက်ပါ စီရင်ထုံးတွင် အရက်သောက်၍ စိတ်မူမမှန်သူက မိခင်ရင်းကိုပင် လည်ပင်းညှစ်ဖူးသည်။ စိတ်ဝေဒနာကြောင့် ဆေးရုံ တက်ရသူစသည့် လူသာမန်တို့လို စိတ်ဓာတ်မျိုးမရှိသူက အိမ်နီးချင်းခြံတွင်းဝင်၍ အကြောင်းမဲ့ ရန်ပြုသည်။ ပိုင်းလာသည့် အလုပ်သမားများကို ကြိမ်းမောင်း ဟန့်တားခြင်းပြုပြီး ထွက်သွားသည်။ ပြီးမှ ၄င်း၏ ငယ်ပါကို လှီးဖြတ်၍ ဆေးရုံတက် ကုသရသည့် ဖြစ်ရပ်ပါပဲ။ အရွယ်ရောက်ပြီး

> **ဥပဒေ ရေးရာ သိမှတ်စရာ**
>
> **ပိုင်းလာသည့် အလုပ်သမားများကို ကြိမ်းမောင်း ဟန့်တားခြင်းပြုပြီး ထွက်သွားသည်။ ပြီးမှ ၄င်း၏ ငယ်ပါကို လှီးဖြတ်၍ ဆေးရုံတက် ကုသရသည့်ဖြစ်ရပ်**

ယောက်ျားတစ်ဦးသည်ယောက်ျားတို့ တန်ဖိုးထားရသည့် လူစဉ်မမှီအဖြစ်သို့ ရောက်ရှိမည်။ ကျန်းမာရေးအတွက်လည်း အခြား ခြေ၊ လက်၊ နားရွက် စသည်တို့ထက် အရေးထားရသည့် 'ငယ်ပါ' (အမျိုးသားတန်ဆာ) ကို မိမိဖာသာလှီးဖြတ်သည်ဆိုခြင်းမှာ စိတ်နေစိတ်ထား မူမှန်သူတို့ ပြုလုပ်မည့် ကိစ္စမဟုတ်ပါ။ ထို့ကြောင့်လည်း တစ်ဖက်မှ နိုင်ငံတော်အတွက်လိုက်ပါဆောင်ရွက်ရသည့် ဥဒေအရာရှိ (ညွှန်ကြားရေးမှူး) ကပင် လျှောက်လဲချက်၌ "သက်ဆိုင်ရာ စိတ်ရောဂါအထူးကု ဆရာဝန်၏ဆေးစာကို နည်းလမ်းတကျ တင်ပြနိုင်ခြင်း မရှိသည်မှအပ အချင်းဖြစ်ချိန် က ကိုသက်ဦးသည် စိတ်ဝေဒနာခံစားနေရကြောင်း ပေါ်ပေါက်နေ၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၄ ပါ ကင်းလွတ်ချက်ကို ထည့်သွင်းစဉ်းစားသင့်ကြောင်း၊ အမှုမှ အပြီးအပြတ် လွှတ်သင့်ကြောင်း၊ ထည့်သွင်းလျှောက်လဲချက်ပေးခဲ့သည် မဟုတ်ပါလား။

အလားတူ စီရင်ထုံးတစ်ခု (မောင်ညွန့်အောင်နှင့် ပြည်

www.burmeseclassic.com

www.burmeseclassic.com



ထောင်စု (၁၉၆၄ ခုနှစ်)၊ ဘီ အယ်လ်အာ (ဗဟိုတရားရုံး စာ ၆၉၈) အမှု၌ ကိုသက်ဦးအမှုနှင့် ဖြစ်စဉ်ချင်း သဘောသဘာဝ (ကြောင်းချင်းရာ) မတူသော်လည်း ဥပဒေရေးရာ သုံးသပ်မှုတွင် ဆင်တူနေသည်ကို တွေ့ရသည်။ ကိုသက်ဦးအမှုက အချင်းဖြစ်စဉ်က ကိုသက်ဦးအပြုအမူသည် ကာတ်ကြေးထိုး ရန်ပြုပြီး ဝိုင်းလာသူများကို ငြိမ်းခြောက် ဟန့်တား၊ မိမိငယ်ပါကို လှီးဖြတ်ဖြစ်ရပ်သည် စိတ်မူမမှန်၍သာ ဖြစ်ရသည်ဟု သာမန်အားဖြင့် ကောက်ချက်ဆွဲနိုင်သည်။ ပုဒ်မ- ၈၄ ပြဿနာ ပေါ်လာသည်။ (၈၄) ခွင့်ပြုသင့် မသင့်၊ မောင်ညွန့်အောင်အမှုသည် ပြစ်မှုကျူးလွန်ရန် ကြိုတင်ကြံရွယ်ချက် (Pre Meditation) ရှိ-မရှိနှင့် ပတ်သက်၍ အငြင်းပွားကြသည်။ ဖြစ်စဉ်မှာ မိန်းမကအိမ်မှ ဆင်းသွား၍လင်ဖြစ်သူက ဓားယူပြီး မိန်းမကို ပြန်ခေါ်သည်။ ထန်းရည်လည်း မူးနေသည်။ မိန်းမက မလိုက်လိုကြောင်း ပြောသောအခါ ဓားဖြင့် မထိုးသေးဘဲ ဓားကိုသာပြပြီး မိန်းမထွက်ပြေးမှ ဓားနှင့်ထိုး၍ မိန်းမသေသည်။ (ကွဲနေသော မိန်းမကို ပြန်ခေါ်ရန် ဓားယူသွားခြင်း၊ မလိုက်သည့်အခါ ထွက်ပြေးစဉ် ဓားနှင့်ထိုးသတ်ခြင်းတို့သည် တင်ကူးကြံရွယ်ချက် ရှိသည်ဟု ဆိုနိုင်သင့်မည် မဟုတ်ပါလား။ သို့သော် တရားရုံးချုပ်က မူလတရားရုံးက ပြစ်မှု ပုဒ်မ ၃၀၂ (၁) (ခ) (တင်ကူး ကြံရွယ်ချက်) ဖြင့် လူသတ်မှု ကျူးလွန်သည်ဆိုကာ သေဒဏ် ပေးထားသည်ကို ပယ်ဖျက်၍ တရားခံ၏ ပြုလုပ်မှုကို "ဇနီးသည်အား ခေါ်၍မရသဖြင့် ထန်းရည်မူး၍ ရုတ်တရက် ပေါ်ထွက်လာသည့် မထိန်းနိုင်သည့် ဒေါသအရှိန်ကြောင့် ဓားဖြင့် ထိုးခြင်းသာ ဖြစ်မည်ဟု ယူဆရမည်" ဟု သုံးသပ်ကာ ပြစ်မှု ပုဒ်မ ၃၀၂ (၂) (လူသတ်မှု) ဖြင့် ထောင်ဒဏ်သို့ ပြောင်းလဲ အပြစ်ပေးလိုက်သည်။

ယခုသက်ဦးအမှု သက်ဦး၏ပြုမူမှုမှာ တစ်ဆင့်ပြီး တစ်ဆင့် စဉ်းစားလျှင် စိတ်ပေါ့သွပ်၍ ပြုလုပ်သလားဆိုသည့် အချက်မှာ အဓိကဖြစ်သည်။ တရားရုံး ချုပ်က ကာတ်ကြေးနှင့်ထိုး၍ သူ့တွင် အပြစ်ရှိကြောင်း၊ အန္တရာယ်ရှိကြောင်း သိခြင်းတို့သည် မူမှန်စိတ်ရှိသူဖြစ်၍သာ ကာတ် ကြေးထိုးခံရသူ၏ အလုပ်သမားများ ဝိုင်းလာရာ ကြိမ်းမောင်း ဟန့်တား၍ထွက်လာခြင်း ဖြစ်သည်ဟု သုံးသပ်ယူဆ၍ ပြစ်မှု ပုဒ်မ- ၈၄ ကင်းလွတ်ချက်ကို ခွင့်မပြုခြင်းဖြစ်သည်။ နောက်မှ စိတ်ဖောက်လာ၍ ငယ်ပါကို လှီးဖြတ်ခြင်းက တစ်ကဏ္ဍဖြစ်သည်။ စေ့စေ့တွေးရေးရေး ပေါ်လာခြင်းပင်။ ထို့ကြောင့် မူလရုံးနှင့် အထက်အဆင့်ဆင့် အယူခံ ပြင်ဆင်တရားရုံးတို့သည် စိုက်လိုက်မတ်တပ် တစ်သဘောတည်းဆက်ဦးအမိန့် အပေါ် ရပ်တည်ခဲ့ကြခြင်း ဖြစ်ပေမည်။

**နတ်တလင်းချစ်လွင်**

**ကိုးကား- (၁) ဦးသိန်းဟန် ဒိုင်ဂျက်စ် (၁၉၅၆- ၁၉၇၂)**
**(၂) ၂၀၀၈ ခုနှစ်၊ တရားစီရင်ထုံးများ**

www.burmeseclassic.com

www.burmeseclassic.com



# စိတ်ကုဆရာဝန်တွေကို လှည့်စားတဲ့ စိတ္တဇလူသတ်ကောင်

ယခုအခါ 'ကာလီဖိုးနီးယား အကျဉ်းထောင်' တွင် ထောင်ဒဏ်တစ်သက် အပြစ်ကျခံနေရသူ 'အက်(ဒ်)မန်အီမီး(လ်)ကမ်ပါ' သည် လူပေါင်းသုံးဆယ်ကျော်ကို သတ်ဖြတ်ခဲ့သည်။ စိတ္တဇလူသတ်သမားဖြစ်သည်။ ၁၈-၂-၁၉၈၄ တွင် ကာလီဖိုးနီးယားပြည်နယ်၊ 'ဘားဘဲန့်(ခ်)မြို့' မှာ မွေးဖွားသည်။ ကိုယ်ခန္ဓာကြီးမားထွားကျိုင်းသည်။ အရပ်ကြီးက ခြောက်ပေဆယ်လက်မ။ ကိုယ်အလေးချိန် ပေါင်သုံးရာကျော်……။

ဆယ့်ငါးနှစ်သားအရွယ်မှာပင် အဘိုးနှင့် အဘွားကို သတ်မှုဖြင့် စိတ်ရောဂါကုဆေးရုံသို့ ပို့ခဲ့ရသည်။ နှစ်ဆယ့်တစ်နှစ်မှာ အပြင်လောကသို့ ပြန်ရောက်လာသည်။ စိတ်ကုဆရာဝန် တွေက သူ့အား ရောဂါပျောက်ကင်းပြီဟု ယူဆကြသည်ပဲကိုး။ သို့တစေ ပြည်နယ်စိတ်ကု ဆရာဝန်များထံ တစ်လတစ်ခါ သွားရောက်အစစ်ခံရသည်။

စင်စစ် သူတို့တတွေ ကျားဆိုးကို လှောင်အိမ်မှ လွှတ်လိုက်မိကြသည်ကို မသိပါလေခဲ့။ ကမ်ပါကလည်း မင်သေသည်။ သည်ကြားကာလမှာပင် သူသည် ဆယ့်ငါးနှစ်ရွယ် ယောက်ျားလေး သုံးဦးနှင့် မိန်းကလေးသုံးဦးကို သတ်ဖြတ်ခဲ့ပြီးပြီ။ သူ့အမူအရာ ဘယ်လောက် မင်သေ မသေကို ဆရာဝန်၏ မှတ်ချက်သာကြည့်……။

'မင်းဟာ မကြာမီအတွင်းမှာ မင်းကိုယ်တိုင်ရော တခြားလူတွေပါ ထိတ်လန့်ချောက်ချားနေရတဲ့ စိတ္တဇဝေဒနာက ကင်းလွတ်တော့မယ်' တဲ့လေ။

ကမ်ပါဆိုသည်က သတ်ဖြတ်မှုတွေဖြင့် စိတ်၏ ပျော်ရွှင်မှုကို ခံစားနေတတ်သော စိတ္တဇ လူသတ်သမားပဲ ဖြစ်ပါသည်။ အထက်ကအတိုင်း စိတ်ကုဆရာဝန်တွေ၏ စမ်းသပ်စစ်ဆေးမှုကို ခံယူနေခိုက်မှာပင် သူကား နောက်ခန်းထဲမှာ သည်ဆေးရုံသို့အလာ လမ်းခုလတ်တွင်မှ သူသတ်ဖြတ်ထားသော မိန်းကလေး၏ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ ထည့်လာခဲ့သည်လေ။

(1996 June READER'S DIGEST မှ)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ပြည်တွင်း ဖြစ်ရပ်မှန်



၁။

ကြုံကြိုက် တွေ့ဆုံပုံဆန်းသည်ဟု ဆိုရမည်လား မသိ။ ကျွန်တော်နှင့် မြစန်းကြည် ဆုံကြသည်က လမ်းကြောင်းကား (အချုပ်ကား)ပေါ်တွင် ဖြစ်သည်။

ထို့ကြောင့် ဘယ့်နှယ်ဘယ့်နှယ် အချုပ်ကား (လမ်းကြောင်းကား) ပေါ်မှာ ဆုံကြတာလဲဟု မေးကောင်း မေးမည်။ အမေးရှိသဖြင့် အဖြေလည်း ရှိရမည်။

ပြောရလျှင် သြချလောက်သည်။ ဘယ်ရှေးရေစက်ဟု ဆိုရမည် မသိ။ ကြုံကြုံဖန်ဖန် သူနှင့်ကျွန်တော်က အချုပ်ကားပေါ်တွင် ဆုံကြသည်။

သူနှင့် ကျွန်တော် ဆုံရစဉ်က ကျွန်တော်က အချုပ်ကားဝမ်းဗိုက်တွင်းမှာ။ သူက နောက်ခန်းကျဉ်းကလေးထဲမှာ။ ကံကောင်းထောက်မစွာ သံဇကာခြားး၍ စကားပြောခွင့်ရခဲ့သည်။

မြစန်းကြည်က အသားညိုစိမ့်စိမ့်နှင့် ကျစ်ကျစ်လျစ်လျစ်ရှိသည်။ အမှုက လူသတ်မှု ဖြစ်သော်လည်း သူ့မျက်နှာပေါ်တွင် ညှိုးငယ်ခြင်း မရှိ။ တည်ငြိမ်သည်။

"လုပ်ရဲရင် ခံရဲရမယ် ဆရာ။ ကျွန်မက ဖြစ်မှုကြွေးကို ချေးနဲ့ဆပ်ဖို့ ဆုံးဖြတ်ပြီးပြီ"

ဟု တည်တည်ငြိမ်ငြိမ် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်မြတ်ဦး

# ထမင်းတစ်နပ်ပုံပြင်

"အမိန့်ချဖို့ နီးပြီလား" ဟု မေးတိုင်း "ကျွန်မကတော့ မြန်မြန်အမိန့်ချစေချင်ပြီ ဆရာ" ဟု ပြောသည်။

"မင်း မစိုးရိမ်ဖူးလား" သူမက ခေါင်းခါသည်။

၂။

သူမ အကြောင်းသိတော့ ကျွန်တော် ပြုံးမိသည်။ အခြားကြောင့်မှမဟုတ်။ သူမနှင့် ကျွန်တော်က ရှားရှားပါးပါး တူညီမှုတွေ ရှိနေသောကြောင့် ဖြစ်သည်။

မှန်သည်။ ကျွန်တော်နှင့် သူမက ကံကွက်ကြားရှာ၍ထွား ခါးနာခဲ့သူများတည်း။ ကျွန်တော်က အဖွဲ့အစည်းအကျိုးအတွက် မှန်ကန်စွာ လုပ်ခဲ့သော်လည်း အတ္တ လောဘကြီးသည့် ငွေရှင်၊ ကိုယ်ကျိုးရှာ ဝန်ထမ်းတို့ကြောင့် မှန်လျက် အပြစ်ပေးခံခဲ့ရသည့်သူ။ အပြစ်ကျခဲ့သူ။

မြစန်းကြည်ကလည်း အကောင်းကိုရှာရင်း အဆောင်းကို မတွေ့။ အဆိုးနှင့်ကြုံခဲ့ရသူ။

ယခု ကံကွက်ကျားရှာသူ နှစ်ဦး ဆုံခဲ့ပြီ။

တစ်နေ့ လှိုင်သာယာ တရားရုံးသို့ အရောက် ...

"ဆရာဘကြည် ဆရာနဲ့ စကားပြောခွင့်ပြုပါ ဆရာ"

ဟုသူကပြောသဖြင့် ခေါင်းညိတ်လိုက်မိသည်။

တရားရုံးမှ ထောင်သို့အပြန် လမ်းကြောင်း ရဲသားကလေးက "ဆရာနဲ့ စန်းကြည်က စကားပြောချင်လို့တဲ့" ဟု ပြောသည်။ ကျွန်တော်နှင့်သူ သံဇကာခြား၍ စကားပြောရသည်။

"ဆရာက စာရေးဆရာဆိုတော့ မြစန်း ဆရာ့ကို ကျွန်မရဲ့ ဘဝဇာတ်လမ်းကလေး ပြောပြချင်တယ်"

ဟု ပြောသည်။ ဒါက ဒီလိုပါပဲ။ ထောင်မှာက လူတိုင်းက စာရေးဆရာသို့ ဇာတ်လမ်းပြောပြချင်သည်။ ဗေဒင်လက္ခဏာဆရာသို့ ဗေဒင်လက္ခဏာမေးကြသည်။

ကျွန်တော်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



သောင်ပြင်လွှတ်ခံရသည့် ဘုရားတကာ၊ တွေ့ရာ သဲပုံစေတီတည်သကဲ့သို့ ကျွန်တော်ကလည်း စာရေးဆရာပီပီ ရောက်လေရာဇာတ်လမ်းရှာခဲ့သူ။ ရှာနေသူဖြစ်သဖြင့် "ရပါတယ်။တို့ကလည်း ဇာတ်လမ်းရှာနေတာပါ။ပြောချင်ရင် လိုရင်း တိုရှင်း ပြောပေါ့" ဟု တုံ့ပြန်သဖြင့် သူမကျေနပ်သွား၏။ ချစ်စဖွယ် ပြုံးသည်။

ထိုနေ့မှစ၍ သူ့ဇာတ်ကြောင်းအား ပြောခဲ့ရာ ရုံးချိန်သုံးချိန်းမြောက်တွင် ဇာတ်ရည်လည်သွားခဲ့၏။

"တို့အပြင်ရောက်ရင် ရေးမှာနော်"

"ရေးပါ ဆရာ။ မြစန်းကလည်း ရေးစေချင်လို့ ပြောတာပါ။ သင်ခန်းစာယူနိုင်သလို လူ့အကြောင်းလည်းသိသင့်သလောက်သိသွားမှာပါ။"

၃။

ထို့နောက်ပိုင်း ကျွန်တော်နှင့် မြစန်းကြည် မတွေ့ဖြစ်တော့သည်ကို အမှတ်ရသည်။ ရေးခွင့်မရသေးသဖြင့် မရေးနိုင်ခဲ့သော်လည်း သူမဇာတ်ကြောင်းတွေက

**ပထွေးဖြစ်သူ၏ လှည့်ကွက်ထဲ နစ်ခဲ့သည်။ အလှဘန်းပြ ကာမ ရောင်းစားသူ ဘဝသို့ ရောက်ခဲ့သည်။**



ကျွန်တော့်အသိကို စိုးမိုးနေသည်။

သူမဘဝက ရင်နာစရာကောင်းသည်ကတော့ အမှန်ပင်။

မြစန်းကြည်က အရွယ်မရောက်မီ ပထွေးဖြစ်သူ၏ အစော်ကားခံခဲ့ရသည်။ ပထွေးဖြစ်သူ၏လှည့်ကွက်ထဲ နစ်ခဲ့သည်။ အလှဘန်းပြ ကာမရောင်းစားသူဘဝသို့ ရောက်ခဲ့သည်။ ဤဘဝကို မနှစ်သက်သော်လည်း မိခင်ကပါ ပထွေးကို ကြောက်ရသူဖြစ်သည်ကတစ်ကြောင်း၊ မိမိက အာခံလျှင် မိခင် အထုအထောင်းခံရမည်စိုးသဖြင့်၊ အနှိပ်စက်ခံရမည်ဆိုးသဖြင့် မျက်စိစုံမှိတ်ပြီး မနှစ်သက်သည့်အလုပ်အား လုပ်ခဲ့ရသည်။

ဘာပဲပြောပြော ပြည့်တန်ဆာ ပုဒ်မနှင့် အဖမ်းခံရတော့ မြစန်းကြည် ကျေနပ်သွားသည်။ မြစန်းကြည် ထောင်တစ်နှစ်ကျခဲ့သည်။

စိတ်မကောင်းစရာ ကောင်းသည်က မြစန်းကြည် ထောင်ကျပြီး သိပ်မကြာခင် မိခင်ဖြစ်သူ သမီးစိတ်နှင့် အိပ်ရာထဲလဲပြီး အသက်ပါသွားခဲ့သည်။

မြစန်းကြည် စိတ်မကောင်း

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ဝင့်ကျွတ်ခြင်းဟု ခံစား ဖြေသိမ့်လိုက်သည်။ မိခင် မရှိသဖြင့် ကိုယ်လွတ်ရုန်းနိုင်ပြီ။

* * *

“လူ့ဘဝက တစ်ခါတစ်ခါ ရင်နာစရာကောင်းတယ် ဆရာ။ အကောင်းကို ရှာပေမယ့် အကောင်းနဲ့ မဆုံနိုင်ဘူး။ အကောင်းက မရှိတော့ဘူးလား”

သူမပြောခဲ့သည်ကို အမှတ်ရသည်။ သည်စဉ်က သူမ မျက်နှာကလေး ညှိုးနေသည်။

“မင်း ကံမကောင်းသေးဘူးပဲ ဆိုရမှာပေါ့”

“ကျွန်မကတော့ ကံကို ချည်း ပုံမချချင်ဘူး။ စဉ်းစား ကြည့်ရင် လူတွေကလည်း မကောင်းဘူး ဆရာ။ ဘာကြောင့် လူကို ပြောင်းလဲမမြင်ကြတာလဲ။ ပြောရရင် ကျွန်မ ထောင်က လွတ်တော့ ဒီအလုပ် ပြန်မလုပ်တော့ဘူး။ စိတ်သစ်လူသစ်နဲ့ ဘဝသစ် စခဲ့တယ်။ ဈေးရောင်းခဲ့တယ်”

“ဟ ... ဒါလည်း ကောင်းတာပဲ”

“ဟုတ်တယ်။ ဒါက ကောင်းတယ်။ ခက်တာက လူတွေက မကောင်းဘူး ဆရာ။ မှားခဲ့ရင်လည်း မှားတာ အပြစ်လား။ အမှားကို ပြင်ခဲ့ပေမယ့် သူတို့က အမှန်မမြင်ဘူး။ ဘဝဟောင်းကို ဇာတ်ကြောင်းပြန်ဖို့ပဲ လုပ်ကြတယ်။ ကျွန်မ စဉ်းစားမရတာက မကောင်းခဲ့သူဟာ ကောင်းပြီဆိုရင် ကောင်းခွင့်ပေးသင့်တယ်။ ခုတော့ ကောင်းခွင့်မပေးဘူး။ ဒီထဲမှာ အဆိုးဆုံးက ကျွန်မ ပထွေးပဲ”




“မင်းပထွေးနဲ့ ပြန်တွေ့သေးတယ်”

သူမက လေးပင်စွာ ခေါင်းညိတ်သည်။ ပြီးမှ ပြန်တွေ့တော့ ပထွေးက ဒုတိယအကြိမ် ကျွန်မကို ဇာတ်ပြန်သွင်းတယ်။ ကောင်းခွင့် မရနိုင်တော့မှန်း သိတော့ ကျွန်မ ကောင်းချင်တော့ဘူး”

“ဒါထက် မင်း လူသတ်မှု ဖြစ်ရတာက ...”

“ကောင်းချင်လို့ပေါ့ ဆရာရယ်”

“မင်းစကားက ဆန်းလှချည်လား”

“တကယ်တော့ ရိုးရိုးလေးပါ။ ကျွန်မက ရိုးသားစွာ လုပ်ကိုင်ပြီး ထမင်းတစ်နပ်ကို အေးအေးလူလူ စားချင်တယ်။ မြူဆွယ်ပြီး ဆန္ဒမပါဘဲ ရတဲ့ငွေနဲ့ ထမင်းတစ်နပ် မစားချင်ဘူး။ ဒါကြောင့် ကျွန်မတို့ ဒီဘဝ သံသရာမှာ လည်နေအောင် လုပ်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူယုတ်မာ ပဲထွေးကို ကျွန်မ သတ်လိုက်တာ"

ကျွန်တော် စိတ်မကောင်းစွာ သူမကို ကြည့်လိုက်သည်။ သူမက အေးအေးလူလူပင်။

"ဒီအတိုင်းဆို မင်း ထောင်ထဲ ပြန်ရောက်ဦးမှာပဲ"

၄။


နောက်ပိုင်း သူမနှင့် မတွေ့ဖြစ်။

ကျွန်တော့်ဘဝ ဇာတ်ကြောင်းကလည်း အပြောင်းအလဲ ဖြစ်ခဲ့သည်။ ကျွန်တော့်အမှုနှင့် ပတ်သက်၍ အယူခံဝင်ရသည်။ အယူခံနိုင်ပြီ တရားသေလွတ်ခဲ့သည်။

တရား နတ်စောင့်သည်ဆိုသည့်စကားကိုကား မယုံ၍ မရ။ ပြီးတော့ လောကနှင့် ကံကြမ္မာကလည်း ဆန်းသည်ဆိုရမည်။

တစ်နေ့ လှိုင်သာယာရုံးသို့ သွားရင်း မြစန်းကြည်နှင့် ပြန်ဆုံရသည်။ ထိုနေ့က မြစန်းကြည် အမှု စီရင်ချက်ချသည့်နေ့။

စီရင်ချက်ကို နားထောင်ခွင့်ရခဲ့သည်။



တရားသူကြီးမှ မြစန်းကြည်အား အလုပ်ကြမ်းနှင့်ထောင်ဒဏ် ငါးနှစ် ချမှတ်လိုက်သံ ကြားသည်။ မြစန်းကြည်အား ဖျတ်ခနဲ ကြည့်လိုက်မိသည်။

မြစန်းကြည်က တည်တည် ငြိမ်ငြိမ်ပင်။

တရားခွင်မှအထွက် ကျွန်တော် ကြည့်လိုက်သည်။ သူ အပြုံးနှင့် ကျွန်တော့်ကို ကြည့်၏။ သူမအတွက် စားစရာ ဝယ်ပြီး တရားရုံးအချုပ်ခန်းသို့ သွားတွေ့ခဲ့သည်။

"ဆရာ စိတ်မကောင်းဘူး မြစန်းကြည်"

"ကျွန်မအတွက် မခံစားပါနဲ့ ဆရာ။ ကျွန်မကတော့ ကျေနပ်ပါပြီ။ ကျွန်မ ပြစ်မှုကြွေးကို ချေးနဲ့ ဆပ်မယ်။ ကိုယ်ပြုသမျှဒဏ် ကိုယ်ခံရင်း ထမင်းတစ်နပ်ကို ငြိမ်းငြိမ်းချမ်းချမ်း စားမယ်။ မြူဆွယ်မှုတွေ၊ မာယာတွေနဲ့ စားရတဲ့ ထမင်းထက် ဒီထမင်းက အာဟာရရှိပါတယ်။ ဖြူစင်တယ် ဆရာ"

ဟုပြောပြီး ကျွန်တော့်ကို ကြည့်ကာ ...

"မြစန်းကြည်ဘဝမျိုး မိန်းကလေးတွေ မရောက်စေချင်ဘူး ဆရာ။ စာတစ်ပုဒ်တော့ ရေးဖြစ်အောင် ရေးပါနော်"

ဟု မှာသည်။

"စိတ်ချပါ" ဟု ဆိုခဲ့သော်လည်း ကျွန်တော် တာဝန်မကျေခဲ့။ အချိန်ကြာမြင့်စွာ မရေးဖြစ်ခဲ့။

ယခုမှ ရေးဖြစ်ခဲ့ပြီ။

"ထမင်းတစ်နပ်ပုံပြင်"

ဟူသည် ဝတ္ထုအမည်ကိုလည်း မြစန်းကြည် နှစ်သက်လိမ့်မည် ထင်ပါသည်။

စာဖတ်သူများရဲ့

**အောင်မြတ်ဦး**

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် ကျန်းမာရေးမှူးဘဝ အတွေ့အကြုံများ

မောင်းမင်းယဉ်

# နွေရာသီနှင့် ဝမ်းလျှောဝမ်းပျက်ရောဂါများ


**နွေရာသီနှင့် ဝမ်းလျှောဝမ်းပျက်ရောဂါများ**

နွေရာသီနှင့်ဝမ်းလျှော ဝမ်းပျက်ရောဂါများလို့ အမည်ပေးထားပေမယ့် ဝမ်းလျှောဝမ်းပျက်ရောဂါဟာ ရာသီမရွေး အချိန်မရွေး နေရာမရွေးဖြစ်တတ်ပါတယ်။

သစ်သီးစုံပေါ်တဲ့ နွေရာသီ၊ ရာသီဥတုအရှိန်နဲ့ ယင်ကောင်တွေများများ ပေါက်ဖွားနိုင်တဲ့ နွေရာသီ၊ ရာသီဥတုပူနွေးတော့ အစားအသောက်တွေ၊ သား၊ ငါးတွေ ပုတ်သိုးလွယ်ပြီး ပုတ်သိုးအနံ့ကြောင့် ယင်ကောင်တွေ ပွားများနိုင်တဲ့ နွေရာသီမို့ နွေဦးပေါက်နဲ့အတူ ဝမ်းလျှော၊ ဝမ်းပျက်ရောဂါ အဖြစ်များပါတယ်။

ဝမ်းလျှောဝမ်းပျက်ရောဂါဟာ-

၁။ ရေမှုသန့်လို့



www.burmeseclassic.com

www.burmeseclassic.com



၂။ လက်မသန့်လို့
၃။ အစားအသောက် မသန့်ရှင်းလို့
၄။ ယင်လုံအိမ်သာမရှိလို့
၅။ ပတ်ဝန်းကျင်သန့်ရှင်းရေး မရှိဘဲ အိမ်ပတ်ဝန်းကျင်မှာ အမှိုက်သရိုက် အညစ်အကြေး စွန့်ပစ်တဲ့ သားငါးဆေးရည် အညစ်အကြေး၊ ကလေးတွေရဲ့ မစင်ကို စနစ်တကျမစွန့်ပစ်တာ တွေကြောင့်ဖြစ်ရတာပါ။

ယင်ကောင်က အညစ်အကြေးတွေပေါ်နားပြီး လူတွေစားတဲ့ အစားအသောက်ပေါ်မှာ နားတော့ ယင်ကောင်ရဲ့ ခြေချောင်းတွေမှာပါတဲ့ ရောဂါပိုးတွေကို လူတွေကစားမိပြီး ဝမ်းလျှောရောဂါဖြစ်တတ်ပါတယ်။


သောက်ရေအိုးမသန့်ရှင်းရင် သောက်ရေခွက်မသန့်ရှင်းရင် ရေအိုးထဲက ရေတွေက မသန့်ရှင်းရင် သောက်မိတဲ့လူ ဝမ်းပျက်ဝမ်းလျှောရောဂါ ရနိုင်ပါတယ်။

သောက်ရေက ချောင်းရေ၊ ကန်ရေ၊ တွင်းပက်လက်ရေဖြစ်နေရင် ရောဂါပိုးပါနိုင်ပါတယ်။ အဲဒီရေတွေကို ကျိုချက်ပြီးမှ သောက်သင့်ပါတယ်။

ရေနဲ့လက် မသန့်ရှင်း၊ အစားအသောက် မသန့်ရှင်းလို့ ဖြစ်တဲ့ ရောဂါတွေကတော့-

၁။ ကာလဝမ်းရောဂါ
၂။ ဝမ်းလျှောဝမ်းပျက်ရောဂါ
၃။ ဝမ်းကိုက်ရောဂါ
၄။ အူရောင်ငန်းဖျား (တိုက်ဖွိုင်ရောဂါ)
၅။ ပိုလီယိုအကြောသေရောဂါ
၆။ အသားဝါအသည်းရောင်ရောဂါတွေ ဖြစ်ပါတယ်။

ရေအိုးထဲက ရေကသန့်ပေမယ့် ရေအိုးမသန့်ရှင်းရင်၊ ရေခွက်မသန့်ရှင်းရင်၊ ရေခွက်ကို ကိုင်တဲ့လူ၊ ရေအိုးထဲကို သောက်ရေထည့်တဲ့လူရဲ့လက်က မသန့်ရှင်းရင်လည်း ရောဂါရနိုင်ပါတယ်။ ရေအိုးအဖုံးကိုလည်း သန့်ရှင်းအောင် အမြဲထားရပါမယ်။



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်နှင့် ကျန်းမာရေးမှူးဘဝ အတွေ့အကြုံများ

**သောက်ရေသန့်တဲ့ရွာတစ်ရွာ**

ကျွန်တော်ဆေးခန်းတစ်ခုမှာ တာဝန်ထမ်းဆောင်တုန်းက ကျွန်တော့်နယ်ထဲက ရွာတစ်ရွာမှာ ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပါတယ်။ အိမ်ခြေ (၅၀) ရှိတဲ့ရွာမှာ (၇)အိမ်လောက် ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပြီး လူနှစ်ဦးလောက် သေဆုံးပါတယ်တဲ့။

သေဆုံးတာလည်း ဝမ်းလျှော၊ ဝမ်းပျက်ရောဂါဖြစ်တာကို ရမ်းကုနဲ့ကုတယ်။

(DEHYDRATION) ရေခန်းခြောက်တဲ့ လက္ခဏာပြတာကို မာတ်ဆားထုပ် သုံးစွဲရကောင်းမှန်း မသိလို့လည်း သေကြရတာပါ။

ရွာကလူကြီးတွေကလည်း ကျွန်တော့်ဆီ သတင်းမပို့ကြပါဘူး။ ကျွန်တော်က လူပြော သူပြောနဲ့ ကြားရပေမယ့် ကြားကြားခြင်း ကျွန်တော့်လက်အောက်က ဝန်ထမ်းတွေဖြစ်တဲ့ ကျန်းမာရေး ကြီးကြပ်နဲ့ ဆရာမတွေ အားလုံးခေါ်ပြီး အဲဒီရွာကို သွားကြပါတယ်။ ရွာက ကျန်းမာရေးလူထုလုပ်သားနဲ့ အရံသားဖွားဆရာမတွေအားလုံးကို အသင့်စောင့်ခိုင်းထားပါတယ်။

ရွာရောက်တော့ ဥက္ကဋ္ဌနဲ့ စာရေးတို့နဲ့တွေ့ပါတယ်။ ဥက္ကဋ္ဌကလည်း သူဌေး၊ ကောင်စီစာရေးကလည်း သူဌေးဆိုတော့ အိမ်တွေကကောင်းပြီး ခန့်ညားပါတယ်။ လူတွေကလည်း ခေတ်မီတဲ့ ပုံစံတွေပါ။

ဒါနဲ့ကျွန်တော်က "ကဲ ဥက္ကဋ္ဌ ခင်ဗျားတို့ရွာမှာ ဝမ်းလျှော၊ ဝမ်းပျက်ရောဂါဖြစ်ပြီး ကလေးငယ်တစ်ဦး လူကြီးတစ်ဦး ဆုံးတယ်ကြားလို့လာခဲ့တာ"

"ဟုတ်တယ်ဆရာ၊ မနေ့က ကလေးတစ်ဦး၊ ဒီနေ့လူကြီးတစ်ဦး သေဆုံးတယ်။ ဝမ်းလျှောပြီး ဆုံးကြတာပါ။ ပြီးတော့ သူတို့က ရမ်းကုတွေနဲ့ ခေါ်ကုလို့ အသက်ဆုံးကြတာပါ"

"ဒီလိုဆို ကျွန်တော်နဲ့ပါလာတဲ့အဖွဲ့တွေက တစ်ရွာလုံး စစ်ဆေးမယ်။ ပြန်လာရင် ဟောပြောပွဲတစ်ခုလုပ်မယ်။ အခုရွာထဲ သွားကြရအောင်" ဆိုပြီး ရွာထဲသွားကြပါတယ်။

ရွာထဲမှာ ယင်လုံအိမ်သာ ကနည်းပြီး တွင်းအိမ်သာ များပါတယ်။ တွင်းပက်လက်တွေမှာ ယင်တလောင်းလောင်းနဲ့ပါ။ ဒါနဲ့လတ်တလော အရေးပေါ် အခြေအနေအရ တွင်းပက်လက်တွေကို ချက်ခြင်း ထုံး၊ သဲ၊ ပြာ၊ မြေကြီး ရရာတစ်ခုခုနဲ့ ဖုံးခိုင်းပါတယ်။ နောက် (၁၀) ရက်အတွင်း တစ်ရွာလုံး ယင်လုံ အိမ်သာဆောက်ဖို့ စည်းရုံး ညွှန်ကြားခဲ့ရပါတယ်။

တစ်ခါ ရေတွင်းတွေကို လိုက်ကြည့်ပြန်ပါတယ်။ ရေရှားလို့ ရွာထဲမှာရေတွင်း မရှိကြပါဘူး။ ဒါနဲ့ ကျွန်တော်က ဥက္ကဋ္ဌကို "ကဲ.... ခင်ဗျားတို့ရွာက

www.burmeseclassic.com

www.burmeseclassic.com



ရေဘယ်ကရလဲ။ ရေတွင်းမတွေ့ပါလား''

''ဆရာ ရေတော့ စစ်မနေနဲ့တော့။ ကျွန်တော်တို့ရွာက ရေတအားသန့်တာ ရေကပိုက်တွင်း (အဝီစိတွင်းရေ) ဆရာ သန့်ပါတယ်''

''ခင်ဗျားပိုက်ရေကတကယ်သန့်ရဲ့လား''

''သန့်ပါတယ်ဆရာ။ အဲဒီရေကို ကျွန်တော်တို့ တစ်ရွာလုံးသုံးကြတာပါ''

''ကဲလာကြဗျာ။ ကျွန်တော်တို့ အဲဒီရေတွင်းကို သွားကြည့်ရအောင်''ဆိုပြီး အဲဒီရေတွင်းကိုသွားကြပါတယ်။

ရေတွင်းက ရွာရဲ့အပြင်ဘက်မှာပါ သူတို့တွင်းရေက အလိုလိုရေထွက်တဲ့ရေတွင်းပါ။ ရေမော်တာ၊ ရေတင်စက် မလိုဘဲ ရေထွက်တဲ့ရွာပါ။ ကံထူးတဲ့ရွာပါ။

ဒါနဲ့ ကျွန်တော်ရေတွင်းကို သေချာကြည့်ပါတယ်။ ''ဥက္ကဋ္ဌ ခင်ဗျားရေတွင်းက ထွက်တဲ့ရေကို အုံးသားအချမ်းသယောက် ခံထားတာကို။ ကြည့်ပါဦး။ အုံးသားသယောက်

**သူတို့တွင်းရေက**
**အလိုလိုရေထွက်တဲ့**
**ရေတွင်းပါ။**
**ရေမော်တာ၊**
**ရေတင်စက်**
**မလိုဘဲ**
**ရေထွက်တဲ့ရွာပါ။**
**ကံထူးတဲ့ရွာပါ။**

(အုန်းပင်ကို ထက်ခြမ်းခွဲထားတဲ့) ပေါ်မှာ ငှက်တွေနားပြီး ရေသောက်ကြတော့ ငှက်ချေးတွေက အုံးသားသယောက်ထဲမှာ ပြည့်နေတာပဲဗျာ။ ဒါခင်ဗျားတို့ရွာက ရေသန့်တာလား''

ဒါနဲ့ အုတ်ကန်အကြီးကြီးလုပ်ထားပြီး အုံးသား သယောက်ထဲက ရေတွေက အုတ်ကန်ကြီးထဲမှာ ကျနေပါတယ်။ အုတ်ကန်ကလည်း ကန်ပက်လက်၊ အုတ်ကန်ထဲမှာ သစ်ရွက်မိုက်တွေ၊ ရေညှိတွေ ငှက်ချေးတွေ တွေ့ရပါတယ်။

''ကြည့်စမ်းပါဦး ဥက္ကဋ္ဌရယ်။ ဒီကန်ထဲကရေတွေကို သောက်မှတော့ ရောဂါရကြတော့မှာပေါ့။ ဒီတော့မှ ဥက္ကဋ္ဌနဲ့ စာရေးက မျက်နှာပျက်ပျက်နဲ့ ''ကျွန်တော်တို့ဒါကို သတိမထားလိုက်မိဘူးဆရာ''

ကျွန်တော်က ''ဥက္ကဋ္ဌနဲ့ စာရေးကြီး။ ခင်ဗျားတို့က တိုက်ကြီးတွေနဲ့ ချမ်းသာနေတဲ့ သူဌေးကြီးတွေပဲဗျာ ဒါကို ပြုပြင်လိုက်ကြရအောင်''

''ဘယ်လိုပြုပြင်မှာလဲ ဆရာ'' ''လွယ်ပါတယ်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



အုံးသယောက်ကို အစားလဲရအောင်။ ခင်ဗျားတို့ အိမ်မှာ ၄လက်မ ကွန်ကျူပိုက်တွေ ကျွန်တော် မြင်ခဲ့ပါတယ်ဗျ။ မျက်စိရှင်ပါတယ်"

"အဲဒီပိုက်တွေကို ရွာသားတစ်ယောက်ကို ယူခိုင်းလိုက်ဗျာ။ ရှည်တဲ့ပိုက်နဲ့ ပိုက်အဆက်ကိုပါ ယူခဲ့ဗျာ"

ခဏနေတော့ ဥက္ကဋ္ဌအိမ်က ပိုက်ယူလာတော့ ပိုက်ဆက်နဲ့ ရေတွင်းကထွက်တဲ့ ရေပိုက်နဲ့ ဆက်လိုက်ပါတယ်။ ရေပိုက်ကလည်း ၄လက်မပိုက်ဆိုတော့ ဆက်လို့လွယ်ပါတယ်။

အုန်းသားသယောက်ကိုတော့ လွင့်ပစ်ခိုင်းလိုက်ပါတယ်။

"ကဲ ရေကန်ထဲကိုတော့ သန့်ရှင်းတဲ့ရေတွေ ရောက်သွားပါပြီ။

ဥက္ကဋ္ဌရေ… ရေကန်ကြီးကိုလည်း ရက် (၂၀) လောက်နေရင် တစ်ကြိမ် သန့်ရှင်းရေးလုပ်ခိုင်းပေးပါဦး။ ခုတော့ သန့်ရှင်းရေး အရင်လုပ်ခိုင်းပါဦး၊ ဒီနေ့လုပ်ကြဗျာ"


"ဟုတ်ကဲ့ပါဆရာ။အခုကတည်းက လုပ်ခိုင်းလိုက်ပါမယ်" ဆိုပြီး ရွာသားတွေခေါ်ပြီး ရေကန်ကို သန့်ရှင်းရေးလုပ်ကြပါတယ်။

အိမ်ရောက်တော့မှ ဥက္ကဋ္ဌကို ကျွန်တော်က-

"ဥက္ကဋ္ဌ·· ခင်ဗျားတို့ရွာက ရေကသန့်ပါတယ်။ ဒါပေမယ့် ရေကန်က အမိုးမပါတော့ ရေကန်ထဲလူတွေ လက်နှိုက်ကြ။ ငှက်ချေးတွေကျ၊ နွားတွေကသောက်ဆိုတော့ ရေကန်အမိုးကာကို သွပ်နဲ့သစ်သားနဲ့ သော့ခတ်ဖို့လုပ်ပေးပါ"

"လူတွေကို ပိုက်နုတ်သီးက ကျလာတဲ့ရေကို သုံးခိုင်းပါ။ ဒါဆို ရေနဲ့ပတ်သက်တဲ့ ရောဂါဖြစ်မှာ မဟုတ်တော့ပါဘူး"

"ဟုတ်ကဲ့ဆရာ ဒီနေ့ဆရာတို့ပြန်ရင် ရွာကလက်သမားခေါ်ပြီး ချက်ချင်း အမိုးလုပ်ခိုင်းလိုက်ပါ့မယ်။ အပန်းမကြီးပါဘူးဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဣန္ဒနဲ့ စာရေးကြီးက ပိုက်ဆံချမ်းသာသလို စေတနာကလည်းကောင်း စိတ်ရင်းလည်းကောင်းတော့ ရေကန်ကို အမိုးအကာနဲ့ သော့ခတ်ဖို့ လုပ်လိုက်ကြပါတယ်။

ဒါနဲ့ ကျွန်တော်တို့လည်း အဲဒီရွာမှာ ဝမ်းလျှော၊ ဝမ်းပျက်ရောဂါအကြောင်း ပညာပေးပြီး ရောဂါ ဖြစ်တဲ့လူတွေကို ဓာတ်ဆားတိုက်၊ ဆေးကုပေး၊ ဓာတ်ဆားထုပ်တွေ ရွာကိုဝေပြီး ပြန်လာကြပါတယ်။ အဲဒီတုန်းက ကျွန်တော့်ဆေးခန်းမှာ ဓာတ်ဆားထုပ်တွေက ထောင်နဲ့သောင်းနဲ့ ရှိနေတော့ ဝမ်းလျှော၊ ဝမ်းပျက်ဖြစ်တဲ့ရွာတိုင်း ဓာတ်ဆားထုပ် အခမဲ့ဝေနိုင်သလို ကျန်းမာရေး ပညာပေးရင်လည်း နားထောင်တဲ့ လူတွေအားလုံးကို တစ်ယောက် ဓာတ်ဆားထုပ် နှစ်ထုပ်နှုန်းစီ လက်ဆောင်ဝေ ပေးနိုင်ခဲ့ပါတယ်။

## နောက်ထပ်ရေတွင်း မရှိတဲ့ ရွာတစ်ရွာ


ဒါနဲ့ အဲဒီနွေရာသီကာလမှာပဲ ကျွန်တော့်နယ်ထဲက ရွာတစ်ရွာမှာ တစ်ရွာလုံးဝမ်းလျှော၊ ဝမ်းပျက်ရောဂါ ဖြစ်တယ်လို့ ကြားရပြန်တယ်။

ရွာရောက်တော့ ဦးဣန္ဒနဲ့ ရပ်ရွာလူကြီးတွေနဲ့ ရွာထဲက အိမ်သာတွေ စစ်ပါတယ်။ ရွာထဲမှာ အိမ်သာမရှိတာများပါတယ်။ ရှိတဲ့အိမ်သာတွေကလည်း တွင်းပက်လက်တွေဆိုတော့ ယင်တလောင်းလောင်းနဲ့ပါ။

ဒါနဲ့ ယင်တလောင်းလောင်းနဲ့ အိမ်သာတွေကို ထုံး၊ သဲ၊ ပြာ ဖုန်းခိုင်းရပါတယ်။ ပြီးတော့မှ "ကဲ…ဦးဣန္ဒရေ… ရေ သုံးတဲ့တွင်းတွေ စစ်ရအောင် ဆေးခပ်ရအောင်"

"ဆရာ တစ်ရွာလုံးရေတွင်း မရှိကြပါဘူး"

"ကျွန်တော် သိပြီးသားပါ။ ကျွန်တော့်ဆီမှာ တစ်ရွာ



www.burmeseclassic.com

www.burmeseclassic.com



ချင်းအလိုက် ရေတွင်း ဘယ်နှခု၊ ရေကန်ဘယ်နှကန်လဲ၊ အိမ်သာဘယ်နှလုံး၊ တွင်းတည့်အိမ်သာဘယ်နှလုံး၊ တွင်းလွဲအိမ်သာဘယ်နှလုံးဆိုတာ စာရင်းပြုစုပြီးသားပါ။

ဒါပေမယ့် သူတို့ရေသုံးတဲ့ နေရာကိုလိုက်ပြအောင်လို့ မေးလိုက်တာပါ။"

ဥက္ကဋ္ဌက ရေသုံးတဲ့နေရာကို ခေါ်သွားပါတယ်။

"ဆရာ ကျွန်တော်တို့ ရွာဘေးက ချောင်းရေကို သုံးကြတာပါ။ ရေလာရင် ချောင်းရေကိုသုံးတယ်။ ရေမလာရင် လက်ယက်တွင်းချောင်းထဲက သဲထဲမှာ လက်နဲ့ယက်ပြီး ရေခပ်ယူကြတာပါ"

"ဟာဗျာ ချောင်းရေဆို ဘယ်သန့်မပါ့မလဲ။ အထက်က အဝတ်လျှော်၊ ထဘီလျှော်၊ ကလေးအနှီးလျှော်၊ ရေထဲမှာ ကလေးတွေက အညစ်အကြေးစွန့်ဆိုတော့ ချောင်းရေဆိုတာ အညစ်ပတ်ဆုံး၊ ရောဂါပိုး အများဆုံးပဲ။ လုံးဝမသန့်ရှင်းဘူး။

ချောင်းရေသုံးကြရင် တော့ တစ်နှစ်လုံး ရေကြိုချက် သုံးမှ ရောဂါမရမှာ"

"ဟုတ်ကဲ့ဆရာ ခုတော့ လက်ယက်တွင်းဆိုတော့ သန့်ရှင်းပါတယ်"

"လက်ယက်တွင်းရေက လည်း မသန့်ရှင်းပါဘူးဗျာ။ ရောဂါပိုးတွေ အများကြီးပါတယ်"

"ဘာလို့လဲဆရာ"

လက်ယက်တွင်းကကလေးတွေက ခြေဆေး၊ ခရီးသွားတွေက ခြေဆေး၊ ခွေးကရေသောက်၊ နွားကသောက်၊ ခွေးတွေ ဖြတ်ဆင်း၊ နွားတွေ ဖြတ်ဆင်းဆိုတော့ အညစ်အကြေးစုံတာပေါ့ဗျာ။ သန့်ပါ့မလား"

"ဟုတ်ပါတယ်။ ကျွန်တော်တို့လည်း အခုမှ စဉ်းစားမိတယ်။ မသန့်ပါဘူး"

"ဒီတော့ တစ်ရွာလုံးကို ရေကျိုချက်သောက်ခိုင်းဗျာ၊ ရေစိမ်းလုံးဝ မသောက်ပါစေနဲ့"

"ရေကျိုချက်သောက်ရရင်တော့ ထင်းဖိုးမီးသွေးဖိုးကုန်တော့မှာပဲ"

"ထင်းဖိုး မီးသွေးဖိုးထက် ဖြစ်ရင် ဆေးကုသတဲ့စရိတ်က ပိုများတယ်။ စိတ်ဆင်းရဲရတယ်။ မတော်တာဆ လူသေသွားရင် ပိုကုန်ဦးမယ်"

ဝမ်းလျှောလို့ ဆေးရုံတက်ရရင် ဆေးခန်းသွားရင် ကားခကုန်မယ်။ စားစရိတ်ကုန်မယ်။ အလုပ်ပျက်ဦးမယ်။ ဒီတော့ ထင်းဖိုးထက် ဆေးကုသရတဲ့ စရိတ်က အဆမတန်ကုန်မှာပေါ့။ ထင်းဖိုးမနှောမြောပါနဲ့။ ရေကိုတစ်ရွာလုံး ကျိုချက်သောက်ကြပါ။

တွင်းလွဲ ယင်လုံအိမ်သာဆောက်ကြပါ။ ပြီးတော့ အိမ်သာက ဆင်းတိုင်း လက်ဆေးကြဖို့၊ အစားအသောက်စားခါးနီးတိုင်း လက်ဆေးကြဖို့ ယင်နားစာမစားကြဖို့။

မြို့ကိုတက်ရင် ခရီးသွားရင် သန့်ရှင်းတဲ့ရေသောက်ကြဖို့၊ ရေနွေးကြမ်းသာ သောက်ကြဖို့၊ ရေသန့်ဘူးဆိုတိုင်းလည်း မယုံကြဖို့။ ဝိသမလော ဘသားတွေဆိုတော့ တချို့က ရေသန့်ပုလင်းခွံထဲမှာ ရေထည့်ပြီး တံပ်နဲ့အဖုံးတွေကို ပတ်ထား တတ်ကြပါတယ်"

တချို့ရေသန့်စက်ရုံတွေကလည်း စနစ်တကျ ပုလင်း

www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်းရေး၊ အဖုံးသန့်ရှင်းရေး၊ ရေကိုရောဂါပိုးကင်းအောင် ပိုးသတ်မထားတော့ ရောဂါရနိုင်ပါတယ်။

လူတွေသောက်သုံးနိုင် တဲ့ သန့်ရှင်းတဲ့ရေကောင်း ရေသန့်ဆိုတာ–

၁။ အရောင်အဆင်း အနံ့ အရသာမရှိရပါဘူး။

၂။ အမှုန်အမွှား အနယ်အနှစ်ကင်းရပါမယ်။

၃။ ရောဂါပိုးမွှား မပါရပါဘူး။

၄။ သတ္တုဓာတ်တွေမပါရပါဘူး။

၅။ ဓာတုဗေဒ ဓာတ်တွေကင်းရပါမယ်။ ဒါမှရေသန့်လို့ခေါ်ပါတယ်။ ရေနွေးကြမ်းကတော့ ကျိုချက်ထားလို့ သန့်ရှင်းပါတယ်။ ရေကိုကျိုချက်သောက်ကြရင် သန့်ရှင်းတဲ့ရေ၊ သန့်ရှင်းတဲ့ အစားအသောက်တွေစားရင် ရောဂါကင်းပြီး အသက်ရှည်ကြမှာပါ။

လမ်းဘေး ဆိုင်တွေမှာ လက်နဲ့ဖျော်တဲ့ဖျော်ရည်တွေ မှန်သမျှ ရောဂါပိုးမကင်းနိုင်ပါဘူး။ ဥပမာ ကြံရည်သောက်ရင် ကြံရည်ကြိတ်တဲ့စက်မှာ ယင်တလောင်းလောင်း ရှိနေရင် အခွံသင်ထားတဲ့ ကြံရိုးတွေမှာ ယင်နားနေရင် (အချို့ စံနစ်တကျမရှိတဲ့ ကြံရည်ဆိုင်တွေဆို အခွံမခွာကြပါဘူး)

> **ကြံရည်ထဲထည့်တဲ့ ရေခဲတုံးက သန့်ရှင်းပိုးကင်းတဲ့ရေနဲ့ ခဲထားတာမဟုတ်ရင်၊ ဖန်ခွက် မသန့်ရှင်းရင် ကြံရည်ထည့်တဲ့ လူက လက်မသန့်ရှင်းရင် ရောဂါ ရနိုင်ပါတယ်။**

ကြံရည်ထဲထည့်တဲ့ ရေခဲတုံးက သန့်ရှင်းပိုးကင်းတဲ့ရေနဲ့ ခဲထားတာမဟုတ်ရင် ဖန်ခွက် မသန့်ရှင်းရင် ကြံရည်ထည့်တဲ့ လူက လက်မသန့်ရှင်းရင်ရောဂါ ရနိုင်ပါတယ်။

တချို့ ကြံရည်ဆိုင်တွေက ကြံရည်ကို သံဇာကာခွက်နဲ့ မစစ်ဘဲ အဝတ်နဲ့စစ်ပါတယ်။ တချို့ကြံရည်ထဲ့တဲ့ လူတွေက ကြံရည်စစ်ထားတဲ့ အဝတ်ကို လက်နဲ့ညှစ်ပြီး ကြံရည်ခွက်ထဲ ထည့်ပါတယ်။ ဒီတော့ အလုပ်သမားရဲ့ လက်ကအညစ်အကြေးတွေရော၊ အဝတ်က အညစ်အကြေးတွေပါ ကြံရည်ထဲ့တဲ့ ဖန်ခွက်ထဲ ရောက်ကုန်ပါ တယ်။ ဒီတော့ ရောဂါရကြတာပေါ့။ ကြံရည်ကို ရေရောရင်လည်း ရောတဲ့ရေက မသန့်ရင်လည်း ရောဂါရနိုင်ပါတယ်။

လွန်ခဲ့တဲ့ အနှစ် (၂၀) လောက်က နေပြည်တော်တပ်ကုန်းမြို့က စစ်တပ်တစ်ခုမှာ

www.burmeseclassic.com

www.burmeseclassic.com



## ကျန်းမာရေးမှူး ဂါဝအတွေ့အကြုံ

ကျွန်တော်ဝမ်းလျှော ဝမ်းပျက် အကြောင်း ဟောပြောပါတယ်။ အဲဒီမှာကြံရည် အကြောင်းကို အထက်က ပြောသလိုပြောပါတယ်။

အားလုံးပြီးတော့ စစ်တပ်က ဗိုလ်ကြီးတွေက အအေးပုလင်းတွေနဲ့ ဧည့်ခံပါတယ်။ ဗိုလ်ကြီးတစ်ယောက်က "ဆရာရေ အစက ကျွန်တော်တို့ တပ်အနီးအနားက ကြံရည်ဆိုင်က ကြံရည်နဲ့ ဧည့်ခံမလို့ဘဲ"

"ဆရာက ကြံရည်အကြောင်း ဟောပြောလိုက်တော့ ကြံရည်အစား မြို့ထဲက အအေးပုလင်းတွေ ဝယ်ခိုင်းလိုက်ရတယ် ဆရာ"တဲ့။

ရောဂါမဖြစ်ဖို့ အဓိကကတော့ FOOD HANDELER အစားသောက်ကိုင်တဲ့လူ ရောင်းချတဲ့လူတွေ အဓိကပါ။ သူတို့ စေတနာထားတတ်ဖို့နဲ့ ကျန်းမာရေးနဲ့ ညီညွတ်အောင် စီစဉ်တတ်ဖို့ လိုပါတယ်။

သူတို့စေတနာထားတတ်မှ ကျန်းမာရေးအသိရှိကြမှ စားသုံးသူတွေ ရောဂါပေါင်းစုံ ကင်းဝေးကြမှာပါ။

ဒီရာသီမှာ အမှည့်လွန်သီးတွေ မစားကြဖို့လိုပါတယ်။ အမှည့်လွန်သီးတွေကို ယင်ကောင်တွေက နှာမောင်းနဲ့ စုတ်နိုင်ပါတယ်။ ဒီတော့ ယင်ကောင်စုတ်ထားတဲ့ အမှည့်လွန်သီးစားရင် ရောဂါရနိုင်ပါတယ်။

အစားသောက် ရောင်းချတဲ့လူတွေက ကျန်းမာရေးအသိရှိဖို့ လိုသလို စေတနာထားတတ်ဖို့လိုတယ်။

စားသုံးသူ ပြည်သူလူထုကလည်း ရေအပါအဝင် အစားအသောက်စားရင် ကျန်းမာရေးသတိရှိဖို့လိုပါတယ်။ ဝမ်းလျှောဝမ်းပျက်ရောဂါဟာ ရာသီ အချိန်မရွေး ဖြစ်နိုင်ပါတယ်။ ပြည်သူလူထုက လက်သန့်ရှင်းရေးကို အထူးဂရုစိုက်ဖို့လို သလို ယင်နားစာ မစားကြဖို့၊ အိမ်သာဆင်းရင်လက်ဆေးဖို့၊ အစားအသောက်စားခါနီးတိုင်း လက်ကိုကျကျနန ဆေးဖို့၊ ကိုယ့်ရဲ့ အိမ်ပတ်ဝန်းကျင်ကို သန့်ရှင်းအောင် ဂရုစိုက်ဖို့ ယင်လုံအိမ်သာ ဆောက်ကြဖို့။

သန့်ရှင်းတဲ့ ရေကောင်း ရေသန့်ကိုသာ ရွေးချယ်သောက်တတ်ကြဖို့ လိုပါတယ်။ (ရေသန့်ဘူး ဝယ်သောက်ဖို့ပြောတာမဟုတ်ပါဘူး) ရေသန့်ဘူးအချို့ဟာလည်း စိတ်မချရသေးပါဘူး။ အတုအယောင်တွေ အများကြီးရှိပါတယ်။

**မောင်မင်းယဉ်(ကူမဲ)**

www.burmeseclassic.com

www.burmeseclassic.com

**လူကြီးမင်း လုပ်ငန်း ၏ ကောင်းသတင်းများ ပိုမိုကျယ်ပြန့်ဖို့ ဖြစ်ရပ်မှန်မဂ္ဂဇင်း တွင်ကြော်ငြာပါ**


၂၀၁၂ ဇန်နဝါရီလ မှ စ၍ အထူးသက်သာသော ဈေးနှုန်းဖြင့် ကြော်ငြာများလက်ခံနေပါပြီ ၊ နှစ်ပေါင်း ၃၀ ကျော်တစ်ပြည်လုံးသို့ ဖြန့်ချိ၍၊ အာဆီယံ နိုင်ငံများအတိပါ လစဉ်တင်ပို့သောမဂ္ဂဇင်းဖြစ်ပါသည် ၊ ပါဝင်ကြော်ငြာရန် ဖိတ်ခေါ်ပါသည် ။ ကြော်ငြာကိုယ်စားလှယ်တော်များလည်း ဆက်သွယ်နိုင်ပါပြီ ၊

| | | |
|---|---|---|
| နောက်ကျောဖုံး | ၄ ရောင် | ၁၀၀,၀၀၀/- |
| နောက်ကျောဖုံး ( အတွင်း ) | ၁ ရောင် | ၃၅၀၀၀/- |
| နောက်ကျောဖုံး ( အတွင်း ) | ၄ ရောင် | ၈၀၀၀၀/- |
| ရှေ့မျက်နှာဖုံး ( အတွင်း ) | ၁ ရောင် | ၃၅၀၀၀/- |
| ရှေ့မျက်နှာဖုံး ( အတွင်း ) | ၄ ရောင် | ၈၀၀၀၀/- |
| အတွင်းတစ်မျက်နှာ | ၁ ရောင် | ၂၀၀၀၀/- |
| အတွင်းမျက်နှာဝက် | ၁ ရောင် | ၁၀၀၀၀/- |

အမှတ် ၁၈၇ ၊ ဒုတိယထပ် ( ၃၄ လမ်းအထက် )
ကျောက်တံတားမြို့နယ် ၊
ဖုံး ၀၉၅၁ ၉၆၃၃၁ ၊ ၀၉၄၉ ၂၈၂၆၂၀
True.megazine@gmail.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ပြည်ပ မှုခင်း

ဂျော်ဂျီယာတက္ကသိုလ် ပြေးခုန်ပြစ်ကွင်းအတွင်း လေ့ကျင့်ပြီး၊ 'မာလာဂျုံး' သည် ချွေးတရွှဲရွှဲဖြင့် အိမ်ခန်းသို့ ပြန်လာသည်။ သူမသည် ရေချိုးခန်းမှ အထွက် လူစိမ်းတစ်ဦးသည် သူမကို အိပ်ခန်း အတွင်းသို့ အတင်းဆွဲခေါ်သွားပြီး ကြမ်းပေါ်သို့ တွန်းချလိုက်သည့် 'အော်မယ်မကြံနဲ့ သတ်ပစ်လိုက် မယ်' ဟု ခြိမ်းခြောက်သည်။

သူမသည် တံခါးဆီသို့ အပြေးသွားခဲ့ရာ သူမနံရိုး သို့ အထိုးခံရပြီး လဲကျသွား၏။ သူမ၏ ကာမကို အတင်း အဓမ္မယူပြီးနောက် ထိုလူစိမ်း ထွက်သွားသည်။ ထိုလူသည် မျက်နှာသုတ်ပုဝါ အစိမ်းဖြင့် မျက်နှာကို ဖုံးထားသော်လည်း မာလာသည် သူ၏ မျက်လုံးကို သတိပြုမိသည်။ ဘယ်လိုမှ မေ့မရသော မျက်လုံးဖြစ်သည်။

နောက်တစ်လအကြာ ၁၉၉၅ ခုနှစ် ဧပြီလ ၂၃ ရက်တွင် အသက် ၂၄ နှစ်အရွယ် ဆေးကျောင်းသူ 'မေရီကရင်စော' သည် ကျောင်းစာဖတ်ရင်း အိပ်ပျော်သွားသည်မှာ သန်းကောင်ယံ ကျော် ကျော်လောက်ဖြစ်သည်။ သူမ၏ ဘေးတွင် သူမ ၏ကြောင်လေးမှာလည်း အိပ်နေသည်။ တစ်နာရီ ကျော်ကျော်လောက်တွင် သူမ၏ ကြောင် အော်သံ ကြောင့် နိုးလာရာ လက်တစ်ဖက်မှာ သူမ၏ ပါးစပ် ကို ပိတ်ထားပြီး ကျန်လက်တစ်ဖက်ဖြင့် သူမ၏ ကိုယ်အနှံ့ကို သရမ်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



နေဇော်ဦး

# တက္ကသိုလ် မြို့လေးက မုဒိန်းကောင်

သူမသည် ထိုသူကို ကုတင်ပေါ်မှ ကန်ချပြီး ပြတင်းပေါက်ကို ဖွင့်ရန် ကြိုးစားစဉ် ခြေထောက်မှ ဆွဲချခံရပြီး "မင်းကို ငါသတ်မယ်" ဟု ပြောကာ သူမ၏ မျက်နှာအနှံ့ကို လက်သီးဖြင့် ထိုးတော့သည်။ 'မေရီ' သည် ငြိမ်နေလိုက်၏။ ထိုသူ၏ ဆန္ဒပြည့်မြောက်သွားပြီး အခန်းထဲမှ အပြင်သို့ထွက်လိုက် တံခါးလက်ကိုင်ကို ထိုသူမှ အင်္ကျီဖြင့် သုတ်သည်ကို သူမမြင်လိုက်သည်။

ထိုကိုယ်ထိလက်ရောက် ကျူးလွန်မှု နှစ်ခုလုံးသည် ဂျော်ဂျီယာ တက္ကသိုလ်နယ်မြေအတွင်း ၁၀ ဘလောက်အကွာတွင် ဖြစ်နေသည့် ဂျော်ဂျီယာ စုံစမ်းစစ်ဆေးရေးဓာတ်ခွဲခန်းတွင် အမှုနှစ်ခု၏ သုတ်ရည်များတူညီသည်ကို စစ်ဆေးတွေ့ရှိ၏။

ထောက်လှမ်းမှုများကိုအရှိန်မြှင့်လုပ်ခဲ့ကြ၏။ ထို နွေရာသီကာလတွင် ရဲများ၌ အမှတ်အသားမပါ ရဲကားများ၊ ခြေလျင်ပတ္တရောင်များ၊ စက်ဘီးများ၊ ခြုံပုတ်၊ လမ်းကြားများတွင် ခိုအောင်း စောင့်ကြည့်ခဲ့သော်လည်း ဘာမှမဖြစ်လာပါ။

အဓမ္မပြုကျင့်ခံရသော မိန်းကလေးများသည် ရဲပုံဖော် ပန်းချီဆရာများ၏ အကူအညီဖြင့် တရားခံပုံကိုဆွဲပြီး တက္ကသိုလ်မြို့အနှံ့တွင် ကပ်၍လည်းကောင်း၊ ပြည်နယ်အတွင်းရှိ ရဲစခန်းများကို ဖြန့်ဝေခြင်းပြုလုပ်ခဲ့သည်။ သို့သော် ထိရောက်သော တုံ့ပြန်မှုမရခဲ့ပေ။

ထိုကာလတွင် ရဲစုံထောက် အယ်လင်ဘရောင်းနှင့် ဒဗျူဂျေ့စမစ်သည် အမေရိကန်ပြည်ထောင်စုအတွင်းရှိ တက္ကသိုလ်များသို့ စာဖြင့် ဤကဲ့သို့သောအမှုပုံစံများ ဖြစ်ပေါ်လာ မလာကိုလည်းကောင်း၊ ဘယ်(လ်)တီးမိုးမှ စီယက်တယ်(လ်)အထိ သဲလွန်စများကိုလိုက်သည်။ ရည်းစားများနှင့် လင်ယောကျ်ားများကို မကျေနပ်ဒေါသဖြစ်နေသော မိန်းမများ၏ တိုင်ချက်များ အထိပင်လိုက်သည်။ မသင်္ကာသူ ဒါဇင်ဝက်ကျော်ကျော်ကို ခေါ်ယူစစ်ဆေးပြီး ထိုလူများမှ ဒီအင်အေ စစ်ဆေးချက်ကို သဘောတူပြီး အပြစ်မရှိကြောင်း စစ်ဆေးတွေ့ရှိသည်။

နောက်တစ်ကြိမ် မုဒိမ်းကောင် ထပ်လုပ်ပြန်သည်။ စက်တင်ဘာလ ၁ ရက်နေ့ ည ၁၁ နာရီကျော်တွင် ၂၃ နှစ်အရွယ် "ဂျိန်စတူးဝပ်" သည် အမှိုက်များကို စွန့်ရန် သူမ၏ အခန်းမှ ထွက်လာသည်။ "မေရီကာရင်ဇော" ၏ မျက်နှာခြင်းဆိုင်နေအိမ်ဖြစ်ပြီး သူမ၏ အခန်းတံခါးကို မပိတ်ခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူမပြန်လာပြီး မီးခိုးရောင်တီရှပ်ဝတ်ပြီး ခေါင်းကိုင် ထားသော လူတစ်ဦးသည် အဝတ်ဘီရိုထဲမှ ခုန်ထွက်လာပြီး သူမကို အဓမ္မပြုကျင့်ပြီးနောက် လည်း ဓမ္မတာနှင့် ဆန့်ကျင်၍ ကာမအကြိမ်ကြိမ် ကျင့်ခဲ့၏။

ယခုတစ်ချိန်တွင် ဂျော်ဂျီပြည်နယ်တစ်ပြည်နယ်လုံးသည် 'အေသင်မုဒိမ်းကောင်' ကြောင့် ထိတ်လန့်တုန် လှုပ်လာခဲ့သည်။ အချို့သော ဖခင်များသည် သမီးများကို တက္ကသိုလ်အပို့အကြို လုပ်သည်။ အချို့မှာ သမီးများကို သေနတ်များ ဝယ်ပေးသည်။ မိန်းမများသည် မုဒိမ်းကာ ကွယ်ရေး ဆွေးနွေးပွဲများသို့ တက်ကြသည်။ အေသင် [illegible]ယ်စု ရဲဌာနဂျော်ဂျီပြည်နယ် ရဲတပ်ဖွဲ့ ဂျော်ဂျီယာ စုံစမ်းစစ်ဆေးရေးဌာနမှ ရဲများသည် အရပ်ဝတ်နှင့် ယူနီဖောင်းဝတ် ရဲများလုံလောက်စွာချထားခဲ့သည်။ ၆ လအတွင်း ဘာမှ မဖြစ်ခဲ့ပါ။

**မျှော်လင့်ချက်ရေးရေး-**

၄င်းနောက် ၂၁ နှစ်အရွယ် ကျောင်းသူ "ဇီလာဒယ်နီယယ်(လ်)" ရေချိုးနေစဉ် လူ တစ်ဦး အခန်းအတွင်းသို့ ဝင်ရောက်လာပြီး၊ဓားဖြင့် ခြိမ်းခြောက်ရင်း၊ သူမကိုယ်ကို စတင်ပွတ်သတ်တော့သည်။ မမျှော်လင့်ဘဲ သူမ၏ အခန်းဖော်ပြန်လာပြီး သူမ၏ အိပ်ခန်းတံခါးကို လာခေါက်စဉ် ထိုလူသည် အထိတ်တလန့် ထွက်ပြေးသွားသည်။ နောက် ၃ နာရီအကြာ ၄ ဘလောက်အကွာ အမျိုးသမီးတစ်ယောက်၏ အိမ်သို့ အဓမ္မဝင်ရောက်ပြီး အမျိုးသမီးကို အိပ်ခန်းအတွင်းသို့ ခေါ်ဆောင်ပြီး အဓမ္မပြုကျင့်ရန် ကြံစည်စဉ် ထိုအမျိုးသမီးမှ ပြန်လည် တိုက်ခိုက်သောကြောင့် လေးလံသော သံတုတ်တစ်ခုဖြင့် သူမ၏ မျက်နှာကို အရိုးကျိုးအောင် ရိုက်ခဲ့သည်။ ၄င်းနောက် ၃ လတိတိ ငြိမ်ချက်သားကောင်းပြန်သည်။

ဇွန် ၁၉၉၆ အပတ်စဉ် ရဲစုံထောက်ဆွေးနွေးပွဲတွင် ရဲစုံထောက် တပ်ကြပ်ကြီးစမစ်မှ "ဒီကောင်က မိန်းမတွေကို အခြားတစ်နေရာမှာနှောင့်ယှက်နေမှာ သေချာတယ်" ဟုပြော၏။ စုံထောက်ဟိုး(လ်)ဘရွတ်မှနေ၍ ဆက်ပြီး အနီးနား ပြည်နယ်ရှိ တပ်ဖွဲ့များသို့ မုဒိမ်းကောင်၏ ဒီအင်အေကို စစ်ဆေးရန် အကြံပြု ပြန်သည်။

"မျှော်လင့်ချက် ရေးရေးလေးပဲ" ဟု ဟိုး(လ်) ဘရွတ်မှပြောသည်။ အမေရိကန်ပြည်ထောင်စု ရာဇဝတ်မှုဆိုင်ရာ ဓာတ်ခွဲခန်း ၃၀၀ တွင် ဒီအင်အေ စစ်ဆေးသည့် ဓာတ်ခွဲခန်း ၁၀၀ ကျော်သာရှိသေးသည်။ တပ်ကြပ်ကြီး စမစ်သည် တုံ့ဆိုင်းမနေပါ။

"ငါတို့ဒီဟာကို လုပ်ရမယ်။ လောလောဆယ်ဆယ် ဒီမှာ ဘာဆိုဘာမှ သဲလွန်စ မရှိတာ" ဟု ပြော၏။

၃ ပတ်ကြာသော် ဟိုလ်(လ်)ဘရွတ်မှ အပတ်စဉ် အစည်းအဝေးတွင် သတင်းပို့သည်။ တောင်ကယ်ရိုးလိုင်းနားနှင့် တက်နက်ဆီ ပြည်နယ်များတွင် ဒီအင်အေဓာတ်ခွဲခန်းများ မရှိဘဲ၊ မြောက်ကယ်ရိုလိုင်းနားနှင့် အယ်လာ ဘားမားပြည်နယ်များမှ ၄င်းတို့တွင်ရှိသော ဒီအင်အေများဖြင့် တိုက်ဆိုင်စစ်ဆေးရာ တူညီမှုမရှိပါဟု အကြောင်းပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com






သို့သော် ၄ လလွန်မြောက်သောအခါတွင် ဖလော ရီဒါပြည်နယ် ရဲဌာနမှ မကြာသေးမီဖြစ်ခဲ့သော ရာဇဝတ်မှုများမှ ရရှိထားသော ဒီအင်အေများကို ပေးပို့ခဲ့ရာ၊ မကြာမီမှာပင် ဂျော်ဂျီယာဌာနချုပ် ဓါတ်ခွဲခန်းမှာ ရှိသော 'အေသင်မုဒိန်းကောင်' ၏ သုတ်ရည်နှင့် ဖလော်ရီဒါ ပြည်နယ်တက္ကသိုလ်မှ မုဒိမ်းကျင့်ခံရသော အမျိုးသမီးလေးတစ်ဦးမှ ရသော သုတ်ရည်မှာ တူညီနေသည်ကိုတွေ့ရသည်။ ထိုအချိန် ထိုအခါက ဖလော်ရီဒါပြည်နယ်မှ မုဒိမ်းကောင်သည် ယခု ဂျော်ဂျီယာပြည်နယ်တွင် သောင်းကျန်းနေသော မုဒိမ်းကောင်ပင်ဖြစ်နေတော့သည်။ စဉ်ဆက်မပြတ် ရာဇဝတ်မှုကျူးလွန်မှုများနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုအတွင်းရှိ ပြည်နယ်အချင်းချင်း ဒီအင်အေစစ်ဆေးမှု ပထမဆုံးအကြိမ်ဖြစ်သည်။

ရဲစုံထောက်စမစ်နှင့်အတူ အခြားတပ်ဖွဲ့ဝင် ၃ ဦး သည် ဖလော်ရီဒါပြည်နယ်၊ ဂရင်းဗီး(လ်)သို့ သွားကြသည်။ ထိုနေရာသို့ ဖလော်ရီဒါ ရဲစုံထောက်ကိုး(လ်)မင်သည် အခင်းဖြစ်ပွားရာနေရာတက္ကသိုလ်စီမံရေးရာဌာနနှင့် မီတာ ၁၃၀ ကွာ မီးရထားလမ်းတစ်နေရာသို့ ခေါ်သွားသည်။

အပြေးလေ့ကျင့်နေသော ကျောင်းသူတစ်ဦးကို လူတစ်ယောက်မှ ခြုံပုတ်ထဲမှ ရုတ်တရက်ထွက်လာပြီး စက္ကူပြားများ ခင်းထားသော လူမနေသည့် အိမ်တစ်အိမ် နောက်တွင် အဓမ္မပြုကျင့်ခဲ့သည်ဟု စုံထောက်ကိုး(လ်)မင် က ရှင်းပြသည်။

## မယုံကြည်နိုင်လောက်အောင်တွေ့ရှိခြင်း

ပြည်နယ်ရဲတပ်ဖွဲ့ ပူးပေါင်းဆောင်ရွက်ရာတွင် ဂျော်ဂျီယာပြည်နယ်၌ စမစ်မှဦးဆောင်၍ဖလော်ရီဒါပြည်နယ်တွင် တွမ်တယ်ရီမှ ဦးဆောင်သည်။ အမှုနှင့် ပတ်သက်သည့် သဲလွန်စများကို ရှာဖွေ၍ သတင်းမီဒီယာများ ထုတ်ဖော်ပြသည်။

ထိုအချိန်တွင် ကီလိုမီတာ ရာချီဝေးသော ဖလော်ရီဒါပြည်နယ်၊ ဖော့လော်ရာဒေး(လ်)မြို့တွင် သတင်းခေါင်းစဉ်တစ်ခုက အလွတ်တန်းအယ်ဒီတာ စာရေးဆရာမ 'ရှီလာကိုမင်' သည် သတင်းစာပါ ခေါင်းစီးတစ်ခုဖြစ်သော 'ဂျော်ဂျီယာမုဒိမ်းသမားသည် ဂရင်းဗီး(လ်) ကိုယ် ထိလက်ရောက်ကျူးလွန်မှုနှင့် ဆက်စပ်မှုရှိသည်' ကို ဖတ်ပြီး တုန်လှုပ်သွားသည်။

သူမသည်ဂရင်းဗီး(လ်)တွင် ကျောင်းတက်နေစဉ် တစ်နေ့၌ ဆူပါမားကက်တစ်ခုမှ ဈေးဝယ်ပြီး အပြန်တွင် လူသူကင်းသည့် တောလမ်းလေးတစ်ခုမှ

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်၍ အိမ်သို့ပြန်အလာ ဓားကိုင်ပြီး မျက်နှာအဝတ်စည်းထားသည့် လူတစ်ယောက်သည် ဓားဖြင့်ခြိမ်းခြောက်၍ စက္ကူပြားများခင်းထားသော တစ်နေရာသို့ ခေါ်ပြီး အဓမ္မပြုကျင့်ခဲ့သည်။ ထိုတရားခံကို မမိခဲ့ပေ။ ရှီလာသည် ထိုလူဖြစ်ချင်မှ ဖြစ်နိုင်မည်ကို လက်ခံသော်လည်း သူမမှ ရဲတပ်ဖွဲ့ကိုဆက်သွယ်လိုက်သည်။

တပ်ကြပ်ကြီး တယ်ရီသည် ရှီလာ၏ထွက်ဆိုချက်ကို ဖတ်ပြီးနောက် အမှုနှင့်ပတ်သက်၍ရာပေါင်းများစွာ သော ထွက်ဆိုချက်များအနက် သူမ၏ ထွက်ဆိုချက်သည် အလွန်ပင် အရေးကြီးပြီး အရာရောက်သည်ကို သိသောကြောင့် သူ၏ အားအထားရဆုံးသော စုံထောက်စတီ(ဗ်) က ရာမစ်ကို တာဝန်ပေးလိုက်၏။

**သဲလွန်စရပြီ**

၁၉၉၅ ခုနှစ် ဂရင်းဗီး(လ်) မုဒိမ်းမှုအပြီးတွင် ကရာ မစ်နှင့် စုံထောက်များသည် လွန်ခဲ့သော ၈ နှစ်ခန့်က ဖြစ်ခဲ့သည့် မုဒိမ်းမှုများကို ရှာဖွေစုံစမ်းကြည့်ကြသည်။ သို့သော် သူတို့ဘယ်လောက်ပင် ရှာဖွေသော်လည်း ထိုကျူးလွန်သူကို မရှာနိုင်ခဲ့ပေ။

ရှီလာကို တွေ့ဆုံပြီးနောက် ကရာမစ်သည် ထို မှုခင်းမျိုးနှင့် ပတ်သက်၍ ဂရင်းဗီး(လ်) ရဲဌာနချုပ်ရှိ နှစ်ပေါင်း ရာချီ၍ ပြုစုထိမ်းသိမ်းထားသော စာရင်းဇယား သေတ္တာများကို စက်ကိရိယာ အသုံးပြု ဖယ်ရှားရှာဖွေခဲ့သည်။ ၁၉၇၀ ခုနှစ်မှ ကြီးလေးသော ပြစ်မှုများဖြစ်စဉ်ကို လိုက်ခဲ့သည်။ စာကြည့်တိုက်များသို့ သွား၍ မှုခင်းနှင့် ပတ်သက်သည့် သတင်းစာပါ သတင်းများကို ဖတ်သည်။ အိမ်နီးချင်းဆက်စပ်ပြည်နယ် ၈ ပြည်နယ်ရှိ မုဒိမ်းမှုများကို စုံစမ်းစစ်ဆေးသည်။

ရှီလာကို မင်နှင့်တွေ့ဆုံပြီး ရက် ၂၀ ကျော်တွင် သာမန်အေးဆေးတည်ငြိမ်သော ကရာမစ်သည် တပ်ကြပ်ကြီး တယ်ရီ၏ ရုံးခန်းအတွင်းသို့ စိတ်လှုပ်ရှားစွာ ဝင်လာခဲ့ပြီး 'ကျွန်တော်တို့ ဒီနောက်ကို သိပြီ' ဟု ပြောခဲ့၏။ ၁၉၇၇ ခုနှစ် ဂရင်းဗီး(လ်)၏အိမ်ထဲဖောက်ထွင်းမှုတစ်ခုကို ပြသည်။

လူတစ်ဦးသည် အဝတ်စတစ်ခုကို မျက်နှာဖုံးပြုလုပ်ရန် ကြိုးပမ်းနေသည်ဟု သတင်းပေးပို့မှုကြောင့် ရဲတစ်ဦး ရောက်လာချိန်တွင် ထိုလူသည် ထွက်ပြေးသွားပြီး နောက်မှ အဖမ်းခံရသည်။ ထိုလူကို ဖောက်ထွင်းမှုဖြင့် အမှုဖွင့်ခဲ့သော်လည်း တရားစီရင်ခြင်း မခံရပေ။ သူ၏ အမည်မှာ 'ဂျွန်အလက်ဇန္ဒရာစီဇက်ကာ' ဖြစ်သည်။ အသက် ၂၆ နှစ် အရွယ်တယ်လီဖုန်းလိုင်းပြင် တစ်ဦးဖြစ်သည်။ သူ၏ တာဝန်အရ အိမ်များနှင့် ရပ်ကွက်အတွင်း သွားလာလှုပ်ရှားမှုက မသင်္ကာစရာမဖြစ်ခဲ့ပေ။

'ရှီလာကိုမင်' ပြုကျင့်ခံရသော ၁၉၈၀ ခုနှစ်တွင် 'စီဇက်ကာ' သည် ဂရင်းဗီး (လ်)မြို့နှင့် အနီးအနား စီရင်စုရပ် တစ်ခုတွင် မုဒိမ်းမှု နှစ်ခုအတွက် အပြစ်ဒဏ်စီရင် ခံရသည်။

သူ၏ ယခင်ပြစ်မှုများမှ လက်ဗွေရာကို ၁၉၉၅ ဂရင်းဗီ(လ်) မုဒိမ်းမှု လက်ဗွေရာကိုစစ်ရာ အတူတူဖြစ်နေ သည်။

ထိုသတင်းကြောင့် စုံစမ်းစစ်ဆေးရေးတပ်ဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



လုံး ပျောက်ရှင်သွားသည်။ မှတ်တမ်းများအရ 'စီဇက်ကာ' သည် အောက်တိုဘာလ ၁၉၉၂ ခုနှစ်တွင် အကျဉ်းထောင်မှ လွတ်ခဲ့ရသည်။ ကွန်ပျူတာဖြင့် မှတ်တမ်းလုပ်ထားသော ကားဒရိုင်ဘာ လိုင်စင်အရ အတ္တလန်တာမြို့အနီး အယ်(လ်)ဗာရက်တာ ရပ်ကွက်တွင် နေသည်ကို သိရ၏။

ဖလော်ရီဒါ ရဲစုံထောက်တစ်ဦးသည် ဖမ်းဝရမ်းလုပ်ရန် တရားသူကြီးတစ်ဦးထံ ပြေးတော့သည်။ နောက် တစ်ဦးသည် ကီလိုမီတာ ၆၀ ရှိ အကျဉ်းဦးစီးဌာနမှ 'စီဇက်ကာ' ၏ မှတ်တမ်းများကို သွားယူသည်။ ရဲတပ်ကြပ်ကြီးတယ်ရီသည် ဂျော်ဂျီယာရှိ စမစ်ထံ ဖုန်းဆက်လိုက်သည်။ "စမစ်ရေ မင်းဘာလုပ်နေတာလဲ၊ ငါတို့တော့မှုခိမ်းကောင်ကို သွားဖမ်းတော့မယ်" ဆိုသည့်စကားကြား၍စမစ်သည် အံ့သြစွာဖြင့် စကားတောင်ပြန်မပြောနိုင်ပါ။

## မှုခိမ်းပြန်ကျင့်နိုင်ရန် ထောင်မှလွှတ်ပေးခြင်း

၅ နာရီ ကြာသော ဇန်နဝါရီလ ၂၉ ရက် ၁၉၉၇ ခုနှစ် ညနေ ၅ နာရီ ၃၀ မိနစ်တွင် တယ်ရီစမစ် ခေါင်းဆောင်သောဂျော်ဂျီယာနှင့် ဖလော်ရီဒါမှ ရဲတပ် ဖွဲ့ဝင် ၃၀ တို့သည် 'စီဇက်ကာ' ၏ ပတ်ဝန်းကျင်တွင် နေရာယူထားပြီးဖြစ်သည်။ သူ၏ အိမ်နှင့် ဘလောက်အနည်းငယ်အကွာတွင် စီရင်စု ငြိမ်ဝပ် ပိပြားမှုလက်ထောက်အရာရှိ တစ်ဦးသည် 'စီဇက်ကာ' ၏ ကားကိုတားပြီး မော်တော်ယာဉ်အမှုတစ်ခု အနေဖြင့် လက်ထိပ်နောက်ပြန်ခတ်လိုက်သည်။

'စီဇက်ကာ' သည် ယခင် မော်တော်ယာဉ်အမှုတစ်ခုအတွက် ဖမ်းသည်ဟု ထင်ကာ စကားများပြောနေသည်။ သို့သော် ဖလော်ရီဒါ ရဲတပ်ဖွဲ့ဝင် 'ကိုး(ယ်)မင်' လာသူ၏ ဂရင်းဗီး(လ်) ရဲတံဆိပ်ပါ သက်သေခံကတ်ကို ပြသောအခါ သူ၏ မျက်နှာအိုမင်းသွားသည်။ စမစ်ကလည်း သူသည် အေသင်မှ ရဲတပ်ဖွဲ့ဝင်တစ်ဦးဟုပြောသောအခါ 'စီဇက်ကာ' မှ ရှေ့နေတစ်ဦးကို ခေါ်မည်ဟု ပြောနေသေးသည်။

## လူမိုက်ကံကောင်း

'စမစ်' သည် 'စီဇက်ကာ' ၏ အကျဉ်းထောင် မှတ်တမ်းကို စိတ်မသက်မသာဖြင့် ဖတ်သည်။ သူ၏ ၁၉၈၀ ခုနှစ် မှုခိမ်းမှု နှစ်ခုအတွက် တစ်ခုကို အနှစ် ၂၅ နှင့် နောက်တစ်မှုကို အနှစ် ၃၀ တစ်ပြိုင်တည်း ကျခံရသည်။ ကာမအမှုများအတွက် စိတ်ပြုပြင်ရေးဆိုင်ရာ ဆေးရုံသို့ပို့ခံရပြီး၊ စည်းကမ်းမလိုက်နာမှုနှင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို စိန်ခေါ်မှုများကြောင့် ထိုဆေးရုံမှ ထုတ်ပယ်ခြင်းခံရပြီး အကျဉ်းထောင်သို့ ၁၉၈၇ ခုနှစ်တွင် ပြန်ရောက်လာသည်။ အန္တရာယ်ရှိသေးသော လူတစ်ဦးအနေနှင့် သတ် မှတ်ထားစဲပင်ဖြစ်၏။

သို့သော်လည်း ဖလော်ရီဒါ ဥပဒေပြုလွှတ်တော်သည် အကျဉ်းထောင်များ တည်ဆောက်မည့်အစား သူတို့ကို မြန်မြန်လွှတ်ပါဟူသော ပေါ်လစီကို လက်ကိုင်ထားပြီး 'အကျင့်စာရိတ္တကောင်းမွန်သည်' ဟူသော အကြောင်းပြချက်ဖြင့် အသက် ၄၁ နှစ်အရွယ် အောက်တိုဘာလ ၁၉၉၂ ခုနှစ်တွင်ထောင်မှ

www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးလိုက်သည်မှာ မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်ပြီး နောက်ထပ် မုဒိမ်းမှုများ ကျူးလွန်နိုင်ရန် ထောင်မှ လွှတ်ပေးလိုက်ရသကဲ့သို့ပင် ဖြစ်သည်။ ပြစ်ဒဏ် စီရင်ချက် နှစ်ခုစီမှ ပြစ်ဒဏ် ၁၈ နှစ်စီကို မကျခံရဘဲ လွတ်လာခြင်းဖြစ်၏။

ထောင်မှလွတ်လာပြီး အတူနေမိန်းမတစ်ဦးနှင့် ကလေး နှစ်ယောက်ရခဲ့သည်။ သူ၏ မိဘထံမှရသောအမွေဖြင့် ရပ်ကွက်ကောင်းကောင်းတစ်ခုတွင် အိမ်တစ်လုံး ဝယ်ခဲ့၏။ 'စီဇက်ကာ' ၄၆ ခုနှစ်သည် ထောင်ထဲတွင် သင်ယူခဲ့သော သံဂဟေစက် လုပ်ငန်းကို လုပ်ကိုင်၍နေခဲ့သည်။

နိဂုံး

အသေင် မုဒိမ်းမှုအတွက် ပြုကျင့်ခံရသော မိန်းကလေး ၅ ဦးလုံးသည် တရား ရုံးတွင် သက်သေခံခဲ့သည်။ ဓာတ်ခွဲခန်းမှသုတ်ရည်များသည် သူ၏ သုတ်ရည်များဖြစ်ကြောင်း အမှုကို ခိုင်မာစေခဲ့ပြီး အစိုးရရှေ့နေများမှ 'မာလာဂျူး' ဟု နေအိမ်နှင့် မီတာ ၂၇၀ အကွာရှိ အေတီအမ်ငွေထုတ်စက်မှ 'စီဇက်ကာ' ထိုနေ့ညက အခင်းမဖြစ်မီ ငွေထုတ်သွားကြောင်း သက်သေအထောက်အထား ပြသည်။

ဇန်နဝါရီလ ၁၃ ရက် ၁၉၉၈ ခုနှစ်တွင် သူ့ကို ပြစ်မှုကြီး ၁၇ မှုနှင့် တရားစွဲချက်တင်ခဲ့သည်။ တရားသူကြီး လော်တွန်စတီဗင်သည် 'ဥန်အလက် ဇန်းဒါးစီဇက်ကာ' ကို တစ်သက် တစ်ကျွန်း ၈ ကြိမ်နှင့် နှစ် (၂၀) (၉) ကြိမ် တစ်ပေါင်းတည်းကျခံရန် စီရင်ချက်ချခဲ့သည်။ ရော်ဂျီယာ ပြည်နယ်၏ ချမှတ် နိုင်သော အမြင့်ဆုံး ထောင်ဒဏ်များဖြစ်သည်။

တရားသူကြီးသည် သက်သေထွက်ဆိုခဲ့သော မိန်းကလေးများကို ချီးကျူးခဲ့သည်။ တရားခံကို ပြောခဲ့သည်မှာ 'ဒီမိန်းကလေးတွေရဲ့ သတ္တိကြောင့် မင်းနောက် တစ်ကြိမ် မိန်းကလေးနောက်တစ်ယောက်ကို စော်ကားဖို့ ဘယ်လိုမှ အခွင့်အရေးမရ တော့ဘူး'။

နေဇော်ဦး

(Ref. Reader Digest December 2000)


Eugeme H.Methvin

Hunt for College - Town RAPIST

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com



ကျော်သူ

(၁)

အမြင်ကပ်ပုဒ်မ

ကျွန်တော် မြို့နယ်တစ်ခုတွင် စခန်းမှူး(ရဲအုပ်)အဖြစ် ပြောင်းရွှေ့တာဝန်ကျခဲ့သည်။ မြေလတ်ပိုင်းဒေသရှိ မြို့ တစ်မြို့ဖြစ်၏။ (မြို့အမည်ကို သက်ဆိုင်သည့်ပုဂ္ဂိုလ်များအား ထောက်ထားသော အားဖြင့် မဖော်ပြတော့ပါ)။ ထိုမြို့သို့ ပြောင်းရွှေ့ခဲ့ရာ ညနေပိုင်းလောက် ရောက်ရှိသည်။ နောက်တစ်နေ့ နံနက်ပိုင်းတွင် ရေမိုးချိုး ယူနီဖောင်းလဲပြီး မြို့နယ်မှူးအိမ်သို့ သွားရောက်သတင်း ပို့သည်။

"ဘယ်တုံးက ရောက်သလဲ"

မြို့နယ် ရဲတပ်ဖွဲ့မှူးကမေးသည်။

"မနေ့ညကပါ ဆရာ"

ကျွန်တော်က အဖြေပေးလိုက်သည်။

"အေး ···အတော်ပဲ။ ကျွန်တော်လည်း ရုံးဘက်သွားမှာဆိုတော့ ကျွန်တော့်ကားနဲ့ လိုက်ခဲ့။ ခင်ဗျား မြို့နယ်ပါတီဥက္ကဋ္ဌတို့ဆီ သတင်းပို့ရဦးမယ်"

မြို့နယ်မှူးက ပြောသည်။ ကျွန်တော် ယခင်က နေရာအတော်များများ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခဲ့ဖူးသည်။ မိမိဌာနမှ လွဲ၍ ဘယ်ဌာနကိုမှ သတင်းမပို့ခဲ့ဘူးပါ။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



# တွေ့ရ ကြုံရ ရဲတပ်ပွဲဝင်ဘဝ

ကျော်သူ

# ရယ်ရမလို၊ ငိုရမလို အတွေ့အကြုံများ (၂)

ကျွန်တော် ကျင်လည်ခဲ့ရသည်က ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ မွန် ပြည်နယ်တို့တွင်သာ ဖြစ်၍ တစ်ကြောင်း၊ ယခင်က ရထားတပ်တွင် တာဝန် ထမ်းဆောင်ခဲ့ရသည်က တစ်ကြောင်းတို့သာ ဖြစ်ပေမည်။ မြေလတ်ဒေသဖြစ်၍ ထုံးစံတစ်ခု ဖြစ်မည်ဟု မှတ်ယူလိုက်ရသည်။ သို့ဖြင့် မြို့နယ်မှူးကားဖြင့် လိုက်ပါခဲ့သည်။ မြို့နယ်မှူးအိမ်က ထွက်လျှင် ရှေ့ဦးစွာ တွေ့ရသော မြို့နယ် ပါတီယူနစ်ရုံးသို့ ဝင်လိုက်သည်။

"ကဲ …ဝင်ပြီး သတင်းပို့ပေတော့"

မြို့နယ်မှူးက ပြောပြီး ကားပေါ်တွင် ကျန်ရစ်ခဲ့သည်။ ကျွန်တော် ရုံးအတွင်း ဝင်ခဲ့ပြီး "ဥက္ကဋ္ဌ"ဟု ဆိုင်းဘုတ် တပ်ထားသည့် ရုံးခန်းအတွင်းသို့ ဝင်လိုက်သည်။

"ဘာကိစ္စလဲ"

ဥက္ကဋ္ဌ ဆီးကြိုမေးသည်။

"ဟုတ်ကဲ့။ ကျွန်တော် ဒီမြို့ကို ပြောင်းရွှေ့ရောက်ရှိလာတဲ့ ရဲအုပ်စခန်းမှူး ဗိုလ်ကျော်ပါ။ ဥက္ကဋ္ဌကြီးဆီ ပြောင်းရွှေ့ရောက်ရှိကြောင်း လာပြီး သတင်းပို့တာပါ"

ကျွန်တော်က အစီရင်ခံလိုက်သည်။

"ဪ … ဟုတ်ပြီလေ။ ဒါနဲ့ ရဲဘော်က ပါတီဝင်မဟုတ်လား"

ဥက္ကဋ္ဌက မေးသည်။

"ဟုတ်ပါတယ်"

ကျွန်တော်က အလွယ်တကူပင် အဖြေပေးလိုက် သည်။ သို့သော် ကျွန်တော့် အဆင့်က ပါတီမိတ်ဆွေ အဆင့်မျှသာ ရှိသေးသည်။ ဟုတ်ရဲ့လား ဝန်ထမ်းဖြစ်ပြီး နောက်ကျလှချေလားဟု မေးစရာ ရှိလာသည်။ တော်လှန်ရေး ကောင်စီတက်လာပြီးနောက် ပြည်သူ့ပိုင်တွေ သိမ်းစဉ်ကာလက တက္ကသိုလ်ပိတ်သည်နှင့် ကြုံ၍ ကျွန်တော် လုပ်အားပေး ဝင်လုပ်ဖူးသည်။ ကွန်မြူနစ်စာပေ မတတ်တစ်ခေါက် ဖတ်ဖူးသည့် အရိုန်ကြောင့်အရင်းရှင်တွေထံမှ ပြည်သူ့ပိုင် သိမ်းသည်ကို ကျွန်တော် သဘောကျ၏။ ထို့ကြောင့် ထိုစဉ်ကတည်းက ပါတီဝင်အဖြစ် လျှောက်လွှာတင်ခဲ့ဖူးသည်။ သို့သော် တက္ကသိုလ် ပြန်ဖွင့်၍ ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



**တာဝန်ထမ်းဆောင်**
**လုပ်ကိုင်ရာမှာ**
**ပါတီရဲ့**
**ဦးဆောင်လမ်းညွှန်မှုကို**
**ခံယူပါ**



ပြန်ရောက်၊ ကျောင်းကဘွဲ့ရတော့ ရဲတပ်ဖွဲ့ဝင်ဘဝရောက် ပြီး အနယ်နယ်၊ အရပ်ရပ် ပြောင်းရွှေ့ခဲ့ရသည်။ ပြောင်းရွှေ့ ရောက်ရှိသည့် နေရာတိုင်းမှာလည်း မူလပါတီဌာနနှင့် ကင်းကွာနေသဖြင့် ထပ်တင်ရမည်ဆို၍ ထပ်တင်လိုက်၊ ပြောင်းလိုက်နှင့် နှစ်ပေါင်း နှစ်ဆယ်ကျော်ကာလအထိ မိတ်ဆွေအဖြစ်သာ ရပ်တည်နေခဲ့ရခြင်း ဖြစ်၏။

"ဟုတ်ပြီ⋯⋯ရဲဘော်ဟာ ပါတီဝင်တစ်ယောက် ဖြစ်တဲ့အတွက် တာဝန်ထမ်းဆောင်လုပ်ကိုင်ရာမှာ ပါတီရဲ့ ဦးဆောင်လမ်းညွှန်မှုကို ခံယူပါ။ ကြားလား"

"ဟုတ်ကဲ့"

ပါတီဥက္ကဋ္ဌကြီးက မှာကြားသည်ကို ကျွန်တော် တိုရှင်းလိုရင်းပင် အဖြေပေးလိုက်၏။ သည်မျှနှင့် ကျွန်တော် ရုံးထဲက ပြန်ထွက်လာတော့ မြို့နယ် ရဲတပ်ဖွဲ့မှူးကားနှင့် စောင့်နေသည်။

"ကဲ⋯ မြို့နယ်ကောင်စီဥက္ကဋ္ဌနဲ့ တွေ့ကြဦးစို့"

ပြောရင်း မြို့နယ်မှူး ကားနှင့် ဆက်ထွက်လာသည်။မြို့နယ်ပြည်သူ့ ကောင်စီရုံးသို့ ရောက်၍ မြို့နယ်မှူးက ကားပေါ်မှာပင် ကျန်ရစ်ခဲ့သည်။ ကျွန်တော်က ဥက္ကဋ္ဌ ရုံးခန်းထဲသို့ ဝင်ခဲ့၏။

"ကျွန်တော် ဒီမြို့နယ် ရဲစခန်းကို ပြောင်းရွှေ့ရောက်ရှိလာတဲ့ ရဲအုပ်စခန်းမှူး ဗိုလ်ကျော်ပါ"

စားပွဲတွင် ထိုင်နေသည့် တိုက်ပုံဝတ်လူက ကျွန်တော့်ကို မော့ကြည့်သည်။

"ဘယ်က ပြောင်းလာတာလဲ"

"ရထားရဲတပ်ဖွဲ့၊ မြစ်ကြီးနားကပါ"

"ခင်ဗျား အခု ဘယ်ရောက်ပြီးပြီလဲ"

"ပါတီ ဥက္ကဋ္ဌကြီးဆီ ရောက်ပြီး သတင်းပို့ပြီးပါပြီ"

"ဘာဗျ"

ထိုသူ အော်လိုက်သံကို ကြားရသည်။ ပြီးမှ ဆက်ပြော၏။

"ခင်ဗျားတို့ ရဲတပ်ဖွဲ့ကကျုပ်တို့ မြို့နယ်ကောင်စီရဲ့ ကွပ်ကဲမှုအောက်မှာ ရှိတာ။ ဘာကြောင့် ခင်ဗျားက ပါတီ ဥက္ကဋ္ဌ

www.burmeseclassic.com

www.burmeseclassic.com



> သူ ဆဲတာကို ကြားတဲ့သက်သေ ရနိုင်မလား''
> ''စက်ဘီးကို ကားနားရပ်ပြီး တိုးတိုးပဲ ကျိတ်ဆဲတာဆိုတော့ ဘယ်မှာ သက်သေ ရနိုင်မလဲဗျာ။

ဆီ အရင်သွားသတင်းပို့ရတာ တုန်း''

''ပြဿနာပဲ'' ဟု ကျွန်တော် တွေးလိုက်မိပြီး ဘာ ပြန်ပြောရမှန်းမသိ။ မခံချင်၍ ပြန်ပြောပြန်တော့လည်း ''ပ၀ါ မကူ ရေမရှူ''အဆင့် အထိပင် ရောက်သွားနိုင်သည်။ ကျွန်တော်သည် လုပ်သက်(၂၀)နှစ်အတွင်းတွင် (၂၂)နေရာမျှ ပြောင်းရွှေ့ခဲ့ရ၏။ လူကြီးတွေက ''ဟိုနဲ့ မတည့်၊ ဒီနဲ့မတည့်နဲ့ မင်း ဟာ ဗြဟ္မာကြီးဦးခေါင်းလိုပဲ ဟိုထားမရ၊ ဒီထားမရ'' ဟု ပြောဖူးသည်။ လမ်းပန်း ဆက်သွယ်ရေး ကောင်းသော မြေပြန့်ဒေသဖြစ်၍ ထပ် ပြောင်းနေရမည်စိုး၍အောင့် အီး မျိုသိပ်လိုက်ခဲ့ရ၏။

''နောက်ဆိုရင်တော့ ကျုပ် တို့ကို အရင်အစီရင်ခံပါ။ ကျုပ် တို့ ညွှန်ကြားတဲ့အတိုင်း လုပ်ပါ။ ဒါပါပဲ။ ကဲ ... သွားနိုင်ပြီ''

ကျွန်တော် ရုံးခန်းထဲမှ ထွက်လာခဲ့သည်။ အပြင်မှာ စောင့်နေသော မြို့နယ်မှူး ကား ပေါ်တက်၍ လိုက်လာခဲ့သည်။ မြို့နယ်မှူးက ဘာမှလည်း မမေး၊ ဘာမှလည်း မပြော။ အကြောင်းသိ ဖြစ်နေဟန် ရှိသည်။ ''အင်း ...အခြေအနေကတော့ မကောင်း လှဘူး။ အရှောင်အတိမ်းတော့ တတ်မှ''ဟု ကျွန်တော် စိတ်ထဲက မှတ်ချက်ချမိသည်။ ထို အတွေးအတိုင်း ယိုးဒယားသမင် လိုက်သလို ရှောင်တိမ်းနေကာမှ ပြဿနာတစ်ခုနှင့် ကျွန်တော် ရင်ဆိုင် တိုးလာရသည်။

တစ်နေ့ နံနက်ခင်း (၁၀) နာရီလောက်တွင် ကောင်စီရုံးမှ ကျွန်တော့်အား ဥက္ကဋ္ဌနှင့်လာတွေ့ ရန် ဖုံးဆက်သည်။ ကျွန်တော် ဥက္ကဋ္ဌရုံးခန်းသို့ သွားသည်။

''လာ...စခန်းမှူးထိုင်''

ရုံးခန်းအတွင်းသို့ ဝင်လိုက်သည်နှင့် ဥက္ကဋ္ဌကဆီးကြိုနေ၏။

''ဒီလိုဗျ...ကျုပ်ကို ဆဲလို့ အမှုဖွင့်ပေးစမ်းပါ''

ဥက္ကဋ္ဌက ပြောသည်။

''ဟာ-ဘယ်သူက ဆဲတာ လဲ။ မိုက်ရိုင်းလှချေလား။ ၂၉၄ နဲ့ အမှုဖွင့်ရမယ်။ ဘယ်လိုဆဲ သလဲဆိုတာ ပြောပြပါဦး''

ကျွန်တော်က မြို့နယ် ဥက္ကဋ္ဌ အဆဲခံရသည်ဆို၍မကျေ မနပ် မေးကြည့်လိုက်၏။

''ဒီလိုဗျ ...တောင်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကွက်က မောင်မောင်ဆိုတဲ့ ကောင်လေ။ ဆောင့်ကြွားကြွားနဲ့ အကောင်လေ။ အဲဒါ သုံးလေးရက်ရှိပြီ။ ကျုပ်ရုံးတက်လာရင် ကားကို လမ်းဆုံမှာ ရပ်စောင့်ပြီး လမ်းရှင်း မရှင်း ကြည့်လေ့ရှိတယ်။ ကျုပ် ကားရပ်ရင် ဒီကောင် တစ်နေရာရာက စက်ဘီးနဲ့အမီ နင်းလိုက်လာပြီး ကားဘေးမှာ ယှဉ်ရပ်တယ်။ ပြီးတော့ မအေ နှမဆဲပြီး နင်းထွက်သွားတတ်တယ်။ နေ့တိုင်းလိုလို လာလုပ်နေတော့ အမှုဖွင့် အရေးယူလိုက်ချင်တယ်"

"ဟုတ်ကဲ့ ဥက္ကဋ္ဌ။ သူဆဲတာကို ကြားတဲ့ သက်သေ ရနိုင်မလား"

"စက်ဘီးကို ကားနားရပ်ပြီး တိုးတိုးပဲ ကျိတ်ဆဲတာဆိုတော့ ဘယ်မှာ သက်သေ ရနိုင်မလဲဗျာ။ ခင်ဗျားကလည်း လက်ပေါက်ကပ် လိုက်တာ။ ဒီကောင် ကျုပ်ကို စော်ကားတာ အတော်များပြီ။ ပါတီက လူတွေ မြှောက်ပေး နေကြတာဖြစ်မယ်။ တစ်လောက အခန့်မသင့်လို့ ကျွန်တော်တို့ လင်မယား ညကြီးမင်းကြီးမှာ ရန်ဖြစ်ကြတယ်ဗျာ။ အဲဒါ မနက်ကျတော့ မောင်မောင်က အိမ်ရှေ့ဝင်း တံခါးမှာ အထုပ်တစ်ထုပ်နဲ့ စာတစ်စောင်၊ ပလပ်စတစ်အိတ်နဲ့ လာချိတ်သွားတယ်။ အထုပ်က ဦးအုံးစိန်ဒဏ်ကြေဆေးထုပ်ဗျ။ စာတာတော့ ဥက္ကဋ္ဌကြီး ညက တော်တော်နာကျင်သွားသည်ဟု ကြားရ၍ ဒဏ်ကြေဆေး ပို့ပေးလိုက်ပါသည်။ တစ်နေ့လျှင် သုံးကြိမ် လိမ်းပေးပါလို့ ရေးထားတယ်။ ဘယ်လောက် စော်ကားလိုက်သလဲဆိုတာ စဉ်းစားကြည့်ပေါ့ဗျာ"

ဥက္ကဋ္ဌ စကားကြောင့် ကျွန်တော် ရယ်မလို၊ ငိုမရ ဖြစ်သွားသည်။ မောင်မောင်ကိုကျွန်တော် ကောင်းစွာ သိသည်။ အသက် (၃၀)လောက် ရှိပြီး ကျွန်တော့်ထက် ငယ်သည်။ မြို့နယ်အဆင့်ထိ ထိုးဖူးသော (Boxing)သမား တစ်ဦး ဖြစ်သည့်အပြင် စစ်ကိုင်းတိုင်း၊ မန္တလေးတက္ကသိုလ်၊ တိုင်းနှင့်ပြည်နယ်၊ ပြည်သူ့ရဲတပ်ဖွဲ့ လက်ဝှေ့အသင်းတို့တွင် လက်ဝှေ့ထိုးဖူးခဲ့သည်။ ကျွန်တော့်ကို သိရှိကြောင်းနှင့် လမ်းတွေ့လျှင် လေးလေးစားစား နှုတ်ဆက်တတ်သည်။ ပုံပန်းသဏ္ဌာန်ကတော့ ဇွတ်တိဇွတ်ထိုး၊ အူကြောင်ကြောင်၊ ဆောင့်ကြွားကြွား၊ ထောင့်မကျိုးသည့် ရုပ်၊ ဘာတွေများ ဥက္ကဋ္ဌအပေါ် မကျေမနပ် ဖြစ်ပြီး ဤကဲ့သို့ လုပ်နေရသည်ကို ကျွန်တော် စဉ်းစားမိ၏။ (နောက်ပိုင်းတွင် ကျွန်တော် လေ့လာကြည့်တော့ ဥက္ကဋ္ဌဇနီးမောင်နှံမှာ ဥက္ကဋ္ဌ ယမကာယစ်လျှင် မကြာခဏရန် ဖြစ်တတ်ကြောင်း သိရသည်။)

"ဥက္ကဋ္ဌကြီး ကြားတဲ့ သက်သေ မရှိရင်တော့ တရားစွဲလည်း လွတ်သွားမှာပဲ။ အရှက်ကွဲတာသာ အဖတ်တင်နိုင်တယ်။ အမှုမဖွင့်တာဘဲ ကောင်းပါတယ်"

"ခင်ဗျားတို့ ရဲတွေ မေးရတာ ဟိုလိုလုပ်မရဘူး၊ ဒီလိုလုပ်မရဘူးနဲ့ ဆင်ခြေပဲပေးတယ်။ နေဦး၊ ကျုပ် အခု မြို့နယ် ဥပဒေ အရာရှိကို ခေါ်ပြီး မေးကြည့်ဦးမယ်"

ဥက္ကဋ္ဌက ဖုန်းဆက်သည်။ မကြာမီ မြို့နယ်ဥပဒေ အရာရှိ ရောက်ရှိလာပြီး ဥက္ကဋ္ဌနှင့် ဆွေးနွေးတိုင်ပင်ကြ သည်။

www.burmeseclassic.com

www.burmeseclassic.com



"လွယ်ပါတယ် ဥက္ကဋ္ဌကြီး။ ဒီကောင်ကို ခြေချုပ်နဲ့ အမှုဖွင့် ထည့်လိုက်ပေါ့"

ဥပဒေ အကြံပေးက ပြောသည်။ ကျွန်တော် မျက်လုံးပြူးသွား၏။

"ဘယ်ဖြစ်မလဲဗျ။ ခြေချုပ် လုပ်တယ်ဆိုတာက အလုပ်အကိုင် အတည်တကျ မရှိဘဲ အမြဲတစေ ခိုးဆိုး လုယက်တတ်သူများနဲ့ ပေါင်းသင်းဆက်ဆံနေမှ ဖွင့်လို့ရတာ"

ကျွန်တော်က ဝင်ပြောပြသည်။

"ဟုတ်တယ် စခန်းမှူး။ ဒီကောင်က စပါးပွဲစားယောင်ယောင်၊ ပဲနှမ်းပွဲစားယောင်ယောင်၊ နွားပွဲစားယောင် ယောင် အလုပ်အကိုင် မယ်မယ်ရရရှိတာ မဟုတ်ဘူး။ သူ့အိမ်မှာကလည်း စပါး သမား၊ ပဲနှမ်းသမား၊ နွားသမားတွေ တရုန်းရုန်းနဲ့ လုပ်နေတဲ့ကောင်ပဲ"

ဥက္ကဋ္ဌက ဝမ်းသာအားရ ပြောသည်။

"ဒီလိုနဲ့ မရသေးဘူးလေ။ သူနေတဲ့ရပ်ကွက် ကောင်စီမှာ အိုးစီအစည်း အဝေးတင်ပြီးခြေ

> **ခြေချုပ်**
> **လုပ်တယ်ဆိုတာက**
> **အလုပ်အကိုင်**
> **အတည်တကျမရှိဘဲ**
> **အမြဲတစေ**
> **ခိုးဆိုး**
> **လုယက်တတ်သူများနဲ့**
> **ပေါင်းသင်း**
> **ဆက်ဆံနေမှ**

ချုပ် လုပ်သင့်ကြောင်း ဆုံးဖြတ်ချက်နဲ့မှ ခြေချုပ်ဖွင့်လို့ရမှာ"

ကျွန်တော်က ရှင်းပြရသည်။

"ဒါတော့ စိတ်မပူနဲ့ စခန်းမှူး။ ကျွန်တော် ရပ်ကွက်ဥက္ကဋ္ဌဆီကို အိုးစီ အစည်းအဝေး ဆုံးဖြတ်ချက် အပို့ခိုင်းလိုက်မယ်။ ကဲ … ခင်ဗျား သွားလို့ရပြီ"

ကျွန်တော် ကောင်စီဥက္ကဋ္ဌရုံးခန်းထဲမှ ထွက်လာခဲ့သည်။ ရဲစခန်း ပြန်ရောက်ပြီး နေ့ခင်းဖိုင်းကျတော့ မောင်မောင်နေထိုင်သည့် ရပ်ကွက် ဥက္ကဋ္ဌထံမှ ရပ်ကွက်အတွင်း နေထိုင်သော မောင်မောင်အား ခြေချုပ်နှင့် ခံဝန်အက် ဥပဒေအရ အရေးယူပေးပါရန် တိုင်စာကို ရပ်ကွက်ကောင်စီအဖွဲ့၏ စည်းဝေး ဆုံးဖြတ်ချက်နှင့်အတူ ပူးတွဲ ပေးပို့တိုင်တန်းလာသဖြင့် အမှုဖွင့်ပြီး အမှုစစ်ဒုရဲအုပ် တစ်ဦးအားလွှဲအပ်စစ်ဆေးစေပြီး မောင်မောင်အား အမှုနှင့် ချုပ်ထားလိုက်ရသည်။ တစ် နှစ်နီးပါးကြာ၍ ကျွန်တော် ထိုရဲစခန်းမှ ပြောင်းရွှေ့ခဲ့ရသည့် တိုင်အောင်ပင် အချုပ်ထဲမှပင် ရုံးထုတ်လိုက်၊ ပြန်ချုပ်လိုက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သံသရာ လည်နေခဲ့သည်ကို တွေ့မြင်ခဲ့ရပါသည်။

(၂)

**နှုတ်မဆက်ခဲ့**

ယခုတင်ပြမည့် ဖြစ်ရပ်ကတော့ ရယ်စရာသက်သက်မျှသာ ဖြစ်ပါသည်။ ထုံးစံအတိုင်း ကာယကံရှင်များအမည်နှင့် မြို့ရွာအမည်တို့ကို မဖော်ပြလိုတော့ပါ။ ဖြစ်ရပ်မှာ လွန်ခဲ့သော (၃၅)နှစ်ကျော် လောက်က ဖြစ်ရပ်ဖြစ်၏။ ကျွန်တော်၏ အသက်မှာ ထိုစဉ်က အသက်သုံးဆယ် ကျော်မျှသာ ရှိပါသေးသည်။ တက်ကြွ၍ မဟုတ်မခံ မှန်သည်ထင်လျှင် အလျှော့မပေးတတ်သော စိတ်ဓာတ်က ခိုင်ခိုင်မြဲမြဲရှိနေဆဲ အရွယ်လည်း ဖြစ်၏။

ကျွန်တော် ရှမ်းပြည်နယ် အရှေ့ပိုင်းတွင် (၇)နှစ်တာမျှ တာဝန်ထမ်းဆောင်ခဲ့ရပြီး နောက် ရှမ်းပြည်နယ် တောင်ပိုင်းရှိ မြို့ကလေးတစ်မြို့သို့ ဒုရဲအုပ်အဆင့်နှင့်ပင် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ရသည်။ ထိုမြို့သို့ လေယာဉ်ဖြင့်တစ်တန်၊ စစ်ယာဉ်တန်း ကားကြီးနှင့်တစ်တန် လိုက်ပါ ပြောင်းရွှေ့ ရောက်ရှိခဲ့သည်။ ပြောင်းရွှေ့ ရောက်ရှိကြောင်း ထိုမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးသို့ သတင်းပို့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးက လိုက်လံဝမ်းသာစွာ လက်ခံခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ရဲစခန်းတွင် စခန်းမှူးမအပ အခြားအရာရှိ မရှိ။ စခန်းမှူးမှာလည်း အသက်အရွယ်ရ၍ပင်စင်သွားရန် နီးကပ်နေပြီဖြစ်၏။ ကျွန်တော်တစ်ဦးတည်း မြို့အနေအထားမှာ နေ့ခင်းသာလျှင် ကျွန်တော်တို့ စိုးမိုးလုပ်ကိုင်လှုပ်ရှားနိုင်ပြီး ညအခါ ကျလျှင် သောင်းကျန်းသူများ ဥဒဟို ဝင်ထွက်သွားလာ လှုပ်ရှားကြသဖြင့် အထူး သတိထားရသော အညိုရောင်နယ်မြေ ဖြစ်နေပါသည်။

ရဲစခန်းကင်းရှေ့တွင် ငွေတိုက်ရှိသည်။ ငွေတိုက်၏ ညာဘက်ဘေးတွင် ပျဉ်ထောင် အုတ်ကြွပ်မိုး တစ်ထပ်အိမ်ကြီးတစ်လုံး ရှိသည်။ ထိုအိမ်မှာ ရဲစခန်း ညာဘက်ဘေးရှိ လမ်းမကို မျက်နှာပြု ဆောက်ထားသည့်အိမ်မြင့် ဖြစ်၏။ အိမ်ကြီးမှာ ရဲစခန်းဝင်း အတွင်းတွင် ရှိသော်လည်း ဘေးနှစ်ဖက်နှင့် နောက်တွင် ဝါးဝင်း ထရံကာထားသည်။ နောက်ဘက် တံခါးပေါက် ချန်ထားသည်။

"အဲဒါ ဘယ်သူ့အိမ်လဲ"

ကျွန်တော်က ရဲတပ်ဖွဲ့ဝင်တစ်ဦးကို မေးကြည့်သည်။

"အရင်ကတော့ မြို့ပိုင်အိမ်လို့ပြောတာပဲ။ အခုတော့ ကောင်စီဥက္ကဋ္ဌ နေတယ် ဗိုလ်လုံး။ ကောင်စီဥက္ကဋ္ဌကသဘော ကောင်းပါတယ်။ ဒါပေမယ့် မူးရင် သွေးဆိုးတယ်။ ဒါကြောင့် ညပိုင်းဆိုရင်တော့ သတိထားရတယ်"

"အေးကွာ … ဒီဒေသမှာ ဒါလောက်တော့ ရှိမှာပေါ့။ သွားရေးလာရေးက ခက်၊ အပန်းဖြေစရာ ဘာမှမရှိတော့ ဒီလိုပါပဲ။ တို့လည်း ကင်းတာမှမဟုတ်ပဲ"

ကျွန်တော်က မှတ်ချက်ပြုခဲ့သည်။ ကျွန်တော့်အိမ်မှာရဲစခန်း၏ ရှေ့ဘက်အခြမ်း ထမ်းဘေးတွင်ရှိပြီး ကင်းရုံး၊ အချုပ်နှင့်လည်း နီးသည်။ တစ်ခါတစ်ရံတွင် ညအချိန် ရဲစခန်းဝင်းသို့ ဝင်လာသူများကို ကင်းအဖွဲ့မှ

www.burmeseclassic.com

www.burmeseclassic.com



"ရပ် … ဘယ်သူလဲ" ဟု ချလင်း မေးသံ ကြားရပြီး ထို အိမ်ကြီးဆီမှ "ဝူးဝူးဝါးဝါး" အော်ဟစ်သံများကို ကြားရလေ့ရှိရာ ကျွန်တော် စခန်း ကင်းဆီသို့ သွား မေးကြည့်ရသည်။

"ဘာဖြစ်တာလဲ၊ ဘာသံတွေလဲ"

ကျွန်တော် ကင်းအဖွဲ့ကို မေးကြည့်သည်။

"ကင်းသမားက ဝင်လာတဲ့လူကို အော်မေးတာ အသံကျယ်လို့ အိပ်ရေးပျက်တယ်ဆိုပြီး ဥက္ကဋ္ဌက ထအော်တာပါ။ တစ်ခါတလေဆို ဆဲတောင်ဆဲသေးတယ်"

ကင်းမှူးက အဖြေပေးသည်။

"ဟာ…ဒါတော့ ဘယ်ကောင်းမလဲ။ မအေးချမ်းတဲ့ နယ်မြေမှာ ညအခါ ဝင်လာတဲ့ သူကို ချလင့်လုပ် မေးရတာ ထုံးစံပဲ။ နက်ဖြန်ညမှာ ငါလာစောင့်ကြည့်မယ်။ အဲဒီလိုလုပ်ရင် ငါနဲ့တွေ့မယ်။ ဒါနဲ့ ဥက္ကဋ္ဌကို စခန်းမှူးက မပြောပြဘူးလား"

"စခန်းမှူးက အသက်ကြီးပြီလေ။ ပင်စင်သွားခါနီးမှာ ဘယ် အမုန်းခံတော့မလဲ"

ကင်းမှူးက ပြောပြ၏။

နောက်နေ့ညတွင် ကျွန်တော် ယူနီဖောင်းအပြည့်အစုံ ဝတ်လျက် သေနတ်ခါးပတ်ကို ခါးပတ်ပြီး ရဲစခန်းရုံးတွင် သွားထိုင်နေသည်။ ည (၁၀) နာရီလောက်တွင် မြို့တွင်း လှည့်ကင်းအဖွဲ့တစ်ဖွဲ့ ပြန်ဝင်လာသည်။

"ရပ်…ဘယ်သူလဲ"

ကင်းသမား၏ စူးစူးဝါးဝါး အော်မေးသံ။

"မိတ်ဆွေ လှည့်ကင်းအဖွဲ့ပါ"

လှည့်ကင်းအဖွဲ့၏ ဖြေသံ။

"ဟေ့…ဘယ်ကောင်တွေလဲ အော်ဟစ်နေကြတာ။ အိပ်ပျက်တယ်ကွ။ တိတ်တိတ်စမ်း၊ နောက် မအော်နဲ့ဟေ့"

ဥက္ကဋ္ဌအိမ်ပေါ်မှ အော်သံ ကြားရသည်။

"ဘယ်ကောင်လဲဟေ့။ ကိုယ့်အလုပ် ကိုယ်လုပ်နေတာကို ဘာအော်တာလဲ"

ကျွန်တော်ကလည်း အော်မေးလိုက်သည်။

"ဘယ်ကောင်လဲဟေ့၊ ငါ့ကို ပြန်အော်တာ။ တွေ့ကြရောပေါ့"

ပြောသံနှင့်အတူ ဥက္ကဋ္ဌ အိမ်ပေါ်မှ မီးလင်းလာသည်။ တံခါးဖွင့်ပြီး နောက်ဖေးလှေကားမှ ဆင်းလာသည်ကို မြင်ရ၏။ ကျွန်တော် ရုံးရှေ့မီးရောင်အောက် ဝင်ရပ်လိုက်သည်။ ခြောက်လုံးပြူး အိတ်ပေါ် လက်တင်ပြီး အသင့်စောင့်နေလိုက် ဥက္ကဋ္ဌထံတွင် ဂျာမန်လူဂါပစ္စတိုတစ်လက် ပါမစ်ဖြင့် ကိုင်ထားသည်ဟု စခန်းမှူးထံမှ ကျွန်တော် သိထားပြီ ဖြစ်၏။ သူ့အသက်၊ ကိုယ့်အသက် လုရမည့် အခြေအနေဆိုလျှင် အရင်ထိအောင်ပစ်၊ နောက်မှ ရှင်းရန် ကျွန်တော် ဆုံးဖြတ်ထားပြီး ဖြစ်သည်။ ဥက္ကဋ္ဌ အိမ်ပေါ်မှ ဆင်းလာပြီး စခန်းရုံးရှေ့ မီးအလင်းရောင်တွင် လာရပ်လျက် ကျွန်တော့်ကို သေသေချာချာ ကြည့်သည်။ ရှမ်းဘောင်းဘီဝတ်လျက် ခါးပတ်ပြားကြီး ပတ်ထားပြီး ဗိုက်ရှေ့ဒန်ရောင်လက်နေသော လူဂါပစ္စတို ထိုးထားသည်။ အခြေအနေအရ ကျွန်တော်က တစ်ပန်းသာသည်။ သူ့ သေနတ်က ဆွဲထုတ်ပြီး ဂျိုးကျောက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com





**သူ့သေနတ်က**
**ဆွဲထုတ်ပြီး**
**ကျိုးချောက်ဖြင့်**
**မောင်းတင်ပြီးမှ**
**ပစ်နိုင်မည်။**
**ကျွန်တော့်**
**ခြောက်လုံးပြူးက**
**ဆွဲထုတ်ပြီး**
**တန်းထိုးပစ်နိုင်သည်။**

မောင်းတင်ပြီးမှ ပစ်နိုင်မည်။ ကျွန်တော့် ခြောက်လုံးပြူးက ဆွဲထုတ်ပြီး တန်းထိုးပစ်နိုင်သည်။ ထို့ကြောင့် ကျွန်တော် သူ့လှုပ်ရှားမှုကို အေးအေးဆေးဆေးပင် စောင့်ကြည့်သည်။

"ဟာ…မင်းက နောက်ပြောင်းလာတဲ့ ညီလေး မဟုတ်လား။ အစ်ကိုကြီးနဲ့ တစ်ခါမှ မတွေ့ဖူးသေးဘူး။ ညီလေးရှိနေမှန်း မသိလို့ အစ်ကိုကြီး အော်မိတာပါကွာ။ ဒီကောင်တွေ အော်တာ တစ်ခါတစ်ခါ အစ်ကိုကြီး အိပ်ပျော်ရာက လန့်လန့်နိုးသွားလို့ စိတ်တိုပြီး အော်မိတာပါကွာ။ ညီလေးက အစ်ကိုကြီးကိုစိတ်ဆိုးသလား"

ဥက္ကဋ္ဌမှာ အသက် (၄၅) နှစ်လောက်ရှိပြီး အသားဖြူ ဖြူ ချောချော ဖြစ်၏။ အရှိန် ရနေဟန်တူသည်။ ရှေ့သို့ လျှောက်လာပြီး ကျွန်တော့် လက်ကိုဆွဲ၍ လှုပ်ရမ်း နှုတ်ဆက်ရင်း ပြောသည်။ ကျွန်တော်လည်း အားနာသွားမိသည်။

"သူတို့မှာလည်း တာဝန်အရှို့ အော်ရ၊ ဟစ်ရ၊ မေးမြန်းရတာပါ။ အစ်ကိုကြီးတို့ လုံခြုံရေးလည်း စိတ်ချရတာပေါ့။ ခွင့်လွှတ်ပေးပါ အစ်ကိုကြီးရယ်။ ကျွန်တော်လည်း အစ်ကိုကြီးမှန်း မသိလို့ ပြန်အော်မိတာပါ။ ခွင့်လွှတ်ပေးပါ"

ကျွန်တော်ကလည်း တောင်းပန်ရသည်။

"ရပါတယ်ကွာ။ တို့ညီအစ်ကို ဆုံကြတဲ့ အထိမ်းအမှတ်အနေနဲ့ ညီလေးကို အစ်ကိုကြီး ပြုစုချင်တယ်။ လုပ်တတ်တယ် မဟုတ်လား။ အိမ်ပေါ် ခဏလိုက်ခဲ့ကွာ"


"ရှမ်းပြည်မှာ အနေကြာလာတော့ နည်းနည်းပါးပါး လောက် ရပါတယ် အစ်ကိုကြီးရာ"

မစ္စမ်းရင်းကလည်း ရှိ၊ ကန်စွန်းခင်းကလည်း ငြိ ဆိုသလို ကျွန်တော်လည်း အိမ်ပေါ်သို့ ပါသွားသည်။ အိမ်ပေါ်ရှိ ထမင်းစားခန်းကြီးထဲတွင် စားပွဲရှည်ကြီး ရှိသည်။ ထိုထမင်းစား စားပွဲကြီးနောက်နံရံတွင် မှန်ဗီရိုကြီးတစ်လုံး ရှိသည်။ ထိုမှန်ဗီရိုကြီးထဲတွင် ဟင်နက်ဆီ၊ ဘီးဟိုက်ဘရန်ဒီ၊ ဂျော်နီဝါကား အနက်ပတ်၊ အနီပတ်၊ နပိုလီ ယန်ဘရန်ဒီ၊ ဝှိုက်

www.burmeseclassic.com

www.burmeseclassic.com





လေဘာယ်၊ ပိုက်ပော့အစရှိသော နိုင်ငံခြား အရက်အမျိုးမျိုးကို ထည့်ထားသည်ကို တွေ့ရ၏။

"ဒါတွေက အလှပြထားတာတွေပါ။ အစ်ကိုကြီးကတော့ ဒေသထွက် ရွှေလီမွှော်ပဲချတယ်။ ဒါပေမဲ့ ညီလေးနဲ့တွေ့တဲ့ အထိမ်းအမှတ်ဆိုတော့ ပိုက်လေဘာယ် တစ်လုံးလောက် ဖွင့်ကြမယ်"

ဥက္ကဋ္ဌကတော် တည်ခင်းပေးသည့် ဆတ်သားခြောက်ဖုတ်၊ ဆိတ်သားကြော် စသည့်အမြည်းများနှင့် ဥက္ကဋ္ဌနှင့်ကျွန်တော် ခွက်ရေ တစ်ပြင်တည်း ကမ်ပေ့လုပ် ဖြစ်ကြသည်။ အတော်ကုန်ပြီး အရှိန်များလာတော့မှ ကျွန်တော်က တော်ပြီ ငြင်းလိုက်ရသည်။ ဥက္ကဋ္ဌမှာ အစကတည်းက အရှိန် ရှိထားပြီးဖြစ်ရာ ယခုပို၍ အရှိန်တက်လာဟန် ရှိသည်။

"အစ်မကြီးရေ ကျေးဇူးတင်ပါတယ်။ ကျွန်တော် ပြန်လိုက်ပါဦးမယ်။ အစ်ကိုကြီးရေ ကျွန်တော် ပြန်မယ်"

ကျွန်တော်က နှုတ်ဆက်လိုက်၏။

"ဟာ …ညီလေး တစ်ယောက်တည်း ပြန်ရမှာ အစ်ကိုကြီး စိတ်မချဘူး။ အစ်ကိုကြီး လိုက်ပို့မယ်"

ဥက္ကဋ္ဌက ပြောလာသည်။

"အစ်ကိုကြီးကလည်း ဒီ ရဲစခန်းဝင်းထဲမှာ ကင်းရုံးကို ဖြတ်လိုက်ရင် ကျွန်တော့်အိမ်ရောက်တာပဲ။ စိတ်မချစရာဘာမှ မရှိပါဘူး"

ကျွန်တော်က ငြင်းသည်။

"မရဘူးကွာ။ အစ်ကိုကြီး လိုက်ပို့ရမှ စိတ်ချမယ်"

ကျွန်တော် မငြင်းသာ၊ သူနှင့်ကျွန်တော် ပခုံးဖက်လျက်၊ ထိုစဉ်က ခေတ်စားနေသော ဂျင်မီဂျက်၏ "နှုတ်မဆက်နဲ့ ငိုချင်တယ်" သီချင်းကို ကပေါက်တိ ကပေါက်ချာ အော်ရင်း လျှောက်လာခဲ့ကြသည်။ အိမ်ရှေ့ရောက်၏။

"မိန်းမရေ တံခါးဖွင့်ပါဦးဟေ့။ ကျေးဇူးတင်ပါတယ် အစ်ကိုကြီး။ ကျွန်တော် အိမ်ပေါ်တက်တော့မယ်။ ဘိုင့်…ဘိုင်"

ဇနီးဖြစ်သူကို လှမ်းနိုး ရင်း ဥက္ကဋ္ဌကို ကျွန်တော် နှုတ်ဆက်သည်။

"ရက်စက်လှချေလား ညီလေးရာ။ မင်း အစ်ကိုကြီးကို အိမ်ပြန်မပို့တော့ဘူးလား။ တစ်ယောက်တည်း ပြန်ရမှာလား။ လိုက်ပို့ဦးမှပေါ့"

"အင်း …အကျိုးတော့ နည်းပါပြီ။ အေးလေ ပြန်ပို့လိုက်တာ ဘာဝေးတာမှတ်လို့ လိုက်ပို့လိုက်မှ နားအေးမယ်" ဟု ကျွန်တော် တွေးလျက် -

"ကဲ… ကဲ… အစ်ကိုကြီး ရယ် ပို့ရမှာပေါ့။ လာ …လာ …လာ" ဟု ပြောပြီး ပြန်လိုက်ပို့ရပြန်သည်။ တံခါးဖွင့်စောင့်နေ

www.burmeseclassic.com

www.burmeseclassic.com



သည့် ကျွန်တော့်ဇနီး တံခါး ပြန်ပိတ်သွားသည်။ ကျွန်တော်တို့ နှစ်ဦး ရဲစခန်းရုံးရှေ့မှ ဖြတ်ပြီး ဥက္ကဋ္ဌအိမ်ဘက် ပြန်လျှောက်သွားကြသည်။

"ကဲ…အစ်ကိုကြီး အိမ်ရောက်ပြီ။ ဘိုင့်…ဘိုင်"

ကျွန်တော်က နှုတ်ဆက်လိုက်သည်။

"ဟာ…မပြန်ပါနဲ့ဦး ညီလေး။ အစ်ကိုကြီး လိုက်ပို့ရမယ့် တာဝန်ရှိတယ်"

"ရပါတယ် အစ်ကိုကြီးရယ်"

"မရဘူး။ ညီလေးကို စိတ်မချဘူး"

ဥက္ကဋ္ဌက လိုက်ပို့ပြန်သည်။ အိမ်ရှေ့ရောက်တော့ သူ့အိမ်ကို ပြန်ပို့ရပြန်၏။

"ကဲ…ဟိုပြန်ပို့လိုက်၊ ဒီပြန်ပို့လိုက်နဲ့ အိပ်ကော အိပ်ကြဦးမှာလား။ သွား … အိမ်ပြန်မလာနဲ့တော့။ ရုံးခန်းမှာပဲအိပ်"


တတိယအခေါက် ကျွန်တော့်အိမ်ရှေ့ ရောက်သောအခါ အိမ်ထဲမှ ကျွန်တော့်ဇနီးသည်၏ စိတ်မရှည်စွာ အော်ပြောသံကြားရသည်။ အချိန်က သန်းခေါင်ကျော်ပေပြီ။

"ဟော…ညီလေး အမျိုးသမီး စိတ်ဆိုးနေပြီ ထင်တယ်။ သွား…သွား အိမ်ပေါ်တက်တော့။ အစ်ကိုကြီးကို လိုက်မပို့နဲ့တော့"

ပြောပြောဆိုဆိုနှင့် ပြန်သွားသည်။ သူပြောပုံက ကျွန်တော့် အမျိုးသမီးသာ လှမ်းမအော်ပါက တစ်ညလုံး ကူးချီသန်းချီ လုပ်နေရမည့်ပုံ ပေါ်နေသည်။ မည်သို့ပင်ဆိုစေ ထိုမြို့ကလေးတွင် တာဝန်ကျခဲ့စဉ်က အထူးပင် စိတ်ချမ်းမြေ့ပျော်ရွှင်လာခဲ့ရပါသည်။ သောင်းကျန်းသူ စိုးမိုးရာ နယ်မြေများဖြစ်သဖြင့် ပါတီ၊ ကောင်စီ၊ တပ်မတော်နှင့် ရဲတပ်ဖွဲ့ ဝန်ထမ်း အဖွဲ့အစည်းများမှာ စည်းစည်းလုံးလုံး၊ ရင်းရင်းနှီးနှီးပင် နေထိုင် လုပ်ကိုင်ကြသည်။ ကျွန်တော်နှင့် စခန်းမှူး၊ မြို့နယ်မှူးတို့မှာ လည်း ကျွန်တော် ရောက်ရှိပြီး မှ ဓားပြမှု(၃)မှု ဖော်ထုတ်နိုင်ခြင်း၊ လက်နက်ပုန်းများ ဖော်ထုတ်နိုင်ခဲ့ခြင်းတို့ကြောင့် မြို့ရွာလူထုကြားတွင် မျက်နှာပန်း လှကြသည်။ ဟိုကဖိတ်ခေါ်ကျွေးမွေး လက်ဆောင်လာပေးဖြင့် ရင်းနှီးမှု ရယူကြသည်။ အစားအသောက်မှာလည်း အမဲ၊ ဆိတ်၊ ဝက် ဈေးနှုန်းသက်သာခြင်း၊ ကြက်သွန်၊ အာလူး၊ ကုလားပဲ၊ ဟင်းသီးဟင်းရွက်ကအစ ဈေးနှုန်းချိုသာ ပေါများသဖြင့် စားရေးသောက်ရေး အဆင်ပြေလှပါသည်။


သို့သော် ပျော်ရာတွင် မနေရဆိုသည့် ဝန်ထမ်းဘဝတွင် သုံးလတာမျှ ကြာသောအခါ ကျွန်တော့်မှာ ရှမ်းပြည်နယ်တွင် အနေကြာ စာရင်းတွင် ပါသဖြင့် ပြည်မသို့ ပြောင်းရွှေ့မိန့်ထွက်လာသဖြင့် ပြောင်းရွှေ့ခဲ့ရပြန်ပါသတည်း။

**ကျော်သူ**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ထွန်း

# မှသားဖော်စက်တွေ အသုံးပြုသင့်သလား

မကြာခင်က ဘောဂျင်းမြို့တော် ချန်ပင်းခရိုင်တရားရုံးမှာ အကြွေးမှုတစ်ခု ကြားနာစစ်ဆေးခဲ့ပါတယ်။ သည်အမှုနဲ့ပတ်သက်လို့ တရားလိုနဲ့ တရားခံတို့က အချေအတင် လျှောက်လဲခဲ့ပါတယ်။ ဒါပေမဲ့ ဘယ်သူမှ ခိုင်မာတဲ့သက်သေတစ်စုံတစ်ရာ ထုတ်မပြနိုင်ခဲ့ဘူး။ နောက်ဆုံးတော့ တရားသူကြီးက မှသားဖော်စက်နဲ့ စစ်ဖို့ အမိန့်ပေးတယ်။ သည်နောက်တော့ မှသားဖော်စက်ရဲ့ စစ်ဆေးချက်အရ ရလဒ်ပေါ် အခိကအခြေခံပြီး ဆုံးဖြတ်ချက်ချ လိုက်ပါတယ်။

တရားစီရင်ရေးမှာ အဆင့်မြင့်နည်းပညာတစ်ခုအဖြစ် မှသားဖော်စက်တွေကို တဖြည်းဖြည်း စတင်အသုံးပြုနေကြပါပြီ။ သည်စက်ရဲ့ အကူအညီနဲ့ အမှု တော်များများကို အောင်မြင်စွာ စီရင်ချက်ချနိုင်ခဲ့တာပါ။

တရုတ်ပြည်မှာ ၁၉၆၀ ပြည့်လွန်နှစ်တွေက မှသားဖော်စက်တွေကို စတင်သုတေသနပြုလုပ်ခဲ့တယ်။ ဒါပေမဲ့ မှသားဖော်စက်အသုံးပြုခြင်းဟာ 'စိတ်ဝါဒ' ဖြစ်တယ်ဆိုတဲ့ ယုံကြည်ချက်ကြောင့် ရပ်ဆိုင်းပစ်လိုက်ပါတယ်။ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ဂျပန်နိုင်ငံသို့ စုံစမ်းရေးအဖွဲ့တစ်ခု စေလွှတ်ခဲ့တယ်။ အဲသည်အဖွဲ့ ပြန်လာတော့ မှသားဖော်ထုတ်ခြင်းဟာ အမှန်တကယ် သိပ္ပံနည်းကျတယ်လို့ အတည်ပြုလိုက်တဲ့နောက် ၁၉၈၀ ပြည့်နှစ်တွေအတွင်းမှာ မှသားဖော်စက် သုတေသနလုပ်ငန်းကို ပြန်လည်ပြုလုပ်ထားပါတယ်။ ၁၉၉၁ မှာ တရုတ်ပြည်ရဲ့ ပထမဆုံး မှသားဖော်စက်ကိုထုတ်လုပ်ပြီး အသုံးပြုခဲ့ပါတယ်။ ဝါဏိဇ္ဇမှုခင်းတွေနဲ့ တရားမမှုတွေမှာလည်း သည်စက်ကို အောင်မြင်စွာ အသုံးပြုခဲ့တာပါ။ မှသားဖော်ထုတ်ခြင်းဟာ စုံစမ်းစစ်ဆေးရေးနဲ့ ရာဇဝတ်မှုဖော်ထုတ်ရေးမှာ လိုအပ်တဲ့ အထောက်အကူပြုနည်းလမ်းတစ်ခုဖြစ်ကြောင်း သက်သေဖြစ်နေလေရဲ့။

ဒါပေမယ့် သည်စက်ကို အသုံးချမှုက သဘောတရား နယ်ပယ်နဲ့ တရားစီရင်ရေးလောက နှစ်ခုစလုံးမှာ စကားစစ်ထိုးပွဲတစ်ခု ပေါ်ပေါက်စေခဲ့ပါတယ်။ တိန့်ဇီဘင် (ပီကင်းတက္ကသိုလ်၊ ဥပဒေကျောင်းတွင် ဒေါက်တာဘွဲ့အတွက် လေ့လာနေသည့် ကျောင်းသား)

ရာဇဝတ် ပြစ်မှုနှုန်းမြင့်

www.burmeseclassic.com

www.burmeseclassic.com



တက်နေတဲ့ မျက်မှောက်ကာလမှာ ရာဇဝတ်ကောင်ဟူသမျှကို ဖမ်းဆီးနိုင်တဲ့ အံ့ဖွယ်သူရဲ ဖြေရှင်းမှုတစ်ရပ်ရှိလိမ့်မယ်လို့ ကျွန်တော်တို့အားလုံး မျှော်လင့်ကြပါတယ်။ မုသားဖော်စက်ကို ထောက်ခံနေသူတွေကတော့ အဲသည်စက်ဟာ သို့ကလို အံ့ဖွယ်သူရဲဖြေရှင်းမှုတစ်ခုဖြစ်တာ အတိအကျပဲလို့ လူတွေကို နားချဖို့ ကြိုးပမ်းနေကြလေရဲ့။

မုသားဖော်စက်ဟာ တရားစီရင်ရေးမှာတရားမျှတမှုဖြစ်အောင် အမှန်တကယ်ပဲ အထောက်အကူပြုသလား။ အဖြေကတော့ "ဟင့်အင်း" လို့ပဲ ပေးရမှာပါ။ ဘာကြောင့်ဆို မုသားဖော်စက်ဟာ သိပ္ပံဝတ်ရုံကို ခြုံထားသော်လည်း တကယ်တော့ ခန္ဓာကိုယ်ကို နှိပ်စက်ညှဉ်းပန်းပြီး စုံစမ်းမေးမြန်းသလို စိတ်ကို နှိပ်စက်ညှဉ်းပန်းပြီး စုံစမ်းမေးမြန်းတဲ့ နည်းတစ်မျိုးဖြစ်လို့ပဲ။ ဒါဟာ စိတ်ဆင်းရဲအောင်လုပ်ပြီး အဖြေရှာတဲ့နည်းပါ။ စိတ်ကိုနှိပ်စက်ညှဉ်းပန်းမှုတစ်ခုပါ။

ခေတ်သစ်မုသားဖော်စက် နဲ့ ရှေးကျတဲ့ နှိပ်စက်ရေးပစ္စည်းတွေအကြား တစ်ခုတည်းသော ခြားနားချက်ကတော့ ဟောဒါပါပဲ။ ဒုတိယနည်းက လူတစ်ယောက်ရဲ့ ရုပ်ပိုင်းဆိုင်ရာ နာကျင်မှုဝေဒနာခံနိုင်ရည်အတိုင်းအတာကို စစ်ဆေးတယ်။ ပထမနည်းကတော့ လူတစ်ယောက်ရဲ့ ကိုယ်ပိုင်အာရုံကြောစနစ်ကို အသိဉာဏ်မဲ့သွားအောင် လုပ်တာဖြစ်တယ်။ ဒါကြောင့်လည်းသံသယအဖြစ်ခံရသူတွေဟာ "အပြစ်ရှိပါတယ်" လို့ ငါးမိနစ်အတွင်း လျင်မြန်စွာ ဝန်ခံကြတာ ဖြစ်ပါတယ်။ မုသားဖော်ခြင်းဟာ စစ်ဆေးသူနဲ့ အစစ်ဆေးခံရသူ နှစ်ဦးအကြား စိတ်ဓာတ်ရေးရာ တိုက်ပွဲတစ်ခုဖြစ်တယ်။ သံသယအဖြစ်ခံရသူ တစ်ယောက်ရဲ့ စိတ်ခံစားမှုဟာ ရုပ်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းခံရသူ တစ်ယောက်ရဲ့ နာကျင်မှုဝေဒနာထက် မလျော့ဘူး။ ဘာကြောင့်ဆို သူဟာ ထူးဆန်းတဲ့စက်နဲ့ အသေးစိတ် စီစဉ်ထားတဲ့ မေးခွန်းတွေကြောင့် ပင်ပန်းနွမ်းနယ်နေပြီ ဖြစ်လို့ပဲ။

နည်းပညာ လျင်မြန်စွာ တိုးတက်နေတဲ့အတွက် မုသားဖော်စက်ဟာ တကယ်တော့ ခေတ်နောက်ကျသွားပါပြီ။ ပိုစိတ်လှုပ်ရှားစေပြီး ပိုထိရောက်တဲ့ နည်းပညာတွေကို အနောက်တိုင်းသုတေသီတွေ ထီထွင်ထားတယ်။ ဥပမာ–လူတစ်ယောက်ဆီက လိုချင်တဲ့ သတင်းအချက်အလက်တွေ ညှစ်ထုတ်ဖို့ မူးယစ်ဆေးဝါးအချို့ကို အသုံးပြုနိုင်တယ်။ သည်လိုသာဆိုရင်ဖြင့် ဓာတ်ခွဲခန်းက တရားရုံးထက် အမှန်တရားကို ပိုမိုထိရောက် ဖော်ထုတ်ပေးနိုင်လိမ့်မယ်။ မု

**လူတစ်ယောက်ဆီက လိုချင်တဲ့ သတင်းအချက်အလက်တွေ ညှစ်ထုတ်ဖို့ မူးယစ်ဆေးဝါးအချို့ကို အသုံးပြုနိုင်တယ်။**

www.burmeseclassic.com

www.burmeseclassic.com



သားဖော်စက် အဆက်မပြတ် တိုးတက်နေတဲ့အတွက် နောက်ဆုံးတော့သည်စက်ဟာ သက်သေအထောက် စုဆောင်းရာမှာ တရားဝင် အနေအထားတစ်ခုကို ရလာလိမ့်မယ်။ အဲဒီအချိန်မှာ နည်းပညာကျွမ်းကျင်သူတွေဟာ ကျွန်တော်တို့ရဲ့ တရားသူကြီးတွေ ဖြစ်လာလိမ့်မည်။

သည်လိုဖြစ်လာတာနဲ့ တစ်ပြိုင်နက် နည်းပညာကို ထိန်းချုပ်တဲ့ လူတွေဟာ ကျွန်တော်တို့ကို ကွပ်ကဲကြိုးကိုင်လာနိုင်လိမ့်မယ်။ သူတို့က ကျွန်တော်တို့ ဘာလုပ်မယ်ဆိုတာရယ်၊ ဘာတွေလုပ်ပြီးပြီဆိုတာရယ်သိလိမ့်မယ်။ နောက်ဆုံးမှာ သူတို့လုပ်စေချင်တာဟူသမျှကို ကျွန်တော်တို့ကို လုပ်ခွင့်ပေးလိမ့်မယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ရေငုံနှုတ်ပိတ် ဆိတ်ဆိတ်နေခွင့်ရှိတဲ့ အမေရိကန်ပြည်ထောင်စု၊ ဂျပန်နဲ့ အခြား ဟိုက်တက် အဆင့်မြင့်နည်းပညာဖွံ့ဖြိုးတဲ့ ကမ္ဘာ့ရှေ့ဆောင်နိုင်ငံတွေမှာ မုသားဖော်စက် အသုံးပြုမှုကို ထိန်းချုပ်ထားတာပါ။ ဆိတ်ဆိတ်နေခွင့်ကို အသိအမှတ်မပြုတဲ့ ကျွန်တော်တို့ နိုင်ငံမှာတော့

**ကျွန်တော်တို့နိုင်ငံမှာတော့ မုသားဖော်စက်ရဲ့ အရုပ်ဆိုး အကျည်းတန်တဲ့ သဘာဝကို မြင်တွေ့နေရပါတယ်။**

မုသားဖော်စက်ရဲ့ အရုပ်ဆိုး အကျည်းတန်တဲ့ သဘာဝကို မြင်တွေ့နေရပါတယ်။ မုသားဖော်စက်နဲ့ စစ်ဆေးတာကို လက်ခံဖို့၊ မခံဖို့ ကျွန်ုပ်က သင့်ကိုရွေးချယ်ခွင့်ပြုတဲ့အခါ သင်ကစစ်ဆေးမခံဖို့ ရွေးချယ်တယ်ဆိုရင် ဒါဟာ သင်ကြောက်တယ်ဆိုတာပြတာပဲ။ ဒီလုပ်ရပ်က သင့်ကိုတရားစီရင်ရေးအရာရှိတွေ ပိုပြီးသံသယဖြစ်လာစေလိမ့်မယ်။ သူတို့က မေးကြလိမ့်မယ်။ သင့်မှာ အပြစ်မရှိရင် ဘာကြောက်စရာလိုသလဲ၊ မုသားဖော်စက်ဟာ၁၀၀ရာခိုင်နှုန်း တိကျမှန်ကန်တယ်လို့ ပါရဂူတွေက သင့်ကိုပြောထားပြီးပြီပဲ။

လက်ဗွေရာ ဆန်းစစ်ခြင်း၊ သွေးစစ်ခြင်းနဲ့ အခြားအဆင့်မြင့် နည်းပညာဖြင့် ဖြေရှင်းခြင်းတွေကို တရားစီရင်ရေးစနစ်က လက်ခံထားနှင့်ပြီးဖြစ်ပါတယ်။ ဒါပေမဲ့ မုသားဖော်စက်တွေလို စက်တွေကတော့ ကျွန်တော်တို့ ကုတ်ပေါ်မှာ Damocles' Sward ဓားတစ်လက်ပါ။

ဘယ်ရာဇဝတ် ဖြစ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းမှာမဆို တရားခံအား အာဏာရှိသူတွေနဲ့ နည်းပညာပိုင်သူတွေရဲ့ မတော်မတရားပြုလုပ်မှာမှ အကာအကွယ်ပေးရမှာ ဖြစ်တယ်။ ကျွန်တော်တို့ရဲ့ အမှန်တရားရှာဖွေမှုဟာ အဆင့်မြင့် လူမှုတန်ဖိုးတွေကို လေးစားခြင်းရဲ့ လက်အောက်ခံဖြစ်ရမယ်။

ကျွန်တော်တို့ တည်ဆောက်ဖို့ကြိုးစားနေတဲ့ 'အပြိုင်အဆိုင်' တရားစွဲတဲ့စနစ်ဟာ အမှန်တရားရရေးအတွက် အကောင်းဆုံး နည်းလမ်းတစ်ခု ဟုတ်ချင်မှ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်မှာပါ။ ဒါပေမဲ့ ဒါဟာ ဒီမိုကရေစီစိတ်ဓာတ်နဲ့ လူ့ဂုဏ်သိက္ခာအား လေးစားမှုကို ပေါ်လွင်စွာပြသနေပါတယ်။ နည်းပညာက အမှန်တရားကို အလွယ်တကူ လွှမ်းမိုးသွားနိုင်တယ်။ ကျွန်တော်တို့ရဲ့ စိတ်ဓာတ်ကိုတောင် ထိန်းချုပ်နိုင်တယ်။ ဒီမိုကရေစီကျပြီး တရားမျှတတဲ့ တရားဥပဒေလုပ်ထုံးက အာမခံချက်မရှိဘဲ လူတစ်ဦးချင်းစီရဲ့ စိတ်ကမ္ဘာထဲကို ချဉ်းနင်းဝင်ရောက်ခြင်း (စပ်စုခြင်း) ဟာ စက်ဆုပ်ဖွယ် ကောင်းပါတယ်။ အမှန်တရားကို သွားမလား၊ ဒါမှမဟုတ် ဂုဏ်သိက္ခာကို ရွေးမလားဆိုတာ လူ့အဖွဲ့အစည်းတစ်ခုက စွမ်းဆောင်ရည်ရှိမှုကို ရွေးသလား။ ဒါမှမဟုတ် လွတ်လပ်မှုကို ရွေးသလားဆိုတဲ့ အချက်ပေါ်မှာ တည်မှီနေပါတယ်။

ဝန်ဂျူကွင်း (အမျိုးသားပြည်သူ့ကွန်ဂရက်၊ တရားရေးကော်မတီရဲ့ အတိုင်ပင်ခံ အဖွဲ့ဝင်) အငြင်းပွားမှုတွေကို မှုသားဖော်စက်တွေရဲ့ အကူအညီနဲ့ ဖြေရှင်းခြင်းဟာ ပြည်သူတွေရဲ့ ကိုယ်ရေးဘဝလုံခြုံမှု Privacy ထဲကို အလွန်အမင်း ဝင်ရောက်စွက်ဖက်ရာ ရောက်တဲ့အတွက် ဒါကို ကောင်းတယ်လို့ ကျွန်တော် မယူဆဘူး။ နည်းပညာဟာ အသွားနှစ်ဖက်ပါတဲ့ ဓားတစ်ချောင်းဖြစ်တယ်။ သည်ဓားကို အသုံးပြုလို့ လိုအပ်လာတဲ့အခါ ကျွန်တော်တို့ဟာ သည်ဓားအပေါ် အကန်းသဖွယ် ယုံကြည်အားကိုးခြင်း မပြုသင့်ဘူး။ ဒါမှမဟုတ် သည်ဓားရဲ့ကျေးကျွန်တွေ ဖြစ်မသွားသင့်ဘူး။ ကျွန်တော်တို့ဟာ တရားမျှတမှုကို ကာကွယ်စောင့်ရှောက်တဲ့တာဝန်ကို ယူထားကြတဲ့ တရားသူကြီးတွေကို ဆက်ပြီး ယုံကြည်ထားကြရမယ်။

**မှုသားဖော်စက်နဲ့ စစ်ဆေးချက်မှ ပေါ်ထွက်လာတဲ့ ရလဒ်အပေါ်အခြေခံပြီး တစ်စုံတစ်ယောက်ကို ထိန်းသိမ်းခြင်းဟာ ပြည်သူတစ်ယောက်ရဲ့ အခြေခံ အခွင့်အရေးတွေ (လူ့အခွင့်အရေး)ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်လိုက်တာ ဖြစ်တယ်။**

မှုသားဖော်စက်နဲ့ စစ်ဆေးတဲ့အခါ အနည်းငယ်အူကြောင်ကြောင်ဖြစ်သွားရုံနဲ့ လူတစ်ယောက်ကို ထိန်းသိမ်းလိုက်တယ်ဆိုတဲ့ သတင်းကို ဖတ်ရတော့ ကျွန်တော်အင်မတန်စိုးရိမ်သွားပါတယ်။ မှုသားဖော်စက်နဲ့ စစ်ဆေးချက်မှ ပေါ်ထွက်လာတဲ့ ရလဒ်အပေါ်အခြေခံပြီး တစ်စုံတစ်ယောက်ကို ထိန်းသိမ်းခြင်းဟာ ပြည်သူတစ်ယောက်ရဲ့ အခြေခံ

www.burmeseclassic.com

အခွင့်အရေးတွေ (လူ့အခွင့်အရေး)ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်လိုက်တာ ဖြစ်တယ်။ မုသားဖော်စက်နဲ့ စစ်ဆေးခြင်းကရလာတဲ့ အချက်အလက်တွေကို သက်သေအထောက်အထားအဖြစ်မသုံးသင့်ဘူး။ ဒါကလိမ်ပြောသလား မပြောဘူးလားဆိုတာလောက်ပဲ အများဆုံး ဖော်ပြနိုင်တာပါ။

## တရားမျှတမှု ဆိုသည်မှာ

ဟူရင်ချွန်း (သိပ္ပံသုတေသီ) တိန့်ဇီဆင်ရဲ့ ဆောင်းပါးဟာ သိပ္ပံပညာနဲ့ ပတ်သက်တဲ့ အယူအဆမှားယွင်းမှုတွေ ပြည့်နေတယ်လို့ ကျွန်တော်ထင်ပါတယ်။

ပထမအချက်အနေနဲ့ သူဟာ “စုံစမ်းမေးမြန်းခြင်း” နဲ့ တရားစီရင်ခြင်းဆိုတဲ့ တရားဥပဒေ ဝေါဟာရနှစ်ခုကို ရောထွေးပစ်လိုက်တယ်။ သက်သေအထောက်အထား စုဆောင်းတဲ့နေရာမှာ နည်းပညာများစွာ လောလောဆယ်မှာ တရားဝင်အနေအထားတွေကို ရထားကြတယ်။ ဒါပေမဲ့ တိန့်ဇီဆင်ယူဆသလို လက်ဗွေပါရဂူတွေနဲ့ DNA ကျွမ်းကျင်သူတွေက တရားသူကြီးတွေကိုအစားထိုးခြင်းမပြုနိုင်ခဲ့ပါဘူး။ သက်သေအထောက်အထား ဖြစ်လာနိုင်ခြေရှိတဲ့ အရာဝတ္ထုတွေကို တရားရုံးက အတည်ပြုလက်ခံခြင်းမပြုမီမှာသက်သေအထောက်အထားအဖြစ် သဘောမထားနိုင်ပါ။ မုသားဖော်စက် ပေါ်ထွက်လာတဲ့ ရလဒ်ဟာ သက်သေအထောက်အထားစုဆောင်းရာမှာ တရားဝင်အနေအထားတစ်ရပ်ကို မရရှိသေးပါဘူး။ အဲဒီတော့ မုသားဖော်စက်တွေအဖို့ တရားသူကြီးတွေကို အစားထိုးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

ဒုတိယအချက် အနေနဲ့ “ဖော်ထုတ်နိုင်တယ်” ဆိုတာနဲ့ “ထိန်းချုပ်နိုင်တယ်” ဆိုတဲ့သိပ္ပံပညာအယူအဆ နှစ်ခုကိုသူ ရောထွေးပစ်လိုက်ပြန်ပါတယ်။ မုသားဖော်စက်ဟာ တစ်စုံတစ်ခုသော အတိုင်းအတာအထိ လူတွေရဲ့ အတွေးအခေါ်ကို ထောက်လှမ်းဖော်ထုတ်နိုင်တယ်။ ဒါပေမဲ့ သည်အချက်က သူတို့ရဲ့ အတွေးအခေါ်ကို တိုက်ရိုက်ကြိုးကိုင်ထားနိုင်တယ်လို့ အဓိပ္ပါယ်ရသလား။ သည်နယ်ပယ်မှာ နှစ်ပေါင်း ၄၀ ကျော် အလုပ်လုပ်လာတဲ့ သုတေသီတစ်ယောက်အနေနဲ့ ကျွန်တော်ကတော့ ကြိုတင်မြင်တွေ့နိုင်တဲ့ အနာဂတ်မှာ ဒါမျိုးမဖြစ်နိုင်ဘူးလို့ အပြည့်အဝနားလည်ပါတယ်။

တတိယအချက်အလက်နဲ့ ဆိတ်ဆိတ်နေခွင့်ကြောင့် မုသားဖော်စက်တွေ မလိုအပ်လို့ ဆိုလိုက်ခြင်းဖြင့် သူဟာ ယုတ္တိဗိဇ္ဇာ အမှားတစ်ခုကို ကျူးလွန်လိုက်တာဖြစ်တယ်။

## ဇူဟောင်ဝေနဲ့ ဖောက်ကေဖင် (စိတ်ပညာ စမ်းသပ်မှု မဟာဘွဲ့အတွက် လေ့လာနေတဲ့ ကျောင်းသားများ)

တရုတ်ပြည်နဲ့ ပထမဆုံး စိတ်ပညာစမ်းသပ်မှု မဟာဘွဲ့ကို လေ့လာရတဲ့ ကျောင်းသားတွေအနေနဲ့ မုသားဖော်စက်ဟာ စိတ်ကိုညှင်းပန်းခြင်းဖြင့် စုံစမ်းမေးမြန်းတားမြစ်တယ်ဆိုတာ မှန်မမှန် ကျွန်တော်တို့က ဒိန့် နဲ့ အရမ်းဆွေးနွေးချင်တာပါ။

တကယ်တော့မှ မုသားဖော်စက်ကို “စိတ်စမ်းသပ်တဲ့စက်” လို့ပဲ ခေါ်သင့်ပါတယ်။ စိတ်စမ်း

www.burmeseclassic.com



သပ်မှုဟာ မုသားကို ဖော်ထုတ်မယ့်အစား သံသယအဖြစ် ခံရသူအနေနဲ့ အမှုနဲ့ပတ်သက်လို့ ဘယ်လောက်သိတယ်ဆိုတဲ့ အချက်ကို စစ်ဆေးတာ ဖြစ်ပါတယ်။

သဘောတရားကတော့ သည်လိုပါ။ ပြစ်မှုတစ်ခုရဲ့ အသေးစိတ် အချက်အလက်ဟာ ပြစ်မှုကျူးလွန်သူရဲ့ စိတ်ထဲမှာ စွဲထင်ကျန်ရစ်ပါတယ်။ ဒါကြောင့် အဲဒီပြစ်မှုကျူးလွန်သူဟာ ပြန်လည် တည်ဆောက်ထားတဲ့ အမှုနဲ့ ရင်ဆိုင်ရတဲ့အခါ ပြင်းထန်တဲ့ စိတ်ခံစားဆိုင်ရာ တုံ့ပြန်မှုတွေ ခံစားမှုတွေနဲ့ ကြုံတွေ့ရလိမ့်မယ်။ ဒါကို မုသားဖော်စက်က ဖော်ထုတ်နိုင်တယ်။ စိတ်စမ်းသပ်မှုဟာ ရာဇဝတ်မှု စုံစမ်းရေးမှာ အလွန်ထိရောက်တဲ့ အထောက်အကူပြုနည်းတစ်ခုဖြစ်ကြောင်း အတွေ့အကြုံတွေက အောင်မြင်စွာ သက်သေပြခဲ့ပါပြီ။ ဒါပေမဲ့ စိတ်စမ်းသပ်မှုဟာ သံသယအဖြစ်ခံရသူရဲ့ တရားဥပဒေအခွင့်အရေး ချိုးဖောက်ခြင်းမခံရအောင်လည်း ကာကွယ်ပါတယ်။

စိတ်စမ်းသပ်မှု အပြစ်မဲ့သူနှင့် အပြစ်ရှိသူကို ခွဲခြားရာမှာ ၉၈ ရာခိုင်နှုန်း မှန်ကန်တိကျနိုင်တာကြောင့် အပြစ်မဲ့သူအများစုက ဒီလိုစမ်းသပ်မှုမျိုး ခံယူလိုကြတာလည်း ဖြစ်ပါတယ်။ ဒီစမ်းသပ်မှုကို ခံပြီးတဲ့နောက်မှာ အပြစ်မဲ့သူတွေဟာ ပြင်းထန်တဲ့စိတ်စမ်းသပ်ပွဲကို ကျော်လွှားဖြတ်နိုင်လိမ့်မယ်။ အဲဒီတော့ ဒါကို ဘယ်လိုလုပ်ပြီး စိတ်ညှင်းပန်းခြင်းဖြင့် စုံစမ်းမေးမြန်းတာ ဖြစ်တယ်လို့ ပြောနိုင်မှာလဲ။

ပြီးတော့လည်း စိတ်စမ်းသပ်မှုဟာ ရုပ်ပိုင်းဆိုင်ရာအရ ဖြစ်စေ၊ စိတ်ဓာတ်ရေးရာအရ ဖြစ်စေ အန္တရာယ်မပြုဘူး။ စမ်းသပ်ခံရသူဟာ ကုလားထိုင်တစ်လုံးပေါ်မှာ သက်တောင့်သက်သာထိုင်ရပါတယ်။ မေးခွန်းတွေကိုလည်း ဖြေလိုမှ ဖြေနိုင်ပါတယ်။ အပြစ်မဲ့သူတွေအပေါ် မလိုလားအပ်တဲ့ စိတ်ဓာတ်ရေးရာ ဖိအားပေးမှုကို ရှောင်ရန် စစ်ဆေးသူက မေးခွန်းတွေ မေးတဲ့အခါ "သင်" ဆိုတဲ့ စကားလုံးအစား "တရားခံ" ဆိုတဲ့ စကားလုံးကိုပဲသုံးပါတယ်။

နောက်ဆုံးအနေနဲ့ ပြောရရင် စိတ်စမ်းသပ်မှုဟာ အဓမ္မနည်းဖြင့် ဝန်ခံချက် (ဖြောင့်ချက်) ပေးလာအောင် ရည်ရွယ်တာမဟုတ်ပါဘဲ ဒါမှမဟုတ် ဝန်ခံချက်ရဲ့ ယုံကြည်ကိုးစားထိုက်မှုကို အတည်ပြုရန် ရည်ရွယ်တာလဲမဟုတ်ပါ။ စင်စစ်တော့ ဒါဟာညှင်းဖန်းနှိပ်စက်ခြင်းဖြင့် ဖြောင့်ချက်ရအောင် လုပ်တဲ့ အခြင်းအရာတွေကို ဖယ်ရှားပစ်ခြင်းဖြင့် သံသယအပြစ်ခံရသူရဲ့ တရားဥပဒေရပိုင်ခွင့်တွေကိုကာကွယ်တဲ့ ထိရောက်သော ဆောင်ရွက်ချက်တစ်ခုဖြစ်တယ်။ စမ်းသပ်ခံရသူဟာ စမ်းသပ်နေစဉ်မှာ ဘာမှမပြောဘဲ ရေငုံနှုတ်ပိတ်နေနိုင်တယ်။ သို့ကလိုနေခြင်းကြောင့် သူ သို့မဟုတ် သူမကို လုံးဝပိုပြီး သံသယဖြစ်လာမှာ မဟုတ်ဘူး။ သူတို့ ပြောသည်ဖြစ်စေ၊ မပြောသည်ဖြစ်စေ ပြီးတော့ ဘာအကြောင်းကိုပဲ ပြောပြော ဒါတွေကအရေးမကြီးဘူး။ ဘာကြောင့်ဆိုသည် စမ်း သပ်မှုက မေးခွန်းတွေနဲ့ပတ်သက်လို့ သူ ဒါမှမဟုတ် သူမရဲ့ တုံ့ပြန်မှုတစ်ခုတည်းကိုသာ အာရုံစိုက်လို့ပဲ။ အဲဒီတော့ စိတ်စမ်းသပ်မှုဟာ ဆိတ်ဆိတ်နေသည်နဲ့ ပြဿနာမဖြစ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



တရားစီရင်ရေးမှာ တရားမျှတမှုကို လူ့အဖွဲ့အစည်းက လိုလားပါတယ်။ တရားမျှတမှုဟာ သံသယအဖြစ်ခံရသူတစ်ယောက်ရဲ့ အခွင့်အရေးတွေကို ကာကွယ်ရုံလောက်ဖြင့် မပေါ်လွင်ပါဘူး။ ဒီထက်ပိုအရေးကြီးတာက အမှန်တရားနဲ့ တရားမျှတမှုကို ဖော်ဆောင်ခြင်းဖြင့်သာ တရားမျှတမှုပေါ်လွင်ထင်ရှားမှာဖြစ်တယ်။

**ဇန်းရိုဖန် (ဘေဂျင်း ဟောဒီယန်စရိုင် ပြည်သူ့တရားစွဲတင်ရေးအဖွဲ့ သုတေသနရုံးမှ ဒုညွှန်ကြားရေးမှူး)**

မှသားဖော်စက်တွေကို အသုံးပြုနိုင်တယ်လို့ ကျွန်တော်ထင်ပါတယ်။ အဆင့်မြင့်နည်းပညာက စွမ်းဆောင်ရည်ရှိမှုနဲ့ တိကျမှုကို မြှင့်တင်ပေးနိုင်ရင် ဒါကို ကျွန်တော်တို့ လက်ခံသင့်ပါတယ်။

မှသားဖော်စက်တွေနဲ့ ဆက်စပ်တဲ့ ပြဿနာတွေဟာ လူတွေကြောင့်ဖြစ်လာတာပါ။ နည်းပညာကြောင့် မဟုတ်ပါဘူး။ တရုတ်ပြည်ရဲ့ မျက်မှောက်အခြေအနေအရ တရားစီရင်ရေးဆိုင်ရာ တရားမျှတမှုကို ဖော်ဆောင်ရေးဟာ နည်းပညာအသုံးပြုမှုတွေ ကျွမ်းကျင်ခြင်းပေါ်မတည်ပါဘူး။ ဒါ့အစား နည်းပညာကို တရားစီရင်ရေး တရားမျှတမှုရဲ့ လိုအပ်ချက်တွေနဲ့အညီ အသုံးပြုလာသလားဆိုတဲ့ အချက်ပေါ်မှာပဲ တည်ပါတယ်။

**မောင်မောင်ထွန်း**

**(Ref. Beijing Review Sep, 6, 2002)**




www.burmeseclassic.com

www.burmeseclassic.com




# မုသားဖော်သော နည်းလမ်းများ

ခင်မမမျိုး

## မုသားဖော်သော နည်းလမ်းများ

မုသားဖော်နည်းလမ်းများရဲ့ ယေဘုယျအဆိုပြုချက်မှာ သံသယတရားခံဟာ စစ်ဆေးမေးမြန်းခံရတဲ့ စိတ်ဖိအားကို တွန်းလှန်ဖို့အတွက် ကာယပိုင်းဆိုင်ရာ၊ ဉာဏပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကာကွယ်မှုတွေ ပြုလုပ်လေ့ရှိတာကြောင့်၊ လိမ်လည်ပြောဆိုနေမှုတွေကို စိတ်နဲ့ ရုပ်အကြားက သဘာဝ ဆက်နွယ်မှုတွေက တစ်ဆင့် ဖော်ထုတ်နိုင်ကြောင်း ဖော်ပြထားပါတယ်။ ပိုလီဂရပ် (polygraph) နည်းလမ်းကို လူသိများပေမယ့်၊ အိပ်မွေ့ချခြင်း၊ ပီအက်စ်အီးလို့ အတိုကောက် ခေါ်ဆိုလေ့ရှိတဲ့ စိတ်ဖိအား ဆန်းစစ်ချက် (psychological stress evaluation)၊ ပီ ၃၀၀ ဦးနှောက်လှိုင်း လက်ဗွေ (P300 brain wave "finger-printing") နဲ့ မှုခင်းစိတ္တဗေဒ နည်းလမ်းတွေကိုလည်း မှုခင်းပညာရှင်များက တီထွင်ဖော်ထုတ်ထားကြပါတယ်။



ပိုလီဂရပ် မုသားဖော်စက်

### ပိုလီဂရပ်

မှုခင်းဗေဒရဲ့ ဖခင်ကြီးလို့ သတ်မှတ်ကြတဲ့ Lombroso ဆိုသူက (၁၈၉၅) ခုနှစ်မှာ သွေးခုန်နှုန်းနဲ့ သွေးဖိအားတွေကို တိုင်းတာပြီး၊ ပြစ်မှုကျူးလွန်သူများရဲ့ ရိုးသားမှုကို မှတ်တမ်းတင်တဲ့ စမ်းသပ်မှုတွေ စတင်ပြုလုပ်ခဲ့ပါတယ်။ ဒီလို တိုင်းတာပြီး မုသားဖော်တဲ့ စက်ကို hydrosphygmograph လို့ အမည်ပေးခဲ့

www.burmeseclassic.com


www.burmeseclassic.com



ပါတယ်။ အလားတူ မုသားဖော်စက်ကို ဟားဗတ် စိတ်ပညာရှင်တစ်ဦးဖြစ်တဲ့ William Marston ဆိုသူက ပထမကမ္ဘာစစ် စပိုင်မှုခင်းတွေ ဖော်ထုတ်ရေး အတွက် တီထွင်အသုံးပြုခဲ့ပါတယ်။ (၁၉၂၁) ခုနှစ်မှာ John Larson ဆိုသူက အသက်ရှူနှုန်းကိုပါ ထည့်သွင်းတိုင်းတာတဲ့ စက်ကို အဆင့်မြှင့် တီထွင်ပေးခဲ့ပြီး၊ (၁၉၃၉) ခုနှစ်မှာတော့ Leonard Keeler ဆိုသူက အရေပြားတုံ့ပြန်မှုနဲ့ အသံအတိုးအလျှော့တွေကိုပါ ထည့်သွင်းတိုင်းတာနိုင်တဲ့ မုသားဖော်စက်ကို အဆင့်မြှင့်တီထွင်ပေးခဲ့ပါတယ်။


ပိုလီဂရပ်မုသားဖော်စက် အသုံးပြုစစ်ဆေးရာမှာ စက်က အသက်ရှူနှုန်း၊ အရေပြားတုံ့ပြန်မှု၊ သွေးခုန်နှုန်းနှင့် သွေးဖိအား စတာတွေကိုသာ တိုင်းတာဖော်ပြပေးတာဖြစ်တဲ့အတွက် စစ်ဆေးသူရဲ့ အတွေ့အကြုံ၊ စွမ်းဆောင်ရည်၊ ကျွမ်းကျင်မှုနဲ့ လူကဲခတ်စွမ်းရည်တွေနဲ့ ပေါင်းစပ်ဖို့လိုအပ်ပါတယ်။ မေးမြန်းစစ်ဆေးရာမှာ ဆီလျော်သောမေးခွန်း၊ ဆီလျော်မှုမရှိသော မေးခွန်းနဲ့ ထိန်းချုပ်မေးခွန်းဆိုပြီး၊ မေးခွန်းအမျိုးအစား သုံးမျိုးရှိပါတယ်။ ဆီလျော်သော မေးခွန်းများနဲ့ ထိန်းချုပ်မေးခွန်းများမှာ သံသယတရားခံရဲ့ စိတ်ခံစားမှုတွေကို တွေ့ရှိနိုင်ပါတယ်။

## ပုံ (၁) – အမှန်အတိုင်းပြောဆိုသော သံသယတရားခံ




ပုံ (၁) – အမှန်အတိုင်းပြောဆိုသော သံသယတရားခံ

ပုံ (၁) မှာ ဖော်ပြ ထားတဲ့ အပေါ်က လိုင်းက အသက်ရှူနှုန်းဖြစ်ပြီး၊ ဒုတိယလိုင်းကတော့ သွေး ဖိအား ဖြစ်ပါတယ်။ မေးခွန်း (၄) နဲ့ မေးခွန်း (၇) တို့က မဆီလျော်သော မေးခွန်းများဖြစ်ပြီး၊ အများဆုံး တုံ့ပြန်ချက် ရှိပါတယ်။




ပုံ (၂) - လိမ်လည်သော သံသယတရားခံ

## ပုံ (၂)– လိမ်လည်သော သံသယတရားခံ

ဖော်ပြပါပုံ (၂) မှာ ထိန်းချုပ်မေးခွန်း နံပါတ် (၆)က မဆီလျော်သော မေးခွန်းနံပါတ် (၄) ထက် ပိုပြီး တုန့်ပြန်မှု ရှိပါတယ်။ ဆီလျော်သော မေးခွန်း (၃) နဲ့ မေးခွန်း (၅) မှာတော့ စိတ်ပိုင်းဆိုင်ရာ


www.burmeseclassic.com

www.burmeseclassic.com



ခံစားမှုတွေ အလွန်များပြားနေကြောင်း သိသာ ထင်ရှားနေပါတယ်။

ပုံ (၃) – လုပ်ကြံလိမ်လည်မှုရှိသော သံသယတရားခံ



ပုံ (၃) - လုပ်ကြံလိမ်လည်မှုရှိသော သံသယတရားခံ

သံသယတရားခံက စစ်ဆေးသူကို စိတ်ရှုပ်ထွေးအောင် လုပ်ကြံလီ ဆည်မှုတွေ၊ လိမ်လည်မှုတွေ ရှိတဲ့အခါ ပုံ (၃) မှာ ဖော်ပြထားတဲ့ရလဒ်ကို ရနိုင်ပါတယ်။ တတိယလိုင်းက အရေပြား တုံ့ပြန်မှုဖြစ်ပြီး၊ စတုတ္ထ လိုင်းကတော့ cardiovascular change ဖြစ်ပါတယ်။ မေးခွန်း (၄) နဲ့ မေးခွန်း (၆)က ဆီလျော်သော မေးခွန်းများဖြစ်ပြီး၊ တုံ့ပြန်မှုတွေ ရှိပေမယ့်၊ ထိန်းချုပ်မေးခွန်းများဖြစ်တဲ့ မေးခွန်း (၅) နဲ့ မေးခွန်း (၇) မှာတော့ တုံ့ပြန်မှု အားနည်းပါတယ်။

## အိပ်မွေ့ချခြင်း

အိပ်မွေ့ချရာမှာ အတိတ်က မှတ်ဉာဏ်များကို ပြန်လည်ဖော်ထုတ်ခြင်းနဲ့ မှတ်ဉာဏ်များကို တိုးချဲ့ခြင်း နည်းလမ်းများ ပါဝင်ပါတယ်။ ပထမနည်းလမ်းက မျက်မြင်သက်သေရဲ့ တစ်စုံတစ်ရာ မှတ်မိသိရှိမှုကို ပိတ်ဆို့နေတဲ့ အရာတွေကို ဖယ်ရှားရာမှာ အသုံးဝင်ပြီး၊ ဒုတိယနည်းလမ်းကတော့ တစ်စုံတရာ မှတ်မိမှု (ဥပမာ- ကားနံပါတ်) စတာတွေကို အသေးစိတ်မှတ်မိလာစေရေးအတွက် အထောက်အကူပေးနိုင်ပါတယ်။ ဒီနည်းလမ်းတွေက အိပ်မွေ့ချပညာရှင် Dr. Martin Reiser ဆိုသူ ဖော်ထုတ်ခဲ့တဲ့ retrieval theory of hypnosis နဲ့ ဆက်စပ်မှုရှိပါတယ်။

## စိတ်ဖိအား ဆန်းစစ်ချက် (ပီအက်စ်အီး)

(၁၉၆၀) ခုနှစ်နောက်ပိုင်းကာလတွေမှာ အသံတွေမှာ ပါဝင်တဲ့ laryngeal microtremors တွေကို ဆန်းစစ်ပြီး၊ စိတ်ဖိအားနဲ့ မုသားတွေကို ဖော်ထုတ်တဲ့ စက်ကို ပညာရှင်များက တီထွင်ခဲ့ပါတယ်။ သို့ပေမယ့် microtremors နဲ့ မုသားအကြားက ဆက်နွယ်မှုတွေနဲ့ ပတ်သက်ပြီး ပညာရှင်များအကြားမှာ

www.burmeseclassic.com

www.burmeseclassic.com



အငြင်းပွားနေဆဲ ရှိပါသေးတယ်။ ပီအက်စ်အီးဆိုင်ရာ နည်းလမ်းတွေထဲမှာ ဒီစက်အပြင်၊ spectrographic voice recognition နည်းလမ်းလဲ ပါဝင်ပါတယ်။ ဒီနည်းလမ်းက မှုသားတွေကိုဖော်ပြတဲ့ အသံနဲ့ အသံမဟုတ်သော ပြုမူဆောင်ရွက်ချက်တွေကို စစ်ဆေးနိုင်တဲ့ နည်းလမ်းဖြစ်ပါတယ်။

## ဦးနှောက်လှိုင်း လက်ဗွေ

အမေရိကန်ပြည်ထောင်စု၊ အိုင်အိုဝါပြည်နယ်မှာရှိတဲ့ ဦးနှောက်လှိုင်းဆိုင်ရာသိပ္ပံကို ဦးစီးနေတဲ့ အာရုံကြော သိပ္ပံပညာရှင် Lawrence Farwell ဆိုသူက ဒီနည်းလမ်းကို တီထွင်ခဲ့တာ ဖြစ်ပါတယ်။ ဒီနည်းလမ်းကို အမေရိကန်ထောက်လှမ်းရေးအေဂျင်စီများဖြစ်တဲ့ စီအိုင်အေနဲ့ အက်ဖ်ဘီအိုင်တို့က ရန်သူများမှ လာရောက်မြှုပ်နှံသူများ (moles) ကို ဖော်ထုတ်ရာမှာ အသုံးပြုကြပါတယ်။ အခြေခံသဘောတရားကတော့ ဦးနှောက်ရဲ့ အစိတ်အပိုင်းတွေဟာ လူတွေ အမှန်ပြောချိန်နဲ့ မုသားပြောချိန်တွေမှာ လင်းလက်သွားလေ့ ရှိတယ်ဆိုတဲ့ သဘောတရားဖြစ်ပါတယ်။ မုသားပြောချိန်မှာ လင်းလက်သွားတဲ့ အစိတ်အပိုင်းတွေ အများအပြားရှိပေမယ့် Dr. Farwell ရဲ့ သုတေသနကတော့ ဦးနှောက်လျှပ်စီးလှိုင်းတစ်ခုဖြစ်တဲ့ ပီ ၃၀၀ ကို အဓိကထားပြီး လေ့လာထားပါတယ်။ ပီ ၃၀၀ လှိုင်းက ရင်းနှီးကျွမ်းဝင်တဲ့ အရာဝတ္ထုကိုတွေ့မြင်တဲ့အခါ လင်းလက်လေ့ရှိပါတယ်။ ဒီနည်းလမ်းမှာ သံသယတရားခံရဲ့ စိတ်ပိုင်းဆိုင်ရာခံစားချက်များကို ထည့်သွင်းစဉ်းစားခြင်း မပြုဘဲ၊ ဦးနှောက်မှာ သိုမှီးထားတဲ့ သတင်းအချက်အလက်များကိုသာ စစ်ဆေးတာ ဖြစ်ပါတယ်။

## Spectrographic Voice Recognition

(၁၉၄၄) ခုနှစ်မှာ ဘဲလ်လက်တွေ့စမ်းသပ်ခန်းသိပ္ပံပညာရှင်များက sound spectrograph ကို တီထွင်ခဲ့ပြီး၊ (၁၉၆၀) ကာလတွေမှာတော့ Lawrence Kersta ဆိုတဲ့ သိပ္ပံပညာရှင်တွေက ထပ်မံ လေ့လာချက်များ ပြုလုပ်ခဲ့ပါတယ်။ ဒီလိုလေ့လာချက်တွေအရ အသံလက်ဗွေတွေကို အသုံးပြုပြီး ၊ လူတစ်ဦးချင်းစီကို ခွဲခြားသတ်မှတ်နိုင်ကြောင်း တွေ့ရှိခဲ့ပါတယ်။ ဒါကြောင့် Voiceprint Laboratories ဆိုတဲ့ ကုမ္ပဏီကို တည်ထောင်ခဲ့ပြီး၊ International Association of Voice Identification (IAVI) ကိုလည်း တည်ထောင်ခဲ့ပါတယ်။ ဒီအဖွဲ့အစည်းက (၁၉၈၀) ခုနှစ်မှာ International Association for Identification (IAI) ရဲ့ အဖွဲ့ခွဲ ဖြစ်လာခဲ့ပါတယ်။ နောက်ပိုင်းမှာ အသံလက်ဗွေနဲ့ ပတ်သက်တဲ့ သုတေသနတွေကို အမေရိကန်ပြည်ထောင်စု၊ မစ်ရှီဂန်ပြည်နယ် မှုခင်းလက်တွေ့စစ်ဆေးခန်းကို တည်

www.burmeseclassic.com

www.burmeseclassic.com



ထောင်ခဲ့တဲ့ Ernest Nash ဆိုသူနဲ့ မစ်ရှီဂန်တက္ကသိုလ် မှုခင်းသိပ္ပံအစီအစဉ်ကို တိုးတက်လာအောင်လုပ်ဆောင်ခဲ့တဲ့ Oscar Tosi ဆိုသူတို့က ဆက်လက်လုပ်ဆောင်ခဲ့ကြပြီး၊ အမေရိကန်ပြည်ထောင်စုအပါအဝင်နိုင်ငံတကာ မှုခင်းပညာရပ်မှာ အသံလက်ဗွေနဲ့ ပတ်သက်တဲ့ ထိပ်တန်းပညာရှင်များ ဖြစ်လာခဲ့ကြပါတယ်။ နောက်ပိုင်းမှာတော့ အသံလက်ဗွေဆိုတဲ့ အသုံးအနှုန်းကို မသုံးတော့ဘဲ spectrographic voice recognition ဆိုတဲ့ ပိုမိုကျယ်ပြန့်သော စကားလုံးကို အသုံးပြုလာကြပါတယ်။ ဒီနည်းလမ်းကို ထောက်လှမ်းရေးအေဂျင်စီ အများစုများ အသုံးပြုလေ့ရှိကြပါတယ်။

## နိဂုံး

ဥပဒေဘက်တော်သားတစ်ယောက် ကျွမ်းကျင်ထားသင့်တဲ့ ပညာရပ်တွေထဲမှာ မုသားဖော်တဲ့နည်းလမ်းတွေလည်း ပါဝင်ပါတယ်။ ပြစ်မှုကျူးလွန်သူလို့ သံသယဖြစ်ဖွယ်ရှိသူ တစ်ယောက်ဟာစစ်ဆေးမေးမြန်းစဉ် ကာလမှာ လိမ်လည်ပြောဆိုနေတာကို မျက်နှာအနေအထား၊ မျက်လုံး အရွေ့အပြောင်း၊ အာခေါင် သွေ့ခြောက်မှုနဲ့ အခြားသဲလွန်စများကတဆင့် သတိထားမိနိုင်တယ် ဆိုပေမယ့်၊ မုသားဖော်နည်းလမ်းတွေကို စစ်ဆေးမေးမြန်းမှုမှာ အသုံးပြုခြင်းဖြင့် ပြစ်မှုကျူးလွန်သူများကို ထိရောက်စွာ ဖော်ထုတ်အရေးယူနိုင်ရေးအတွက် အထောက်အကူပြုနိုင်ပါကြောင်း ရေးသားတင်ပြအပ်ပါတယ်။

**ခင်မမမျိုး**
**(၄၊ ၃၊ ၂၀၁၃)**

**ရည်ညွှန်းကိုးကား။ ။**


Burke, T. (1999). "Brain fingerprinting: Latest tool for law enforcement." Law & order 47(6): 28-31.

Comment, C. (1972). "The evidentiary value of spectrographic voice identification" Journal of criminal law, criminology & police science 63: 343.

Gray, C. & G. Kopp. (1944). Voiceprint identification. Bell Telephone Report, Bell Laboratories.

Kersta, L. (1962). "Voiceprint identification", 196 Nature magazine 1253, Dec. 29, 1962.

Moore, M., Petrie, C. & Braga, A. (Eds.) (2003). The polygraph and lie detection. NY: National Academies Press.

Reid, J. & F. Inbau. (1977). Truth and deception: The polygraph technique. Baltimore: Williams & Wilkins.


www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပ်မှန်

# မီး နှင့် ရေဖြင့် တရားစီရင်ခြင်း

ရှေးလွန်လေပြီးသောအခါက စီရင်ထုံးတစ်ခုပါ……။

ရာဇဝတ်မှုတစ်ခုတွင်….လူတစ်ယောက်အပြစ်ရှိ မရှိ ဆုံးဖြတ်ရာ၌….

ရာဇဝတ်သားသည် ရဲရဲနီအောင် မီးဖုတ်ထားသော သံတုံးတစ်တုံးကို လက်ချည်းသက်သက်ဖြင့် ကိုင်ဆောင်ပြီး ကိုးပေခန့်ခရီးကို ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွားရသည်။ ထို့နောက် ထိုလက်ကို သုံးရက်လုံးလုံး ပတ်စီးစည်းထားစေသည်။ သုံးရက်ပြည့်၍ ပတ်တီးကို ဖြေလိုက်ချိန်တွင် အနာကျက်နေပါက ထိုသူအား အပြစ်မရှိဟု ဆုံးဖြတ်ကြသည်။ အကယ်၍ ဒဏ်ရာက ရင်းပြီးအနာဖြစ်နေပါက အပြစ်ရှိသည်တဲ့လေ။

နိုက်(ထ်) ခေါ် သူရဲကောင်းတစ်ယောက်၏ အမှုတွင်မူ အလျှံညီးညီးထအောင် ပူနေသော 'သံလက်အိတ်' ထဲသို့ လက်သီးဆုပ်ကို ထိုးသွင်းခဲ့ရသည်။ မီးဖြင့် စမ်းသပ်သောနောက်တရားစီရင်နည်းတစ်မျိုးမှာ မီးရဲနေသော 'ထယ်သွားပြတ်များ' ပေါ်သို့ ခြေဗလာဖြင့် လမ်းလျှောက်စေခြင်းဖြစ်သည်။ ထိုသို့လမ်းလျှောက်သွားပြီး ဒဏ်ရာအနာတရ တစ်စုံတစ်ရာ မရရှိပါက ထိုသူအား အပြစ်ကင်းသည်ဟု ဆုံးဖြတ်ကြသည်။

ရေဖြင့် စမ်းသပ်နည်းမှာ ရာဇဝတ်သားသည် ပွက်ပွက်ဆူဆူနေသော ရေနွေးအိုးထဲ လက်ကို ထိုးနှစ်ရခြင်းဖြစ်သည်။ အထက်ကအတိုင်းပင် သုံးရက်အကြာ၌ ဒဏ်ရာပျောက်လျှင် အပြစ်ကင်းသည်ဟု ဆုံးဖြတ်ကြလေသည်။ ပြစ်မှုအကြီးအသေးအလိုက် ရေနွေးပူထဲသို့ လက်ကိုထိုးနှစ်ရသည်။ အပြစ်ကြီးပါက လက်မောင်းအထိ……။ လူသတ်မှုကဲ့သို့ ကြီးလေးသော ပြစ်မှုများအတွက်မူ ပခုံးရင်းထိ လက်ကိုထိုးနှစ်ရသည်….တဲ့လေ။

(၁၉၅၁) မှ ဧပြီလထုတ် **DIME MYSTERY MAGAZINE** မှ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



လွှတ်လပ်ရေးရပြီး မြန်မာနိုင်ငံ (ဖ·ဆ·ပ·လ)ခေတ် မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ အင်တိုင်းတိုက်နယ် ပါဝင်တဲ့ ကျေးရွာတွေက အင်တိုင်း၊ ရောင်တော်ရုံး၊ နှော့ပတောင်၊ နှော့ပင်မြောက်၊ အနောက်ပျံ့ကျ၊ အရှေ့ပျံ့ကျ၊ ကျေး ရွာပေါင်း (၆)ရွာပါဝင်တဲ့ တိုက် နယ်တစ်ခု။ ယခုတော့ ကျေးရွာ အုပ်စုပေါ့။

အဲဒီခေတ်က ထူးထူးခြားခြား ဒီတိုက်နယ်ရဲ့ သူကြီးက အမျိုးသမီး၊ အင်တိုင်းရွာက ဒေါ်တိုက်ပို၊ ကျေးရွာအလိုက်ကိုတော့ ရွာခေါင်းကြီးများက အုပ်ချုပ်ကြပြီး ထိုရွာခေါင်းကြီးများအား ကျေးရွာသား၊ ကျေးရွာသူတို့က သူကြီးလို့ပဲ ခေါ်ဆိုကြတယ့်ခေတ်။

အင်တိုင်း တိုက်နယ်တွင် ပါဝင်သော ရောင်တော်ထုံးရွာတွင် ဦးချစ်မြင့်ဆိုသူက အုပ်ချုပ်နေသဖြင့် တစ်ရွာလုံးက သူကြီးဦးချစ်မြင့်၊ တချို့က ဦးလေးမြင့်လို့ ခေါ်ကြပြီး ကျေးရွာတွင်

www.burmeseclassic.com

www.burmeseclassic.com



ကျော်သောင်း(ဘုတလင်)

# တောင်းပန်တိုင်းကျေနပ်ရမှာလားသူကြီးရယ်

ဩဇာတိက္ခမအလွန်ရှိတဲ့အတွက် အားလုံးက ကြည်ညိုလေးစားကြရတယ်။ သူကြီးဦးချစ်မြင့်မှာ သစ်သားတုတ်ကောက်ကြီးကိုလည်း အမြဲကိုင်ဆောင်လေ့ရှိသူဖြစ်ပါသည်။

ကျေးရွာတိုင်း ကျေးရွာတိုင်း ကိုယ့်သမိုင်းနှင့် ကိုယ်တော့ ရှိကြစမြဲ။ ရောင်တော်ထုံးသူ၊ ရောင်တော်ထုံးသားတို့ကတော့ သူတို့ရွာကို ပုဂံခေတ်အလောင်းစည်သူမင်းကြီး လှည်းဖြစ်ချောင်းအတွင်း ဖောင်စကြာနှင့်အလာ ထုံးခြားတဲ့ တောင်ကုန်းကို မြင်လိုက်တော့ ဖောင်တော်ကို ရပ်ပြီး အလောင်းစည်သူမင်းကြီး ထိုင်ရာမှ ရပ်ကြည့်လိုက်စဉ် ရောင်ပြေကျသွားခဲ့ရာမှ ရောင်တော်ကို ပြန်ထုံးလို့ ရောင်ပြန်ထုံး၊ ၄င်းမှ ရောင်တော်ထုံးတဲ့။

အလောင်းစည်သူမင်းကြီးသည် ထိုနေရာတွင် အမှတ်တရ ဉာဏ်တော်ဆယ့်ရှစ်တောင်ရှိ စေတီတစ်ဆူကို တည်ပြီး ရွှေမြင်တင်စေတီဟု သမုတ်တော်မူခဲ့ပါသည်။ ယခုရွှေမြင်တင်စေတီတော်အား ဉာဏ်တော် အတောင်တစ်ရာကျော်အထိ တိုးမြှင့်ထားပြီး ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် ဝါဝင် လဆန်း ၁၃ ရက်နေ့ညနေတွင် ဆွမ်းတော်ကြီး ဆီမီးများ နှစ်စဉ်ကပ်လှူကြပြီး လဆန်း ၁၄ ရက် နေ့တွင် သံဃာဒါနဆွမ်းလောင်းပွဲကြီးကို နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိကြပါသည်။

ရောင်တော်ထုံး ကျေးရွာမှာ လှည်းပြစ်ချောင်း ကမ်းပါးပေါ်တွင် တည်ရှိသောရွာဖြစ်ပြီး လှည်းပြစ်ချောင်းဟု အမည်တွင်ခြင်းမှာ ရှေးအခါက နွားလှည်းဖြင့် ချောင်းကိုဖြတ်မောင်းလာစဉ် မိုးရွာပြီး ချောင်းရေတွေကျအလာ လှည်းရော နွားပါ ချောင်းအတွင်း မျောပါသွားသဖြင့် လှည်းမောင်းသူ လှည်းပေါ်မှ ခုန်ချပြီး လှည်းပြစ်အလွတ်ပြေးခဲ့ရလို့ လှည်းပြစ်ချောင်းဟု ခေါ်တွင်ခဲ့ကြောင်း။

ရောင်တော်ထုံး ကျေးရွာရှိ ရွှေမြင်တင်စေတီတော်နှင့် ကျောက္ကာရွှေဂူနီ၊ သာစည်စေတီလှစေတီတို့မှာ တောင်မြောက်တန်းပြီး တည်ရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ မုံရွာမှ ကျောက္ကာမှ ကိုးမိုင်၊ ကျောက္ကာမှ ရောင်တော်ထုံး နှစ်မိုင်၊ ရောင်တော်ထုံးမှ သာစည်သို့ နှစ်မိုင်၊ ဘုရားသုံးဆူ၏ အလယ်ဗဟိုဌ တည်ရှိသော ကျေးရွာကို ရောင်တော်ထုံး ရွာ။

ယခု ရောင်တော်ထုံးကျေး

www.burmeseclassic.com

www.burmeseclassic.com



ရွာသည် ၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အတည်ပြုစဉ်က အင်တိုင်းကျေးရွာအုပ်မှ ခွဲထွက်ပြီး ရောင်တော်ထုံးကျေးရွာအုပ်စုအမည်ဖြင့် အရှေ့ပျံကျ၊ အနောက်ပျံကျ နှစ်ရွာနှင့် ပေါင်းရွာသုံးရွာ ကျေးရွာအုပ်စုတစ်ခုဖြစ်လာခဲ့ပြီး ယခင်က ရေအလွှန်ရှားပါးပြီး အတောင် ခုနှစ်ဆယ်ကျော်မှ ရေတွင်းက ရေကို ခဲရာ ခဲဆစ် ခါးကြိုးပတ်နှင့် ယူခဲ့ကြရာမှ ယခုတော့ ဆည်ရေကန်ကြီး တည်ဆောက်ပြီး ရွာထဲ အိမ်ပေါက်အရောက် ရေပိုက်များနှင့် ဆက်သွယ်ရယူသုံးစွဲနေကြရသည့် အပြင် လျှပ်စစ်မီးတွေလည်း ထိန်လင်းလျက်ရှိခဲ့ကြပါပြီ။

❖ ❖ ❖

ဟိုယခင် ဖဆပလခေတ် ရွာသူကြီး ဦးချစ်မြင့်၊ ဦးလေးမြင့် လက်ထက် တောင်သူလယ်ယာလုပ်ကိုင်ပြီး စားရေး၊ သောက်ရေး၊ စီးပွားရေးအဆင်ပြေသော ဦးမြအောင်၊ ဒေါ်တောမှီတို့တွင် သားမောင်ဒေဝဆိုတဲ့ ကာလသားအရွယ် သားရှိပြီး ထိုရွာမှာပဲ မြေ မြဲ ယာမဲ့လုပ်စား၊ ကိုင်စား ဆင်းရဲသော ဦးဘငြိမ်း၊ ဒေါ်အေးချိုမှာလည်း သမီးလေး မငွေးတင် ဆိုတာ ရှိခဲ့ကြတယ်။

ဒေဝနှင့် ငွေးတင်တို့က လူငယ်တို့ဘာဝ သမီးရည်းစား ချစ်ကြိုက်နေခဲ့ကြတယ်။ ဒေဝက ငွေးတင်အား ချစ်ကြိုက်နေခြင်းကို သဘောမတူသူက ဒေဝရဲ့ အမေ ဒေါ်တောမှီ။ ဒေါ်တောမှီရဲ့သဘောက ငွေးတင်တို့ဘက်က ဆင်းရဲတယ်ပေါ့။ သူတို့က စားနိုင်သောက်နိုင်ဆိုတော့ သူ့သား ဒေဝကို ငွေးတင်နဲ့ မယူစေချင်ဘူး။ သူ့သားဆင်းရဲမယ်ပေါ့။

သို့သော် လူငယ်တို့ဘာဝ ဘယ်လိုပင် သဘောမတူတူ သူတို့အချစ်က မပျက်။ သာစည်စေတီ လှဘုရားပွဲမှာလည်း တတွဲတွဲ။ ကျောက္ကာရွှေဝှမ်းဘုရားပွဲတော်မှာလည်း အတူတူ။ တစ်ရွာလုံးကလည်း ဒေဝနှင့် ငွေးတင်တို့ရဲ့အကြောင်းကို အားလုံးသိနေကြပြီလေ။

ဒေဝတို့ ငွေးတင်တို့ရွာက ရွှေမြင်တင်ဘုရားပွဲရက် ဝါဆိုလဆန်း (၁၃)ရက်နေ့ ဆွမ်းတော်ကြီးကပ် မီးထွန်းပွဲမှာလည်း ဒေဝနှင့် ငွေးတင်တို့က တတွဲတွဲ



www.burmeseclassic.com

www.burmeseclassic.com



လဆန်း (၁၄) ရက်နေ့ ဆွမ်းလောင်းပွဲရက် နံနက် ဆွမ်းမလောင်းမီ ဘုရားရင်ပြင်တော်ပေါ် ဆွမ်းလောင်းလာကြသူများနှင့် စည်ကားနေတဲ့အချိန်။

ဒေဝရပ်နေတဲ့နေရာ ဌေးတင်ရောက်လာပြီး ဌေးတင်က ဒေဝလက်ကို ဆွဲကိုင်လိုက်စဉ် ဒေဝနဲ့ ဌေးတင်တို့ကို မြင်လောက်သည့်နေရာမှာရှိနေသော ဒေဝမိခင် ဒေါ်တောမှီ၊ ဒေဝနှင့် ဌေးတင်တို့ရှိရာရောက်လာခဲ့ပြီး ဘာညာပြောဆိုခြင်း မရှိဘဲ "ဖြန်း ... ဖြန်း ... ဖြန်း"

ဒေါ်တောမှီ ဒေဝလက်ကိုင်ထားသော ဌေးတင်ရဲ့ ပါးကို သူ့ညာလက်ဝါးဖြင့် ရိုက်လိုက်သည့်အသံ။ ဒေါ်တောမှီ ပါးစပ်က ပြောလိုက်တာက ...

"ငါ့သားနဲ့ နင် တူသလား၊ တန်သလား" တဲ့။ ဌေးတင် ဘာမှ မပြောနိုင်ရှာပဲ ငိုယိုပြီး အိမ်သို့ ပြန်သွားခဲ့ပြီး မိခင်ဒေါ်အေးချိအား ပြောဆိုတိုင်တန်းလိုက်ရာ ...

ဒေါ်အေးချိမှာ သမီးအတွက် ရှက်လည်းရှက်၊ ဒေါသလည်းဖြစ် ရက်စက်လိုက်တာ တောမှီ

> **သူတို့နှစ်ဦး ကျားနှင့်ဆင် လယ်ပြင်တွေ့တဲ့ ပွဲဆိုတော့ ရောင်တော်ထုံး တစ်ရွာလုံးက စိတ်ဝင်စားကြပြီး သူကြီးအိမ် လူစည်ကား နေတော့တာပေါ့။**

ရယ်။ သမီးအတွက် မျက်ရည် ပေါက်ပေါက်ကျခဲ့ရာမှ ...

"လာ ... သမီး။ သူကြီးဦးလေးမြင့်ကို သွားတိုင်မယ်။ သူတို့ စားနိုင်သောက်နိုင်တယ်ဆိုပြီး ဒါဟာ စော်ကားတာပဲ။ မခံနိုင်ဘူး"

သမီးလက်ဆွဲပြီး သူကြီးဦးလေးမြင့်ထံ သွားရောက်၍ အကျိုးအကြောင်း တိုင်ပြောရာ သူကြီးဦးလေးမြင့်မှ ...

"အေး ... အေး ... ဒီကနေ့ ဘုရားပွဲနေ့ကြီး။ မနက်ဖြန်မှ ဆုံပြီး ပြောကြ ဆိုကြရအောင်။ အေးချိရေ ... ပြန်ကြ ... ပြန်ကြ။ မနက်ဖြန်နေ့ပိုင်း ထမင်းစားပြီးချိန်လာခဲ့ကြ။ ဆုံရှင်းတာပေါ့"

နောက်တစ်ရက် နံနက်စာ ထမင်းစားပြီးချိန် ဒေါ်အေးချိ သမီး မတင်ဌေးပါခေါ်ပြီး သူကြီးအိမ် ရောက်လာခဲ့ကြပြီး ဒေါ်တောမှီကတော့ သား ဒေဝမပါဘဲ တစ်ယောက်တည်း သူကြီးအိမ် ရောက်လာခဲ့ရာ ဒေဝကတော့ မတင်ဌေးကိုလည်း သနား၊ အားလည်းနာ၊ မျက်နှာကိုခြောင်မကြည့်ဝံ့လို့ သူကြီးအိမ် လိုက်မလာကြောင်း သိရတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူကြီးအိမ်တွင် ဒေဝနှင့် တင်ဋ္ဌေးတို့ရဲ့ကိစ္စကို ဖြေရှင်းမည့်နေ့ဖြစ်လို့ ရောင်တော်ထုံးတစ်ရွာလုံး စိတ်ဝင်စားခဲ့ကြရာမှ သူကြီးအိမ်တွင် လူများ အများအပြား ရောက်ရှိနေကြသည်ကို တွေ့ရပါသည်။

ဒေါ်အေးချီဆိုတာက လုပ်စား ကိုင်စား စီးပွားရေးအဆင်မပြေသော်လည်း မဟုတ်မခံ၊ ပြောရဲဆိုရဲ သတ္တိ၊ ဇျတ္တိ ရှိသူ။ ဒေါ်တောမှီတို့ကတော့ စားနိုင်သောက်နိုင်၊ အရာရာ လူပေါ် လူဇော်၊ ရွာပေါ် ရွာဇော် အပေါ်စီးနေတဲ့ပုဂ္ဂိုလ်။

သူတို့နှစ်ဦး ကျားနှင့်ဆင် လယ်ပြင်တွေ့တဲ့ပွဲဆိုတော့ ရောင်တော်ထုံးတစ်ရွာလုံးက စိတ်ဝင်စားကြပြီး သူကြီးအိမ်လူစည်ကားနေတော့တာပေါ့။

သူကြီးအိမ်တွင် နှစ်ဖက်အမှုသည်များ သူကြီးဆင့်ခေါ်ထားသော ဆယ်အိမ်ခေါင်းများ၊ သူကြီးအိမ်ဧည့်ဆောင်နှင့် အိမ်ဝင်း တစ်ဝင်းလုံး လူစည်ကားနေတဲ့အချိန်။

သူကြီးဦးချစ်မြင့်မှာ တန်းလျားခုံ နှစ်ခုံကြားရှိ စားပွဲထိပ်မှာ ချထားသည့် ကုလားထိုင်တွင် ကိုင်နေကျအတိုင်း ကျွန်းသားတုတ်ကောက်ကို ကုလားထိုင်ဘေးက ထောင်ပြီး ထိုင်လိုက်ပြီးတော့မှ ...

"ဟဲ့ ... တောမှီ ရောက်ပြီလား"

"ရောက်ပါပြီ သူကြီးမင်း"

"အေးချီ ... ရောက်ပြီလား"

"ရောက်ပါပြီ သူကြီးမင်း"

"အေး ... အေး ... အားလုံးရောက်ကြရင် နားထောင်ကြ။ ငါ ဆုံးဖြတ်မယ်။ ရွာထဲက နားထောင်လာကြတဲ့ လူများ စကားမပြောကြနဲ့။ ငါ ပြောတာ



ငါ ဆုံးဖြတ်တာ နားထောင်"

"အားလုံး ကြားကြရဲ့လား"

"ကြားပါတယ် ... သူကြီးမင်း"

"အားလုံးငြိမ် ... ငြိမ်ထိုင်နားထောင်ကြ"

သူကြီးပြောလိုက်တော့ လူအားလုံး စကားမပြောကြတော့ဘဲ ငြိမ်ပြီး သူကြီးမင်း ပြောမယ့်စကားကို နားထောင်နေကြတယ်။

"ကိုင်း ... ငါ မေးမယ်။ အမေးခံရတဲ့သူကသာ ပြန်ဖြေ။ မဆိုင်သူ အမေးမခံရသူက ဝင်မဖြေရဘူး"

ဘုရားပွဲနေ့က ဘုရားပွဲဆွမ်းလောင်းလာကြတဲ့ ပရိသတ်ရှေ့ ဒေဝလက်ကို တင်ဋ္ဌေးက ဆွဲပြီးကိုင်တယ်ဆိုတာ တောမှီ ဟုတ်သလား"

"ဟုတ်ပါတယ် သူကြီးမင်း"

"နင်က လူဘုံအလယ် မိန်းကလေးတန်မဲ့ အရှက်မရှိ ငါ့သားလက် ဆွဲရမလားဆိုပြီး တင်ဋ္ဌေးရဲ့ပါးကို သုံးချက်ရိုက်တယ်ဆိုတာ မှန်သလား"

"မှန်ပါတယ် သူကြီးမင်း"

www.burmeseclassic.com

www.burmeseclassic.com



“နှင် မိန်းကလေးတစ်ဦး အပေါ် နိုင်ထက်စီးနင်း ပါးရိုက်တာ မှားသလား၊ မှန်သလား”

“မှားပါတယ် သူကြီး။ အရှက်မရှိ မိန်းကလေးဖြစ်ပါလျက် ဒီလိုသူ့သားလက်ဆွဲရမလားဆိုပြီး ဒေါသမထိန်းနိုင်လို့ ရိုက်မိပါတယ် သူကြီး”

“အေး … နှင် လွန်တာပေါ့။ တို့လူကြီးလုပ်တဲ့လူဆိုတာ ကြီးတဲ့အမှု ငယ်အောင်၊ ငယ်တဲ့အမှု ပပျောက်အောင်။ ကိုင်း … ငါ ဆုံးဖြတ်မယ်။ အားလုံး နားထောင်ကြ။ တောမှီက အေးချီရဲ့ သမီး ငွေးတင်ကို သူ့သားဒေဝလက်ကို လူဘုံအလယ်ဆွဲကိုင်ရမလားဆိုပြီး တင်ငွေးပါးကို ကိုယ်ထိလက်ရောက် စော်ကားခြင်းမှာ တောမှီ အပြစ်ရှိတာပေါ့။

တောမှီအပြစ်ရှိသလား”

“ရှိပါတယ် သူကြီးမင်း”

“အေး … ရှိရင် အပြစ်ပေးမယ်”

တောမှီအပြစ်ရှိတဲ့အတွက် အေးချီတို့ သားအမိအား ယခု



လူဘုံအလယ်မှာ ဝန်ချတောင်းပန်လိုက်”

“ဟုတ်ကဲ့ … တောင်းပန်ပါ့မယ်”

ဒီလိုပြောဆိုနေစဉ် ဒေါ်အေးချီ နှုတ်ခမ်းများ ဆတ်ဆတ်တုန်နေပြီး …

“သူကြီးမင်း … သူကြီးမင်း ကျုပ် ပြောပါရစေ။

ကျုပ်သမီး အပျို … နု နု … ထွတ် … ထွတ်ကလေးကို ဘုရားပွဲ လူဘုံအလယ် ပါးရိုက်တာကို ကျုပ်တို့ … ကျုပ်တို့က **တောင်းပန်တိုင်း ကျေနပ်ရမှာလား**”

“အေးချီရယ် … တို့ တစ်ရွာတည်းသားတွေပဲ။ တောင်းပန်ရင် ကျေနပ်လိုက်ပေါ့ အေးချီ”

“ဟုတ်ကဲ့ … ကျုပ်တို့က တောင်းပန်တိုင်း ကျေနပ်ရမယ်။ ကျုပ်တို့က **တောင်းပန်တိုင်း ကျေနပ်ရမှာလား**”

“သူတို့က စားနိုင်သောက်နိုင်၊ ကျုပ်တို့ လက်လုပ်လက်စားဆင်းရဲသား။ ငွေကြေးတတ်နိုင်တဲ့လူရဲ့ မတရားစော်ကားမှုကို တောင်းပန်ရုံနဲ့ ကျေနပ်ရမှာလား သူကြီးရယ်။ စဉ်းစားကြည့်စမ်း

www.burmeseclassic.com

www.burmeseclassic.com



ပါ''

''ငါက တစ်ရွာတည်းသားတွေမို့ ပြောတာပါ အေးချို''

''သြော် ... တစ်ရွာတည်းသားတွေမို့။ ဒါဖြင့် ကောင်းပြီ။ ကျုပ်ကိုယ်တိုင် သူကြီးမင်းပါးကို သုံးချက်ရိုက်မယ်။ ပြီးတော့ သူကြီးမင်းကို ဝန်ချတောင်းပန်မယ်။ သူကြီး ကျေနပ်မလား''

ထိုအခါ သူကြီးမင်းဦးချစ်မြင့် ဒေါသအိုးပေါက်ကွဲပြီး ...

''တယ် ... ဒီကောင်မ အေးချို ... စော်ကားမော်ကား''

သူကြီး စိတ်ဆိုးဒေါသထွက်ပြီး ကုလားထိုင်ဘေး ထောင်ထားသော တုတ်ကောက်ကြီးကို ဆွဲယူပြီး လူပုံအလယ်ရှိ ဒေါ်အေးချိုထိုင်နေရာသို့ တုတ်ကောက်ကြီးနှင့် ပစ်လိုက်ရာ နားထောင် နေကြသော လူအုပ်ကြီးမှာ သူကြီး မင်းစိတ်ဆိုးပြီး ပစ်လိုက်သောကြောင့် ဝုန်းဆို အားလုံးထအပြေး ဒေါ်အေးချိုက မပြေးဘဲ သူကြီးကို ပြန်ပြောလိုက်တာက ...

''ဟော ... သူကြီး ... ကျုပ်ကို တုတ်ကောက်နှင့် ပစ်တယ်ပေါ့။ ကျုပ်ကို တုတ်ကောက်နှင့်ပစ်တဲ့အတွက် သူကြီး အပြစ်ရှိသွားပြီ။ သူကြီး အပြစ်ရှိသွားပြီ။

ကိုင်း သူကြီးအပြစ်ရှိသွားတော့ အေးချိုကို ဝန်ချတောင်းပန်။ သူကြီး ဝန်ချတောင်းပန်မှ အေးချို ကျေနပ်မယ်''

ဟု ပြောဆိုပြီး ဒေါ်အေးချိုတို့ သားအမိ သူကြီးအိမ်ဝင်းထဲမှ ထွက်သွားကြပါတော့သည်။

ဒီအကြောင်းအရာက ဟိုလွန်ခဲ့တဲ့လွတ်လပ်ရေးရပြီးစ သူကြီးအုပ်ချုပ်စဉ်ကာလက အဖြစ်အပျက်။ ဒီအဖြစ်အပျက်ကို ရောင်တော်ထုံးကျေးရွာတစ်ရွာလုံး စိတ်ဝင်စားခဲ့ကြပြီး ယနေ့တိုင်အောင် ပြောစမှတ်တွင်ပြီး ကျန်ရှိခဲ့တဲ့ တကယ့်အဖြစ်အပျက်။

ဒီအဖြစ်မှန်ကို ပြောပြသူက စာရေးသူနှင့်တစ်ရပ်ကွက်တည်း အိမ်နားနီးချင်း မိတ်ရင်းဆွေရင်း ပြောမနာ၊ ဆိုမနာ ရောင်တော်ထုံးသားစစ်စစ်။ မုံရွာမြို့ ရွှေ့ပြောင်းနေထိုင်သူ ကိုမြင့်သိန်း။


ကိုမြင့်သိန်းပြောပြတဲ့ အချိန်တိုက်ဆိုင်မှုဖြစ်နေတာက လုပ်ချင်တိုင်း၊ လုပ်ပြီးခါမှ ဝန်ချတောင်းပန်တယ်ဆိုတဲ့အချိန်။ သို့ဖြစ်ပါသောကြောင့် ရောင်တော်ထုံးကျေးရွာက အဖြစ်မှန်တစ်ခုကို ဝတ္ထုအသွင်ရေးသားတင်ပြလိုက်ခြင်းဖြစ်ပါသည်။

စာရေးသူ အထူးတောင်းပန်ချင်တာက ကိုမြင့်သိန်း ပြောပြချက်အတိုင်း ရွာအမည်၊ လူအမည်ကအစ လွှဲပြောင်းခြင်းမရှိဘဲ ပကတိအတိုင်း ရေးသားတင်ပြထားပါသည်။ ဖော်ပြခံရသူများ သက်ရှိထင်ရှားရှိပါက ကွဲလွဲနေပါလျှင် စာရေးသူ၏ ကွဲလွဲယူဆချက်သာ ဖြစ်ပါကြောင်း တောင်းပန်အပ်ပါသည်။

**ကျော်သောင်း (ဘုတလင်)**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မျိုးသစ်

# ယုန်ထင်၊ ကြောင်ထင်

လုပ်ငန်းခွင်တစ်ခုတွင် . . အတွင်းသိ . . . အစဉ်းသိ။

လူရင်းထဲမှ တစ်စုံတစ်ယောက်သောသူက ခိုးမှုတစ်ခု ကျူးလွန်မိခဲ့သည်မှ အစပြု၍။ အတိအကျ မျက်မြင်သက်သေ မရှိသည့်အပြင် အခိုင်အမာ စွပ်စွဲရလောက်သော အထောက်အထား မတွေ့ရ၍ (အပ်ကျမပ်ကျ မဖော်ထုတ်နိုင်ဘဲ) ဟိုလူလိုလို၊ ဒီလူလိုလို အထင်သံသယ ဖြစ်ပွားခဲ့ရသည်။ ဤသည်ကိုပင်ဗုဒ္ဓဘာသာဝင် သူတော်စင်တို့က (ဥစ္စာပျောက် ငရဲရောက်) ဟု ရှေးဟောင်း စကားဆိုကြလေမည်လား။ အမှန်အားဖြင့် အထင်သံသယတို့ကြောင့် ဟိုလူခိုးနိုး ဒီလူခိုးနိုးဖြစ်နေရခြင်းမှာ အကုသိုလ်ဖြစ်ရသည်။



အရပ်သုံးစကားအရ ယင်းသို့သော သံသယစိတ်ထားကို (ယုန်ထင်၊ ကြောင်ထင်) ဖြစ်ရခြင်းဟု ဆိုရမည်။ အထင်အမြင်တို့သည် အတိအကျ ဖြစ်မလာသည့်အခါ (ဒေါမနဿ) နှလုံးမသာယာခြင်းကို ဖြစ်စေ၏။ ပစ္စည်း ပျောက်ဆုံးမှုနောက်တွင် လိုက်လာသော ဆိုးကျိုးများပါလေ ပစ္စည်းခိုးသွားသူကလည်း ခိုးမှုတွင်သူ့ကို ထည့်သွင်း၍ တွက်ချက် မရလောက်အောင် အမျိုးမျိုးသော နည်းလမ်းများ ဖန်တီးခဲ့မည်မှာ အမှန်။ သို့တစေ ရာဇဝတ်မှု ကောင်းကျိုးမပြု ဆိုသည့်အတိုင်း အမှန်တရားအရ ခိုးမှုကြီးဘွားဘွား ပေါ်လာသည့်နောက်တွင်မှ လက်သည်တရားခံအစစ်မှာ မထင်မှတ်ရသောသူ။

"တောက်"

ကိုမောင်မောင်အေး၏

www.burmeseclassic.com

www.burmeseclassic.com



မျိုးသစ်

# ယုန်ထောင် ကြောင်ထောင်

တောက်ခေါက်သံမှာ ကျယ်လောင်စွာ ပေါ်ထွက်လာ၏။ စိတ်မဆိုးစဘူး၊ စိတ်ဆိုးနေသဖြင့် ဖြူဖွေးသောမျက်နှာပြင်တွင် နီရဲနေသည်။ နာမည်နှင့်လိုက်အောင်အေးဆေးပြီး စိတ်ရှည် သည်းခံတတ်သူတစ်ယောက် စိတ်ဆိုးလာသောအခါတွင် မျက်နှာထားသုန်မှုန်လာ၏။ လက်အောက် ငယ်သားတွေအပေါ် စာနာသနား၍ ကြည့်ရှုတတ်သည့်စိတ်ဓာတ်၊ ငဲ့ညှာတတ်သည့်စိတ်ဓာတ်မျှတသည့်စိတ်ဓာတ်ကြောင့် လူချစ် လူခင်ပေါသည်။ လက်ထောက် အင်ဂျင်နီယာအဖြစ် လုပ်ကိုင်လာရာတွင် နာမည်ပျက် လုံးဝမရှိ။ အထက် လူကြီးများက သူ့လုပ်ရည်ကိုင်ရည်နှင့် တာဝန်ဝတ္တရားအပေါ် ကျေပွန်မှုကို အသိအမှတ်ပြုထားကြသည်။ ခုဖြစ်လာသည့်ကိစ္စမှာ သူ့နယ်ပယ်အတွင်း သူ့တာဝန် ဖြစ်နေသောကြောင့် ရှင်းရမည်မှာသူပင် ဖြစ်ပါသည်။ ပျောက်ဆုံးသည့်ပစ္စည်းမှာအသေးအဖွဲ့ပစ္စည်း ပျောက်ဆုံးခြင်းလည်းမဟုတ်။ လုပ်ငန်းသုံးဖြစ်သော ကူဘိုတာ(၅/၆) စက်တစ်လုံးနှင့်တွဲလျက် ခရုပတ်ရေစုပ်စက်တစ်လုံး ပျောက်ဆုံးခြင်းပင်။ လုပ်ငန်းခွင်တွင် လိုအပ်သည့်အခါ (ရုံဖန်) သုံးရသည်မှ တစ်ပါး၊ ပစ္စည်းသိုလှောင်ရုံရှေ့ သွပ်အမိုးအကာ အောက်တွင် တစေထားစမြဲ။ ပေါ့ပါးသည့် ပစ္စည်းမဟုတ်ဘဲ သန်သန်မာမာယောကျ်ားကြီးသုံး လေးယောက်ပင့်ချီ (မတင်,မချ) လုပ်နေရသည်။ ဓာတ်သီ အစဉ်းသီ ဖြစ်လင့်ကစား လွယ်လင့်တကူ ယူဆောင်ရန် မဖြစ်နိုင်သည့်အနေအထား။ ပစ္စည်းကိရိယာ အစုံအလင်ဖြင့် ဖြုတ်ယူသည့်တိုင်အချိန်ယူရမည်ဖြစ်သဖြင့် လူမြင်သူမြင်ဖြစ်လာနိုင်သည်။ သို့နှယ် (အလွယ်တကူ မယူနိုင်ပါ) ဟုဆိုသော်လည်း ထားရာနေရာတွင် မရှိတော့သည်မှာ အမှန်။ သိုလှောင်ရုံမှူး၏ သတင်းပေးပို့ချက်ကြောင့် ကိုမောင်မောင်အေး တအံ့တသြ သိခွင့်ရလိုက်၏။

"နေပါဦး။ ပျောက်တာက စနေ၊ တနင်္ဂနွေပိတ်ရက်မှာပေါ့"

"ဟုတ်ပါတယ် ဆရာ။ ကျွန်တော့်စက်ဘီးက အဲဒီနားထားလို့ သောကြာနေ့ ညနေအထိ ရှိတာ ကျွန်တော့်အမြင်၊ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော့်အတွေ့၊ တနလ်ာနေ့ရှိုး တက်တော့ လုံးဝမရှိတော့ဘူး"

"တကယ်ဆို အလုပ်သမားတန်းလျားနဲ့လည်း မနီးမဝေးဘဲ၊ မြင်နိုင်တွေ့နိုင်တယ်။ ခိုးသွားတာ ညပိုင်းဖြစ်ရမယ်"

"ဖြစ်နိုင်တယ် ဆရာ။ အပြင်ခြံဝင်းသော့ကို ရိုက်ဖျက်သွားပြီး ပုံမပျက်ပြန်စေ့သွားတယ်"

"ညစောင့် မောင်မြင့်အောင်နေထိုင်မကောင်းတဲ့ အချိန်လေးမှာ ဖြစ်သွားတော့ လောလောဆယ်ဆယ် ညစောင့်မရှိတာလည်း သိတဲ့ (ဓာတ်သိ) သူခိုးဆိုရမှာပဲ။ ချက်ခြင်းအမှုဖွင့်လို့မဖြစ်သေးဘူး။ ကြိတ်စုံစမ်းရမယ်။ မတတ်သာရင်အစားဝယ်ပြီး ထည့်သင့်ထည့်ရမှာ။ နို့မို့ဆို ရှုပ်ကုန်လိမ့်မယ်"

"ဆရာ့သဘောပါ ဆရာ။ ကြိုက်တာလုပ်ပါ"

"သိပ် မကျယ်ပြန့်စေနဲ့၊ ကျွန်တော် ရုံးအုပ်ကြီးနဲ့တိုင်ပင်ပြီး လုပ်မယ်။ ခင်ဗျားလည်း မသိသော ကိုယ့်နည်း ကိုယ့်ဟန်နဲ့ စုံစမ်းပါ။ ဟုတ်ပြီနော်"

"စိတ်ချပါဆရာ။ အတတ်နိုင်ဆုံးကြိုးစားပါ့မယ်။ ကျွန်တော်တို့မှာလည်း တာဝန်ရှိပါတယ်"

သိုလှောင်ရုံမှူး ကိုအုန်းမြင့်ပြန်သွားသည့်တိုင် ကိုမောင်မောင်အေး ဆက်လက်စဉ်းစားခန်း ဝင်နေသည်။ ခိုးမှုကြောင့် ခေါင်းစားနေရပြီ။

"ဒီပစ္စည်းကြီး ထမ်းပိုးသွားလို့မှမရတာ၊ သယ်ရင် ကားတို့၊ လှည်းတို့လိုမှာပါ။ ဆရာပဲ စဉ်းစားကြည့်လေ။ မလွယ်ပါဘူး"

ရုံးအုပ်ကြီးက သူ့အမြင်ကို ပြောနေခြင်းဖြစ်သည်။

"မှန်ပါတယ်။ ဒါပေမယ့် ခိုးတဲ့လူတွေကတော့ ခိုးသွားကြတာ လွယ်လွယ်ကူကူ အစအနကိုတောင် မမြင်ရတာအံ့ဩစရာပဲ"

"ဆရာပြောတဲ့အတိုင်း ဒီသိုလှောင်ရုံနဲ့ ပတ်သတ်သူတွေထဲက အရက်သောက်သူ၊ ဖဲရိုက်သူနဲ့အရင်က လက်စလက်န ရှိခဲ့ဘူးသူတွေစာရင်းကို ဒီစာရွက်မှာရေးထားတယ်။ စွယ်စုံဆိုးခဲ့တာက နှစ်ယောက်လောက်ပါ။ ကျန်သူတွေက အရက်ကိုသာ သောက်တာ၊ ဖဲမရိုက်ဘူး။ တချို့က ဖဲ

ဒီစာရွက်မှာ ရေးထားတယ်။ စွယ်စုံဆိုးခဲ့တာက နှစ်ယောက်လောက်ပါ။ ကျန်သူတွေက အရက်ကိုသာ သောက်တာ၊ ဖဲမရိုက်ဘူး။ တချို့က ဖဲရိုက်ပေမယ့် အရက်မသောက်ကြဘူး။ မှတ်ချက်တွေ ရေးထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ပေးမယ့် အရက်မသောက်ကြဘူး။ မှတ်ချက်တွေရေးထားပါတယ်။

"ကောင်းပါပြီ . . ရုံးအုပ်ကြီး။ ခင်ဗျားလည်း မျက်စေ့ဖွင့်ပြီး နားစွင့်ထားပါ။ ကျွန်တော်တို့ ဝိုင်းဝန်းမှ ဒီကိစ္စပေါ်မှာ"

"မှန်ပါတယ်။ ထူးခြားရင် ကျွန်တော်ပြောပါ့မယ်"

ခရိုင်မြို့ကြီး မဟုတ်ဘဲ လုပ်ငန်းခွဲအရ ဆောင်ရွက်နေရသည့် မြို့နယ်မြို့ဖြစ်သဖြင့် နယ်မြေအရ ကျယ်ဝန်းသည်ဟု မဆိုသာ။ ကိုမောင်မောင်အေး စိတ်ထဲတွင် မကြာမတင်အစ ပေါ်မည်ဟု ယုံကြည်ထား၏။

"ဆရာတို့ ··· ကျွန်တော်တို့စုံစမ်းတာထက် အမာခံရှာဖို့လိုတယ်"

"ဘယ်လို အမာခံမျိုးလည်း ပြောစမ်းပါဦး"

"သာမန် အရပ်သားထဲက နီးစပ်တဲ့ လူတစ်ယောက်ပေါ့။ သူက အရက်ဆိုင်ဖဲဝိုင်းတွေနဲ့လည်း ထိတွေ့ နီးစပ်တဲ့လူတစ်ယောက် ဒါမှ သူ့ကိုတည်ကြက်လုပ်ပြီး လှေလာရင်လွှယ်လိမ့်မယ်"

"ခင်ဗျား ဆိုလိုတာက သတင်းပေး တစ်ယောက်ပေါ့။ အဲဒီလိုလူမျိုးကို ပေးကာမ်းပြီးခိုင်းရမှာ ပြောတာမဟုတ်လား"

"ဟုတ်တယ်ဆရာ။ ပြောရရင်ပစ္စည်း ဝယ်မယ့်ပုံဖြစ်သင့်တယ်။ ဒါမှပစ္စည်းသတင်းစ ရတော့မှာပေါ့"

"ဒီကိစ္စ ခင်ဗျားလုပ်ပါ။ လိုအပ်မယ့်ငွေ ထုတ်ပေးမယ်"

သို့လျှောင်ရုံမှူး ကိုအုန်းမြင့်လက်ထဲ ငွေထုတ်ပေးလိုက်၏။ ကိုမောင်မောင်အေး ကိုယ်တိုင်မှာ ရုံးအုပ်ကြီး ဦးအေးဆွေပေးလိုက်သည့်စာရင်းပါ အလုပ်သမားများ၊ ဝန်ထမ်းများစာရင်းကို သေချာစွာ လေ့လာပြီး မသင်္ကာသူများအား ခွဲထုတ်နေပါသည်။ ပေးခဲ့သော စာရင်းပါသူများအနက် မသင်္ကာစရာ အကောင်းဆုံးအဖြစ် လူငါးဦး စာရင်းပေါ်လာသောကြောင့် သူ့စိတ်ထဲဝမ်းသာသွားမိသည်။


ခိုးမှုဖြစ်ပြီး နှစ်ရက်အကြာ ညနေစောင်းတွင် လုပ်သားဝန်ထမ်းတစ်ဦး အိမ်ရှေ့ရောက်နေကြောင်း ဇနီးသည် ပြောစကားအရထွက် တွေ့ခဲ့သည်။ ညစောင့် မောင်မြင့်အောင်ကို ညိုးညိုးငယ်ငယ် တွေ့လိုက်ရ၏။

"မင်း နေကောင်းပြီနော်။ မျက်စိမျက်နှာမကောင်းပါလား"

"နလန်ထဆိုပါတော့ ဆရာရယ်။ ဒီနေ့ ကျွန်တော်ပြန်ဝင်တော့မယ်။ ဆရာ့သတင်းလာပို့တာပါ"

"မင်းတကယ်ကော နေကောင်းရဲ့လား။ တော်ကြာ ပြန်ဖျားနေဦးမယ်။ ရှင်းရှင်းပျောက်မှဝင်ပါလားကွာ"

"မဟုတ်ဘူး ဆရာ။ ကျွန်တော့်တာဝန်လစ်ဟင်းလို့ ခုလို



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စဖြစ်ရတာ သိုလှောင်ရုံမှူး ပြောလို့ အကုန် သိပြီးပါပြီ။ ကျွန်တော် ရှိရင်ဒီလိုဖြစ်မှာ မဟုတ်ဘူး''

''အေး ... မင်း ခွင့်ရက်နဲ့ ပျက်နေတုန်း လူစားမသွင်းနိုင်တာကလည်း တို့အပြစ်ပေါ့။ ငါ ကိုယ်တိုင်က ခရီးထွက်နေရတာကိုး''

''ကျွန်တော် ဒါကြောင့် ပြန်ဝင်တာပါ။ လစ်ရင်လစ်သလို လုပ်ကြမှာ ကျိန်းသေပဲ။ ဖဲသမားတွေ အကြီးအကျယ်ရှုံးနေတယ်လေ''

''ဟင် ... ဒါဖြင့်မင်းလည်း ဒီအကြောင်း တစ်ခွန်းတစ်စ သိတာပေါ့''

''သေချာ လူကိုတိတိပပ ပြောနိုင်ပေမယ့် ဖြစ်နိုင်ခြေရှိသူတွေကိုတော့ ညွှန်နိုင်မယ်ထင်တယ်ဆရာ''

''ဒါဖြင့် ငါ့ကိုဖြစ်နိုင်မယ့်သူငါးဦးစာရင်းရေးပေးစမ်း''

သူတကုတ်ကုတ် စာရေးနေချိန်တွင် ကိုမောင်မောင်အေး အိပ်ခန်းတွင် ကမန်းကတန်းဝင်သွား၏။ ဂျာကင် အင်္ကျီတစ်ထည်နှမ်း တစ်ထည်ကိုထုတ်လာ

လစ်ရင်လစ်သလို
လုပ်ကြမှာ
ကျိန်းသေပဲ။
ဖဲသမားတွေ
အကြီးအကျယ်
ရှုံးနေတယ်။

သည်။

''ရေးပြီးသွားပါပြီဆရာ။ ဌာနအတွက် နာမည်ပျက်မှာစိုးလို့သာ ဒီလို ရေးမိတာပါ။ တကယ်တမ်း သူတို့ကိုလည်း အပြစ်မဖြစ်စေချင်ပါဘူး ... ဆရာရယ်။ ကျွန်တော့်ပယောဂ ဖြစ်သွားပြီ''

''မဟုတ်တာလုပ်ရင် မဟုတ်တာဖြစ်မှာ ဆန်းသလားကွာ။ ဒီမှာမင်းအတွက် အနွေးထည်။ မင်းက ဖျားပြီးစ မဟုတ်လား''

''ကျေးဇူးပါပဲဆရာ။ ဒီည စောင်ခြုံနေမယ် စိတ်ကူးထားတာ၊ ခုတော့ ဟန်ကျသွားပြီ။ ကျွန်တော်သွားမယ်နော်''

''အေး ... အေး''

ခြံပေါက်ဝက ထွက်သွားသော မောင်မြင့်အောင်ကို ကြည့်နေရာမှ သူရေးထားသောစာရင်းစာရွက်ဆီသို့ မျက်စိရောက်သွား၏။ ကိုမောင်မောင်အေး ကောက်ချက်ဆွဲထားသူ လေးဦးပါနေခြင်းမှာ အံ့ဩစရာ။

အမာခံ (သတင်းပေး) လွှတ်ထားလင့်ကစား ထူးခြားမှုမရှိသေး။ တစ်ပတ်ပြည့်ရန် တစ်

www.burmeseclassic.com

www.burmeseclassic.com





ရက်သာလိုတော့သည်။

"ဘယ့်နှယ်လဲ။ ကိုအုန်းမြင့် ခင်ဗျားလူဆီက ဘာသတင်းထူးသေးတုန်း၊ တစ်မတ်ပြည့်တော့မယ်နော်"

"ကျွန်တော်နဲ့မနေ့က တွေ့တယ်ဆရာ။ ဒီနေ့လာမယ်လို့ ချိန်းလိုက်တယ်။ သူလာမှာပါ၊ အစရပြီတဲ့"

"အေး ... သူ့ကိစ္စအဆင်မပြေရင် တစ်မျိုးစီစဉ်ရမှာပဲ"

နေဝင်ဖြိုးဖျတွင် ကိုအုန်းမြင့်နှင့်အတူ လူတစ်ယောက်ပါလာ၏။

"ကျွန်တော်တို့ လူဆိုတာသူပဲဆရာ"

"အခြေအနေက ဘယ်လိုလဲ၊ အဆင်ချောရဲ့လား"

"ဟုတ်ကဲ့။ ဒီညအရောင်းအဝယ်ဖြစ်မယ်။ ညရှစ်နာရီချိန်းထားတယ်။ အချိန်မီဝင်ဖမ်းရင် အုပ်မိမှာပဲ"

"ကျွန်တော်တို့ စက်ကောသေချာရဲ့လား"

"ကျွန်တော် ကြည့်ပြီးပြီ၊ ဌာနအတွက် ထုတ်ပေးခဲ့တဲ့ အမှတ်အသားတွေကိုသူတို့ သိပုံမရဘူး။ လုပ်တာက အဖွဲ့နဲ့လုပ်တာလေ။ ကျွန်တော့်နောက်က လိုက်လာခဲ့ပါ။ ပြေးမလွတ်ပါဘူး"

ကိုမောင်မောင်အေး၊ ရုံးအုပ်ကြီး၊ အလုပ်သမားခေါင်းဆောင်နှင့် သိုလှောင်ရုံမှူးတို့အဖွဲ့ လိုက်ပါရန် အစီအစဉ်ဆွဲထားသည်။ လိုအပ်လျှင် ရပ်ကွက်ကောင်စီ (ယခု ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး) ကို အကူအညီတောင်းရန် အစီအစဉ်ရှိ၏။ အားလုံးက တက်ကြွနေကြသည်။

ညအမှောင်ထုက တစ်စတစ်စ ချည်းနင်းဝင်ရောက်လာသည်။ လမ်းမီးများပင်လင်းလင်းကျင်းကျင်း။ နောက်ယောင်ခံလိုက်သွား သူတစ်သိုက်မှာ ကတ္တရာလမ်းကိုဖွဲ့ဆင်း၍ ဝင်းကြီးခြံကျယ်များရှိရာ မြို့ဆွန်မြို့ဖျား ရပ်ကွက်တစ်ခု ရောက်သွားသည်။ လမ်းမီးမှာရပ်ကွက်အတွင်း မပုံ့မနှံ့။ ရှေ့မှသွားနေသူနောက် လိုက်လာခဲ့သော်လည်း ခြံဝင်းကျယ်တစ်ခုရှေ့တွင် ခပ်ဆိုင်းဆိုင်းလုပ်၍ ဝင်ရန်အချက်ပြနေသောကြောင့် အပြင်ဘက်တွင် အတန်ကြာ ဆိုင်းငံ့နေရသည်။ ထိုအခိုက် ရပ်ကွက်ကောင်စီရုံးသို့ ရုံးအုပ်ကြီးနှင့် သိုလှောင်ရုံမှူးကို အကြောင်းကြားခိုင်းလိုက်ရ၏။ ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နှစ်ဦးလိုက်လာခဲ့သည်။ ပါလာသည့် လက်နှိပ်ဓာတ်မီးများကို ကိုယ်စီကိုင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်နက်ဝင်ရန်ဖြစ်၍ ခပ်မှန်မှန်ပင် လှမ်းဝင်သွားကြ၏။ လူတစ်စုဝိုင်းဖွဲ့ စကားပြောနေကြသည်။

"မင်းတို့ အားလုံးငြိမ်ငြိမ်လေးထိုင်နေ၊ တာဝန်ရှိတဲ့လူတွေပါတယ်"

ကောင်စီဥက္ကဋ္ဌ၏ အသံကြောင့် အားလုံးမှာတုပ်တုပ်ပင် မလှုပ်ရဲ။

အမာခံသတင်းပေး ဆိုသူမှာ လှုပ်လှုပ်ရှားရှား လူအများထဲမှ ပျောက်ကွယ်သွားပါသည်။ ကူဘိုတာ (၅/၆)နှင့်ရေစုပ်စက်ကို အိမ်ရှေ့ထောင့်တွင် ကောက်ရိုးများဖုံးအုပ်လျက် တွေ့နေရ၏။

"ကဲ ... ခင်ဗျားတို့ ဘယ်နှဦး ဒီစက်ကိုယူလာတာလဲ"

"လေးဦးပါ"

"လေးဦး ဆိုပေမယ့်သုံးဦးပဲရှိပါလား"

"တစ်ယောက်က ဒီဦးလေး အေးထွန်းရဲ့သားပါ"

"သူက ဘယ်သွားနေတာလဲ။ ဘယ်မှာလဲ"

သိုလှောင်ရုံမှူး ကိုအုန်းမြင့်က ကိုမောင်မောင်အေး နား၊ နားကပ်၍ တီးတိုးပြောလိုက်သဖြင့် ကိုမောင်မောင်အေး မျက်နှာထားတင်းသွားခဲ့သည်။ ကိုမောင်မောင်အေးက စကားစလိုက်၏။

"ကျွန်တော်တို့ ဌာနဆိုင်ပစ္စည်းခိုးရင် သာမန်ခိုးမှုလို မဟုတ်ဘဲ၊ ပြည်သူပိုင်ပစ္စည်းခိုးယူတဲ့အတွက် အပြစ်ဒဏ်ပိုကြီးမားတာ သိကြပါလိမ့်မယ်။ စခန်းမှာတိုင်တန်း အမှုဖွင့်လိုက်ရင် ချက်ချင်းဖမ်းမှာပါပဲ။ ဒီကိစ္စကို လုံးဝအမှုမဖွင့်ပါဘူး။ ဒါပေမဲ့ ပစ္စည်းကို သူနေရာသူပြန်ထားဖို့ နေရာတကျရှိဖို့ လိုပါတယ်။ ယူလာသူများက ဆောင်ရွက်ပေးကြပါ။ ကောင်စီဥက္ကဋ္ဌကြီးရှေ့မှာ ကတိပေးပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ နယ်မြေသားတွေကို အရေးမယူပါဘူး။ ပစ္စည်းကို ညတွင်းချင်းပြန်ပို့ပေးပါ။ လှည်းနဲ့သယ်ခဲ့ရင် လှည်းနဲ့ပြန်ပို့ပေးပါ။ ကျွန်တော်တို့လူတစ်ယောက် ထားခဲ့ပါ့မယ်။ စောင့်ပြီးလက်ခံမယ့်သူလည်း ရှိနေမှာပါ"

ကိုမောင်မောင်အေး စိတ်ချမ်းသာ ရွှင်ပျစွာပြန်သွားခဲ့သည်။ မနက်မိုးစင်စင်လင်းသည်အထိ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်နိုင်ခဲ့၏။ နံနက်လင်းသည့်အခါ စာတစ်စောင်နှင့် ဂျာကင်အဖောင်းလေးကို အိမ်ရှေ့တွင် တွေ့နေရသည်။ အလုပ်ထွက်ခွင့်တောင်းခဲ့သော ဦးအေးထွန်း၏သား မောင်မြင့်အောင်၏ထွက်စာနှင့်အတူ ကိုယ့်အပြစ်ကို ဖုံးအုပ် ကာကွယ်လိုသောသဘောအရ (ယုန်ထင်၊ ကြောင်ထင်) ဖြစ်စေဖို့ လုပ်ခဲ့သမျှကို ခွင့်လွှတ်ပါရန် တပည့်မိုက်မြင့်အောင်ဟု ရေးသားထားခဲ့သည်။ ညစောင့်မြင့်အောင်အနေနှင့်အလုပ် ထွက်ရန်မှတစ်ပါး အခြားမမြင်။ ဌာနဆိုင်ရာလုပ်ငန်းတွင် သူခိုးကို ဘဏ္ဍာစိုးခန့်မည်မထင်။

သဗ္ဗေ သတ္တာ ကမ္မ သကာ။

**မိုးသစ်**

**'ဖြစ်ရပ်မှန်တစ်ခုအား အမည်နာမ လွှဲပြောင်းထားသည်'**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





ပြည်မ မှူခြင်း

# ဇာတ်ကောင်၏ တစ်ခုတည်းသော ကောင်းမှု

BURMESE CLASSIC .com

'ကျွန်မ သားလေးတော့ ဆိုးဆိုးဝါးဝါး တစ်ခုခုဖြစ်နေတာ သေချာပါတယ်ရှင်'။ အမယ်အိုကြီးက ရှိုက်ကြီးတငင် ရေရွတ်လိုက်သည်။ ကျွန်တော်သည် မှုခင်းဌာန စုံထောက်ချုပ်ဖြစ်နေ၍ ကျွန်တော့်ရုံးခန်းတွင် ထိုသို့ တငိုငို တရှိုရှိုလာသူတို့ကို အမြင်မဆန်းခဲ့တော့ချေ။ အဘွားကြီးကဆက်၍ ပြောလေသည်။

လွန်ခဲ့တဲ့ သုံးရက်က ကျွန်မမောင်က ရတနာသိုက်တစ်ခု တူးဖော်ဖို့ဆိုပြီး သူ့ကားနဲ့ခေါ်သွားတာ၊ အဲဒီအချိန်ကစပြီး သူတို့အကြောင်း တစိုးတစေ့မှ မကြားရသေးဘူး။ ကျွန်မ ဘယ်လောက်စိတ်ပူနေတယ်ဆိုတာ စဉ်းစားသာကြည့်စမ်းပါ ဆရာကြီးရယ်'

ကျွန်တော့်ကို တွေ့ဆုံလိုပါကြောင်း သူမပေးပို့အကြောင်းကြားခဲ့သော လိပ်စာတွင် သူမအမည်ကို မစ္စစ်လူးအစ်မိုလာဟု ဖော်ပြထားခဲ့သည်။ သူမမှာ မုဆိုးမတစ်ဦးဖြစ်ပြီး အသက်နှစ်ဆယ့်ရှစ်နှစ်အရွယ်ရှိ သူမ၏သား ဂျွန်ဖရက်ဒရစ်ဗိုလ် ပျောက်ဆုံးနေသည်ဟု သူမ ယုံကြည်မိသောကြောင့် ကျွန်တော်တို့ကို ရှာစေချင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တိုးထက်

# လူသတ်ကောင်၏ တစ်ခုတည်းသော တောင်းဆု

'ခင်ဗျား၊ ဘာလို့စိတ်ပူနေရတာလဲ။ ခင်ဗျားသားက ခင်ဗျားရဲ့မောင်နဲ့ပဲ၊ သူ့စိမ်းတစ်ယောက်နဲ့မှ မဟုတ်တာ သူတို့စီးသွားတဲ့ကားလည်း ဘယ်ယာဉ်တိုက်မှုမှဖြစ်တာ မရှိဘူး။ ဖြစ်ခဲ့ရင် ကျွန်တော်တို့ သိမှာပေါ့။ သူတို့ရှာနေတဲ့ ရတနာသိုက်က ထင်တာထက် ရှာရခက်နေလို့နေမှာပေါ့'

သို့သော် ကျွန်တော့်နှစ်သိမ့်စကားကို မစွစ်မိုလာ နားမဝင်ခဲ့ချေ။

'ရှင် သဘောမပေါက်ဘူး။ ကျွန်မမောင်က လူဆိုးရာဇဝတ်ကောင်၊ ပြီးခဲ့တဲ့ တစ်ခါ သူအချုပ်ထဲရောက်တော့ ကျွန်မသားက သူ့ကိုသစ္စာဖောက်လို့လို့ ပြောခဲ့တယ်။ သူပြောတာမမှန်ဘူး။ ဒါပေမဲ့ သူထောင်ကလွတ်တော့ ကျွန်မသားကို 'ပညာ' ပေးလိုက်မယ်လို့ သူခြိမ်းခြောက်ခဲ့တယ်။ ပြီးခဲ့တဲ့အပတ်က သူထောင်က လွတ်လာခဲ့တယ်'။

မစွစ်မိုလာ ပြန်သွားပြီးနောက်တွင် သူမ၏မောင် စတက်ဖ်နပ်စ်လူးအစ့်ဗန်ဝိခ်၏ မှတ်တမ်းကို ဖိုင်စင်မှ ချလိုက်သည်။ ဗန်ဝိခ်သည် အသက်လေးဆယ့်ငါးနှစ်အရွယ်ခန့်ရှိပြီး အော်ရင့်ဖရီးပြည်နယ်ရှိ လယ်ယာတစ်ခုတွင် ငယ်ဘဝက အလုပ်လုပ်ကိုင်ခဲ့သည်။ နောက်တွင် သူသည် တစ်မြို့မှ တစ်မြို့သို့ ပြောင်းရွှေ့ပြီး လည်သလိုလုပ်စားခဲ့သည်။ ခိုးမှုဖြင့် ပထမဦးဆုံး ထောင်ကျခဲ့ပြီး နောက်ဆုံးအကြိမ်တွင်မူ ပေါင်ငွေရာပေါင်းများစွာ လိမ်လည်မှုဖြင့် တစ်နှစ်ခွဲ ထောင်ကျပြီး လွတ်မြောက်သွားခဲ့ခြင်းပင်ဖြစ်သည်။ သူသည် လိမ်လည်မှုပေါင်းများစွာ ကျူးလွန်ခဲ့ကြောင်း ဖြောင့်ချက်ပေးခဲ့ပါသော်လည်း သူပြောပြသည့် ဓာတ်လမ်းများမှာ မယုံနိုင်လောက်စရာများ ဖြစ်ခဲ့သောကြောင့် သူ့ကိုစိတ်မှန်ပါရဲ့လားဟု စောင့်ကြပ်ကြည့်ရှုခဲ့ပြီး စိတ်ဆရာဝန်တစ်ဦးက စိတ်မှန်ကြောင်း ဆေးလက်မှတ် ပေးခဲ့သည်။ သို့သော် သူသည် တစ်ခါတစ်ရံတွင် မူးခနဲ မိုက်ခနဲ ဖြစ်သွားပြီး ဘာလုပ်မိ မှန်းမသိ ဖြစ်သွားတတ်သည်ဟု ဆရာဝန်က မှတ်ချက်ပေးခဲ့သည်။

ဗန်ဝိခ်သည် ငယ်စဉ်ဘဝက ကြောင်များကို အမြီးချင်းချည်နှောင်ပြီး သားရေခါးပတ်နှင့် ရိုက်နှက်လေ့ရှိကြောင်း၊ ထိုကြောင်များ အချေအကြေ ရန်းကန်ရင်း သေဆုံးသွားရသည်ကို အားရကျေနပ်

www.burmeseclassic.com



တတ်ခဲ့သည်ဟု ဆိုသည်။ ထိုအကြောင်းတရားပေါ် မူတည်၍ ဗန်ဝိစ်သည် တစ်နေ့တစ်ချိန်တွင် အကြမ်းဖက်မှုခင်းတစ်ခုခုကို ကျူးလွန်မိလိမ့်မည်ဟု ကောက်ချက်ချခဲ့သည်။

ဗန်ဝိခ်သည် အလွန်ပါးနပ်ကျွမ်းကျင်သော လူလိမ်တစ်ယောက်ဖြစ်ပြီး နူးညံ့သိမ်မွေ့ပြီး ဖော်ရွေသော ဟန်ပန်ကြောင့် တစ်ဖက်သားယုံလွယ်ပြီး တစ်ဖက်လူ၏ငွေကြေးကို အပျော့ဆွဲလိမ်လည်ယူနိုင်သည်ဟု သူ၏လူဆိုးမှတ်တမ်းက ဖော်ပြခဲ့သည်။

မစ္စစ်မိုလာက ကျွန်တော့်ကို လာရောက်တွေ့ဆုံပြီးနောက်တွင် ကျွန်တော်သည် သူမ၏သားစာရေးစာချီ တစ်ယောက်အဖြစ် အလုပ်လုပ်ကိုင်ခဲ့သော ဘလိုအန်ဖွန်တိန်း တရားရုံးချုပ်သို့ သွားရောက်စုံစမ်း စစ်ဆေးမှု ပြုခဲ့သည်။ ဘလိုအန်ဖွန်တိန်းသည် တောင်အာဖရိကနိုင်ငံ၏ ပြည်နယ်လေးခုမှ တစ်ခုဖြစ်ပြီး နွားမည်းကျော် စိန်တွင်းများတည်ရှိရာ ကင်ဘာလီမြို့မှ မိုင်တစ်ရာခန့် ကွာဝေးခဲ့သည်။ ထိုကာလတွင် ဘလိုအမ်ဖွန်တိန်းမြို့သည် မျက်နှာဖြူ သုံးသောင်းခန့် နေထိုင်နေခဲ့သည်။ တစ်ခါကမူ သူပုန်အရေးအခင်းတွင် လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့သော နေရာဖြစ်သော်လည်း ထိုကာလတွင်မူ အကြမ်းဖက်ဒုစရိုက်မှု မဖြစ်သည့်အရပ်ဟု ဆိုလောက်အောင် ငြိမ်ဝပ်ပိပြားနေခဲ့သည်။

ဗန်ဝိခ်သည် လွန်ခဲ့သောနှစ်ရက် သုံးရက်ခန့်က သူတူ၏လုပ်ငန်းခွင်သို့ရောက်လာခဲ့ပြီး သူတို့နှစ်ဦး ဖော်ရွေစွာ အားတက်သရော ပြောဆိုခဲ့ကြသည်ဟု တရားရုံးချုပ်မှဝန်ထမ်းများက ကျွန်တော့်ကို ပြောကြားခဲ့သည်။ ထိုသို့ ဗန်ဝိခ် လာရောက်တွေ့ဆုံပြီး ပြန်သွားသောအခါတွင် မိုလာသည် အလွန်စိတ်လှုပ်ရှားပုံပေါ်နေခဲ့ပြီး ဘလိုအမ်ဖွန်တိန်းမြို့မှ မိုင် ၁၅၀ ကွာဝေးသော ဝေါတာပေါလ်လယ်တောတွင် မြှုပ်နှံထားသော ရတနာများကို ရှာဖွေရာတွင် သူ့ဦးလေးကို ကူညီရမည်ဟု သူ့လုပ်ဖော်ကိုင်ဖက် တစ်ဦးကို ပြောကြားခဲ့သည်။

ဇူလိုင်လ ၁၂ရက်နေ့တွင် မိုလာသည် သူ့ဦးလေးနှင့်အတူ ကားမောင်းထွက်သွားခဲ့ပြီး ကား၏နောက်ခန်းထဲတွင် ပေါက်တူးနှင့်ဂေါ်ပြားတစ်စုံ ထည့်သွားခဲ့ကြသည်။ ဝေါတာပေါလ်သည် ဗန်ဝိခ်

အလွန်ပါးနပ်ကျွမ်းကျင်သော လူလိမ်တစ်ယောက်ဖြစ်ပြီး နူးညံ့သိမ်မွေ့ပြီး ဖော်ရွေသော ဟန်ပန်ကြောင့် တစ်ဖက်သားယုံလွယ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



# ပြည်ပ မှုခင်း

ကြီးပြင်းလာခဲ့ရာ လယ်တော ဖြစ်ပြီး ကျွန်တော်သည် ထိုနေရာသို့ စုံထောက်နှစ်ဦး စေလွှတ်လိုက်သည်။ ရနိုင်သမျှ အချက်အလက်များ စုံစမ်းခိုင်းလိုက်သည်။ နှစ်နာရီ သုံးနာရီခန့်အကြာတွင် သူတို့ထံမှ တယ်လီဖုန်းဖြင့် သတင်းပေးလာသည်။ ဗန်ဝိခ်နှင့်သူ့တူ လယ်တောသို့သွားသောနေ့ ညနေတွင် ဗန်ဝိခ်သည် အနီးရှိ လယ်တောမှ မစ္စစ်စီဂျေဟူးဖ်မန်းထံသို့ ရောက်လာခဲ့ပြီး သူ့ကားပျက်သွားသောကြောင့် ကားပြင်ရမည်ဖြစ်ပြီး မြင်မြင်ထင်ထင်ရှိနေစေရန် ဓာတ်မီးတစ်လက်ငှားပါရန် ပန်ကြားခဲ့သည်ဟုဆိုသည်။ မစ္စစ်စီဂျေဟူးဖ်မန်းက ထိုညဉ့်မှာ သူတည်းလိုပါက တည်းနိုင်ပါကြောင်း ကမ်းလှမ်းခဲ့ပါသော်လည်း ဗန်ဝိခ်က ငြင်းဆန်ခဲ့သည်။ သူချက်ချင်းပင်ခရီးဆက်ရမည်ဟုဆိုခဲ့သည်။

ဝေါတာပေါလ် လယ်တောအနှံ့ ရှာဖွေပြုရန် ကျွန်တော် ညွှန်ကြားလိုက်သည်။ မိုလာပျောက်ဆုံးကြောင်းသတင်းကို သတင်းစာတွင်ဖော်ပြပြီး စုံစမ်းစစ်ဆေးမှုတွင် ပါဝင်ကူညီရန်ထွက်လာခဲ့ပါဟု ဗန်ဝိခ်ကို ပန်ကြားခဲ့သည်။ ကျွန်တော်တို့ နှပ်ကြောင်းပေးချက်ကို သူလက်ခံမည်မဟုတ်ဟု ကျွန်တော် ထင်ခဲ့ပါသော်လည်း (Johannesb Iurgstar) သတင်းစာတွင် ဖော်ပြထားခဲ့သော သတင်းကို ဖတ်ပြီးနောက်တွင် သူသည် ဘလိုအန်ဖွန်တိန်းမြို့သို့ မီးရထားဖြင့် ပြန်ခဲ့သည်။ အမှုကို ကျွန်တော်တို့ လုံးဝမဖော်နိုင်ဖြစ်နေပြီး သူ့ကိုလည်း လုံးဝသံသယမရှိဟု ယူဆခဲ့ပုံ ရသည်။

ထိုကာလအတွင်းတွင် ကျွန်တော့်လူများသည် ဝေါတာပေါလ်တွင် မကြာခင်ကာလကမှ မြေကြီးဖွထားသော ချွေးအ ကျင်းတစ်ကျင်းကို တွေ့ရှိသည်။ ထိုနေရာကို သူတို့တူးဆွကြည့်လိုက်ရာ မကြာမတင်ကာလမှာပင် မိုလာ၏ အလောင်းကိုတွေ့ရှိရသည်။ သူ့ကိုနှစ်ပေခွဲခန့်နက်သည့် တွင်းထဲတွင် မှောက်လျက် မြှုပ်နှံထားခဲ့သည်။ သူ၏အပေါ်ဝတ်အင်္ကျီပေါ်တွင် အပေါက်တစ်ပေါက်ရှိနေခဲ့သည်။ ထိုအပေါက်သည် သူ့ခန္ဓာကိုယ်ကို ဖောက်ဝင်ပြီး ဒဏ်ရာအပေါက်ကြီးတစ်ပေါက် ဖြစ်နေစေခဲ့သည်။ အလွန်ထက်သော ကရိယာတစ်ခုဖြင့် ထိုးထားသည့် ဒဏ်ရာပင်ဖြစ်ပြီး သေဆုံးသူ၏အဝတ်အစားကို

www.burmeseclassic.com

www.burmeseclassic.com



ဖောက်ဝင်ခဲ့ခြင်း ဖြစ်သည်။ ဘောင်းဘီကြယ်သီး နှစ်ခုလုံးမှာ ပွင့်နေခဲ့သည်။

ကျွန်တော်သည် အလောင်းကို မှုခင်းဆရာခွဲ စိတ်မှုအား ကိုယ်တိုင်ကိုယ်ကျကြည့်ရှုရန် ဝေါ်တာ ပေါလ်သို့ ကားဖြင့်ဆင်းခဲ့သည်။ အလောင်းကို ဂိုထောင်လေးတစ်ခုသို့ ရွှေ့ပြောင်းထားပြီး ရေနံ ဆီမီးအိမ် ထွန်းညှိ၍ ခွဲစိတ်မှုပြုခဲ့သည်။ ရဲအရာ ရှိများသည် တော်ရုံအနံ့ဆိုးရုံကို မတုန်လှုပ်တတ် သော်လည်း ဂျူဟန်မိုလာအသွင်ကား အတော်ပင် ဆိုးဝါးနေခဲ့သည်။ ဦးခေါင်းခွံသည် ကြက်ဥခွံကွဲသို့ အစိတ်စိတ်အမွှာမွှာကွဲနေခဲ့ပြီး အသက်ရှင်နေစဉ် ကျောရိုးအရင်းတွင် ထိုးခံထားရသောဒဏ်ရာသည် သူ့ကို ပြင်းပြင်းထန်ထန် မချိမဆန့်ခံစားမိစေခဲ့မည်။

ချွေးအ ကျင်းတွင်မူ ရှန်းရင်းဆန်ခတ်ဖြစ်ထား သည့် လက္ခဏာများကို တွေ့ခဲ့ရသည်။ အနားရှိရေ အိုင်တွင်မူ ပေါက်တူးနှင့်ပေါက်ပြားတစ်ခုကို ရှာ တွေ့ခဲ့ရသည်။ အမ်ဗန်ဒဗလျူဟု အမှတ်အသားရေး ထိုးထားသော ရွှံ့ဗွက်များပေလူးနေသည့် ခြေအိတ် ရှည်တစ်စုံကို တွေ့ရှိခဲ့သည်။ ဘလိုအန်ဖွန်တိန်းသို့ ကျွန်တော်တို့ ပြန်ရောက်သောအခါတွင်မူသတင်းစာ မှ ပန်ကြားချက်ကို တုံ့ပြန်သည့်အနေဖြင့် ဗန်ဝိခ် သည် လွန်ခဲ့သော နှစ်နာရီသုံးနာရီခန့်က ရဲစခန်း သို့ရောက်လာခဲ့ကြောင်း သိခဲ့ရသည်။

'ခင်ဗျားတို့ ကျွန်တော့်ကိုတွေ့ချင်လို့ လို့ သတင်းစာထဲမှာ ဖတ်လိုက်ရတယ်။ အဲဒါကြောင့် မီးရထားနှင့် ကျွန်တော်ပြန်လာခဲ့တယ်။ ကျွန်တော့် ကူကို ခင်ဗျားတို့ရှာရာမှာ ကူညီဖို့ ကျွန်တော်လာ ခဲ့တာ'

သူက တာဝန်ကျရဲအရာရှိကို ပြောကြားခဲ့ သည်။ ထိုအခါတွင် ဗန်ဝိခ်အား မိုလာ၏အလောင်း ကို ရှာတွေ့ပြီးဖြစ်ပါကြောင်း သူ့တူကိုသတ်မှုဖြင့် သူ့ကို ဖမ်းဆီးချုပ်နှောင်လိုက်ပြီဖြစ်ကြောင်း တာဝန်ကျရဲအရာရှိက ပြောလိုက်သည်။ တာဝန် ကျအရာရှိက ပြောလိုက်သည်။ တာဝန်ကျအရာရှိ သည် ဗန်ဝိခ်၏ထွက်ဆိုချက်ကို လက်ခံယူရန်ငြင်း ဆန်ခဲ့သည်။ နောင်တွင် အကျဉ်းသားက သူ့ကို မမှန်မကန်ထွက်ဆိုစေခဲ့သည်ဟု ထွက်ချက် ပြုမည် ကို စိုးရိမ်သောကြောင့် ငြင်းဆန်ခဲ့ခြင်းပင် ဖြစ်သည်။

သိပ်မကြာခင်ကာလတွင်မူ အမှုသွားအမှုလာ ကို ပြန်လည်သရုပ်ဖော်ရန်အတွက် ဗန်ဝိခ်က အမှု ဖြစ်ပွားရာ ဝေါ်တာပေါလ်သို့ခေါ်ဆောင်သွားခွင့် ပြုပါရန် ဗန်ဝိခ်၏ရှေ့နေများက လျှောက်ကြားလာ သည်ကို တရားရေး၌ာနက ခွင့်ပြုလိုက်သည်။ တရားခံရှေ့နေအဖြစ် ဆောင်ရွက်မည့် ဓာတ်ပုံဆရာ၊ ဆရာဝန်တစ်ဦးလည်း လိုက်ပါသွားခဲ့သည်။ ချွေး အကျင်းသို့ရောက်သောအခါတွင် ဗန်ဝိခ်သည် ဖြစ်စဉ် သို့မဟုတ် တိတိကျကျပြောရပါလျှင် သူ ပြောသောဖြစ်စဉ်ကို ဇာတ်ကြောင်းပြန်ပြခဲ့သည်။

လွန်ခဲ့သောနှစ် လိမ်လည်မှုတစ်ခုဖြင့် အဖမ်းခံ ရမည်ဟု ဗန်ဝိခ် မျှော်လင့်နေခဲ့သည့်ကာလတွင် သူတို့ပေါင် ငွေသုံးထောင်ထည့်၍ မြေမြှုပ်ဝှက်ခဲ့ သော ဘူးတစ်ခုကို ရှာဖွေရန်ဝေါ်တာပေါလ်သို့ ရောက်သောအခါတွင် မှောင်နေခဲ့သည်။

'ကျွန်တော်တို့ ဆယ်ရှစ်လက်မလောက်နက် တဲ့ ကျင်းနှစ်ခုတွေ့တယ်။ ဘယ်ကျင်းထဲထည့် မြှုပ်ထားခဲ့မိမှန်း ကျွန်တော်တို့မမှတ်မိခဲ့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် နှစ်ကျင်းလုံးကိုဖော်ဖို့ ဆုံးဖြတ်လိုက်တယ်။ မြေအတော်တူးပြီးတော့ ကျွန်တော်က ဂေါ်ပြားကိုဘေးချပြီး ဘူးအပေါ်တင်ခဲ့တဲ့ ကျောက်တုံးကို ပေါက်ဖို့ရည်ရွယ်ပြီး ပေါက်တူးကို ကောက်လိုက်တယ်'

မိုလာက ရေဆာနေတယ်ပြောပြီး သောက်ရေဘယ်မှာ ရှိမလဲလို့မေးတယ်၊ ကျွန်တော်က ခပ်လှမ်းလှမ်းမှာ ရေဘုံဘိုင်ကို လှမ်းကြည့်ဖို့ ကျင်းဝနားမှာ မုဆိုးထိုင် ထိုင်ချလိုက်တယ်၊ ကျွန်တော်ပေါက်တူးသွားက မိုလာကိုထိသွားပုံရတယ်၊ ကျွန်တော် လှည့်ကြည့်လိုက်တော့ သူယိုင်သွားတာကိုတွေ့တယ်၊ ကျွန်တော်လည်း ပေါက်တူးကိုပစ်ချပြီး သူ့ကိုလှမ်းဆွဲဖို့ကြိုးစားလိုက်ပေမဲ့ သူကျင်းထဲကျသွားတယ်၊ အဲဒီလိုအကျမှာ ကျွန်တော့်ကိုတိုက်မိပြီး ကျွန်တော် ချာချာလည်သွားတယ်၊ ဒုတ်ခနဲကျသံ ကြားလိုက်တယ်'

'ကျွန်တော် ဆက်နားထောင်တော့ဘာမှ မကြားရဘူး။ ကျင်းထဲမှာ သူ့ကိုလှမ်းစမ်းလိုက်တယ်၊ သူ့ခန္ဓာကိုယ်က ပျော့ခွေနေခဲ့တယ်၊ ပေါက်တူးက သူ့ခေါင်းအောက်မှာကျနေပြီး သူပြင်းပြင်းထန်ထန်ဒဏ်ရာရထားတာကို တွေ့တယ်၊ အဲဒီနောက်တော့ ကျွန်တော့်ခေါင်းထဲ မိုက်ခနဲဖြစ်သွားတယ်၊ ဘာဖြစ်သွားမှန်း ကျွန်တော်မမှတ်မိတော့ဘူး၊ ထိတ်လန့်တုန်လှုပ်သွားတာလို့ပဲထင်တယ်'

'အဲဒီနောက် ခင်ဗျားဘာကိုမှတ်မိလဲ'

တရားခံ၏ရှေ့နေ မစ္စတာအက်ဖ်ပီဒီဝက်က မေးလိုက်သည်။

'ကားနားကို ပြန်ရောက်တော့မှပဲ ကျွန်တော်သတိပြန်လည်လာတယ်၊ ကျွန်တော် မူးဝေနေခဲ့တယ်၊ ကျွန်တော် အော်ဟစ်ပစ်လိုက်ချင်ခဲ့တယ်၊ ဘုရားရှစ်ခိုးပစ်ချင်ခဲ့တယ်၊ တက်နိုင်သမျှ အဝေးဆုံးကိုရောက်အောင်သွားဖို့ပဲ ဆန္ဒရှိခဲ့တယ်'။

ဗန်ဝိခ်၏ သရုပ်ပြချက်ကို ကြည့်ရှုခဲ့သောဆရာဝန်သည် မိုလာမတော်တဆကျပြီး သေသွားခဲ့ခြင်း ဖြစ်နိုင်သည်ဟု သဘောတူခဲ့သည်။

'နောက်ကျောကဒဏ်ရာက ပေါက်တူးသွားက အပေါ်အင်္ကျီကို ဖောက်ဝင်သွားတဲ့အတိုင်းဖြစ်တဲ့ဒဏ်ရာ ဖြစ်နိုင်တယ်။ အဲဒီလိုထိခဲ့ရုံး ဗန်ဝိခ်ပြောသလိုပဲ ကျင်းထဲကို ဟန်ချက်ပျက်ပြီးကျမှာပဲ'

ဗန်ဝိခ်သည် မည်သည့်အတွက်ကြောင့် သူ့ခြေအိတ်များကို လွှင့်ပစ်ခဲ့သည်ကိုလည်းကောင်း ပေါက်တူးနှင့် ဂေါ်ပြားကို မည်သည့်အတွက်ကြောင့် ထိုရေအိုင်တွင်ပစ်ထားခဲ့သည့်အကြောင်းကို ရှင်းမပြနိုင်ခဲ့ချေ။ ထို ပစ္စည်းများကို သူစွန့်ပစ်ချိန်တွင် သူ့စိတ်ထဲ ဗလာဖြစ်နေခဲ့သေးသည်ဟုသာ ဆိုခဲ့သည်။ ဗန်ဝိခ်သည် အရှုံးထောင်သို့လည်း ရောက်ခဲ့ဖူးသောကြောင့် မိုလာသေသည့်ညတွင် သူလုံးသတိလက်လွတ်ဖြစ်သွားကြောင်းကို လက်ခံရမလိုဖြစ်လာသည်။ ထို့နောက် သူ၏အနေအထားများသည် စိတ်လက်လွတ်သွားသူတစ်ဦး၏ သဘာဝမျိုး အပီအပြင်ရှိခဲ့ပါသည်ဟု စိတ်ပညာရှင်များက ထောက်ခံဆိုလောက်အောင်ပင် သူ၏အနေအထား ပီပြင်ခဲ့သည်။

တရားခံ၏အမှုကို တရားသူကြီး ဆာတိန်နီဝီလ်လာက ကြားနာစစ်ဆေးခဲ့သည်။ မိုလာတန်ယောက် မတော်တဆ သေဆုံးခဲ့ခြင်းသာဖြစ်သည်

www.burmeseclassic.com

www.burmeseclassic.com



ဟု တရားခံရှေ့နေက တင်ပြပြီး ထိုတင်ပြချက်ကို အထောက်အကူပြုမည့် မျက်မြင်သက်သေများကို တင်ပြခဲ့သည်။

တရားလိုဘက်မှမူ မစ္စတာဒဗလျူဂျီဟိုလ်က ရှေ့နေအဖြစ် ဆောင်ရွက်ခဲ့သည်။ ဗန်ဝိခ် ပြောကြားခဲ့သကဲ့သို့ပင် မိုလာသည် ရေဘုံဘိုင်ကို မှန်ဆိုးထိုင် ထိုင်လျက် လှမ်းကြည့်လျှင် မြင်နိုင်သည့်အနေအထားမရှိကြောင်း ငြင်းဆိုခဲ့သည်။ ထို့အပြင် ဓာတ်ပုံဆရာသည် ဓာတ်ပုံရိုက်ကူးရာတွင် နေရာရွေ့ရိုက်ကူးခဲ့သောကြောင့် မှန်ဆိုးထိုင် ထိုင်နေသူတစ်ဦးသည် ကျင်းဝနားတွင် ပေါက်တူးလွဲချက်ကို ထိနိုင်သည်ဟု ဓာတ်ပုံအရယူဆနိုင်စရာ ဖြစ်သွားသော်လည်း အနေအထားအမှန်အရမူ ထို့သို့မဖြစ်နိုင်ပါကြောင်း မစ္စတာဟိုလ်က ထောက်ပြခဲ့သည်။ ဓာတ်ပုံပြချက်များသည် တရားခံဘက်လိုက်သော ဆင်ရောင်ထင်မှား အမြင်များသာ ဖော်ပြနေခဲ့သည်။ သို့တိုင်အောင် ခုံသမာဓိအဖွဲ့သည် သုံးနာရီမျှ ဆွေးနွေးပြီးနောက်တွင် အပြစ်မရှိဟု ဆုံးဖြတ်လိုက်သောကြောင့် ဗန်ဝိခ်သည် တရားရုံးမှ လွတ်လပ်စွာ ထွက်ခွာသွားနိုင်ခဲ့သည်။

နောက်တစ်နေ့တွင် ခုံသမာဓိအဖွဲ့ဝင် လူကြီးတစ်ယောက်နှင့်လမ်းမှာ ကျွန်တော်ဆုံမိသောအခါ ထိုသူက ကျွန်တော့်ကို တောင်းပန်ခဲ့သည်။

"ကျွန်တော်တို့က ဘာတတ်နိုင်မလဲဗျာ။ တရားသူကြီးက အမှုကောက်ချက်ချတော့ အမှုကွင်းလုံးကျွတ် လွတ်ရေးလေသံပါနေမှတော့ ကျွန်တော်တို့လည်း လိုက်လျောညီထွေ ဆုံးဖြတ်ရတာပေါ့"

ကျွန်တော်က သူ့ကို သတိပေးလိုက်သည်။

"ကျွန်တော်စကား မှတ်ထား နောက်ခြောက်လ အတွင်းမှာ ဗန်ဝိခ်ဟာ နောက်လူသတ်မှုတစ်မှုအတွက် တရားရုံးကိုရောက်လာလိမ့်မယ်၊ ဒုတိယအကြိမ်တော့ သူလွတ်မှာမဟုတ်ဘူး။ ဒါပေမဲ့ သူ့အတွက်နဲ့တော့ ဘယ်ကံဆိုးမသား အသက်ဆုံးရမလဲ မသိဘူး"

နောက်သုံးလအကြာတွင်မှ ရက်ရက်စက်စက် သတ်ဖြတ်မှုတစ်ခု ဖြစ်ပွားခဲ့ပြန်သည်။ ဤတစ်ကြိမ်တွင် အသတ်ခံလိုက်ရသူမှာ ပရီတိုရီးယားမြို့အနီးရှိ

> သူ၏အနေအထားများသည် စိတ်လက်လွတ်သွားသူတစ်ဦး၏ သဘာဝမျိုး အပီအပြင်ရှိခဲ့ပါသည်ဟု စိတ်ပညာရှင်များက ထောက်ခံဆိုလောက်အောင်ပင်

www.burmeseclassic.com

www.burmeseclassic.com





အက်ပလီဒိုး မြင်းမွေးခြံပိုင်ရှင် ဆိုင်ရလ်ဂရစ်တာကား ဖြစ်သည်။ သူ့အလောင်းကို ဘူးတစ်ခုထဲ ထည့်သိပ်ပြီး သူ့ခြံအနီးရှိ မြောင်းထဲတွင် မြှုပ်နှံထားခဲ့သည်။ လူသတ်လက်နက်ဖြစ်သော သွေးစွန်းနေသော တူတစ်ချောင်းကိုလည်းရုံတစ်ရုံရှိ သစ်သားပုံအောက်တွင် တွေ့ရှိခဲ့သည်။

တရားခံဟု သံသယဖြစ်ရသူ၏ အသွင်ကို ဖော်ပြထားသော ကြေညာစာရွက်ကို ရဲများက ပြည်နယ်တစ်ခွင် ဖြန့်ဝေခဲ့သည်။ ထိုစာရွက်တွင် သူ၏အသွင်ကို ခပ်သွယ်သွယ်ခန္ဓာကိုယ်အချိုးအစားရှိပြီး ထိပ်ပြောင်ကာစ ဖြစ်သည့် မုတ်ဆိတ်မွေး ကျိုးတိုးကျဲတဲရှိသည်ဟု ဖော်ပြထားခဲ့သည်။ တာကား၏ခြံကိုဝယ်ယူရန် တာကားနှင့် ဆွေးနွေးနေခဲ့သည်။

ကျွန်တော့်ပောကိန်းသည် သုံးလအတွင်းမှာပင် မှန်သွားခဲ့သည်။ ဤတစ်ကြိမ်တွင် ဗန်ဝိခ်၏ စိတ်ဖောက်၍ ဟူသော အကြောင်းပြချက်ကို ရုံးတော်က လက်မခံခဲ့ချေ။ တမင်တကာ ကြံရွယ်သတ်ဖြတ်မှုဟု ခုံသမာဓိအဖွဲ့က ဆုံးဖြတ်လိုက်ပြီး သူ့ကို သေဒဏ်ချမှတ်လိုက်သည်။ သူသည် ကြိုးတိုက်ထဲတွင် နောက်ဆုံးရက်များကို သမ္မာကျမ်းစာဖတ်ရှုရင်းနှင့် အပြစ်အတွက် ခွင့်လွှတ်ပါရန် ဘုရားရှစ်ခိုးဆုတောင်းခြင်းဖြင့် ကုန်လွန်ခဲ့သည်။ ဇွန်လ ၁၂ရက်နေ့တွင် သူ့ကိုသေဒဏ်ပေးလိုက်သည်။

ဗန်ဝိခ် သေဒဏ်ခံရပြီးနောက် မကြာမတင် ကာလတွင် အဘွားကြီး မစ္စစ်မိုလာ ကျွန်တော့်ထံ ရောက်လာပြီး သေဒဏ်မခံရခင် ညနေတွင် သူမမောင်က သူမကိုပေးခဲ့သောစာကို ပြသခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



စာထဲတွင် အောက်ပါအတိုင်းရေးသားထားခဲ့သည်။

အစ်မလူးအစ်

အစ်မကို ကျွန်တော်ဖြစ်စေခဲ့တဲ့ သောက အတွက် ခွင့်လွှတ်ပါလို့ မတောင်းပန်ဘဲ ကျွန်တော် သေလို့မရ ပါဘူးအစ်မ၊ အစ်မရဲ့ကလေးကို ကျွန်တော် သတ်မိခဲ့ပါတယ်။ ယေရှုခရစ်တော် အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ။

ကျွန်တော် သူ့ကိုအကြောင်းမဲ့သက်သက် သတ်ခဲ့တာပါ။ ကျွန်တော် သူ့ကိုသတ်ခဲ့တဲ့နေရာမှာ ကျွန်တော့်ရဲ့ဘာပစ္စည်းမှ မမြှုပ်ထားခဲ့ပါဘူး။ အဲဒီ အမှုက ကျွန်တော် ပထမဦးဆုံးနိုင်ခဲ့တဲ့အမှုပါပဲ၊ ကျွန်တော် ပက်ပက်စက်စက် လိမ်လည်ပြီးလွှတ်ခဲ့ တာပါ။ အရင်အမှုတွေတုန်းက ကျွန်တော်အမှန် အတိုင်းပြောလို့ ရှုံးခဲ့တာပါ။


ဗန်ဝိခ်သည် လောဘဇောတိုက်ပြီး ဒုတိယ လူသတ်မှုကို ကျူးလွန်ခဲ့သည်။ တာကား၏ခြံကို အရောင်း အဝယ်စာချုပ်အတုဖြင့် အပိုင်သိမ်းရန်ရည် ရွယ်ပြီး တာကားကိုသတ်ခဲ့ကာ တာကား၏ အလောင်းကို ရှာဖွေကြမည်ဟု ယူဆခဲ့သည်။ မည်သို့ပင်ဆိုစေ လူသတ်မှုတစ်မှုမှ ကွင်းလုံးကျွတ် လွတ်ခဲ့ပြီပဲ။ နောက်တစ်မှုမှ ဘာလို့မလွတ်ရမည် နည်း။

ယခင်ခိုးမှုတစ်ခုနှင့်ပတ်သက်ပြီး သူ့တူက သူ့ကိုသစ္စာဖောက်ပြီး ရဲကိုသတင်းပေးခဲ့သည်ဟု သူအမှန် တကယ် ယူဆပါက သူလူသတ်မှုကျူး လွန်သည့်အကြောင်းရင်းက ရှင်းသွားသည်။ ဂျူဟန် မိုလာက သိုဝှက်ထားသောခိုးရာပါပစ္စည်းများကို ဖော်ထုတ်ရာတွင် ကူညီရန် သူနဲ့အတူ ဝေါတာ ပေါလ်သို့ လိုက်ခဲ့ပါသည်ဆိုလျှင် မိုလာသည်လည်း ကြံရာပါအဆင့်သို့ရောက်ရှိသွားသည်။ ဗန်ဝိခ်သည် သူ့တူနာမည်မပျက်စေအောင်နှင့် သူ့သားသည် မိသားစုနာမည်ပျက်စေရန် အကြောင်းတစ်ခုမှ မလုပ်ခဲ့ပါကြောင်း သူ၏အစ်မကို နှစ်သိမ့်သည့် အနေဖြင့် ထိုစာကို နောက်ဆုံးရေးသားပေးခဲ့ပုံရ သည်။

ဗန်ဝိခ်သည် သူ၏ဆိုးဝါးယုတ်မာသောဘဝ တစ်လျှောက်လုံးတွင် ကောင်းမှုဆို၍ထိုတစ်ချက်သာ သူပြုမူခဲ့ ပုံရလေသည်။

**Deferred Payment-Police Chief Major William Binnie(South Afrcia)** ကိုပြန်ဆိုသည်။

တိုးထက်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





# ကွင်းစလန်းမှ ပုဏ္ဏာက

WIDWORD မှ J.B HEGGARTY ၏ THE OLD HUT

လူမမြင်ရဘဲ ခဲနှင့်ပေါက်ခြင်းနှင့် တစ္ဆေခြောက်ခြင်းများကို အိန္ဒိယ၊ အိုင်ယာလန်၊ မဒါဂက်စကာ၊ မလေးရှား၊ သီဟိုဠ်တို့မှ ဖြစ်ရပ်အတွေ့အကြုံများကို တင်ပြခဲ့ကြပါသည်။ မြန်မာ့အလိုပုဏ္ဏာကတိုက်ဟု ယုံကြည်ကြပါသည်။ အလားတူဖြစ်ရပ်မှာ ဩစတြေးလျနိုင်ငံ၊ ကွင်းစလန်းမြို့နယ်တွင် J.B HEGGARTY ၏ ကိုယ်တွေ့ကြုံခဲ့ခြင်းကို တင်ပြထားခြင်း ဖြစ်ပါသည်။ အချို့သော သဘာဝလွန်ဖြစ်ရပ်များမှာ သိပ္ပံပညာရှင်များပင် အဖြေထုတ်၍ မရသည်ကို လေ့လာနိုင်မည်ဖြစ်ပါသည်။

လွန်ခဲ့သောနှစ်က ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ညီညီနိုင်

# ကွင်းစလန်းမှ ပုဏ္ဏာက

WIDWORD မှ J.B HEGGARTY ၏ THE OLD HUT

သည် တိရစ္ဆာန်ကုန်သည် တစ်ဦး အနေဖြင့် ကွင်းစလန်းမှ အရှေ့တောင်ဘက် ကော့(ခ်)ဘန်းမြို့လေးသို့ ဆယ့်ငါးယောက်အဖွဲ့ကို ခေါင်းဆောင်ကာ ရောက်ရှိခဲ့ပါသည်။

ဘူတာရုံမှာ မြို့နှင့် သုံးမိုင်ခန့်အကွာတွင်ရှိ၍ ဘူတာရုံနှင့် မနီးမဝေးတွင် စမ်းချောင်းလေး တစ်ခု စီးဆင်းနေပါသည်။

ကျွန်တော်တို့အဖွဲ့ တည်းခိုရာ ဗိုလ်တဲပျက်မှာ ရထားသံလမ်းနှင့် စမ်းချောင်းကြားတွင် ရှိနေပါသည်။ ကျွန်တော်တို့ မရောက်မီကပင် သွပ်မိုးတန်းလျားကြီးမှာ တစ္ဆေခြောက်သည်ဟူ၍ သတင်းကြားခဲ့ရပြီးဖြစ်ပါသည်။

သို့သော် ကျွန်တော်တို့အဖွဲ့ စတည်းချရန် ထိုတဲပျက်ကြီးမှာ အသင့်လျော်ဆုံးဖြစ်နေသည်က တစ်ကြောင်း၊ နာနာဘာဝ၊ ဝိညာဉ်လောကကို မယုံကြည်ကြသဖြင့်လည်းကောင်း ထိုနေရာကိုသာ ရွေးချယ်လိုက်ကြပါသည်။

တဲပျက်ကြီးမှာ မြေစိုက်တန်းလျားကြီးဖြစ်ကာ အမိုးနှင့် အကာ တစ်ဖက်သာရှိ၍ ကျန်နှစ်ဖက်ကို ကျွန်တော်တို့၌ ပါလာသော ပိတ်စများဖြင့် ကာရံခဲ့ကြရပါသည်။

အနီးပတ်ဝန်းကျင်မှ သစ်ကိုင်းခြောက်များ စုဆောင်း၍ မီးဖိုကာ စကားဝိုင်းဖွဲ့ပြောနေကြစဉ် ပထမညမှာပင် ဆန်းကြယ်သော ဖြစ်ရပ်ကို နဖူးတွေ့ ဒူးတွေ့ စတင်ခဲ့ပါသည်။

ည ၁၀ နာရီကျော်ကျော်။

အခြားအလုပ်သမားများ အိပ်ပျော်နေကြချိန်။

ကျွန်တော်နှင့် မြင်းကုန်သည် တစ်ဦး မီးလှုံရင်းမှ စပ်မိစပ်ရာ ပြောနေခိုက် ...

"ဖုန်း"

လက်သီးဆုပ်ခန့် ကျောက်ခဲ ကြီးတစ်လုံး ကျွန်တော့်မိတ်ဆွေ ဘေးသို့ ကျလာပါသည်။

"ကြည့်စမ်း ဖရက်။ ဘယ် ခွေးမသား လက်ကမြင်းလိုက် တာလဲ မသိဘူး။ ကံကောင်းလို့ လူမထိတာ"

"အိပ်နေတဲ့ကောင်တွေ ထဲ က တစ်ယောက်ယောက် နောက် လိုက်တာ ဖြစ်လိမ့်မယ်ဗျ"

ကျွန်တော်က ပြောပြော ဆိုဆို အိပ်နေသူများထံသို့ လှည့် အကဲခတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ လှုပ်ဖို့နေနေသာသာ တခါခါ ယောက်နေသူတွေပင် တွေ့ရသည်။

"ဒါအပြင်က နောက်လိုက်တာ ထင်တယ်"

ကျွန်တော့်မိတ်ဆွေက တဲပြင်သို့ ထွက်မည်ပြင်လိုက်သည်။ သည်မှာပင် နောက်ခဲတစ်လုံးက သူ့ဘေးမှ ဝီးခနဲဖြတ်ဝင်လာကာ တိုင်တစ်တိုင်ကို ဒုန်းခနဲမှန်သွားသည်။

ကြည့်လိုက်တော့ စောစောက ကျောက်ခဲထက် ပိုကြီးသော ခဲတစ်လုံး။

မိတ်ဆွေလည်း အပြင်မထွက်ဝံ့တော့သလို နောက်ပြန်ဆုတ်လာသည်။

ကျွန်တော်ကလည်း …

"သိပ်အတင့်မရဲနဲ့ဗျ။ လူဆိုးမားပြတွေ ဖြစ်နေရင် ခက်နေဦးမယ်"

ကျွန်တော်တို့ မျက်နှာချင်းဆိုင်ထိုင်၍ မကြာမီ ဂျိုင်းခနဲ သွပ်မိုးပေါ်သို့ ခဲတစ်လုံးကျလာပြန်သည်။ မြင်းထိန်းနှစ်ယောက် နိုးလာသည်။

"ဘာဖြစ်နေကြတာလဲ"

"ခဲကျလို့ကွ။ ပစ်တဲ့သူ

"ခဲကျလို့ကွ။
ပစ်တဲ့သူလည်း
မရှိဘူး"
"ဒါဆို
ဟိုဟာပဲဖြစ်ရမယ်"
"ဘာပဲဖြစ်ဖြစ်
တို့ထွက်
ဆော်ကြရအောင်ကွာ"

လည်း မရှိဘူး"

"ဒါဆို ဟိုဟာပဲဖြစ်ရမယ်"

"ဘာပဲဖြစ်ဖြစ် တို့ထွက်ဆော်ကြရအောင်ကွာ"

လူအားကောင်းသလို ကျွန်တော် ဦးဆောင်၍ တဲပြင်သို့ ထွက်ကြည့်မယ့်ဆဲဆဲ …

"ဖုန်း"

ခဲတစ်လုံး ခြေရင်းသို့ ထပ်ကျလာပြန်သည်။

လေးယောက်စလုံး ဝုန်းခနဲ တဲပြင်သို့ ပြေးထွက်ခဲ့မိကြပါပြီ။ မြင်းထိန်းတစ်ယောက်က ကြိမ်းမောင်းလိုက်၏။

"သတ္တိရှိရင် လာခဲ့ဟေ့။ မမြင်ကွယ်ရာ မှောင်ထဲကနေပြီးတော့ ပစ်နေတာ ယောကျ်ားမဟုတ်ဘူးကွ"

ဒါပေမဲ့ ပတ်ဝန်းကျင်မှာ ပကတိငြိမ်သက်လျက်။

လှုပ်ရှားမှုတစ်ချက် မရှိ။

အမှောင်နှင့်မည်းမည်း။

ဟိုရှာဒီရှာနှင့် ဘယ်သူမှ မတွေ့သည့်အဆုံး တဲထဲပြန်အဝင်မှာပင် …

"ဂျိန်း"

ရောမခဲကြီးက သွပ်မိုးပေါ်

www.burmeseclassic.com

www.burmeseclassic.com



> “ဒီနေရာမှာ စခန်းချဖို့မသင့်ဘူး။ ဒီနေရာက မကောင်းဆိုးဝါး ကောင်က သိပ်အခြောက်ကြမ်းတာဗျ။ ညဆိုရင် တော်ရုံလူ အနားမှ မကပ်ရဲဘူး”

သို့ ကျခဲ့ပြန်ပါလေပြီ။ မိုးက လည်း တဖွဲဖွဲရွာလာသဖြင့် အိပ်နေသူတွေလည်း နိုးနေတာ တွေ့ရသည်။

တစ်ယောက်တစ်ပေါက် ထင်ရာမြင်ရာတွေ ပြောနေရင်းမှ အိပ်မည်ကြံလိုက် ဒုန်းခနဲ ခဲကျလိုက်နှင့် မိုးစင်စင်လင်းခဲ့ရပါတော့သည်။

ခေါင်မိုးပေါ်တွင် ကျောက်ခဲတွေ ဟိုတစ်လုံး သည်တစ်လုံး ပြန့်ကြဲနေသည်။

ဘေးဝန်းကျင် ချုံနွယ်တွေနှင့် မြေကြီးမှာ ဖွက်ဖြစ် မတတ်စွတ်စိုနေသော်လည်း မည်သည့် ခြေရာကိုမှ မမြင်ခဲ့ရပါ။

သည့်နောက် တစ်နေ့လုံး ဘာမှမဖြစ်။

အေးအေးဆေးဆေး ကိုယ့်အလုပ်ကိုယ် လုပ်နေနိုင်ခဲ့ကြပါသည်။

ထိုအတွင်း ခရီးသွားဧည့်သည်နှစ်ယောက် ကျွန်တော်တို့ စခန်းတွင် ဝင်နားသွားကြသေးသည်။

“အမှန်တော့ ခင်ဗျားတို့ ဒီနေရာမှာ စခန်းချဖို့မသင့်ဘူး။ ဒီနေရာက မကောင်းဆိုးဝါး ကောင်က သိပ်အခြောက်ကြမ်းတာဗျ။ ညဆိုရင် တော်ရုံလူ အနားမှ မကပ်ရဲဘူး”

နောက် ဧည့်သည်တစ်ဦးက လည်း ...

“ဒီမကောင်းဆိုးဝါးကောင်က သူခိုးတစ်ယောက်ပဲဗျ။ လူမိတာနဲ့ ဒီဗိုလ်တဲအဝမှာ စခန်းချနေတဲ့ စစ်တပ်ကို လာအပ်ထားတယ်။ ညတစ်ည သူက ထွက်ပြေးလို့ သေနတ်နဲ့ပစ်ဖမ်းရာက သေသွားတာတဲ့။ အဲဒီကစ လာသမျှ လူတွေကို ဒိုင်ခံခြောက်နေတော့တာပဲ”

အဆင်းမှာ ဘီးတပ်ပေးသလို ရှိပါတယ်ဆိုမှ တီကောင်နှင့်တို့သွားသည့် ဧည့်သည်များပြန်သွားပြီး မကြာမီ မိုးချုပ်ခဲ့ပါတော့သည်။

ညဆယ်နာရီကျော်လောက်မှာတော့ ထုံးစံအတိုင်း ခဲလုံးတွေ တစ်လုံးပြီးတစ်လုံး ကျလာပါတော့သည်။ ခေါင်မိုးပေါ်ကျရုံမက တဲထဲသို့ပင် ရောက်လာပါသေးသည်။

ဘယ်ကဘယ်လိုပေါက် လိုက်မှန်းမသိ။ လူတွေအနားသို့ ကပ်ကျခြင်းဖြစ်၍ ကံအားလျော်

www.burmeseclassic.com

www.burmeseclassic.com



စွာ မည်သူ့ကိုမှ မထိခဲ့။

ကျွန်တော်တို့အဖွဲ့တွင် စုစုပေါင်း သေနတ်သုံးလက်ပါခဲ့ပါသည်။ ပွိုင့် ၄၅ ဝက်ဘလေပစ္စတိုတစ်လက်၊ ပွိုင့် ၃၂ ဝင်ချက်စတာ ပြောင်းရှည်တစ်လက်နှင့် ခြောက်လုံးပြူးစာစ်လက်တို့ဖြစ်၍ အရေးအကြောင်းကြုံက သုံးနိုင်ရန် အဆင်သင့်ကျည်ထိုးပြီး ထားကြပါသည်။

ကျွန်တော်နှင့် သေနတ်ကိုင်အဖော်နှစ်ယောက်အပါအဝင် လူအားလုံး တဲအပြင်တွင် မီးပုံထွန်း၍ တဲထဲတွင် ဝိုင်းထိုင်၍ စောင့်ကြည့်နေဆဲမှာပင် တာပေါ်လင်ပိတ်နံ့ရံပေါ်တွင် လူ့ရိပ်သဏ္ဌာန်မည်းမည်းကြီးတစ်ခု ဘွားခနဲပေါ်လာပြီး ရိပ်ခနဲဖြစ်သွားတာ တွေ့လိုက်ရပါသည်။

"ဟော့ ... အပြင်က ဘယ်သူလဲကွ"

အော်မေးလိုက်သော်လည်း စကားမေး မရလိုက်ပါ။

ကျွန်တော်တို့လည်း ချက်ချင်းဆိုသလို အပြင်ထွက်လိုက်ကြပါသည်။

သို့သော် ချုံပုတ်အချို့နှင့် သစ်ပုံအချို့မှလွဲ၍ ဘာအရိပ်အယောင်မျှ မတွေ့ရတော့။ ဝက်ဝံများလား။

တဲအပြင်က မီးပုံကြီးကတော့ အားကောင်းစွာ တောက်နေမြဲ။

ထိုမှ ရှတ်တရက် ခပ်လှမ်းလှမ်းရှိ ထင်းပုံကြီးမှာ ဝေါခနဲ အလိုလို ပြိုကျသွားတာမြင်လိုက်ရပါသည်။

ကျွန်တော်တို့ အားလုံး ခေါင်းနပန်းကြီးပြီး ကြက်သီးတွေထသွားကြရပါသည်။ လေပြင်းတစ်ချက်တစ်ချက် ဝှေ့လိုက်သည့်ကြားမှ မျက်စိအာရုံထဲမှလည်း ဟိုနေရာ ရိုးတိုးရိပ်တိတ်၊ ဒီနေရာက ဝိုးတိုးဝါးတားဆိုသလို ထင်ယောင်မြင်ယောင်လာရပါသည်။

အပြင်ထွက်ခဲ့ကြသည်။ ကျွန်တော်တို့ ငါးယောက်စလုံး တုန်လှုပ်ချောက်ချားသွားကြရလျက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဘာပြောရမှန်းမသိ ကြောင်နေမိကြပါသည်။

"ဟော ... ဟော ... ဟိုမှာ"

ပြောပြောဆိုဆိုနှင့် လွှိုက်ဆိုသူက သူ့ရှေ့တစ်နေရာသို့ ရိုင်ဖယ်နှင့်ထိုးပစ်လိုက်ပါသည်။

သေနတ်သံ ဟိန်းထွက်သွားရုံကလွဲ၍ ဘာမှထူးခြားမှုမရှိခဲ့ပါ။

"မင်း ဘာတွေ့လိုက်လို့လဲ လွှိုက်"

"ဖြူဖြူအကောင်တစ်ကောင်ပဲ။ ချုံထဲ ဝင်ပြေးသွားတယ်ထင်လို့"

"မင်း ပစ်လိုက်တာ မှန်သွားသလား"

"အဲဒါတော့မသိဘူးလေ"

ကျွန်တော်တို့ ရှေ့တိုးသွားကြည့်သည်။

ဘာကောင်မှမရှိ။

ဒါပေမဲ့ ကျွန်တော်တို့ စိတ်ထဲတွင် ဖြူဖြူအရိပ်တစ်ခုသည် မလှမ်းမကမ်းမှ ကျွန်တော်တို့သွားလေရာကို လိုက်ချောင်းနေသည်ဟု အောက်မေ့နေမိလေ၏။

ကျွန်တော်တို့တဲထဲသို့ ပြန်ဝင်လိုက်သည်နှင့် တာပေါ်လင်ပိတ်နံ့ရံတွင် အရိပ်မည်းကြီး ပေါ်လာပြီး ပျောက်ကွယ်သွားသည်ကို ထင်ထင်ရှားရှား မြင်လိုက်ရပြန်ပါသည်။ သေနတ်နှင့်လှမ်းပစ်သည်။ ပိတ်နံ့ရံတွင်သာအပေါက်

www.burmeseclassic.com

www.burmeseclassic.com





တွင် ထင်ကျန်ခဲ့သည်။

ထိုမှနောက် ...

ခေါင်မိုးပေါ်မှ ညည်းသံကြီးလိုလို၊ လမ်းလျှောက်သံတွေလိုလို ကြားလာရပြန်သည်။

တရှီရှီနှင့် လေတိုးသံတွေလည်း ပါသေးသည်။

တစ်ချက်တစ်ချက် အရိပ်ကြီးကလည်း ဟိုပြေးသည်လွှား လှုပ်ရှားနေလျှက်။

ဒုတိယ ညအဖို့လည်း ကောင်းကောင်း အိပ်မပျော်နိုင်ခဲ့ကြတော့ပါ။

သို့ဖြင့် ရောင်နီလာခဲ့ပါပြီ။

အိပ်ရေးပျက်ခဲ့သမျှ အတိုးချ၍ အားရပါးရ အိပ်ပစ်လိုက်ကြပါသည်။

နေ့အလင်းရောင်က ညအမှောင်၏ ကြောက်စိတ်တွေကို အနည်းနှင့်အများ လျော့ပါးစေတာကတော့ အမှန်ပင်။

သို့နှင့်အမျှ ညရောက်မှာကို တွေးပူနေခဲ့ကြရပြန်သည်။

ဒါပေမဲ့ နေရာပြောင်းလို့လည်း မလွယ်။

အချိန်းအချက် လုပ်ထားသည့် ကုန်သည်တွေနှင့်တွေ့ပြီး ဒီဘူတာရုံမှ သိုးနှင့်မြင်းတွေကို ထင်ရမည်သာ မဟုတ်ပါလား။

တတိယနှင့် နောက်ဆုံးညကတော့ နှုတ်ဆက်ပွဲမို့ ထင်ပါရဲ့။ အကဲဆုံး အသည်းဆုံးပင် ဖြစ်ပါတော့သည်။

ခဲတွေကလည်း အဆက်ပြတ်တယ်လို့ မရှိ။

အရိပ်တွေ အသံတွေကလည်း တအီအီ တလှုပ်လှုပ်နှင့် သောင်းကျန်းချင်တိုင်း သောင်းကျန်းနေသည်။

ကျွန်တော်တို့လည်း စိတ်မရှည်တော့သလို ဆဲဆဲဆိုဆိုနှင့် မည်းမည်းမြင်တိုင်း လိုက်ပစ်နေမိကြသည်။ ပစ်လေ ပိုဆိုးလေပါပဲ။

အဆိုးဆုံးကတော့ သန်းခေါင်ကျော်လောက်မှာ ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပါသည်။

အော်ဂလီဆိုသူ သေနတ်သမားတစ်ဦး အိပ်ရာမှ လန့်နိုးပြီး အကြောဆွဲသလို တက်သလို ဖြစ်သွားခြင်းပါပေတည်း။ ကျွန်တော်တို့အားလုံး သူ့ဘေးတွင် ဝိုင်းအုံပြုစုကြပါသည်။

သူ့မျက်နှာတစ်ခုလုံး သွေးမရှိတော့သလို ဖြူလျော်နေပြီး တစ်ချီတစ်ချီ မျက်လုံးကြီးပြူး

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာလျှက် စကားပြောဖို့ ကြိုးစားပေမယ့် အူးအဲအားအသံတွေသာ မြည်နေပါ၏။

ကျွန်တော်တို့အဖွဲ့၌ အလုပ်သမားအဖြစ် ခေါ်လာသော အဘိုးရိုဂျင်တိုင်းရင်းသားကြီးတစ်ဦးက အော်ဂဲလီ၏အဖြစ်ကို ကြည့်ကာ …

“အဲဒါ တစ္ဆေပူးနေတာပဲ။ သူ့မျက်နှာကို ကြည့် လူရုပ်ပျောက်ပျောက်သွားပြီး တစ္ဆေမျက်နှာပေါ်လာတာ တွေ့မယ်။ ငါ တတ်သလောက် မှတ်သလောက် မန်းမှုတ်ပြီး နှင်ထုတ်ပေးမယ်”

အဘိုးရိုဂျင်အဘိုးကြီးက ရေတစ်ခွက်နှင့် ပွစိပွစိ ရွတ်ရင်း အော်ဂဲလီမျက်နှာကို ရေနှင့်တောက်သည်။ အတော်ကြာအောင် ကုသဖို့ကြိုးစားသည့်တိုင် အော်ဂဲလီက မသက်သာသည့်အပြင် ပိုမိုဒေါပွလာသည်။

ကျွန်တော်လည်း စိတ်ဆိုးသလို ဖြစ်ချင်တာဖြစ်ဆိုပြီး သေနတ်နှင့် ထုတ်ချိန်လိုက်မိပါတော့သည်။

“ကဲ … ဟေ့ကောင် … သူခိုးတစ္ဆေ မင်း ဘာကောင်ပဲဖြစ်ဖြစ် တစ်ခါကနှစ်ခါတော့ သေချင်မှာ မဟုတ်ဘူး။ အေးမင်း အမြန်ဆုံးထွက်မသွားရင်တော့ ငါ အသေသစ်သတ်ရမှာပဲ”

ကျွန်တော်က ပါးစပ်နှင့်ပြောရုံမက တကယ်ပစ်မည့်ဟန်ဖြင့် သေနတ်ကို သူ့ဘေးကပ်၍ နှစ်ချက်ဆင့် ပစ်လိုက်ပါသေးသည်။ နောက် သူ့မျက်နှာတည့်တည့်ကို ပစ်မည့်ဟန်ပြုလိုက်သည်။

သည်တော့မှ သတိလစ်နေသော အော်ဂဲလီသည် မပီမသ ဗလုံးဗထွေးနှင့် စကားတချို့ပြောပြ ပက်လက်လန်ကျသွားပါတော့သည်။

ကျွန်တော်တို့က ရေပတ်တိုက်၍ ရှူဆေးများပေး၍ ပြုစုခဲ့ရာမှ အူကြောင်ကြောင်ဖြင့် သတိပြန်လည်လာပါသည်။

“မျက်လုံးအနီကြီးနဲ့ဗျ။ ပြီးတော့ လက်ပဲမြင်ရတယ်။ အမွေးတွေ ဗလပျစ်နဲ့လက်အေးကြီး ကျုပ်ကို လည်ပင်းညှစ်ဖို့ ကြံတယ်။ ကျုပ် အသံကုန်အော်တာ မရဘူး။ နောက် ဘာဖြစ်သွားမှန်း မသိတော့ဘူး”

အော်ဂဲလီစကားကို ယုံသူယုံ၍ မယုံသူတချို့လည်း ရှိ၏။

“ဟာ … မြွေတွေ ဘာတွေ တက်ဖြတ်ရာက လန့်နိုးပြီး ကယောင်ကတမ်းတွေ လျှောက်ပြောတာ ဖြစ်ပါလိမ့်မယ်”

ကျွန်တော်တို့ တဲအနှံ့လိုက်ရှာကြပါသေးသည်။

မြွေနှင့်တူသည့်အကောင် ဗလောင် ဘာမှမတွေ့ခဲ့ရ။

မိုးလင်းတော့ ကျွန်တော်တို့ ဘူတာရုံဆောင်တွင် တဲထိုး၍စခန်းပြောင်းခဲ့ကြပါတော့သည်။ ထိုအခါမှာတော့ ထူးဆန်းသော အဖြစ်မျိုး မကြုံရတော့ပါ။ ရထားပေါ်တင်ပြီး နေရပ်သို့ ပြန်ခဲ့ကြပါတော့သည်။

မည်သို့ပင်ဖြစ်စေ …

ဆန်းပြားသောဖြစ်ရပ်နှင့် ကြုံရကာ တစ္ဆေတစ်ကောင်နှင့် အင်တာဗျူးခဲ့ရသည့် အဖြစ်များကိုတော့ ကျွန်တော့်တစ်သက် ဘယ်တော့မှ မေ့နိုင်မည်မဟုတ်ပါလေပြီတကား။

ညီညီနိုင်

www.burmeseclassic.com

www.burmeseclassic.com



# သင်္ဘောသားတစ်ယောက်၏ တစ်ရံတစ်ခါဆီက အချစ်ဇာတ်လမ်း

မောင်မောင်(မြန်မာပြည်)



www.burmeseclassic.com

www.burmeseclassic.com



သူ။

သူဆိုသည်က လူကြီးတစ်ယောက်။

ညနေ နေဝင်လုနီး အချိန်အခါမှာ ကုန်သင်္ဘောဆိပ်ကမ်းသို့ လာရောက်နေကျ ပြီးတော့ သင်္ဘောကြီးတွေ ကြိုးချည်တဲ့ ဘိုလုံတိုင်ပေါ်ထိုင်နေစမြဲ။

သူ့မျက်ဝန်းတွေက ဆွေးဆွေးမြည့်မြည့် ရီဝေစွာဖြင့် ပင်လယ်ပြင်ဘက်သို့ ငေးမော ကြည့်နေတတ်၏။

သူ့ အတွေးထဲမှာတော့ တစ်ရံတစ်ခါဆီက ရေမြေရပ်ခြားကဲ ချစ်တဲ့သူဆီသို့ ရောက်ရှိနေသည်ကိုတော့ ဘယ်သူမှ သိလိမ့်မည် မဟုတ်ပါချေ။

တကယ်တော့ ကြာတော့လည်း ကြာခဲ့ပါပြီ။

မှတ်မှတ်ရရဆိုပါက ၁၉၈၃ ခုနှစ် ချာချင်းမရိန်း (CHAR CHING MARINE CO. LTD) ကုမ္ပဏီပိုင် သင်္ဘော (C.C. RED SEA)မှာ အမှုထမ်းခဲ့တဲ့ မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



# သင်္ဘောသားတစ်ယောက်၏ တစ်ရံတစ်ခါဆီက အချစ်ဇာတ်လမ်း



မောင်မောင်(မြန်မာပြည်)

သင်္ဘောသား မောင်မောင်၏ အချစ်ဇာတ်လမ်းလေးပါ။ မောင်မောင်တို့ အသက်နှစ်ဆယ်ကျော် လူငယ်တွေမို့ ကိုအုန်းသွင် (ကွယ်လွန်)၊ မျိုးမြင့်ဦး(ယခု မာလိန်မှူး)၊ သက်ထွန်း (ဟန်ဇာ၊ တစ်ဘိုဆင်ကြီး)၊ ကျော်ဇော်လင်း၊ (ဒုတိယအရာရှိ)ဇော်ဝင်းမြင့်၊ ဝင်းမောင်ဦး(တတိယ အင်ဂျင်နီယာ)တို့ အတွဲညီကြပြီး ညီရင်းအစ်ကိုတွေလို ချစ်ခင်စွာ ရှိခဲ့ကြ၏။

မောင်မောင်၏ အချစ်ဇာတ်လမ်းက ထိုင်ဝမ်နိုင်ငံ ကောက်ချွန်းမှာ စခဲ့သည်ဆိုရမည်ပေ။ လူငယ်လူရွယ်လူပျိုတွေမို့ ချစ်တတ်၊ ကြင်နာတတ်သည်တော့ မဆန်းပါချေ။ အချစ်စိတ်ဆိုသည်ကလည်း ဘယ်က စလို့ ဘယ်တော့အဆုံးသတ်သလဲ ဆိုတာလည်း ခန့်မှန်းမရတတ်ချေ။ မောင်မောင်တို့လိုက်ပါခဲ့သည့် သင်္ဘောကုမ္ပဏီက ဟောင်ကောင်မှဖြစ်သော်လည်း သင်္ဘောပိုင်ရှင်က ထိုင်ဝမ်ကျွန်းနိုင်ငံမို့ မိခင်ရင်းသင်္ဘောကုမ္ပဏီ တည်ရှိရာ ထိုင်ဝမ် ကောက်ချွန်း (KANO KAIUNG)မြို့ ဆိပ်ကမ်းသို့ ဆိုက်ကပ်ရပ်နားစမြဲပါပေ။

သင်္ဘော အရာရှိများက ထိုင်ဝမ်နိုင်ငံသားတွေမို့ ထိုင်ဝမ်သို့ ရောက်သည့်အခါ သူတို့ မိသားစုများရှိရာ အိမ်သို့ ပြန်ကြစမြဲဖြစ်၏။ သင်္ဘောကုန်တင်ကုန်ချလုပ်သည်မှာလည်း တစ်လနီးပါးကြာမြင့်တတ်သည်ပေ။ အရာရှိများက အလှည့်ကျ အိမ်ပြန်ကြသော်လည်း မောင်မောင်တို့ မြန်မာသင်္ဘောသားများမှာတော့ အလုပ်ချိန်အတိုင်း တာဝန်ထမ်းဆောင်ကြရပေသည်။ ကုန်တင်ကုန်ချအလုပ်သမားများက နေ့အလုပ်ချိန်အတိုင်း လုပ်ကြ၏။ ညဘက်အလုပ်ချိန်မရှိသဖြင့် မောင်မောင်တို့လည်း ဂျူတီကျသူတွေသာ သင်္ဘောတွင် ကျန်ရစ်ပြီး ကျန်သူများကတော့ ကုန်းပေါ်တက်လျှောက်လည်ပတ်ကြစမြဲပါပေ။

တကယ်တော့ ကောက်ချွန်းမြို့လေးက မြန်မာသင်္ဘော

www.burmeseclassic.com

www.burmeseclassic.com



သားတွေ လိုက်ပါအမှုထမ်းကြသည့် သင်္ဘောများဆုံရာ ဆိပ်ကမ်းမြို့ဆိုလည်း မမှားပါချေ။ စကိုင်းလိုင်း (SKYLINES, ADDIE SHIPPING) ဟောင်ကောင်လိုင်းလင်း(HONGKONG ISLAND'S CO. LTD)နှင့် တခြားသင်္ဘောကုမ္ပဏီမှ သင်္ဘောများပါ ဝင်ထွက်ဆိုက်ကပ်စမြဲမို့ မြန်မာသင်္ဘောသား ဆုံဆည်းရာမြို့လေးဆိုပါက မှားမည်မထင်ပါချေ။

ကောက်ချွန်းဆိပ်ကမ်းက ထွက်လိုက်သည်နှင့် လီလီစတိုးဆိုင်၊ ဂျင်နီနှင့်အေမီတို့ ညီအစ်မစတိုးဆိုင် စသည်ဖြင့်ရှိ၏။ လီလီစတိုးဆိုင်မှာပင် မြန်မာသင်္ဘောသားများကို ကြိုဆိုပါ၏။ ဆိုင်းဘုတ်ပင် ချိတ်ဆွဲထားပါသေး၏။ သင်္ဘောနှင့် ပတ်သက်သောစာမေးပွဲအတွက် ပင်လယ်ရေကြောင်းဆိုင်ရာစာအုပ်များ (NANIGATION BOOK'S STORE) ရနိုင်သလို အဝတ်အစားကအစ ကစားစရာအရုပ်များပါ စုံလင်စွာ တင်ရောင်း၏။ ပြီးတော့ ပင်လယ်ရပ်ခြားသို့ တယ်လီဖုန်း (OVERSEA'S

**လီလီစတိုးဆိုင်၊ ဂျင်နီနှင့်အေမီတို့ ညီအစ်မ စတိုးဆိုင် စသည်ဖြင့်ရှိ၏။ လီလီစတိုးဆိုင်မှာပင် မြန်မာသင်္ဘောသားများကို ကြိုဆိုပါ၏။ ဆိုင်းဘုတ်ပင် ချိတ်ဆွဲထားပါသေး၏။**

PHONE) ပါရှိသဖြင့် မိမိတို့မိသားစုထံ တယ်လီဖုန်းဖြင့် ဆက်သွယ်စကားပြောနိုင်သဖြင့် မြန်မာသင်္ဘောသားများနှင့် ဖိလစ်ပိုင်သင်္ဘောသားတို့ ထိုစတိုးဆိုင်တွင် သူငယ်ချင်းသင်္ဘောသားအချင်းချင်း သတင်းစကားထားတတ်ပါသေး၏။

ကိုယ့်တိုင်းကိုယ့်ပြည်က မြန်မာသင်္ဘောသားများမို့ နိုင်ငံရပ်ခြားမှာ မိတ်ဆွေရင်းချာပမာ ပြောဆိုဆက်ဆံတတ်ကြပြီး ဝတ္ထုမဂ္ဂဇင်းစာအုပ်များ၊ မြန်မာသီချင်းခွေ၊ တိတ်ခွေများပါ လဲလှယ်ကြစမြဲပါပေ။ မြန်မာနိုင်ငံက တရုတ်တန်းရောက်နေသလိုပါပေ။ မင်ဒရင်း (MEDRAIN) စကားမို့ ပြည်မကြီးစကားလို မခက်ပေ။ ပြီးတော့ မောင်မောင်တို့ အရာရှိတွေက တရုတ်အမျိုးသားတွေမို့ တရုတ်စကားက နှားရည်ဝလျက်ရှိပါသည်။

တစ်နေ့တော့ ဝင်းမောင်ဦးက သူ့ဇနီးက နှုတ်ခမ်းနီနှင့် ဘယာစီယာဝယ်ပြီး ပို့ပေးပါရန် ပြော၍ အင်္ဂလိပ်စကား ပြောတတ်ဆိုတတ်ပြီး တရုတ်စကားမတောက်တခေါက် တတ်သော

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင့်အား အဖော်အဖြစ် လိုက်ခဲ့ပေးဖို့ ခေါ်သဖြင့် မိန်းမ အသုံးအဆောင်ပစ္စည်းများ ဝယ်ယူရန် နှစ်ယောက်သား ကျန်သူများနှင့်ခွဲကာ ကုန်တိုက်များရှိရာသို့ ထွက်ခဲ့ကြ၏။

**ချစ်ခြင်းအစနှုတ်ခမ်းက**

ကုန်တိုက်များက ည ကိုးနာရီအထိသာ ဖွင့်သည်မို့ မောင်မောင်တို့ ည (၇)နာရီခန့် ရောက်သည်မို့ ဝယ်ယူဖို့အချိန်များစွာ ရပါသည်။ ဝယ်ယူရမည်က မိန်းမအသုံးအဆောင်မို့ ခက်တော့ ခက်နေပါတော့သည်။ မောင်မောင်တို့ ယောကျ်ားသားနှစ်ယောက် မိန်းမများသာ ဝင်ရောက်ဝယ်ယူလေ့ရှိသော အရောင်းရှိရာဝင်လာသဖြင့် ဝယ်နေကြသူ မိန်းမအရွယ်မျိုးစုံက ပြုံးစိစိ၊ တချို့က မကျေမနပ်ရှိကြ၏။ မတတ်နိုင်ပါ။ မောင်မောင့်စိတ်ထဲမှာတော့ လူပေါင်းများပြီ ထင်ပါသည်။ တစ်ခါမှ မိန်းကလေးတွေနှင့် မဆက်ဆံဖူးသူမို့ ရှက်သလို ကြောက်သလို ရှိုးတိုးရှန့်တန့်ရှိမိပါတော့သည်။

တော်ပါသေး၏။ ဘာရာဇီယာဆိုက်အရွယ်ကို ဝင်းမောင်ဦးက သိ၍ ဝယ်ယူမှု အစဉ်ပြေစွာပြုလိုက်နိုင်ခဲ့၏။ သို့သော် နှုတ်ခမ်းနီများမှာ သူ့နံပါတ်တွေနှင့်သာ ဖော်ပြထားသဖြင့် ဘယ်ဥစ္စာကို ရွေးယူရမည်မှန်းမသိပါတော့ချေ။

ဝယ်သူမိန်းကလေးဆိုပါကလည်း စမ်းသပ်ဆိုးရန် ခွင့်ပြုထားသော နှုတ်ခမ်းနီယူဆိုးကြည့်ပြီး ဝယ်ယူနိုင်၏။ အခုတော့ ဝယ်သူတွေက ယောကျ်ားသားရင့်မကြီးတွေမို့ အခက်တွေ့ရပါတော့၏။ မောင်မောင်က နှုတ်ခမ်းနီအကြောင်းသိဖို့ထက် မိန်းကလေးအကြောင်းတောင်မှ မသိခဲ့သူမို့ ပိုခက်၏။ လေအေးစက်တပ်ထားပေမည့် ချွေးများပင် ရှက်စိတ်ဖြင့် ထွက်လာပေတော့သည်။

"မောင်မောင်"

"ဘာတုန်း။တွေ့ပြီးလား"

"အေး"

"ဒါဆို ဝယ်လေကွာ"

"မဖြစ်သေးဘူးကွ။ တွေ့တာက ဟိုအရောင်းစာရေးမလေးရဲ့ နှုတ်ခမ်းမှာ ဆိုးထားတဲ့ နှုတ်ခမ်းနီဟ"

"ကွာ ... တော်တော်ဂွကျလိုက်တာ"

မောင်မောင် လုပ်ပါကွာ။ မင်းပဲ သူ့ကို မေးပေးပါကွာနော် သူငယ်ချင်း ... အားကိုးပါရဲ့ကွာ လုပ်ကွာ"

"ရှောက် ... ရှောက်ရှယ်"

"နီဟောင်"

"ဟို ... ဟိုလေ ... I like your lips အယ်"

"What ... what you say it. (ဘာ ... ဘာ ... ရှင်ဘာပြောတယ်)"

"Sorry, I ... I like your lip's stike colour you lips it"

"တောင်းပန်ပါတယ်။ ငါ ငါ မင်းရဲ့နှုတ်ခမ်းမှာဆိုးထားတဲ့ အရောင်ကို ဝယ်ချင်လို့ပါ"

"ဟူး ... တော်ပါသေးရဲ့။ ပါးရိုက်ခံရတော့မလို့"

သူမတို့ကလည်း နိုင်ငံရပ်ခြားကမှန်းသိကြသဖြင့် ဖော်ရွေစွာ ဧည့်ဝတ်စကား ဆိုပါသည်။ (မြန်မာလိုပဲ ရေးပါတော့မယ်)

"ရှင်တို့ ဘယ်နိုင်ငံကလဲရှင့်"

www.burmeseclassic.com

www.burmeseclassic.com



"သြော် … ကျွန်တော်တို့က မြန်မာသင်္ဘောသားတွေ။ အာရှတိုက်သားတွေပါပဲ"

"ဒါထက် ရှင်တို့နာမည်တွေက"

"သြော် … သူက ဝင်းမောင်ဦး။ ကျွန်တော်က မောင်မောင် တွေ့ရတာ ဝမ်းသာပါတယ်။ ခင်ဗျားတို့ နာမည်တွေက"

"ကျွန်မက ဟုန်မေလီ၊ သူက မေဝမ်"

"ဟုတ်ပါပြီဗျာ။ ကျွန်တော်တို့မိတ်ဆွေဖြစ်ကြပြီပေါ့။ ခင်မင်ရင်းနှီးတဲ့အနေနဲ့ တစ်ခုခုကျွေးပါရစေလား။ ကုန်တိုက်ပိတ်ချိန် စောင့်နေမယ်လေ"

"ဟုတ်ကဲ့ … ကျွန်မတို့ ထွက်လာပါမယ်။ ဟိုဝန်ထမ်းတွေ ထွက်တဲ့အပေါက်က စောင့်ပါနော်"

"ကောင်းပါပြီဗျာ"

ဝင်းမောင်ဦးကတော့ သူ့မိန်းမအတွက် ဝယ်ခြမ်းပြီးပြီမို့ သင်္ဘောပြန်ပြီး ပါဆယ်ပို့ဖို့ ထုပ်ပိုးရမည်မို့ မစောင့်နိုင်ဘဲ ပြန်သွားတော့သည်။ မောင်မောင်ကတော့ နှုတ်ခမ်းနီမလေး ဟုန်မေလီကို တစ်ခုခုကျွေးရန် ဖိတ်ခေါ်မိသူမို့ စောင့်ရပါတော့၏။ သူစိမ်းမိန်းကလေးနှင့် အခုလို တွေ့ဆုံသည်က ပထမဆုံးမို့ ရင်ခုန်သလိုလို စိုးတထိတ်ထိတ်တော့ ရှိရပါသည်။

မောင်မောင်လိုပင် ကုန်တိုက်အလုပ်လုပ်သူတွေကို ပတ်သက်ရာ ပတ်သက်သူတွေက လာရောက် ကြိုနေကြသည်မို့ ကြောင်တောင်တောင်တော့ မဖြစ်မိပါချေ။ သူမတို့ ချိန်းဆိုသည့်အတိုင်း လာမှလာပါ့မလားဟုသာ စိုးရိမ်စိတ်ကလေးတော့ တထင့်ထင့်ဖြစ်မိပါသေး၏။

## အချစ်တစ်ခုမွေးဖွားခြင်း

သူမတို့က ဂတိတည်ပါသည်။ သူတို့က တရုတ်တန်းညဈေးတန်းဘက်သို့ မောင်မောင့်အား ဦးဆောင်ခေါ်သွားခဲ့ကြသည်။ မောင်မောင်က သူမတို့စားသလို တရုတ်အစားအစာများကို စားသဖြင့် သဘောကျကြ၏။ တရုတ်အစားအစာဆိုသည်က မောင်မောင်တို့ မြန်မာလူမျိုးများနှင့် မစိမ်းလှသော အစားအသောက်များပါပေ။



www.burmeseclassic.com

www.burmeseclassic.com



စကားမရှိ စကားရှာဆိုသလို သူမကလည်း မောင်မောင့်အကြောင်းမေးသလို မောင်မောင်ကလည်း သူမအကြောင်း မေးတတ်ပါသည်။ သူမက မိဘနှစ်ပါးလုပ်စာနှင့် မိသားစု ရပ်တည်မှု မလုံလောက်၍ ကျောင်းအထက်တန်းကျောင်းသူဘဝကတည်းက အလုပ်ထွက်လုပ်သူတည်း။ မောင်နှမအငယ်များ (၆) ယောက်ရှိသဖြင့် သူမပါအလုပ်ထွက်လုပ်ရ၏။ သူမတို့က ကုန်တိုက်မှာ အလုပ်လုပ်ရုံမက ညဘက်တွင် နိုက်ကလပ်မှာ သီချင်းဖွင့်ပေးသူအဖြစ် အချိန်ပိုင်းလုပ်ကြပါသေး၏။ ဟုန်မေလီနှင့် မေဝမ်တို့က တစ်ယောက်တစ်ညစီ လုပ်ကိုင်ပြီး အပိုဝင်ငွေရှာကြ၏။

နိုက်ကလပ်မှာ အလုပ်လုပ်သည်ကိုတော့ မကြိုက်ချင်ပါ။ သို့သော် မောင်မောင့်မှာ တားပိုင်ခွင့်မရှိခဲ့ပါချေ။ အခုမှ မိတ်ဆွေအဖြစ်ရှိခဲ့ကြသော်လည်း သူမနှင့် ထပ်မံတွေ့ဆုံရန် အလှည့်ကျအလုပ်ကျအလုပ်နားရက်ရသော တနင်္ဂနွေနေ့မှာ ထပ်မံတွေ့ဆုံရန် အလှည့်ကျ အလုပ်နားရက်ရသော တနင်္ဂနွေနေ့မှာ ထပ်မံတွေ့ဆုံရန် ချိန်းဆိုလိုက်ကြ၏။ ဘာပဲဖြစ်ဖြစ် သူစိမ်းမိန်းကလေးတစ်ယောက်နှင့် စတင်ဆုံဆည်းရင်းနှီးခွင့်ရသည်မို့ မောင်မောင့်အတွေးစိတ်ကူးထဲမှာ သူမ ဝင်ရောက်လာတော့၏။ အချစ်ဆိုသည်က တွေ့ဆုံမှုအစဆိုလေမလား။ သို့တည်းမဟုတ် ရင်းနှီးခင်မင်မှုက စတင်ခဲ့လေသည်လား မပြောတတ်ပေ။

**နိုက်ကလပ်မှာ အလုပ်လုပ်သည်ကိုတော့ မကြိုက်ချင်ပါ။ သို့သော် မောင်မောင့်မှာ တားပိုင်ခွင့် မရှိခဲ့ပါချေ။**

တနင်္ဂနွေနေ့မှာတော့ မောင်မောင်က ဆန္ဒစောစွာ ကြိုတင်ရောက်ရှိခဲ့၏။ သူမလည်း ချိန်းဆိုချိန် အနည်းငယ်ကျော်ပြီးမှ ရောက်ရှိလာပါသည်။ သူမက ရုပ်ရှင်ကြည့်ချင်သည်ဆို၍ ကြည့်ကြ၏။ သူမက မောင်မောင့်ပခုံးထက် ခေါင်းမှီလာ၏။ မောင်မောင် ဘာလုပ်ရမည်မှန်းမသိခဲ့ချေ။ သူမက ပွင့်လင်းစွာ သူမအား ဖက်ထားပါဆို၍သာမဝံ့မရဲ ဖက်လိုက်ရ၏။ ရင်ခုန်သံလေးတွေက နှစ်သက်သဘောကျကြသည် ထင်၏။ တဒိတ်ဒိတ်နှင့် ရင်ခုန်စွာရှိခဲ့ရပါသည်။ ဂိုလ်အိုင်နီဘဲပြောလိုက်သလား အိုင်လပ်ယူပဲဆိုမိလေသလားတော့ မမှတ်မိတော့ပါ။ မှတ်မိသည်က သူမ

www.burmeseclassic.com

www.burmeseclassic.com



နှင့် မောင်မောင်တို့ ချစ်သူအဖြစ် ရောက်ခဲ့သည်ဆိုနိုင်၏။ သူမက စကတ်တစ်ထည်ဝယ်ယူသည်ကို မောင်မောင်က အမှတ်တရဖြစ်စေရန် ဝယ်ပေးခဲ့၏။ စားသောက်ကြပြီး ပန်းခြံထဲမှာ ထိုင်ခဲ့ကြပါသေး၏။ ပြီးမှ ကိုယ့်လမ်း ကိုယ်ပြန်ခဲ့ကြသည်။ သို့သော် မောင်မောင့် အသိတရားထဲမှာတော့ သူမနှင့် မောင်မောင် ဘယ်လိုမှ ပေါင်းဖက်နိုင်မည် မဟုတ်သည်ကို သိနေပါသည်။ သူသူကိုယ်ကိုယ် မိမိ၏ မွေးရပ်ဇာတိမြေ နိုင်ငံကိုသာ ခင်တွယ်ကြ၏။ ချစ်မြတ်နိုးကြသည်ပေ။

ချစ်သူတို့ဘာသာဘာဝ မောင်မောင်နှင့် ဟုန်မေလီတို့ ခဏ ခဏ မကြာ ချိန်းတွေ့ဆုံကြ၏။ ကြာလေ သံယောဇဉ်ကြီးက ပိုမိုခိုင်မာလာလေဖြစ်လာ၏။ ကောက်ချွန်းမြို့ဆိပ်ကမ်းသို့ (၃)လ (၄)လ ကြာပြန်ရောက်စမြဲမို့ သူမနှင့် မဆုံဆည်းဖြစ်သည့် လွမ်းရက်လေးတွေက အတွေးစိတ်ကူးဖြင့် ပျော်ရွှင်ချစ်ကြည်နူးခဲ့ပုံများကို တွေးပြီး ဖြေဖျောက်ရတော့၏။

သူမလည်း မောင်မောင့်လို သတိတရလွမ်းဆွေးနေမည်ထင်၏။ သူတို့နိုင်ငံက တစ်ခုတော့ ကောင်း၏။ မောင်မောင်တို့ သင်္ဘောကြီးများ ဘယ်နေ့တွင် ကောက်ချွန်းဆိပ်ကမ်းသို့ ဆိုက်ကပ်မည့်အကြောင်း ကြိုတင်သတင်းစာထဲတွင် ထည့်သွင်းဖော်ပြထားတတ်၏။ ဆိပ်ကမ်းပီယာ (PIER NO:)နံပါတ်က အစ ဖော်ပြသည်မို့ သင်္ဘောဆိုက်ကပ်သည်နှင့် မြို့တွင်းဆက်သွယ်ရန်အတွက် သင်္ဘောပေါ်တွင် တယ်လီဖုန်းလိုင်း လာရောက်တပ်ဆင်ပေးလေ့ရှိသည်။ အမှန်က ကုန်တင်ကုန်ချလုပ်ငန်းအတွက် လွယ်ကူစေရန်ပါပေ။

မောင်မောင်တို့က သင်္ဘောဆိပ်ကမ်းကပ်သည်နှင့် ကုန်တင်ကုန်ချပြုလုပ်ရန်အတွက် အလုပ်ရှုပ် အလုပ်များလေ့ရှိပါသည်။ ဆိပ်ကမ်းမှလာရောက်တပ်ဆင်ထားသော တယ်လီဖုန်းက သင်္ဘောလှေကား(GANGWAY) အနီးတွင်ရှိပြီး တာဝန်ကျအရာရှိက တယ်လီဖုန်းအနားတွင် နေရ၏။ ကုန်းပါတ်ပေါ်တွင် တစ်စုံတစ်ခုဖြစ်ပါက ထိုတာဝန်ကျအရာရှိအား သွားရောက်ခေါ်ရ၏။ သို့သော် မောင်မောင်တို့ အလုပ်လုပ်နေရာသို့ ထိုအရာရှိ ရောက်ရှိလာခဲ့၏။

"မောင်မောင် ... မင်း ရှောက်ရှယ်ဆီက တယ်လီဖုန်း လာနေတယ်ကွ"

မောင်မောင် ဝမ်းသာသွား၏။ သူမထံမှ တယ်လီဖုန်း ဆက်လာခြင်းကို အရာရှိက လာရောက်ခေါ်ခြင်းပေ။ မောင်မောင် တယ်လီဖုန်းကိုင်လိုက်တော့ သူမ၏ အသံလေးကို ကြားလိုက်ရ၏။

"မောင်မောင် ... ဟုန်မေ့ သိပ်လွမ်းရတယ် သိလား"

"မောင်မောင်လည်း အတူတူပါပဲ ဟုန်မေ"

"မောင်မောင် အခုထွက်လာလို့ ရမလားဟင်"

"မရသေးဘူးကွယ့် ။ အလုပ်တွေရှုပ်နေတယ်။ ဒါပေမဲ့ အရာရှိက ခွင့်ပြုရင်တော့ ဟုန်မေဆီလာလို့ရမယ်ထင်တယ်"

"ဒါဆို ဟုန်မေအရာရှိကို ခွင့်တောင်းကြည့်မယ်လေ"

အရာရှိထံ တယ်လီဖုန်း ထိုးပေးလိုက်သည်။ ဟုန်မေနှင့် ဘာတွေ ပြောဆိုသည်တော့မသိ။

www.burmeseclassic.com

www.burmeseclassic.com



အရာရှိက ဖုန်းချလိုက်ပြီး …

"မောင်မောင် … မင်းကောင်မလေးက ဆိပ်ကမ်းအပေါက်ဝမှာ တက္ကစီအငှားကားနဲ့ စောင့်နေတာကွ။ မင်း သွားတွေ့လိုက်ဦး။ သင်္ဘောအတွက် ဘာမှစိတ်မပူနဲ့။ သင်္ဘောထွက်ခွာနိုးမှ မင်း ပြန်လာရင် ပြီးတာပဲ … ဟား … ဟား … ကဲ သွားတော့။ ပိုက်ဆံလိုသေးလား။ ရော့ … ယူသွားကွ။ ပြီးမှ ပြန်ပေးပေါ့ကွာ … သွား …သွား"

မောင်မောင်လည်း ခွင့်ပြုချက်ရပြီမို့ ဝမ်းသာအားရဖြစ်ကာ အလုပ်ဝတ်ဘွိုင်လာဝတ်စုံကြီး နံနံစော်စော်နှင့်ပင် အပြေးအလွှား ချစ်သူထံ တွေ့ချင်နေပြီမို့ ထွက်ခွာလာခဲ့၏။ ဟုတ်ပါသည်။ သူမက အငှားကားနှင့် ကြိုစောင့်နေသည်ပဲလေ။

"အို … မောင်မောင်ရယ်"

"ဟုန်မေ … ဘာဖြစ်လို့လဲ အရေးကြီးလို့လားဟင်"

"ဟွန့် … ဟုန်မေ့အတွက် သည်နေ့က အရေးကြီးတယ်ရှင့်။ ဟုန်မေရဲ့အသက် (၂၀) မွေးနေ့ သိလား"

"ဟာ … ဟုတ်လား။ ဒါဆို အဝတ်အစားပြန်လိုက်ဦးမယ်။ ခဏစောင့်နော်"

"ဟင့်အင်း … မလဲနဲ့တော့။ မောင်လေး၊ ညီမလေးတွေ ရုပ်ရှင်ရုံရှေ့မှာ စောင့်ကျန်ရစ်ခဲ့တယ်။ ရုပ်ရှင်ချိန်က နီးနေပြီ မောင်မောင် သွားစို့"

မတတ်နိုင်ပါ။ အလုပ်ဝတ်စုံ ဘွိုင်လာစွတ်ကြီး နံနံစော်စော်၊ လူကလည်း ညစ်ပတ်နေသေး၏။ သူမကတော့ ရှိုးအပြည့် ဖီးလိမ်းပြင်ဆင်၍လာသည်။ တွေ့ချင်သည်မို့သာ ချစ်တဲ့စိတ်နှင့် နားလည်မှုပေးခဲ့သည်ပင်။ သူမ၏ မောင်လေး၊ ညီမလေးတို့က မမ၏ချစ်သူကို တွေ့ချင်သတဲ့ ဆို၏။ ကလေးတွေက (၁၂)နှစ်၊ (၁၀)နှစ်မျှသာ ရှိသေးကြ၏။ သူတို့အတွက် မုန့်ထုပ်တွေ ဝယ်ပေးမှ မျက်နှာများ ပြုံးလာကြ၏။ လက်မှတ်ဝယ်ပြီး ရုံတွင်း ဝင်ရောက်ကြ၏။ ရုပ်ရှင်က စတင်ပင် ပြသနေပြီတည်း။

မောင်မောင့်ဆီက ချွေးနံ့တွေက တလှိုင်လှိုင် ထွက်နေ၏။ သူမက သည်းခံပါသည်။ မောင်မောင် သူမကို ထွေးပွေ့မထား ရက်တော့ပေ။ သြော် … အချစ်စိတ်ဆိုသည်က နိုင်ငံမရှိ၊ လူမျိုး ကွဲပြားမှုမရှိ၊ ပကာသနမရှိ၊ အချစ်စိတ်ကြောင့် အရာရာအားလုံး ပြီးပြည့်စုံနေပြီပဲလေ။ ရုပ်ရှင်ရုံ အပြီး သတ်ပြီးပါပြီ။ စာတန်းမထိုးခင် မောင်မောင်တို့ ရုံထဲက ထွက်ခဲ့ကြသည်။ မောင်မောင့်အတွက် ချစ်သူမျက်နှာငယ်စွာရှိမည်စိုး၍ ပါပေ။ လူ့သဘောက ကောင်းတာ ချီးမွမ်းဂုဏ်ပြုဖို့ထက် ကဲ့ရဲ့ အပြစ်တင်လိုကြသည်မှာ လူ့ သဘာဝပါပေ။ သူမ၏ နဖူးလေးကို နှုတ်ဆက်အနမ်းဖွဖွလေး ပန်ဆင်ပေးပြီး အငှားကားငှားပြီး ပြန်ခဲ့ပါတော့သည်။ နောက်တစ်နေ့မှ တွေ့ကြမည်ဟု အချိန်းအချက် ပြုထားပြီမဟုတ်ပါလား။

**အချစ်စိတ်ကြောင့်**
**အထင်လွဲမှားမှု**

သူမတို့၏ မိသားစုအခက်အခဲရှိမှန်း မောင်မောင်သိထား… သူမက အကူအညီ မတောင်း… သော်လည်း မောင်မောင် လစာ… ထဲက ဒေါ်လာနှစ်ရာ အတူ… ပေးမှ သူမယူပါသည်။ ထိုစဉ်…

www.burmeseclassic.com

www.burmeseclassic.com



က တစ်ဒေါ်လာကို အင်တီ(၃၄) ဒေါ်လာလဲလှယ်နှုန်းရှိ၏။) သူမကလည်း ပြန်လည်သိတတ်ပါသည်။ ညဘက် ဟိုသည်သွားမည့်အစား သူမ၏သူငယ်ချင်း အိမ်ထောင်သည်၏ အိမ်သို့ မောင်မောင့်အားခေါ်သွားခဲ့၏။ စားသောက်စရာ ချက်ပြုတ်ဖို့တော့ ဝယ်သွားကြပြီး ဘီယာ၊ အချိုရည်ပါ ဝယ်ယူကြခဲ့၏။

သူ့သူငယ်ချင်းက ယောက်ျားနှင့် ကလေးငယ်တစ်ယောက်ပင် ရနေပြီဖြစ်၏။ မောင်မောင်တို့နှစ်ယောက်ကိုလည်း ဘယ်တော့ယူဖြစ်မှာလဲဟု မေးသည့်အခါ နောက်မှပေါ့ဟုသာ ဖြေရ၏။ တရုတ်လူမျိုးတို့ထုံးစံအတိုင်း အပျင်းပြေ မာကျောက်ကစားကြသည်။ မောင်မောင် မကစားသော်လည်း ကစားနည်းကပိုကာ ခေါင်းသလို တွဲရသည်မို့ တစ်ပွဲကစားပြီးသည်နှင့် တတ်သွားတော့၏။ သို့သော် ငွေရေတွက်သည်တော့ မသိပါချေ။

ထိုညက သူမနှင့်အတူ သူမသူငယ်ချင်းအိမ်မှာပဲ အိပ်ဖြစ်ကြ၏။ သူ့မိဘများကတော့ နိုက်ကလပ်တွင် အလုပ်ဆင်းနေကျမို့ သမီး အိမ်ပြန်မအိပ်သည့်အဖြစ်က မဆန်းကြယ်တော့ပါချေ။

သူမက မောင်မောင့်အား သူတို့နိုင်ငံမှာပဲ နေပါလားလို့ မေးသည့်အခါ မောင်မောင်ကလည်း မောင်မောင်တို့နိုင်ငံကို လိုက်နေမည်လားလို့ ပြန်မေးမိပါသည်။ သူမက လိုက်နေမည်ဆိုတော့ မြန်မာပြည်ကို သူမကို ခေါ်လို့မဖြစ်နိုင်သည်ကို ရှင်းပြရ၏။ သည်တော့ သူမက သူမနိုင်ငံမှာပဲနေဖို့ပြောသည့်အခါ သည်တစ်ခေါက် မိဘတွေကို အသိပေးပြီး နောက်တစ်ခေါက်ကျမှ နေပါမည်ဟု ဖြေသိမ့်စရာအဖြေပေးလိုက်မှ သူမ ကျေနပ်သွားတော့၏။ တကယ်တော့ မဖြစ်နိုင်မှန်း မောင်မောင် ပြောမထွက်ရက်ပါ။ အချစ်ည၏ ရင်ခုန်သံလေးတွေက ညအမှောင်မှာ မသဲမကွဲ သဲ့သဲ့ကြားကြမည် ထင်၏။

နောက်တစ်ခေါက် မောင်မောင် ကောက်ချွန်းကို ပြန်လာတော့ သူမ၏မိသားစုအခြေအနေက ပိုဆိုးဝါးသွားပြီဖြစ်ကြောင်းကို သူမက အတွေ့အခံဘဲနေသည်မို့ သူမ၏သူငယ်ချင်း မေဝမ်ကို သွားတွေ့ဆုံပြီးမေးမှ သိရတော့၏။ ဘာပဲဖြစ်ပါစေ မောင်မောင့်အချစ်က သူမအပေါ် ပြောင်းလဲမည်မဟုတ်ကြောင်း သူမ သိစေချင်ပါသည်။ သူမအဖေ အလုပ်ခွင်တွင် ထိခိုက်ဒဏ်ရာရပြီး ဒုက္ခိတဘဝရောက်သွားသဖြင့် မိသားစုရပ်တည်ဖို့ သူမတစ်ယောက်တည်း ဝင်ငွေ



www.burmeseclassic.com

www.burmeseclassic.com



သူမသည်လည်း
ဓာတ်ပြားဖွင့်သူ
ဘဝအပြင်
နိုက်ကလပ်
စားပွဲထိုးမလေး
အဖြစ်ပါ
အလုပ်လုပ်ကိုင်တော့၏။
ငွေကြေးရမည်ဆိုပါက
သူမ၏ ခန္ဓာကိုယ်
အသွေးအသားပါ။

ကိုသာ မှီခိုနေရတော့၏။ သူမသည်လည်း ဓာတ်ပြားဖွင့်သူဘဝ အပြင်နိုက်ကလပ်စားပွဲထိုးမလေး အဖြစ်ပါ အလုပ်လုပ်ကိုင်တော့၏။ ငွေကြေးရမည်ဆိုပါက သူမ၏ ခန္ဓာကိုယ်အသွေးအသားပါ ရောင်းစားကာ ယောကျ်ားတကာ၏ ရင်ခွင်ထဲမှာ မေးစက်နေတတ်နေပြီတည်း။

မောင်မောင် သူမကို ချစ်ခဲ့ရသည်က အသွေးအသားခန္ဓာကိုယ်နှင့် ပျော်ပါးချင်လို့ မဟုတ်ခဲ့ပါ။ အဖြူရောင်သက်သတ် နှလုံးသားထဲကနေ မြတ်နိုးတွယ်တာချစ်ခဲ့မိခြင်းပါပေ။ သူမက မောင်မောင့်ကို အတွေ့မခံလို၍ ယခင်လုပ်ကိုင်နေသော နိုက်ကလပ်မှ တခြားနိုက်ကလပ် နယူးယောက်ဘားတွင် အလုပ်လုပ်နေမှန်း မောင်မောင် သိလိုက်ရပြီး ထိုညမှာ မောင်မောင်နှင့်အတူ သင်္ဘောမှ သူငယ်ချင်းများ ထိုနိုက်ကလပ်သို့ သွားခဲ့ကြ၏။

မောင်မောင်တို့ သူငယ်ချင်းတွေ နိုက်ကလပ်သို့ မသွားခင် ဂျုံနီတို့စာအုပ်စတိုးဆိုင်မှာ ဘီယာ စသောက်ကြ၏။ အချိန်စောသေးသည်ဖြစ်၍ နိုက်ကလပ်က ည (၉)နာရီကျော်မှ လူစည်ကားပါသည်။ ထိုအချိန်က ဒစ္စကိုအကများ ခေတ်စားနေချိန်ဖြစ်၏။ လှုပ်လှုပ်ရွရွ ကချင်သလို ကကြ၏။ မူးရူးနေကြသည်မို့ ကကြိုးကကွက်အတိုင်းတော့ မဖြစ်ပါချေ။

မောင်မောင်လည်း ဘီယာ သုံးလေးပုလင်းကြီးတွေ သောက်ထားသဖြင့် နိုက်ကလပ်ထဲ ဝင်တော့ ခပ်ထွေထွေ၊ ရီတီတီရှိနေကြပြီ ဖြစ်၏။ အပြင်အလင်းဘက်ကနေ နိုက်ကလပ်အမှောင် ဒစ္စကို မီးလုံးသာထွန်းထားသည်မို့ အထဲကလူတွေကို အမြင် မသဲကွဲပဲရှိ၏။ မြန်မာသင်္ဘောသားတွေက သောက်စားပျော်ပါးလေ့ရှိပြီး ငွေကို သုံးဖြုန်းကြသည်ကို နိုက်ကလပ်က စားပွဲထိုးမလေးများက သိကြ၏။

မြန်မာသင်္ဘောသားတွေ ဝိုင်းမှာ ထိုင်ချင်ကြ၏။ သူတို့ ထိုင်သည်နှင့် သူတို့အတွက်အချိုရည်တစ်ခွက်တော့ မှာပေးရမည်ပေ။ ထိုအချိုရည်ခွက်ကျသင့်ငွေကို ဆိုင်ရှင်နှင့် သူမတို့ တစ်ဝက်စီရရှိ၏။ ဖောက်သည်ခေါ်ပေးသဖြင့် အပိုငွေကြေးရခြင်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



၏။ မောင်မောင်တို့ အမှောင်ထဲ မျက်စိကျင့်သားရလာတော့ ဟုန်မေလိအား မျက်နှာဖြူနိုင်ငံခြားသားဝိုင်းမှာ တွေ့ရ၏။

ရည်းစားလူလု အူနုကျွဲခတ်ခံရသလို တဆတ်ဆတ် အသားတွေ တုန်လာတော့၏။ နာကြည်းမှု့ သူမကို မုန်းတီး၍တော့ မဟုတ်ပါ။ ချစ်လွန်း၍ သူမဘဝကို နာကြည်းဒေါသထွက်ခြင်းပါပေ။ ငွေကြေးက ဘဝကို ပြောင်းလဲစေလိုက်ခြင်းသာ ဖြစ်၏။ အချစ်နှင့်အလုပ်ကိုတော့ သူမ ခွဲခြား သိသည်ပေ။

မောင်မောင်က ဟုန်မေလိရှိရာဝိုင်းသို့ ထသွားပြီး …

"ဟုန်မေ … မောင်မောင်တို့ဝိုင်းကို လာပါလား"

"အို … မလာနိုင်ပါဘူး။ သည်ကဧည့်သည်တွေက အရင်ရောက်တာရှင့်"

"တောက် … မင်း လာမလား၊ မလာဘူးလား"

"မလာဘူး"

"ဘာကွ … မလာရင် ဒါ အတင်းဆွဲခေါ်မှာ"

"ရှင် … ရှင် … ကျွန်မဆတ်ကို လွှတ်။ ကဲဟယ် … ဖြန်း"

မောင်မောင့်ကို သူမက ပါးရိုက်ထည့်လိုက်ပြီး ငိုကြွေးပါတော့သည်။ မောင်မောင်လည်း ပူထူသွားပြီး ရှက်လည်းရှက် ဘာလုပ်ရမှန်းမသိတော့ဘဲ နိုက်ကလပ်ထဲက တစ်ယောက်တည်း ထွက်ခွာလာခဲ့မိတော့၏။ မျက်ဝန်းမှာတော့ မျက်ရည်စတွေ ရှိဝေမှုန်ဝါးစွာ ရင်ထဲမှာတော့ အချစ်ဝေဒနာများက စူးရှနာကျင်စွာ ခံစားနေရတော့၏။

မောင်မောင် အပြင်ဘက် စတိုးဆိုင်တစ်ဆိုင်မှ ဘီယာပုလင်းကြီးနှစ်လုံး ဝင်ဝယ်ပြီး လမ်းမတစ်လျှောက် မော့သောက်ကာ ဒယိမ်းဒယိုင်လျှောက်လှမ်းလာခဲ့၏။ မောင်မောင့်နားသို့ အငှားတက္ကစီကားတစ်စီး ထိုးရပ်လာခဲ့၏။ ကားပေါ်က မိန်းကလေးတစ်ဦး သူမ သို့မဟုတ် ချစ်သူ ဟုန်မေလိပါပေ။

"မောင်မောင် … ဟုန်မေ တောင်းပန်ပါတယ်။ ဟုန်မေနဲ့ လိုက်ခဲ့ပါ"

"မလိုက်ဘူးကွ။ မင်းသွားတော့"

မောင်မောင် ဆက်လမ်းလျှောက်၏။ ရင်ထဲက ဒေါသနာကြည်းမှုတွေက မပြေနိုင်သေးပေ။

သူမက တက္ကစီကားနှင့် နောက်မှ ဖြည်းဖြည်းမောင်းပြီး လိုက်ခေါ်ပါသေး၏။ မောင်မောင် မလိုက်ဟု အော်ဟစ်မောင်းထုတ်လိုက်မှ သူမ ကားဖြင့် နောက်လှည့်ပြန်သွားပါတော့သည်။ ဘယ်ရောက်လို့ ဘယ်ပေါက်လာမှန်းမသိနိုင်တော့။ ခြေထောက်တွေ ညောင်းလာပြီး အိပ်လည်း အိပ်ချင်စိတ်ပေါ်လာသဖြင့် အနားထိုးရပ်လာသော တက္ကစီကားပေါ် တက်လိုက်၏။ အမှန်က ဟုန်မေလိက ထိုကားကို မောင်မောင့်နောက်ကို လိုက်ပါစေခဲ့ခြင်းသာဖြစ်၏။ သူက ဟုန်မေလိသူငယ်ချင်း၏ယောက်ျားလီရှောက်လုံပါပေ။ သူက သူ့အိမ်ခေါ်သွားခဲ့၏။ အိမ်ရောက်သည်နှင့် မူးသည့်အရှိန်နှင့် အိပ်ချင်လှပြီမို့ မောင်မောင် အိပ်ပျော်သွားတော့၏။ နံနက် (၈) နာရီခန့်မှ နိုးလာပြီး ထိုသူ့ကားဖြင့် သဘောကို လိုက်ပို့ခိုင်းပြီး သဘောကနေ ကားခတက်ယူပြီး ပေးလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင် သင်္ဘောက တရုတ်အရာရှိတွေကော မြန်မာ သင်္ဘောသား သူငယ်ချင်းတွေပါ မောင်မောင်တို့ အချစ်ဇာတ်လမ်း အတွက် ကရုဏာသက်ကြ၏။ ကိုအုန်းသွင်က ...

"မောင်မောင် ... မင်း ဘာဆက်လုပ်မလဲ။ ဘာဖြစ်ချင်လဲ"

"ကျွန်တော် ... သည်သည အပြတ်သွားရှင်းချင်တယ်ဗျာ"

"ဖြစ်ပါ့မလား။ နိုက်ကလပ်က လူမိုက်တွေနဲ့။ ပြီးတော့"

"အိုဗျာ... မလိုက်ချင်လဲ နေခဲ့ဗျာ။ ဘာဖြစ်ဖြစ် ကျွန်တော် သွားမှာပဲ"

"အေး ... မင်းကို တားမရလည်း သွားကြတာပေါ့ကွာ"

**ဘဝခြားပြီချစ်သူ**

မောင်မောင်တို့ သူငယ်ချင်းတွေ ညနေစောင်း အလုပ်ပြီးသည်နှင့် ရေမိုးချိုး ထမင်းစားသောက်ကြပြီး ထွက်ခွာလာခဲ့ကြ၏။ စုရပ်ဖြစ်သည့် ဂျူနီစတိုး ဆိုင်ကို အရင်သွားကြပြီး နိုက်ကလပ်အကြို ဘီယာသောက်

**မြန်မာသင်္ဘောသားတွေ နိုက်ကလပ်မှာ ရန်ပွဲဆင်နွှဲဖို့ မြန်မာသင်္ဘောသားများ လူစုနေကြခြင်းပေ။ ပြဿနာက မသေးတော့ပေ။ မြန်မာသင်္ဘောသား လိုက်ပါ အမှုထမ်းသော သင်္ဘော (၅) စင်းမှ သင်္ဘောသားလူစုမို့ အယောက် (၃၀)ကျော် (၄၀) ခန့်ပင် ရှိ၏။**

ကြ၏။ ပြဿနာဖြစ်ချင်တော့ သင်္ဘောသား သူငယ်ချင်းဖော်ဝင်းကို နိုက်ကလပ်က ဖိလစ်ပိုင်တွေနှင့် ရန်ဖြစ်သည်ကို နိုက်ကလပ်မှ လူမိုက်တွေက ထိုးကြိတ် ဆဲထုတ်နှင်လွှတ်လိုက်ခြင်း အတွက် မြန်မာသင်္ဘောသားတွေ နိုက်ကလပ်မှာ ရန်ပွဲဆင်နွှဲဖို့ မြန်မာ သင်္ဘောသားများ လူစု နေကြခြင်းပေ။

ပြဿနာက မသေးတော့ပေ။ မြန်မာသင်္ဘောသား လိုက်ပါ အမှုထမ်းသော သင်္ဘော (၅) စင်းမှ သင်္ဘောသား လူစုမို့ အယောက် (၃၀) ကျော် (၄၀) ခန့်ပင် ရှိ၏။ မောင်မောင်တို့ သင်္ဘောက သူငယ်ချင်းတွေနှင့် နယူးယောက်ဘားကို အရင်ဝင်ကြ၏။ တခြားသင်္ဘောမှ မြန်မာများကလည်း (၅)ယောက် (၄) ယောက် လူစုခဲ့ပြီး နိုက်ကလပ်ထဲ ဝင်ရောက်ကြ၏။ ပြဿနာတက်ခဲ့သော ဖော်ဝင်းနှင့် ကျန်သူများက နိုက်ကလပ်လူစုံနေချိန်ကျမှ ဝင်ရောက်လာကြမည် ဖြစ်၏။

မောင်မောင်တို့ နိုက်ကလပ်ထဲ ဝင်ရောက်လာသည်နှင့် ပထမ မေလိကို ဖိလစ်ပိုင်သင်္ဘောသား

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းမှ အခြားစားပွဲထိုးမလေးတွေနှင့်အတူ ထိုင်နေသည်ကို တွေ့ရ၏။ မောင်မောင် ဘာမှမပြောလိုတော့ပါ။ သူမကတော့ မဝံ့မရဲဖြင့် မောင်မောင်တို့ထိုင်နေသည့် ဝိုင်းဘက်သို့ ကြည့်နေရှာသည်။ သည်ညမှာ သူမက ဓာတ်ပြားဖွင့်ပေးဖို့ တာဝန်ယူထားသဖြင့် ဝိုင်းမှာ ခဏလာထိုင်ပြီး ဓာတ်စက်ရှိရာနေရာသို့ ပြန်တက်သွား၏။ ဓာတ်စက်အနားမှာတော့ နိုက်ကလပ်က လူမိုက်နှစ်ယောက် ရှိနေ၏။

မောင်မောင်လည်း ဟန်ဆောင်နိုင်တော့ပါ။ ချစ်သူ ဟန်မေလီရှိရာသို့ ထသွားခဲ့၏။ လူမိုက်နှစ်ယောက်က တားဆီးသည်ကို ဟန်မေလီက သူမချစ်သူပါဆိုသဖြင့် သူမရှိရာသို့ သွားခွင့်ပြုခဲ့ကြ၏။

"မောင်မောင် ... ဟန်မေ့ဘဝကို နားလည်ပေးပါနော်"

"အင်း ... ဟန်မေနဲ့ သည်ညတွေ့ချင်တယ်"

"တကယ် ... ဟန်မေ ခမ်းသာလိုက်တာ မောင်မောင်ရယ်"

"မောင်မောင် နိုက်ကလပ်ပိတ်သည်အထိ စောင့်နေမယ်နော်"

"အင်းပါ"

မောင်မောင်စားပွဲရှိရာသို့ ပြန်ထိုင်လိုက်ချိန်တွင် ဟန်မေလီ နိုက်ကလပ်ဖွင့်ခါစတုန်းက ထိုင်နေသည့် ဝိုင်းက ဖိလစ်ပိုင် သဘော်သားတစ်ယောက်က ဟန်မေလီကို လာပြန်ထိုင်ဖို့ ခေါ်နေပြန်၏။ ဖြစ်ချင်တော့ ထိုဝိုင်းမှ ဖိလစ်ပိုင်များနှင့် ဇော်ဝင်း ပြဿနာဖြစ်ခဲ့ခြင်းတည်း။ မောင်မောင် ဘာမှဒေါသဖြစ်စရာ မလိုချေ။ ဟန်မေလီနှင့် သည်ညတွေ့ကြဖို့ ပြောထားပြီးပြီမဟုတ်ပါလား။

ထိုနှင့် ပွဲရှိန်က တစ်စ တစ်စ တက်လာ၏။ ကသူက ကခုန်ကြ သောက်သူက သောက်နှင့် ရှိနေချိန်တွင် ဇော်ဝင်းတို့ မြန်မာသဘော်သားတွေ ဝင်ရောက်လာကြတော့၏။ သူတို့က သံတုတ်တွေ ဓားကိုင်ဆောင်လာကြသည်မို့ နိုက်ကလပ်ထဲ ရောက်သည်နှင့် အစီအစဉ်အတိုင်း ဝင်ပေါက်ကို ပိတ်ထားလိုက်ပြီး နိုက်ကလပ်က လူမိုက်တွေနှင့် ဖိလစ်ပိုင်မှန်သမျှကို ရိုက်နှက်ကြတော့၏။

မောင်မောင်တို့ကလည်း



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်မှ ဘီယာပုလင်းများနှင့် ဖိလစ်ပိုင် သဘော်သားများကို ရိုက်နှက်ထိုးကြိတ်ကြ၏။ ဖိလစ်ပိုင်သဘော်သားများကလည်း သူတို့ ခြေသလုံးမှာ အမြဲဆောင်ယူလာတတ်သည့် ဓားမြှောင်များ ထုတ်ယူကိုင်ဆောင်ကာ ထိုးနှက်တိုက်ခိုက်ကြပြန်၏။ မောင်မောင်လည်း မနီးမဝေးက ဟုန်မေလီ ဖိလစ်ပိုင်တွေဝိုင်းသို့ ရှိနေသည်ကို သတိရသဖြင့် ချစ်သူထံ စိုးရိမ်စိတ်ဖြင့် သွားရောက်ရတော့၏။ ဟုန်မေလီကလည်း ချစ်သူမောင်မောင် ခေါ်သံကြောင့် စိုးရိမ်ကာ စားပွဲအောက်ပုန်းနေရာမှထကာ မောင်မောင့်ထံအပြေးလာနေခိုက်တွင် မောင်မောင်၏ မြန်မာသံကြားသဖြင့် ဖိလစ်ပိုင်တစ်ယောက်က ဓားမြှောင်ဖြင့် လှမ်းအထိုး ဟုန်မေလီက ကာထားသလို အလယ် ရောက်လာသဖြင့် ဟုန်မေလီ၏ နောက်ကျောကို ဓားမြှောင်ချက် ထိုးစိုက်မိပါတော့သည်။

"အင့်"

သူမက ပြေးဝင်ဖက်ခြင်းကြောင့် မောင်မောင့်ပေါ် သူမက ဖက်ရက်သားလဲကျသွားခဲ့ကြသည်။ မြန်မာလူမျိုးဆိုသည်က နိုင်ငံခြားပဲဖြစ်စေ မျိုးချစ်စိတ် ရှိကြသူများပါပေ။ သတ္တိသွေးရဲစွေးနိုကြ၏။ အရေးဖြစ်လည်း သွေးစည်းညီညွတ်ကြသည်သာဖြစ်၏။ ရုန်းရင်းဆန်ခတ် ရိုက်နှက်ကြသည့်ပွဲကို နိုက်ကလပ်ပိုင်ရှင်က ရဲတပ်ဖွဲ့သို့ ဖုန်းဆက်တိုင်ကြားသဖြင့် ရဲများ ရောက်လာတော့မှ ပွဲသိမ်းသွားခဲ့ပေ၏။ ဟုန်မေလီကား ဓားဒဏ်ရာမှ သွေးထွက်လွန်နေပြီမို့ အမောဖောက်လာတော့၏။

"မောင်မောင်"

"ဟုန်မေ ... မောင်မောင် ရှိတယ်လေ"

"ဟုန်မေ့ကို ဖက်ထားပေးနော်"

"အင်း"

"ဟုန်မေလေ ... မောင်မောင့်ကိုသိပ်ချစ်တယ် သိလား"

"သိပါတယ်။ မောင်မောင်လည်း ဟုန်မေ့ကို သိပ်ချစ်ရပါတယ်ကွယ်"

"မောင်မောင်"

"ပြောလေ ... ဟုန်မေ"

"ဟုန်မေ့ကို အမြဲသတိရ ချစ်နေမှာလားဟင်"

"ချစ်နေမှာပေါ့ ဟုန်မေ။ ဟုန်မေ ... ဟုန်မေ"

သူမကား တမလွန်ဘဝ သို့ ကူးပြောင်းသွားခဲ့ပြီဖြစ်၏။ ကြာ တော့လည်း ကြာခဲ့ပါပြီလေ။ ချစ်ရသူအတွက်ကတော့ မနေ့ တစ်နေ့ကလို ခံစားနေရဆဲပါ ဟုန်မေ။ ဟုန်မေတစ်ယောက် ကောင်းရာသုဂတိ လားရောက်နိုင်ပါစေလို့ ဆုတောင်းရင်း သတိရရ အမှတ်ရ လွမ်းဆွေး နေဆဲပါ။

**ဝန်ခံချက်**

ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်အား ဝတ္ထုအသွင် ခံစားရေးဖွဲ့မိပါသည်။ ချစ်ကြသူတိုင်း ပေါင်းဖက်နိုင်ကြပါစေ။

**မောင်မောင်(မြန်မာပြည်)**



www.burmeseclassic.com

www.burmeseclassic.com



# အချိန်မတော် လမ်းသွားသူနှင့် ရဲအယောင်ဆောင်သူတို့ အမှုတွဲ



မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူရာအရပ်တွင် ရဲသားဟန်ဆောင်ကာ လုယက်စားပြတိုက်သော လော်လီ ကားမောင်းသမားတစ်ဦးကို ဖမ်းစီးစစ်ဆေးနေစဉ် အခြားမုဒိမ်းမှုတစ်ခုပါ ပူးတွဲပါလာကြောင်း သတင်းက ဆိုသည်။

ချိုးလမ်းတွင် နေထိုင်သော ဆီဗာကူမာ (၃၂)နှစ်သည် ဂိုက်ဆိုက်ကောင်းသူတစ်ဦး ဖြစ်သည်။ ၂၃.၁.၂၀၁၃ နေ့တွင် စင်အေရဲဌာန၏ ရဲသားဝတ်စုံကို ဝတ်ဆင်ပြီး သားကောင်ရှာနေစဉ် အရက်သောက်ထားသော လူနှစ်ဦးကိုတွေ့သောအခါ မင်းတို့မူးယစ်ဆေးသုံးထားတယ်။ ဆီးစစ်ဖို့ ရဲဌာနလိုက် ခဲ့ဟုဆိုကာ ခြိမ်းခြောက်ပြီး ၎င်းတို့ပါငွေနှင့် လက်ကိုင်ဖုန်းကို ယူဆောင်ထွက်ခွာသွားသည်။ အခင်း ဖြစ်ပွားချိန်မှာ ထိုနေ့ည (၂) နာရီတွင်ဖြစ်သည်။ ရဲတုလည်း ထွက်ခွာသွားပြီး ည (၃း၁၀)နာရီတွင် ဘတ်ဂျက်ဟိုတယ်၌(၁၆)နှစ် မိန်းကလေးတစ်ဦးကို ရဲအသွင်ခြိမ်းခြောက်ပြီး မုဒိမ်းကျင့်ခဲ့ပြန်သည်။ နောက်နေ့တွင် ထိုရဲတုကို ဖမ်းဆီးရမိပြီး အယောင်ဆောင်မှု၊ စားပြမှု၊ အရွယ်မရောက်သေးသော မိန်းကလေးကို မုဒိမ်းကျင့်မှု စွဲချက် (၃)ခုဖြင့် တရားစွဲထားသည်။ တရားခံသည် ထောင်ဒဏ် (၁၀)နှစ် နှင့် ကြိမ်ဒဏ်များ ကျခံရကိန်းရှိသည်ဟု သတင်းကဆိုသည်။

ညိုမင်းလွင် (မော်ကျွန်း)

**Ref: The Star News**

**30.1.2013**

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# ကြောက်ငါးလိပ်သုံးသိန်း

မောင်မှိုင်းညို(ချောင်းဦး)

(တစ်)

"အလင်းရှိရင် အရိပ်ရှိတယ်မောင်....

ချစ်ခြင်းမေတ္တာပန်းတွေ မွေးပျံ့နေသမျှ အချစ်နဲ့ မောင် အတူလက်တွဲနေမယ်" ဆိုတဲ့ ချစ်သူရေ...

ဖူးငုံပွင့်စအရွယ်ကတည်းက ရစ်ပတ်ခဲ့တဲ့ကြိုး...

ထာဝရခိုင်ကျည်တဲ့မေတ္တာ နှောင်ကြိုးလို့ မောင်စဉ်းစားမိခဲ့တယ်....

နှစ်နှစ်ကာကာ ချစ်ခြင်းတွေနဲ့ အသည်းနှလုံးမှာ ကမ္ပည်း ထိုးခဲ့တယ်။

ဘဝတစ်လျှောက်ငိုလည်း အတူ၊ ရယ်လည်းအတူ နေနိုင်မယ်လို့ မောင်ထင်မှတ်ခဲ့ပါတယ်။

ခုတော့...တိမ်ယံမှာ ပျားစွဲသလို မဖြစ်နိုင်မှန်းနားလည်ပါ



www.burmeseclassic.com

www.burmeseclassic.com



# ခြောက်ငါးလိသုံးသိန်း

မောင်မှိုင်းညို (ချောင်းဦး)

ပြီချစ်သူ…

ဆင်စွယ်ဗီမာန်နန်းက အလှတစ်ပါးကိုမှ ကြင်မယ် အကြံဆန်းနဲ့ တန်းငိုတတဲ့သူရှူး ပုံပြင်လို

ဂုဏ်မီးအလွှာ ဆီးကွာ ခြားတဲ့မင်းကိုချစ်မိတဲ့ မောင်ဟာလည်း ပုံပြင်ထဲက သူရှူးပါပဲ ကွယ်…

စစ်သည်ကောင်း ဟုတ် မဟုတ် စစ်မြေပြင်ရောက်မှသိတယ်။

ချစ်သူကောင်း ဟုတ် မဟုတ်ကိုလည်း ချစ်မြေပြင် ရောက်မှ သိတယ်တဲ့ ချစ်သူ‥

ကဲ…မောင်နဲ့ချစ်သူ တို့နှစ်ယောက် ရှေ့တန်းချစ်မြေပြင်မှာ ဂုဏ်ဓနရန်သူတွေနဲ့ ရင်ဆိုင်ကြရပြီ။

"ဂုဏ်ဓနတွေခွဲပစ်ခဲ့၊

မောင့်လက်ကို ဆွဲရစ်လှည့်…"

အကြိမ်ကြိမ်အခါခါ မောင့် တောင်းဆုတွေလည်း မပြည့်ခဲ့ပါဘူးချစ်သူရယ်…

မင်းက ဂုဏ်ဓနကိုဆွဲရစ်လို့ မောင့်အသည်းကို ခွဲပစ်ခဲ့တယ်မဟုတ်လား။

ချစ်ကြင်နေစဉ်မှာ စွေးစွေးနီတဲ့သွေးတွေ….ချစ်မြေပြင်မှာ အရောင်ပြောင်းသွားပြီပေါ့နော်…

စကြာဝဠာတွေ ပျက်ပြုန်းနိုင်ပေမယ့်….

မောင့် မေတ္တာတရားကတော့ မပျက်ပြုန်းနိုင်ဘူး ချစ်သူ ယုံပါနော်….။

ဇေယျာဟိန်း၏ထောင့်ငါးရာအဖြစ်အပျက်က ကြားဖူးနေကျဇာတ်လမ်းတွေအတိုင်းပဲ ဖြစ်သည်။

သူက အညတရတော့ မဟုတ်၊ ကုမ္ပဏီကြီးတစ်ခုက အဆင့်မြင့်ဝန်ထမ်း တစ်ယောက် ဖြစ်သည်။ သို့သော် သူ့ချစ်သူ 'လဝန်းရုံခ' ဆိုသော မိန်းမချောလေး၏ဘဝနှင့် ယှဉ်လိုက်တော့ ခြသေ့်ဆီနှင့် အုန်းမှုတ်ခွက်လို။ သိင်္ဂီရွှေခွက်နှင့် ကျင်ငယ် ရေလိုလားလားမှ မထိုက်။ မနိုင်းအပ် မယှဉ်ရာဖြစ်သွားသည်။

ထို့ကြောင့်လည်း ရှေ့တန်းချစ်မြေပြင်မှာ သူ့အသည်းကိုခွဲကာ ထိတ်ထိတ်ကြဲ လူချမ်းသာ တစ်ယောက်၏ သားကို လဝန်းရုံခ လက်ထပ်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လမ်းက မဆန်းပေမယ့် ဇေယျာဟိန်း တစ်ယောက် အသည်းကွဲဝေဒနာကို အလူးအလဲခံလိုက်ရသည်။

အသိလက်လွတ် ဖြစ်သွားသည်။ မိမိအသက်ကို စွန့်ရန်အထိ စဉ်းစားမိခဲ့သည်။ နောက်တွင် ယစ်ရွှေရည်နှင့် အဖော်ပြုရင်း အသည်းကွဲသီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ဆိုခဲ့သည်။

နှစ်ဝက်လောက် အရူးတစ်ပိုင်း ဖြစ်ခဲ့ပြီးမှ ပုံမှန်ဘဝထဲ ပြန်ရောက်လာခဲ့သည်။ လူကပုံမှန်ပြန်ဖြစ်သော်လည်း သူ့အသည်းကတော့ ပုံမှန်ပြန်မဖြစ်နိုင်သေး။ ဝေဒနာအကြွင်းအကျန် အစအန ရှိနေသေးသည်။

တနင်္ဂနွေနံနက်ပိုင်း ရွှေတိဂုံဘုရားသို့သွား၏။ အေးရိပ်ခိုတာ ဂုဏ်တော်ပွား၏။ ပုတီးစိပ်၏။

တစ်ခုသော တနင်္ဂနွေ၏ သာယာသောနံနက်ခင်းတွင် ပြုမြဲဝတ္တရားအတိုင်း ဇေယျာဟိန်း ရွှေတိဂုံဘုရား ရောက်လာသည်။

တောင်ဘက်မုခ်ဝမှာ ဖိနပ်အပ်၍စောင်းတန်းအတိုင်း တက်လာခဲ့သည်။

ပန်းဆိုင်တစ်ဆိုင်မှာ ပန်းဝယ်သည်။ ကျသင့်ငွေပေးချေပြီး ပန်းစည်းယူ၍ လှည့်အထွက်..

"ဟင်...."

"အို...."

နူးညံ့ထွေး အိသောအရာဝတ္ထုနှင့် ပန်းစည်းကိုင်ထားသော သူ့လက်တို့ ထိခတ်မိလိုက်ခြင်းကို ဇေယျာဟိန်း မှတ်မှတ်ထင်ထင် သတိပြုမိလိုက်ပါသည်။

●●●

(နှစ်)

အရုဏ်သွေး ပါးပြင်နှင့် နှင်းလိုဖြူစင်သည့် အလှပိုင်ရှင်...

ယဉ်ကျေးသွင်ပြင်မှုယာက ရွှေပေးလို့မရတဲ့ အသရေကို ဆောင်နေသကဲ့သို့ရှိ၏။

သိခဲ့ပြီးသောအရာအားလုံးကိုမေ့လျော့အောင် စွမ်းနိုင်သူ ဇေယျာဟိန်း သည်လိုပဲ မှတ်ထင်လိုက်မိသည်။

"အားနာပါတယ်ရှင်၊ ခိုင်တောင်းပန်ပါတယ်"

ရှက်ရွံ့ဟန်၊ အားနာဟန်၊ တောင်းပန်ဟန်တို့ ရောနှောနေသော စကားသံထဲမှာ ကဗျာတစ်ပုဒ်ပါဝင်နေသည်ဟု သူထင်မိသည်။

သူမက ဇေယျာဟိန်းလွတ်ကျသွားသည့် ပန်းစည်းကို ကောက်ယူ၏။

ထို့နောက် မလှမ်းမကမ်းရှိ အမှိုက်ပုံးတွင် သွားစွန့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဓေယျာဟိန်းကတော့ ပြုစားခံနေရသူတစ်ယောက်ပမာ မှင်တက်မိဆဲ။

'ခိုင်'ဆိုသော သူမလုပ်ဆောင်သမျှကိုသာ ငေးကြည့်နေမိဆဲ...

အတန်ကြာမှ ခိုင်ထံမှ ခွာမရသည့် မျက်လုံးတွေကို သတိဖြင့် ပြန်လွှဲယူလိုက်ရသည်။

"ခိုင့်ကြောင့် ဖြစ်ရတာမို့ ပြန်ဝယ်ပေးပါရစေနော်"

"မဟုတ်တာ၊ရပါတယ်"

သူ ပျာပျာသလဲ ပြောနေစဉ်မှာပင် ခိုင်ကပန်းသည်ထံမှ ပန်းနှစ်စည်းဝယ်၏။ သူ့ကို တစ်စီးပေးသည်။

"အစ်ကိုတစ်ယောက်ထဲလား၊ ခိုင်လည်း အဖော်မရှိလို့..."

ပန်းနုရောင်ပွင့်ဖတ် နှစ်လွှာမှ ဂီတသံ ထွက်ပေါ်လာသည်။

ဓေယျာဟိန်း ပျော်သွားသည်။

ခိုင့်လက်ထဲက ပန်းစည်းကိုယူ၏။ သူ၏ပန်းစည်းနှင့် ပူးတွဲကိုင်လိုက်သည်။

ပြီးတော့ ရှင်ပျူလိုလားစွာ ပြောသည်။

"အစ်ကိုလည်းတစ်ယောက်တည်းပါ။ အတူသွားကြတာပေါ့ ခိုင်..."

ထိုနေ့သည် နှစ်ပေါင်းများစွာအတွင်း 'လဝန်းရံခ' ကို သတိမရသော ပထမဆုံးနေ့အဖြစ် မှတ်တမ်းဝင်သွားခဲ့လေသည်။

ဓေယျာဟိန်း ကိုယ့်စိတ်ကို ကိုယ်မယုံနိုင်အောင် ခံစားရသည်။

ကာလရှည်ကြာစွာ နှလုံးသားတွင်ချစ်ခြင်းဖြင့် တံဆိပ်ခတ်နှိပ်ခဲ့သည့် လဝန်းရံခ၏ ပုံရိပ်လွှာအဘယ်ကြောင့် မှိန်ဖျော့ကွယ်ပျောက်ခဲ့ရသလဲ...

လဝန်းရံခ၏အမုန်းတရားတွေကို နာကြည်းမိ၍လား...

မေ့ဖျောက်ဖို့ လုံလောက်သည့် အချိန်ကာလတစ်ခုကို ဖြတ်သန်းခဲ့သော ကြောင့်လား။

ခိုင်ဆိုသော မိန်းမလှတစ်ယောက်အပေါ် ညွတ်ပျောင်းမိသောသူ့စိတ်တွေကြောင့်လား။

တိကျ ရေရာသော အကြောင်းပြချက် တစ်စုံတစ်ခုမှ ရှာမရသော်လည်း နှလုံးသားမှာ ထင်ရှားပေါ်လွင်နေသည့် အခြင်းအရာနှစ်ခုကိုတော့ သူသတိပြုမိလိုက်သည်...

တစ်ချိန်က သူ၏နှလုံးသွေးတို့ကို ရံဖန်ရံခါ မြူးတူးရွှင်လန်းစေသော ရံဖန်ရံခါ ကယောင် ချောက်ချားဖြစ်စေသော လဝန်းရံခဟူသော အမည်သည် ယခုအခါ သူ့နှလုံးသားထဲမှ ဖယ်ရှား ခံလိုက်ရခြင်းဟူသော အခြင်းအရာနှင့်...

ခိုင်၏ချိုမြသော အလှကဗျာတွင် အာရုံငြိတွယ်နေခြင်းဟူသော အခြင်းအရာတို့ပင်ဖြစ်သည်။

ထိုနေ့က ဓေယျာဟိန်းနှင့် ခိုင်တို့နှစ်ယောက် ဘုရားရင်ပြင်တော်ပေါ် အတူယှဉ်တွဲ၍ တက်ခဲ့ကြသည်။

တနင်္လာထောင့် ရောက်တော့ ခိုင်က သူမ၏ဆလင်းဘက်အိတ်ကိုအပ်သည်။ "ခဏစောင့်နော်၊ ခိုင်မွေးနံမှာ ဝတ်ပြုချင်လို့" ဟုဆို၏။

ဓေယျာဟိန်းခပ်လှမ်းလှမ်းက စောင့်ရင်း ခိုင့်ကိုကြည့်နေမိသည်။

ဖြူစင်ဝင်းပသည့် အသား

www.burmeseclassic.com

www.burmeseclassic.com



အရည်နှင့်ခိုင်သည် ရှည်လျား နက်မှောင်ဆံကေသာကို ကျစ်ဆံ မြီးထူထူကြီးတစ်ချောင်း ကျစ်၍ ရင်ခွင်ရှေ့ဘက်သိမ်း၍ထား၏။ ယောဂီရောင်တဘက်လေး ပခုံး တင်ကာ ပုဆစ်ကျုံ့ကျုံ့အာရုံပြု နေသည့် ကိုယ်နေဟန်ကပန်းပု သူ့ဇာလို သန့်စင်ယဉ်ကျေးလှ သည်။

အတန်ကြာကြာ ဘုရား အာရုံပြုပြီးမှ ခိုင်ထလာသည်။ သူ့ဆီလှမ်းလျှောက်လာရင်း ပြုံး ပြသည်။

"စောင့်ရလို့ စိတ်ညစ်နေ လားအစ်ကို"

"စိတ်မညစ်ပါဘူးခိုင်ရဲ့။ ခိုင်ဘုရားဝတ်ပြုတာ ကြည့်ရင်း အစ်ကိုလည်း စိတ်ကြည်နူးရ တယ်လေ"

ဇေယျာဟိန်းက ဆလင်း ဘက်အိတ်ကို ခိုင့်ဆီကမ်းပေး ရင်း ပြောသည်။

ဘုရားကို လကျာ်ရစ် လှည့်ပတ်ကြည့်ညိုကြ၏။

"ခိုင်...."

"ရှင်...အစ်ကို"

"လူတိုင်းကို ခိုင့်လိုပဲ ကိုယ်ကျင့်တရားဖြူစင်သူလို့

"ဒီနေ့မှ သိကျွမ်းခင်မင်ရတဲ့ အစ်ကို့ကို ဆလင်းဘက် အိတ်အပ်ပြီး ခိုင်ဘုရား အာရုံပြုတာယ်လေ..."

"ဪ...ဒါလား ခိုင့်အကျင့်က အဲဒီလိုပါပဲအစ်ကို၊ ခင်မိပြီဆိုရင် ယုံမိလိုက်တာပါပဲ။

ထင်မှတ်နေလားဟင်"

"ဘာလို့လဲအစ်ကို"

"ဒီနေ့မှ သိကျွမ်းခင်မင် ရတဲ့အစ်ကို့ကို ဆလင်းဘက် အိတ်အပ်ပြီး ခိုင်ဘုရား အာရုံ ပြုတယ်လေ..."

"ဪ...ဒါလား ခိုင့် အကျင့်ကအဲဒီလိုပါပဲအစ်ကို၊ ခင် မိပြီဆိုရင် ယုံမိလိုက်တာပါပဲ။ အစ်ကို့ကို စတွေ့ကတည်းက လေးလေးနက်နက် ခင်မင်မိပါ တယ်။ ဒါကြောင့် အပ်ခဲ့တာပါ။ ခိုင်ခင်တဲ့ ယုံတဲ့သူက ရက်စက် တော့လည်း ခိုင့်ကုသိုလ်ပဲပေါ့ အစ်ကိုရယ်"

"အစ်ကိုက ခိုင့်အတွက် ပြောတာပါ။ အကြောင်းသိသူ ချင်းတော့ မကောင်းကြံကြ တယ် မဟုတ်လား။ ခိုင့်အတွက် စိုးရိမ်မိလို့ပါ"

"ကျေးဇူးတင်ပါတယ် အစ်ကို၊ နောက်ဆိုခိုင် ဆင်ခြင် ပါမယ်နော်"

မျက်ဝန်းရွှဲကြီးဖြင့် ခိုင်၏ သနားစဖွယ်မျက်နှာကို ကြည့် ရင်း ဇေယျာဟိန်း၏ရင်မှာ နူး ညံ့သိမ်မွေ့သော မေတ္တာပန်းတွေ ပွင့်လန်းနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com





အင်္ဂါထောင့်ရောက်တော့ ဇေယျာဟိန်းက သူ၏လက်ကိုင်အိတ်ကို ခိုင့်ဆီလှမ်းပေးသည်။

"အစ်ကိုမွေးနံရောက်ပြီ၊ ဒီတစ်ခါ ခိုင်စောင့်ရမယ့် အလှည့်နော်"

"အစ်ကို"

"ပြော....ခိုင်"

"လူတိုင်းကို အစ်ကို့လိုပဲ ကိုယ်ကျင့်တရား ဖြူစင်သူလို့ ထင်မှတ်နေလားဟင်"

"ဟာ...ခိုင်က အစ်ကို့ကို ဂလဲ့စားချေတာပေါ့လေ၊ ဟုတ်လား။ အစ်ကို့အကျင့်ကလည်း ဒီလိုပါ ပဲခိုင်ရေ အစ်ကိုက ခင်မိချစ်မိပြီဆိုရင် ယုံလိုက်တော့တာပဲ...."

ဇေယျာဟိန်းနှုတ်က 'ချစ်မိ' ဆိုသော စကားလုံးလေးကို တမင် ထည့်ပေးလိုက်သည်။

ခိုင်၏အရဏ်ရောင် ပါးပြင်ထက်တွင် တစ်ဒင်္ဂမျှပန်းဆီရောင် လွှမ်းထသွားသည်။

ဇေယျာဟိန်းဆင်းတုတော်ကို ရေသပ္ပာယ်ရင်း ခိုင့်ကိုလှမ်းကြည့်သည်။ ခိုင်ကလည်းကြည့်နေ၍ ပြုံးပြလိုက်သည်။ တည်ငြိမ်သော ခိုင်ကတော့ တုံ့ပြန်အပြုံးကိုပင် ချွေချွေတာတာ ပြုံးသည်ဆိုရုံမျှသာ။

လက်ျာရစ်တစ်ပတ်ဘုရားကြည်ညိုပြီး ဇရပ်တစ်ဆောင်တွင် ခေတ္တနားကြ၏။

ယခုမှ သူ့အကြောင်းကိုယ့်အကြောင်း ပြောပြမိတ်ဆက်ခွင့်ရသည်။ မိသားစုအကြောင်း တွေပြောရင်းခင်မင်ကျွမ်းဝင်မှုများ တိုးပွားလာသည်။

နေမွန်းမတည့်မီ ဘုရားပေါ်မှ အတူဆင်းလာခဲ့ကြသည်။

ဇေယျာဟိန်း မခွဲခွာချင်သေး၊ အရဲစွန့်၍ပြောမိသည်။

"အစ်ကိုနဲ့ခိုင်တို့ တွေ့ဆုံတဲ့ အမှတ်တရအနေနဲ့ နေ့လည်စာကျွေးပါရစေ။ ခိုင်လက်ခံပါနော်"

"ခိုင်လည်း စဉ်းစားနေတာအစ်ကို။ အမှတ်တရ ဖြစ်အောင်ခိုင်က နေ့လည်စာ ကျွေးချင်လို့။ ဒါပေမယ့် အစ်ကို့ကို ခိုင်မပြောရဲဘူးလေ"

"ရပါတယ်ခိုင်ရယ်၊ ဒီနေ့တော့ အစ်ကိုကျွေးပါရစေ။ ခိုင်ကျွေးတာကို နောက်တစ်ခေါက်မှစားမယ်နော်"

အမှတ်တရဆုံတွေ့နေ့လေး

www.burmeseclassic.com

www.burmeseclassic.com



က ဓေယျာဟိန်းနှင့် ခိုင်တို့နှစ်ဦးစလုံးအတွက် မှတ်မှတ်ထင်ထင် ဖြစ်ခဲ့ပါသည်။

ရန်ကုန်မြို့လည်ရှိ ဆိုင်ကြီးတစ်ဆိုင်မှာ ဓေယျာဟိန်း ခိုင့်ကို နေ့လည်စာကျွေးသည်။

စားသောက်ပြီးတစ်နေ့တာ၏ ကျန်သည့်နာရီတွေကိုကန်တော်ကြီး၏ ချစ်သူရိပ်မှာ သွားထိုင်ကြသည်။

"အစ်ကိုတော့ ဒီနေ့လေးကို တစ်သက်လုံးမေ့တော့မှာမဟုတ်ဘူး"

"ခိုင်လည်းသတိရနေမှာပါ။ ဒီနေ့အစ်ကိုနဲ့ ဆုံရတာ ခိုင်ပျော်ပါတယ်။ စိတ်လည်း အေးချမ်းသလို ခံစားရတယ်..."

"အစ်ကိုတော့ ခိုင်နဲ့အမြဲဆုံနေချင်တယ်ခိုင်.."

"ခိုင်လည်း ဆုံချင်ပါတယ်အစ်ကို..."

"တနင်္ဂနွေနေ့တိုင်း အစ်ကိုနဲ့ခိုင်ဆုံကြမယ်လေ။ ဒီနေ့လိုပဲ ဘုရားဖူးကြမယ်။ နေ့လည်စာ တစ်ခုခုစားပြီး ဒီနေရာမှာ လာထိုင်စကားပြောမယ်။ ခိုင့်သဘောက ဘယ်လိုလဲဟင်.."

ခိုင်ကပြုံးပြ၏။

ထို့နောက် ဂီတသံနှင့်တူသော စကားလုံးတို့ကိုဖန်ဆင်း၏။

"အစ်ကို့သဘောနဲ့ထပ်တူ ထပ်မျှပါပဲအစ်ကို"

တကယ်တော့ ဓေယျာဟိန်းနှင့် ခိုင်တို့ဆုံတွေ့ပုံက အမှတ်မထင်ရယ်ပါ။ သို့သော် မထင်မှတ်လောက်အောင် ရင်းနှီးမှုက ရင့်သန်ခဲ့သည်။ နှလုံးခုန်နှုန်း မြန်ခဲ့ကြသည်။

အတိတ်ဘဝ၏တစ်စုံတရာပတ်သက်ခဲ့မှုနဲ့မျှား ဆက်နွယ်ရှေ့သလား၊ ဓေယျာဟိန်း တွေးထင်မိ၏။

တစ်ယောက်မျက်လုံးနှင့် တစ်ယောက်၏ မျက်လုံးတို့ မကြာခဏ ဆုံမိကြသည်။

ဆုံမိတိုင်းလည်း ရုတ်ချည်းတော့ မလွှဲဖယ်မိကြ။ ခိုင်ကတော့ ဘယ်လိုရယ်မသိ။

ဓေယျာဟိန်းကမူ ခိုင်၏ မျက်ဝန်းမှတစ်ဆင့် ခိုင့်နှလုံးသားသို့တိုင် ကြည့်နေမိပါသည်။

●●●

(လေး)

သည်တနင်္ဂနွေက ဓေယျာဟိန်းအတွက် ထူးထူးခြားခြား သာသာယာယာ ရှိလှသည်။

နံနက်ဦးတွင် ရွှေရောင်နေခြည်နုတို့သည် ခပ်စောင်းစောင်းဖြာကျနေသည်။

ငှက်ကလေးတွေ တေးသီချင်းဆိုသံကလည်း ယခင်နေ့တွေထက်ပင် ပို၍နားထောင်ကောင်းနေသည်။

အပြာရင့်ရင့်မိုးကောင်းကင်ကြီး၏ ရင်ဘတ်ထဲမှာ အချစ်တွေဖြင့် ပြည့်သိပ်နေသည်။

ဓေယျာဟိန်း၏ ရင်ဘတ်ထဲမှာတော့ သိင်္ဂါရပန်းတွေ လန်းဆန်းဖူးပွင့်ဝေဆာလို့...

"အစ်ကို လာမယ့်တနင်္ဂနွေက ခိုင်နဲ့အစ်ကိုတို့ ဆုံတွေ့တဲ့ တစ်လပြောက်နေ့နော်။ အဲဒီနေ့ကျရင် ခိုင့်သူငယ်ချင်းတွေနဲ့ အစ်ကို့ကို မိတ်ဆက် ပေးမလို့၊ သူဇာတို့အုပ်စုက အစ်ကို့ကို တွေ့ချင်ကြလို့တဲ့လေ။

ကန်တော်ကြီး ရေစပ်က ခိုင်တို့ထိုင်နေကျ နေရာမှာပဲ သူဇာတို့အဖွဲ့ကို ချိန်းထားတယ်။ အစ်ကိုစောစောလာခဲ့နော်။

ညနေ နေအေးမှ ဘုရားသွားကြမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့သည့် တနင်္ဂနွေက ခိုင်ပြောလိုက်သည်များကို တစ်လုံးမကျန် သူမှတ်မိနေဆဲ။

သူနှင့်ခိုင် တနင်္ဂနွေနေ့တိုင်း ဘုရားမှာဆုံကြသည်။ ထို့နောက် နေ့လည်စာ တစ်ခုခုစားပြီး ကန်တော်ကြီး ချစ်သူရိပ်မှာ ထိုင်ရင်း စကားပြောကြသည်မှာ ချစ်သော တနင်္ဂနွေ သုံးကြိမ်တိုင်ခဲ့ပြီ။ ယနေ့ဆိုလျှင် လေးကြိမ်မြောက်နေ့ကို ဖြတ်သန်းရပေတော့မည်။

သည့်အတောအတွင်း သူနှင့်ခိုင်တို့၏ အနေအထားကလည်း တိုးတက်ပြောင်းလဲလာခဲ့သည်။

မျက်ဝန်းများမှတစ်ဆင့် တစ်ဦးနှင့်တစ်ဦးအပြန်အလှန်ချစ်ခြင်းကို ရှာဖွေခဲ့ကြ၏။ မိတ်ဆွမက ချစ်သူလည်း မကျတဲ့အနေအထား။

တစ်လဆိုသော အချိန်ကာလသည် လူတစ်ယောက်နှင့်တစ်ယောက် ယုံကြည်နိုင်ဖို့ အတွက် မလုံလောက်သေးမှန်း ဧယျာဟိန်းသဘောပေါက်ပါ၏။

သို့သော် ချစ်ခြင်းမှာအချိန်မလို၊ ငွေကြေးမလို၊ ဂုဏ်ဓနမလို၊ အသက်အရွယ်မလို၊ အဆုံးဆိုရလျှင် ဦးနှောက်နှင့် စဉ်းစားစရာမှန်သမျှ ဘာမှမလို။ အချစ်ဆိုတာ နှလုံးသားနှင့်ဆိုင်သောအရာသာဖြစ်သည်။

ဧယျာဟိန်းဆုံးဖြတ်ချက်ချသည်။

တစ်ရက်လေးမျှပင်နောက်ကျမခံနိုင်တော့။ ချစ်မေတ္တာပန်းများကို ယနေ့ပင် ပွင့်ဝေတော့မည်။ ခိုင့်ကိုယနေ့ပင် ချစ်ခွင့်ပန်မည်။

သည်အတွေးတွေနှင့် သူပျော်နေခဲ့ခြင်းဖြစ်သည်။ ချစ်သူရိပ်ကို သူရောက်သွားတော့ နံနက် ကိုးနာရီတိတိ။ အပြာနုရောင်ဝမ်းဆက်နှင့် လှချင်တိုင်းလှ၊ ယဉ်ချင်တိုင်း ယှဉ်နေသော ခိုင်က အပြုံးတစ်ပွင့်ဖြင့်ကြို၏။

"ရောက်နေတာကြာပြီလားခိုင်"

"မကြာသေးပါဘူးအစ်ကို၊ ခုနကမှပါ"

"ဒါတွေ စီစဉ်လာရတာ ခိုင် ပင်ပန်းနေတော့မှာပဲ"

နီညိုရောင် ပန်းပွင့်ကြီးတွေနှင့် ပလတ်စတစ်ဖျာပေါ်မှာ အပြာရောင် လက်ဆွဲခြင်းတစ်ခု။

လက်ဆွဲခြင်းတစ်ခု၊
ခြင်းထဲမှာပန်းသီး၊
ပျားလိမ္မော်နှင့်
ပန်းသစ်တော်သီးတွေ
တွေ့ရ၏။
ပလပ်စတစ်
ရေခဲပုံးငယ်နှင့်
ထည့်ထားသော
ရေခဲမိမ်
အချိုရည်ဘူး
တွေလည်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြင်းထဲမှာပန်းသီး၊ ပျားလိမ္မော်နှင့် ပန်းသစ်တော်သီးတွေ တွေ့ရ၏။ ပလပ်စတစ် ရေခဲပုံးငယ်နှင့် ထည့်ထားသော ရေခဲစိမ် အချိုရည်ဘူး တွေလည်းပါသည်။

"မပင်ပန်းပါဘူးအစ်ကို၊ သူဇာတို့အုပ်စုက အစောင်မ်းတယ် အစ်ကိုရဲ့။ မစားရရင် အစ်ကို့ကိုရော၊ ခိုင်ကိုရော အပြစ်တင်လိမ့်မယ်"

ဇေယျာဟိန်း ခိုင့်ကိုကြည်နူးစွာကြည့်ရင်း…

"ခိုင်…."

"ရှင်….အစ်ကို"

"ခိုင် သူငယ်ချင်းတွေမလာခင် အစ်ကိုစကားတစ်ခွန်းလောက် ပြောချင်တယ်ခိုင်…"

"တစ်ခွန်းမဟုတ်ပါဘူး အစ်ကိုရယ်၊ ကြိုက်သလောက်ပြော၊ ခိုင်နားထောင်ပါ့မယ်။ အခုတော့ အမောပြေ အအေးလေး သောက်လိုက်ဦး၊ ပြီးတော့မှ ပြောနော်အစ်ကို"

ခိုင်ကအအေးဘူး လက်ဆွဲကွင်းလေးကို ဖြုတ်ယူဖွင့်ဖောက်၏။ ထို့နောက် အအေးစုပ် ပိုက်ထည့်၍ ဇေယျာဟိန်းကို ကမ်းပေး၏။

ဇေယျာဟိန်းမချင့်မရဲ ပြုံးရင်း အချိုရည်ဘူးကိုယူ၏။ ခိုင်စိတ်ချမ်းသာအောင် အချိုရည်တို့ကိုစုပ်ယူသည်။

"ခဏထိုင်ပါဦးခိုင်ရယ်"

ဇေယျာဟိန်း ကုန်သွားသည့် အချိုရည်ဘူးကို ဘေးမှာချသည်။ ခိုင့်လက်ကို အသာဆွဲယူ၍ အတူယှဉ်တွဲထိုင်လိုက်သည်။

သူတို့နှစ်ဦး ကျောမှီထားသည့်က ကြီးမားသည့် ပင်စည်နှင့် ကုက္ကိုပင်ကြီး တစ်ပင်။ သူတို့ရှေ့ မလှမ်းမကမ်းမှာတော့ ကန်တော်ကြီးရေပြင်က လေပြေလှိုင်းတို့၏ ဂီတသံဖြင့်….

"အချိန်တွေမစောင့်နိုင်တော့ဘူးခိုင်ရယ်…။ အစ်ကို ခိုင့်ကို ချစ်….ချစ်…."

ခိုင် ဇေယျာဟိန်းကို လှမ်းကြည့်လိုက်သည်။

ဇေယျာဟိန်း သစ်ပင်ကို မှီထိုင်ရင်း ခေါင်းငိုက်စိုက် ကျနေလေပြီ။

"အစ်ကို….အစ်ကို"

ခိုင် ဇေယျာဟိန်း၏ပခုံးတို့ကို ကိုင်လှုပ်၍ခေါ်သည်။ မရ။ ဇေယျာဟိန်း၏ အသိအာရုံတို့ အဝေးတစ်နေရာသို့ ခရီးထွက်သွားလေပြီ ဖြစ်သည်။

ခဏအကြာတွင်ကား ချစ်သူရိပ်၌ ဇေယျာဟိန်းတစ်ယောက်သာ ငြိမ်ဆိပ်စွာ ကျန်ရစ်ခဲ့ပါတော့သည်….။

●●●

(ငါး)

"ထိုင် ညီလေး သက်သာသွားပြီလား"

"ဟုတ်ကဲ့၊ သက်တော့ သက်သာသွားပါပြီ။ ခေါင်းတော့ နည်းနည်း နောက်နေသေးတယ် ဆရာ…."

"ဒီလောက်တော့ ရှိမှာပဲလေ။ ညီလေးအခပ်ခံ လိုက်ရတဲ့ ဆေးက ပမာဏ နည်းနည်းများသွားတယ် ထင်တယ်။ သုံးဆယ့်ရှစ်နာရီလုံးလုံး ညီလေး သတိမေ့နေခဲ့တယ်။ ကုသမှုနောက်ကျရင် အသက် အန္တရာယ်ရှိတယ်လို့ ဒေါက်တာ မောင်မောင်မြင့်က ပြောတယ်"

"ဟုတ်တယ်ဆရာ၊ အချိုရည်သောက်ပြီး ၂မိနစ် ၃မိနစ် အတွင်း ကျွန်တော် သတိမေ့သွားခဲ့ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကံကောင်းတယ်ပြောရမှာပဲ ညီလေးရေ…။ ဝါသနာရှင်တစ်ယောက်က ညီလေးတို့အတွဲကို ချောင်းနေတာလေ။ ဝါသနာပါတာလေးတွေ ကြည့်ရမလားလို့ ချောင်းတာကနေ ရာဇဝတ်မှုခင်းကျူးလွန်နေတာ မြင်လိုက်ရတာနဲ့ နီးရာဖုန်းနဲ့ ဝမ်းနိုင်းနိုင်းခေါ်ပြီး အကြောင်းကြားတယ်။ ဒါ့ကြောင့် ညီလေးကိုဆေးရုံအချိန်မီ ပို့နိုင်ခဲ့တယ်။ တရုတ်ကြီးနဲ့ အဖွဲ့ကိုလည်း ထွက်ပေါက်ကနေ ပိတ်ဆို့ဖမ်းနိုင်ခဲ့တယ်လေ…"

ဗဟန်းရဲစခန်းမှူး ရဲအုပ်စောသိန်း၏စကားကို ဇေယျာဟိန်း နားမလည်နိုင်အောင် ဖြစ်ရသည်။

"ခင်ဗျား… တရုတ်ကြီးဟုတ်လား"

"ညီလေး နားလည်အောင် ပြောရရင် တရုတ်ကြီးခေါင်းဆောင်တဲ့ ဒုစရိုက်ဂိုဏ်းက ညီလေးကိုသားကောင်အဖြစ်ရွေးလိုက်တာပါ…"

ညီလေးရဲ့ ခိုင်ကတော့ ဇေယျာဟိန်းဆိုတဲ့ ဥဒေါင်းမင်းကို ညွတ်ကွင်းထဲ အရောက်ပို့တဲ့ဒေါင်းမလေးပေါ့ကွာ"

ညီလေးသိသင့်တဲ့ နောက်တစ်ခုက တရုတ်ကြီးနဲ့ ခိုင်ဟာ လင်မယားဆိုတာပါပဲ"

"အိပ်မက် မက်နေသလိုပါပဲဆရာ။ ဒုစရိုက်သမားရဲ့ သားကောင်အဖြစ် တစ်လတိတိ ကျူးသွင်းခံနေရတာတောင် တစ်စွန်းတစ်စမျှ ကျွန်တော် မရိပ်မိခဲ့ဘူးဆရာ"

"ဒုစရိုက်သမားရဲ့ လှည့်ကွက်ကို နားမလည်တဲ့ညီလေးရဲ့ အပြစ်လို့ပြောရင် မမှန်နိုင်ဘူး ညီလေး…"

ဒုစရိုက်သမားတွေကသူတို့အလုပ်ကို အလွန်ပါးနပ်လိမ္မာကြတယ်။ ပိပိရိရိရှိတယ်။ လူကဲခတ်ကောင်းတယ်။ အကောင်းဆုံးကတော့ ရွှေငွေလက်ဝတ်လက်စား ဝတ်ဆင်မထားတာဟာ ဒုစရိုက်သမားနဲ့ မဆုံတွေ့ဖို့နည်းလမ်းပဲညီလေး"

ရဲအုပ် စောသိန်းစကားအဆုံး သတ်လိုက်သော်လည်း ဇေယျာဟိန်း အတွေးများကအဆုံးမသတ်နိုင်သေး….။

"မရှင်းလို့မေးပါရစေဦး… ခိုင်နဲ့ကျွန်တော် ဘုရားကျွန်းဆိုင်

ဒုစရိုက်သမားတွေက
သူတို့ အလုပ်ကို
အလွန်
ပါးနပ်လိမ္မာကြတယ်။
ပိပိရိရိရှိတယ်။
လူကဲခတ်
ကောင်းတယ်။
အကောင်းဆုံးကတော့

www.burmeseclassic.com

www.burmeseclassic.com



မှာ မတိုက်မိကြဘူးဆိုရင် ကျွန်တော်သားကောင်ဘဝ ရောက်နိုင်ပါ့မလား"

ရဲအုပ်စောသိန်း ဧယျာဟိန်းကို ကြည့်၍ပြုံးလိုက်သည်။ သူ့အပြုံးက ဂရုဏာသက်သည့် အပြုံး။

"သားကောင်အဖြစ် ရွေးပြီးမှ ညီလေးကို ဝင်တိုက်လိုက်တာလို့ အစ်ကိုထင်တယ်"

"ဒါဆိုရင် သူ့မွေးနံ့ထောင့်မှာ ဘုရားဝတ်ပြုတော့ သူ့ဆလင်းဘက် ကျွန်တော့်ဆီ အပ်ခဲ့တယ်။ ကျွန်တော်အသာ လစ်ထွက်သွားရင် ဘယ်လို လုပ်မလဲ"

"ညီလေးရယ် သူတို့က လူကဲခတ် သိပ်ကောင်းတယ်လို့ ပြောပြီးပြီလေ။ ညီလေး ဒီလို မလုပ်ဘူးဆိုတာ သိပ်သိတာပေါ့။ ညီလေးအနီးမှာ သူ့ယောက်ျား တရုတ်ကြီးရှိ မနေနိုင်ဘူးလို့ ညီလေးထင်လား"

"ကျွန်တော် ဘုရားဝတ်ပြုတုန်း ကျွန်တော့်လက်ကိုင်အိတ်ယူသွားလည်း ရတာပဲ။ အဲဒီတုန်းက အိတ်ထဲ ငွေနှစ်သိန်းကျော်ပါတယ် ဆရာ..."

"ညီလေးက ဒုစရိုက်သမားကို လျှော့တွက်တာကိုး ကွ။ သူတို့မှာ လောဘတွေ အထူးကြီးရှိတယ်။ လက်ကိုင်အိတ်ထဲကငွေကြောင့် သားကောင်ဖြစ်ရတာ မဟုတ်ဘူး။ ညီလေး ဝတ်ထားတဲ့ ဟန်းချိန်းတွေ၊ ဆွဲကြိုးတွေ၊ လက်စွပ်တွေကြောင့် သားကောင်ဖြစ်ရတာပါ။ တရုတ်ကြီးနဲ့ မခိုင်ဆီက သိမ်းဆည်းရမိခဲ့တဲ့ ညီလေးရဲ့ ပစ္စည်းတွေရဲ့ တန်ဖိုးကို သိန်းငါးဆယ်လို့ ရွှေကျွမ်းကျင်သူက သတ်မှတ်ထားတယ်လေ။ ကဲ ... ဘာသိချင်သေးလဲ"

"ကျွန်တော့် လက်ဝတ်လက်စားတွေက အားလုံးအတုတွေဖြစ်နေရင်ကောဆရာ"

ဒီတစ်ကြိမ် ဧယျာဟိန်း၏ မေးခွန်းကိုတော့ ရဲအုပ်စောသိန်းမဖြေတော့...

သဘောကျစွာဖြင့် တဟားဟား ရယ်မောသည်။ အတန်ကြာမှ....

"ဒုစရိုက်သမားကို ဘယ်တော့မှ အထင်မသေးနဲ့ညီလေး။ လျှော့မတွက်နဲ့။ ခြောက်ငါးလိသုံးဆယ် မဟုတ်ဘူး။ သုံးထောင် သုံးသောင်းတောင် မဟုတ်ဘူး။ သုံးသိန်းလောက် တွက်မှ တန်ကာကျမယ် ညီလေးရေ။ တစ်သက်လုံးသာ မှတ်ထားပေတော့...."

လိုအပ်သည့်ထွက်ဆိုချက်တွေ မေးပြီး ဧယျာဟိန်း ဗဟန်းရဲစခန်းမှ ပြန်ထွက်လာခဲ့သည်။

"ဒုစရိုက်သမားကို ဘယ်တော့မှ လျှော့မတွက်နဲ့။ 'ခြောက် ငါးလိသုံးသိန်းလောက် တွက်မှ...."

ဒုရဲအုပ်စောသိန်း၏ စကားက သူ့အာရုံမှာ ငြိပါလာသည်။

"ခြောက်ငါးလိသုံးသိန်း... ခြောက်ငါးလိ သုံးသိန်း....."

သူ့နှုတ်ဖျားက လိုက်၍ ရေရွတ်နေမိသည်။ သို့သော် သူ၏ အာရုံတွင် မြင်နေသည်က တော့ ဒုစရိုက်သမား၏ အန္တရာယ်မဟုတ်....

"လဝန်းရုံခ"


ပြီးတော့...

"ခိုင်......"

မောင်မှိုင်းညို(ချောင်းဦး)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဝင်းသောင် (ရမည်းသင်း)

# မှော်ဝှပ်ပါလေး



"ဟောဟိုမှာ လူတွေ ဝိုင်းကြည့်နေကြတယ်၊ ဘာများပါလိမ့် ခဏဝင်ကြည့်ရအောင်"

"စပ်စပ်စုစု အကိုတို့ကတော့လုပ်ပြီ"

"ရေးစရာ ရေးကွက်လေးရလိုရငြားပေါ့ မိန်းမရာ လာဝင်ကြည့်ရအောင်"

ဒီနေ့ ကျွန်တော်တို့ဇနီးမောင်နှံ အိမ်မှနံနက် (၉)နာရီထွက်ခဲ့ကြသည်။ ကိစ္စကြီးငယ်ရှိ၍မဟုတ် အနော်ရထာလမ်းရှိ နီလာဒံပေါက်ဆိုင်တွင် ဒံပေါက်ထမင်းစားရန်သက်သက် ဖြစ်သည်။ အချိန်ယူ၍ အိမ်ကထွက်လာခြင်းမှာ-ပလက်ဖောင်းဈေးတန်းတစ်လျှောက် ဟိုဒီလျှောက်ကြည့်ရင်း ဗိုက်ဆာမှ ဒံပေါက်ဆိုင် ဝင်စားကြမည်ဟု ကြိုတင်တိုင်ပင်၍ စောစောထွက်လာကြခြင်းဖြစ်သည်။ ကျွန်တော်သည်တာဝန် တစ်ဘက်ကထမ်းဆောင်ရင်း စာရေးသားနေသူဖြစ်သဖြင့် ထူးခြားတာဆို ဘာလေးဖြစ်ဖြစ် သိချင်သည်မို့ လူအုပ်စုအတွင်းတိုးဝင်ကြည့်ဖို့ ကျွန်တော့်ဇနီးအား အဖော်စပ်လိုက်ရာ ဇနီးသည် မြသန်းနုက အင်တင်တင်ဖြစ်နေသဖြင့် မငြင်းသာအောင် ကျိုးကြောင်းပြကာ ခေါ်လိုက်ခြင်းဖြစ်ပါသည်။

ဒီလိုနဲ့ သွားရင်းလာရင်း ဆယ်မိနစ်လောက် ကြာတော့ ပန်းဆိုးတန်းနှင့်ကုန်းနားလမ်းဒေါင့် ဒလသဘော်ဆိပ်နဲ့ မနီးမဝေး အဆောက်အဦးကြီးရှေ့ လူစုလူဝေးရှိတဲ့ နေရာထဲကျွန်တော်တို့ဝင်ဖြစ်တယ်၊ ကျွန်တော့်ဇနီးလည်း မလွှဲသာမရှောင်သာ ကျွန်တော့်နောက်လိုက်ရတာပေါ့။

"မျက်လှည့်ပြ ဆေးရောင်းတာပါ အစ်ကိုရာ . . . လာသွားမယ်"

"နေစမ်းပါဦးကွာ ခဏလေး ခဏလေး . . ."

ဝိုင်းနေတဲ့ လူတွေနော

www.burmeseclassic.com

www.burmeseclassic.com



ဝင်းသောင် (ရမည်းသင်း)

# မှော်ပုဝါလေး

နားကပ်သွားပြီး အသာကဲကြည့်လိုက်တော့ ကျွန်တော့်အမျိုးသမီးပြောတာ နီးစပ်တယ်၊ အာပေါင်အာရင်းသန်သန်နဲ့ပြောပြီး မျက်လှည့် ပြနေတာကို တွေ့တယ်၊ ပထမဆယ်ဖဲသုံးချပ် အနီလိုင်းဒိုင်းမွန်းတစ်ဆယ် ဟတ်တစ်ဆယ် ဖူးတစ်ဆယ် အဲဒီဖဲသုံးချပ်ကို အများမြင်သာအောင် လိုက်ပြတယ်။ ပြီးတော့ ပရိတ်သတ်ထဲက တစ်ယောက်ကို ခေါ်ပြီး အဲဒီဖဲသုံးချပ်ကို စာအိပ်ထဲထည့်ခိုင်းပြီး မျက်လှည့်ကြည့်နေတဲ့ လူတွေရှေ့မှာ အသင့်ချထားတဲ့ သုံးချောင်းထောက် ခုံပေါ်တင်ထားတယ်။

"ကဲ . . ကဲ ကျွန်တော့် ပရိသတ် ချစ်ကိုကြီး၊ ချစ်မမကြီးများနဲ့ မျက်လှည့်ဝါသနာရှင် အပေါင်းတို့ ခင်ဗျား . . အနီလိုင်းပွင့်စုံ ဆယ်ဖဲသုံးချပ်ကို ပရိတ်သတ်ထဲက ချစ်ကိုကြီးတစ်ယောက်က စာအိပ်ထဲ ထည့်ပြီး ဟောဟိုက ခုံကလေးမှာတင်ထားတာ အားလုံးမြင်ပါတယ်နော်၊ ပိုသေချာအောင် ရွေပွဲလာ ပရိတ်သတ်ထဲက နောက်တစ်ယောက် လာစစ်ဆေးကြည့်ပြီး ပရိတ်သတ်အားလုံး မြင်လာအောင် နောက်တစ်ကြိမ်ပြပေးပါ့မယ် ချစ်ကိုကြီး၊ ချစ်မမကြီး ဒါမှမဟုတ် တစ်ယောက်ယောက် ခဏလာကူညီပါခင်ဗျာ"

အသက် (၂၅)နှစ်ခန့် လူရွယ်တစ်ဦး မျက်လှည့်ဝိုင်းတွင်း ဝင်လာသည်။

"ကျေးဇူးတင်ပါတယ် ချစ်ညီလေး ဟောဟိုစားပွဲပေါ်မှာ တင်ထားတဲ့ စာအိတ်ထဲမှာ အနီလိုင်း ဆယ်ဖဲ(၃) ချပ် ထည့်ထားတယ်၊ အဲဒါဟုတ်မဟုတ် ကြည့်ပါ ချစ်ညီလေးကြည့်ပြီး ပရိတ်သတ်ကိုလည်းပြပါ။ ပြီးတော့ စာအိတ်ကို မူလစားပွဲခုံလေးမှာတင်ပြီး ဟောဒီ မှော်ပုဝါလေး လွှမ်းပေးပါ။"

"မူလ ဆယ်ဖဲအနီ(၃)ချပ်လည်း မှန်ပါတယ်၊ မျက်လှည့်ဆရာ ပြောတဲ့အတိုင်းပဲ စာအိတ်တွင်း သေသေချာချာထည့် ပိတ်ပြီး စားပွဲခုံလေးမှာ တင်ပေးလိုက်တယ်။

"ကျေးဇူးကမ္ဘာ ချစ်ညီလေး ကိုယ့်နေရာကိုယ် ပြန်နိုင်ပါပြီ။"

"ပရိတ်သတ်များခင်ဗျား . . .၊ ကျွန်တော်ဆက်လက်ပြမယ့် ပြကွက်က ပညာခန်းနဲ့ပြမယ့် ပြကွက် တစ်ခုမို့ ချစ်ကြည့်ပေးပါ။ ကျွန်တော့်ကို ချစ်

www.burmeseclassic.com

www.burmeseclassic.com



မမကြီး တစ်ယောက်လောက် ကူညီပါဦး ဘာမှလေးလေးပင် လုပ်ပေးရမှာ မဟုတ်ပါဘူး။ ဟော ဒီစားပွဲခုံလေးပေါ်က မှော်ပုဝါနက်လေး အုပ်ထားတဲ့ စာအိတ်လေးကိုယူ အထဲက ဖဲ(၃)ချပ်ကို ပရိတ်သတ်ဘက် ထောင်ပြယုံပါပဲ ကူညီပါခင်ဗျ။'

"အော် ... ဒီကအစ်မကြီးက ကူညီမှာလား ကူညီမယ့် စိတ်ဓာတ်ရှိတာတော့ ကြိုက်သွားပြီ ဒါပေမယ့် တစ်ဆိတ်ကြိုတင် မေးကြည့်ပါရစေ အကြောင်း တစ်ခုခုရှိရင် အစ်မကြီးထိတ်လန့်တတ်လား ဝိဉာဉ်လောကဆိုတာ တကယ်ရှိတယ် ဆိုတာယုံသလား ခုအစ်မကြီးကူညီပေးရမယ့် အလုပ်က ဝိဉာဉ်လောကနဲ့ ဆက်စပ်မှု ရှိတယ်။ မကြောက်တတ် မလန့်တတ်မှ ဖြစ်မယ်နော်အစ်မကြီး ယတိပြတ် စိတ်ဆုံးဖြတ်ပြီးမှ ကူညီပါနော်"

"ဝိဉာဉ်တွေ ဘာတွေနဲ့ ပတ်သက်တာ ဆိုရင်တော့ကျွန်မ ကြောက်တယ် မကူညီချင်ဘူးရှင့်။"

မျက်လှည့်ဆရာ စကားဆုံးတော့ ကူညီဖို့ မျက်လှည့်ဝိုင်းအတွင်း ဝင်လာတဲ့အမျိုးသမီး သူ့နေရာသူ ပြန်ဝင်သွားသည်။

"ကဲ ..ကဲချစ်ပရိတ်သတ် ထဲက အမျိုးသမီးတစ်ယောက် ကူညီပါခင်ဗျာ"

အသက်(၃၀)ခန့် အမျိုးသမီးတစ်ယောက် မျက်လှည့်ဆရာကို ကူညီဖို့ ဝိုင်းထဲဝင်လာသည်။ မျက်လှည့်ဆရာကလည်း စောစောက အမျိုးသမီးကိုမေးသလိုမျိုး မေးသည် ဝင်လာတဲ့ အမျိုးသမီးက မကြောက်တတ် မလန့်တတ်ကြောင်း မျက်လှည့်ဆရာကို ပြောပြလိုက်တော့ ပွဲကြည့် ပရိသတ်က လက်ခုပ်တီးကာ ကြိုဆိုလိုက်သည်။

"ဒီကညီမရဲ့ ရဲဝင့်တဲ့စိတ်ဓာတ်၊ သတ္တိရှိတဲ့ စိတ်ဓာတ်တော့ကြိုက်တယ်ဗျာ ... ဒါနဲ့ ညီမရဲ့လိပ်စာနဲ့ အမည်လေးသိပါရစေ။"

"ဟင် ကျွန်မလိပ်စာက ဘာလုပ်ဖို့လဲရှင့်။"

"ဒါက ဒီလိုပါ။ တစ်စုံတစ်ခုအနှောင့် အယှက်ပြဿနာ ဖြစ်လို့ရှိရင် ညီမအိမ်ကို အကြောင်း ကြားပေးနိုင်အောင် လိုရမယ်ရ ဆက်သွယ်ရအောင်

**အစ်မကြီး ထိတ်လန့်တတ်လား ဝိဉာဉ်လောကဆိုတာ တကယ်ရှိတယ်ဆိုတာ ယုံသလား။ ခုအစ်မကြီး ကူညီပေးရမယ့် အလုပ်က ဝိဉာဉ်လောကနဲ့ ဆက်စပ်မှု ရှိတယ်။ မကြောက်တတ် မလန့်တတ်မှ ဖြစ်မယ်နော်အစ်မကြီး**

www.burmeseclassic.com

www.burmeseclassic.com





တော့င်းတာပါ။”

အမျိုးသမီး ပေးလိုက်သော သိပ်စာကို မျက်လှည့်ဆရာ ာပည့်က စာအုပ်တစ်အုပ် ာွင်ရေး မှတ်လိုက်ပြီးမျက်လှည့် ပွဲကွက်အစီအစဉ်ကိုစလိုက်သည်။

“ကဲ ညီမ အခုအချိန်က ဗပြီး မျက်လှည့်စည်းဝိုင်းအတွင်း ါဆရာခိုင်းတဲ့အတိုင်း လုပ်ပေ ာတော့” ဂျွန်… နဂါး… ာတာကြားတောင့်စွယ်… နေ ာကွယ်မီ… အာချလောင်း ဘာ ာတွဆက် ဦးဖွမန်း နေသည်။ ာသဲကွဲတော့ ကြည့်နေကြသူတွေ သည်း အသက်ပင်ဖြောင့်ဖြောင့် ှုရဲ့လားမသိ ပြူးတူးပြဲတည်း ုးရူးရဲရဲကြည့်နေကြသည်။

“ညီမရေ ဖဲချပ်(၃)ချပ် ာည့်ထားတဲ့ စာအိတ်ပေါ် ဖုံး အုပ်ထားတဲ့ မှော်ပုဝါနက်လေးကို ပ်း ညီမ ညာလက်ကို ပတ်စည်း ာားလိုက်”

“ဟုတ်ပြီ။ စာအိတ်ကိုဖွင့် အထဲကဖဲ (၃)ချပ်ကိုယူ ပရိ သတ်တွေမြင်အောင် ထောင်ပြ ာိုက် တောင်ပြလိုက်”

ဟာရှင်းတယ် တစ်သုံးလုံး နူးတစ် ဟတ်တစ် ဒိုင်းမှုန်းတစ်

www.burmeseclassic.com

www.burmeseclassic.com



"ဖျောင်း … ဖျောင်း … ဖျောင်း … ပရိတ်သတ်တွင်းက လက်ခုပ်သံများ သောသောညံ သွားသည်။

"ကဲ … ကဲ … ညီမလေး ဖဲ(၃)ချပ်ကို ပြန်ထပ်ပြီး စာအိတ်ထဲထည့်ပါ ပြီးရင် စောစောကအတိုင်း ခုံလေးပေါ်ပြန်ထားပြီး ညီမလက်က မှော်ပုဝါနက်လေး ပြန်အုပ်လိုက်ပါ။"

မျက်လှည့်ဆရာသည် စောစောကအတိုင်းနှုတ်က တတွတ်တွတ်ရွတ်ရင်း ဟိုကြည့်ဒီကြည့် မိုးမျှော်ကြည့်လိုက် ပါးစပ်ကပွစိပွစိပြောလိုက်ပြီး ခဏအကြာ ညီမလေးရေ စောစောကလိုပဲ မှော်ပုဝါနက်လေးယူပြီး ညီမလက်မှာပတ်စည်းထားလိုက်…

"ဟုတ်ပြီ … ဟုတ်ပြီ စာအိတ်ထဲက ဖဲ(၃)ချပ်ကိုယူ ပရိသတ်မြင်သာအောင်ပြလိုက် ပြလိုက်…"

"ဟာ တကယ်ရှင်းတယ် … ဂျက် … ကွင်း … ကင်း … တဲ့။"

ကနေဦးက ဆယ်ဖဲ(၃)ချပ် မျက်လှည့်ဆရာအစွမ်းကြောင့် ဆယ်ဖဲကနေ တစ်သုံးလုံးဖြစ်ဟော့ ခုတစ်ခါ တစ်ဖဲတွေက ကုလားဖဲ ဂျက် … ကွင်း … ကင်း … ဖြစ်သွားတယ်ဆိုတော့ ပရိသတ် အတော်သဘောကြသလို ချီးမွမ်းအံ့သြမကုန် ဖြစ်ကြတာပေါ့။

"လာ သွားစို့ အစ်ကို ပလက်ဖောင်းဈေးတန်း လျှောက်မယ်ဆို"

"ခဏလေးပါကွာ ခဏလေး"

"တစ်ခါလာမဲ့ပြာပုဆိုးပဲ ဟာများ ခြေညောင်းခံရပ်ကြည့်နေတာ အံ့ပါရဲ့"

ကျွန်တော့်ဇနီး မြသန်းနုဟာ ကျွန်တော့်အကြိုက်လိုက်ပြီး မျက်လှည့်ဝိုင်းဘေး ဝင်ရပ်ကြည့်နေသော်လည်း သူ့စိတ်က ဘဝင်ကျပုံမရ ပွစိပွစိပြောရင်း ကျွန်တော့်ကို ကျွဲမြီးတိုကာ မျက်စောင်းထိုးလျှက်ရှိသည်။

"ကဲ ညီမလေး အကို့ကိုယ် ကူညီတဲ့အတွက် ကျေးဇူးကမ္ဘာပါညီမလေး ဒါနဲ့ညီမလေး ဘာဖြစ်သေးလဲ"

"ဟင့်အင်း .. ဘာမှမဖြစ်ဘူး"

"ညီမလေးရဲ့ကိုယ်ခံ စိတ်ဓာတ် ကြံ့ခိုင်မှုကလည်းကောင်း၊ ညီမကိုယ်မှာ စောင့်ရှောက်နေတဲ့ အစောင့် အရှောက်တွေကလည်း ကောင်းလို့သာ နို့မို့ဆို မျက်လှည့်စည်းဝိုင်းထဲဝင်လိုက်တာနဲ့ ရှိန်းတိန်းတိန်း၊ ဖိန်းတိန်းတိန်း ဖြစ်သလိုလို ကြောက်သလို ရွံ့သလို တွေဖြစ်လေ့ရှိတယ်။ သာမန်အပျော်တမ်း ပြကွက်အတွက် ဘာပြသနာမှ မဖြစ်သော်လည်း ပညာခန်းနဲ့ပြကွက်တွေကြတော့ အနှောင့်အယှက် ရှိတတ်တယ်။ အဲဒီလိုမျိုး ပြကွက်တွေပြတော့မယ်ဆို အစ်ကိုတို့ရဲ့အထက်ဆရာကြီး အဘကို တိုင်တည်ပြီးမှပြပါတယ်။ ဆရာကြီးက အစ်ကိုတို့ မစွမ်းသာတဲ့အရာတွေကို သူက စွမ်းတော့ သူ့ကိုတိုင်တည်ပြီးမှ ပြတာပါ ညီမလေးနေရာပြန်နိုင်ပါပြီ။ အစ်ကို ဆက်လက်ပြသမဲ့ ပညာခန်းပြကွက်တွေကို ပရိတ်သတ်နဲ့အတူ ဆက်လက်ကြည့်ရှု အားပေးပါနော်။"

လေးစားရပါသော ပရိသတ်များခင်ဗျား … အခု ကျွန်တော်ပြသမယ့် ပစ္စည်းဟာ ဖောဓိညောင်ပင် လက်ျာတိုင်းညောင်သားနဲ့ အဘဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် စီမံပြုလုပ်ထားတဲ့ အဆောင်ပစ္စည်း ဖြစ်ပါတယ်။ အဘက (၇) ရက်သားသမီး အားလုံး အဆင်ပြေနိုင်အောင် ခုနစ်နေ့၊ ခုနစ်နှာမ်စီးပြီး စီမံဆောင်ရွက်ထားတဲ့ ပစ္စည်းပါ။ ဒီပစ္စည်းကို ကျားမ မရွေး ဆောင်ထားနိုင်ပါတယ်။ တစ်ခု သတိပြုဖို့လိုတာက ဒီပစ္စည်းကို ဆောင်တော့ မယ်ဆိုရင် သင့်သလို ဟိုနေရာထား ဒီနေရာတင် ဆိုသလို ထားချင်တဲ့နေရာထားလို့ မရဘူးခင်ဗျာ။ မြင့်မြတ် သန့်ရှင်းတဲ့နေရာမှာ ထားရပါ့မယ်။

ဒီပစ္စည်းကို ကျွန်တော်စီမံထား တာလားလို့မေးရင် ကျွန်တော်ရိုးသားစွာပဲ ဝန်ခံပါရစေ ကျွန်တော့်မှာ ဘာအစွမ်းမှ မရှိလို့ ကျွန်တော် မစီမံနိုင်ပါဘူး။ ဆရာကြီးက (၇)ရက်သားသမီးများ အတွက် စေတနာမေတ္တာထားပြီး စီမံပေးတဲ့ပစ္စည်းများ ဖြစ်ပါတယ်။

မျက်လှည့် ဆရာသည် လက်ကိုင်ပုဝါဖြူနှင့် ထုပ်ထားသော အမျိုးအမည်မသိ ပစ္စည်းလေးများကို ပရိတ်သတ် မြင်သာအောင် လက်ကိုင်ပုဝါကို ဖြန့်ပြလိုက်သည်။ တစ်ဆက်တည်းပင် သူ၏စကားကို ပရိသတ် စိတ်ဝင်စားမှုရှိ မရှိ အကဲခတ်ကြည့်လိုက်သည်၊ ပရိသတ်စိတ်ဝင်စားတာမြင်မှ ချောင်းတစ်ချက်ဟန့်ကာ စကားဆက်လိုက်သည်။

ကောင်းပြီ ဒီပစ္စည်းလေးတွေ ဆောင်ထားရင် ဘာအကျိုးထူးမှာလဲ သိချင်ကြမှာပဲ။ ကဲ ···ကဲ ကျွန်တော် ဆရာစားမချန်ဘဲ ပြောပြမယ် ပထမခံစားရမယ့်အကျိုးကျေးဇူးက အဆိပ်ပြင်းတဲ့မြွေ၊ ကင်းစတဲ့ သတ္တဝါတွေ လုံးဝမကိုက်ဘူး။ ဒုတိယအကျိုးကျေးဇူး ခံစားရမှာတော့ ဝဝစားများများ လှူနိုင်တဲ့ဘဝရောက်အောင် လာဘ်လာဘဝင်ငွေကောင်းမယ်၊ စီးပွားတက်မယ်၊ အရောင်းအဝယ် သမားဆိုရင် ရောင်းပန်းဝယ် ပန်းလှမယ် ကောင်းမယ် ဝန်ထမ်းဆိုရာထူးတက်မယ်။ အဘဆရာကြီးကို ယုံလို့ အဘအစီအမံ နာခံတဲ့ တပည့်တွေ ဒီနေ့ ဌာနအသီးသီးမှာ ညွှန်မှူး ညွှန်ချုပ် ဖြစ်နေကြတာ အများကြီးမှ အများကြီးပဲ ဒီနေ့ကစပြီး ယုံယုံကြည်ကြည် ဆောင်ထားကြပါ။ ဒီပစ္စည်းမျိုးဆိုတာ ဂမ္ဘီရဆန်တဲ့ပစ္စည်းမျိုးမို့ ရသင့် ရထိုက်မှရတဲ့ ပစ္စည်းမျိုးပါ အဘဆရာကြီးနဲ့ ပဋ္ဌာန်းဆက်ရှိတဲ့သူတွေလောက်ပဲ ရကြမှာ။

ဒီပစ္စည်းကို ကျွန်တော်တို့ မရောင်းပါဘူး။ အဘဆရာကြီးကလည်း ရောင်းခွင့်မပြုဘူး၊ မေတ္တာစေတနာနဲ့ ဒါနပြုမှာ ယုံကြည်စွာနဲ့ ဆောင်ထားလိုသူများ ကျွန်တော့်ဆီ လာယူကြပါ အရေအတွက်က (၃၆)ခုပဲရှိပါတယ် တြင်းကျေ နဝင်းကျေဒါနပြုတာပါ။

မဝယ်ရပဲ မေတ္တာ စေတနာနဲ့ဒါနပြုမယ်လည်း ဆိုရော မျက်လှည့်ကြည့် ပရိသတ် လှုပ်လှုပ်ရွရွဖြစ်ကာ တစ်ယောက် တစ်လက်ဆိုတာလို အဆောင်ပစ္စည်းလေးတွေ ကုန်သွားသည်။

ပရိသတ် ညီအစ်ကို မောင်နှမများ ကျေးဇူးပြု၍နားဆင်ပါ ခင်ဗျား ကျွန်တော့်ဆီမှအဆောင်ပစ္စည်းလေးများကို အဘဆရာကြီးရဲ့ ဆန္ဒနဲ့အညီ ရသင့်ရထိုက်သော ညီအစ်ကိုမောင်နှမများကို အခမဲ့ဖြန့်ဝေပေးပြီး ဖြစ်ပါတယ်။

မျက်လှည့်ဆရာသည် လက်ဝါး သုံးချက်တီးကာ

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်ဘက်သို့ အထက်ပါ အတိုင်းပြောလိုက်ရာ ပရိသတ်က ဘာပါလိမ့်ဆိုသော အကြည့်နဲ့ မျက်လှည့်ဆရာကိုကြည့်ကာ မျက်လှည့်ဝိုင်း ခဏငြိမ်သွားသည်။

ကျွန်တော် ပြသရန် ကျန်သေးတဲ့ ပြကွက်ဆန်းများကို မကြာမီ ဆက်လက်ပြသရန်ရှိပါတယ်။ အဲဒီ ပြကွက်ဆန်းတွေ မပြမီ ပရိသတ်ကြီးကို ကျွန်တော် တင်ပြရန်ရှိပါတယ်။ ရွှေပွဲလာ ပရိသတ်ကြီးများစွာနဲ့ အချိန်ကို တန်ဖိုးထားပြီး တိုတိုတုတ်တုတ်ပဲ တင်ပြခွင့်ပြုပါ။ ကျွန်တော်တင်ပြမယ့်ကိစ္စက အဘအနေနဲ့မေတ္တာစေတနာ ရှေ့ထားပြီး သူ့ပဌာန်းဆက်များဖြစ်တဲ့ အစ်ကိုအစ်မများကို အလွန် တန်ဖိုးကြီးတဲ့ အဆောင်ပစ္စည်းကို ဒါနပြု ပေးအပ်ပြီး ဖြစ်ပါတယ်။

ဒီအဆောင် ပစ္စည်းလေးကို ဆောင်ထားတဲ့အခါ မြင့်မြတ်သန့်ရှင်းတဲ့ နေရာမှာထားဖို့ ကျွန်တော် ကနေဦး ကတည်းက ပြောထားတာ ပရိသတ်များ မှတ်မိမယ်ထင်ပါတယ်။ သန့်ရှင်းဖို့ဆိုရင် သင့်လျော်တဲ့ ကြုတ်လေး တစ်ခုထဲမှာ အမွှေးနံ့သာနဲ့ထားပြီး ဆောင်ထားရင် အလွန်ကောင်းပါလိမ့်မယ်။ အဲဒီလိုဆိုတော့ ကျွန်တော့် ပရိသတ် အစ်ကို အစ်မများမှာ ကြုတ်ရှာရတော့မယ်။ အမွှေးနံ့သာအတွက် ရေမွှေးရှာရတော့မယ်။ ကြုတ်ရှိပြန်ရင် အံဝင်ဂွင်ကျဦးမှ ရေမွှေးဆိုတဲ့နေရာမှာလည်း သုံးပြီးသားရေမွှေးသုံးရင် မကောင်းဘူး အသစ်သုံးရမှာ အဟောင်းသုံးရင်တော့ အဆောင်ရဲ့ အစွမ်းအာနိသင်ပြယ်ပါလိမ့်မယ်။

ကောင်းတာက ရေမွှေးပုလင်းအသစ်ဝယ်တာအကောင်းဆုံးပဲ။ အဲဒီလိုဆိုပြန်တော့ ဒီနေ့ ရေမွှေးပုလင်းရဲ့ဈေး အနည်းဆုံး ဘယ်လောက်လဲဆိုတာ ပရိသတ် အမြဲသုံးနေတဲ့ပစ္စည်း ဖြစ်လို့ ကျွန်တော်ပြောစရာ မလိုပဲသိကြပါတယ်။ အဲဒီတော့ ရေကန်အသင့် ကြာအသင့် ဆိုသလို အဆောင် ပစ္စည်းလေးများအသင့် အမွှေးနံ့သာနဲ့အတူ ဆောင်ထားနိုင်ကြဖို့ အဆောင်ပစ္စည်းရထားတဲ့ အစ်ကို အစ်မများ ကျွန်တော့် ဆီမှာ အရံသင့် အမွှေးနံ့သာပါ ဖလ်ကြုတ်လေးများ လာယူကြ



www.burmeseclassic.com

www.burmeseclassic.com



ပါခင်ဗျာ။

စောစောက အဆောင်ပစ္စည်းလေးများ တိုးဝှေ့ယူကြသည့်အတိုင်း မျက်လှည့်ဆရာ လက်ဝယ်ရှိ ဖလ်ကြုတ်လေးများကို တစ်ယောက်တစ်လက်ဆိုသလို တိုးဝှေ့ယူလိုက်ကြရာ မျက်လှည့်ဆရာ လက်တွင်းက အမွေးနံ့သာပါ ဖလ်ကြုတ်လေး (၃၆) ခု တစ်ခဏချင်းမြိုက်ခနဲ ကုန်သွားသည်။

မျက်လှည့်ပြတာ ကြည့်ချင်သူများကလည်း နောက်ထပ်ပြကွက်လေးများ ကြည့်ချင်သေးသဖြင့် ရပ်ကြည့်မြဲ ကြည့်နေကြသလို အဆောင်ကော ကြုတ်ပါ ရထားသူတွေကလည်း သူတို့အတွက် ကောင်းကျိုးဆောင်တဲ့ မျက်လှည့်ဆရာရဲ့ ပွဲပြီးတဲ့အထိ အားပေးလိုက်မယ်ဟဲ့လို့ ဆုံးဖြတ်ပြီး ရပ်ကြည့်မြဲ ကြည့်နေကြသည်။

ကျေးဇူးရှင် ပရိသတ်ကြီးများခင်ဗျား အဆောင်ပစ္စည်းလေးများကိုတော့ အဘဆရာကြီးရဲ့ဆန္ဒအတိုင်း ပဋ္ဌာန်းဆက်ဖြစ်တဲ့ ညီအစ်ကို မောင်နှမများထံအခမဲ့ မေတ္တာသက်သက်ဖြင့် ပေးဝေထားပြီး ဖြစ်ပါတယ်။

> **အဘဆရာကြီးရဲ့ လက်ရင်းတပည့် တစ်ယောက်အနေနဲ့ အဘဆရာကြီးကို ပါရမီဖြည့်တဲ့အနေနဲ့ ဝင်ကူတာမို့တစ်ခု ငွေသုံးရာကျပ်စီ ကျပါတယ်။ ကြုတ်ကလေးယူထားတဲ့ ကျွန်တော့် အစ်ကို အစ်မများ ကျသင့်ငွေ သုံးရာကျပ်စီ ချီးမြှင့်ကြပါ**

ဖလ်ကြုတ်နဲ့ ရေမွှေးကိုတော့ ကျွန်တော် အခမဲ့ မပေးနိုင်ပါဘူး။ ညီအကိုမောင်နှမများ အဆောင်ပစ္စည်း ဆောင်တဲ့အခါ အံဝင်ခွင်ကျ ဖြစ်ပါစေတော့ဆိုတဲ့ စေတနာ အဘဆရာကြီးရဲ့ လက်ရင်းတပည့် တစ်ယောက်အနေနဲ့ အဘဆရာကြီးကို ပါရမီဖြည့်တဲ့အနေနဲ့ ဝင်ကူတာမို့တစ်ခု ငွေသုံးရာကျပ်စီ ကျပါတယ်။ ကြုတ် ကလေးယူထားတဲ့ ကျွန်တော့် အစ်ကိုအစ်မများ ကျသင့်ငွေ သုံးရာကျပ်စီချီးမြှင့်ကြပါစေခင်ဗျာ။

မျက်လှည့်ကြည့် ပရိသတ်ထဲမှ ဖလ်ကြုတ်ကလေးနဲ့ ရေမွှေးဖိုး ငွေသုံးရာတောင်းလာသဖြင့် တစ်ဦးနဲ့တစ်ဦး ကြည့်ကွက်ကြည့်ကွက် လုပ်နေကြသည်။ အလကား ယူစဉ်ကလောက် သွက်လက်မြန်ဆန်မှု မရှိတော့ပါ။ ပစ္စည်းယူထားသူများနေရာက ထွက်ပြေးလို့လည်းမသင့်။ ရှက်စရာမို့ စိတ်ထဲဝယ် ဘဝင်မကျသော်လည်း ငွေသုံးရာကျပ်စီ ထုတ်ပေးလိုက်ရသည့် အဆောင် လက်ခံထားမှုတော့ ခပ်ရှက်ရှက်နဲ့ ဝယ်လိုက်ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



သဘောပါ။

"ကဲ အစ်ကို သွားစို့ ထမင်းဆာပြီ"

ကျွန်တော် လက်မှ နာရီကို ကြည့်လိုက်တော့ နေ့လည်စာ စားရမယ့်အချိန် (၁၁)နာရီထိုးပြီမို့ မငြင်းသာတော့ ကျွန်တော်လည်း ဆာနေပြီလေ။

"ကလေးတွေအတွက် ကီး မားပလာတာလည်း ဝယ်ရဦး မယ်ဆိုတော့ သွားကြတာပေါ့"

"ပြောသာပြောရ မျက် လှည့်ဆရာရဲ့ ပြကွက်က ရှင်း သား၊ ဖဲချပ်တွေကို သူ့လက်နဲ့ လုံးဝမကိုင်ဘူး၊ ပရိသတ်ထဲက လူတွေပဲကိုင်တာ တစ်ဆယ်ဖဲ တွေက တစ်ဖဲတွေဖြစ်၊ နောက် ဆုံး တစ်ဖဲတွေက ဂျက်ကွင်း ကင်းဆိုတဲ့ ကုလားဖဲတွေဖြစ်တာ တော့ရှင်းတယ်၊ ပညာသားပါ တယ်။ သူပြောသလို ပညာပြ ကွက်ဆိုတာ စုန်းတိုက် နတ်တိုက် အောက်လမ်းနဲ့ တိုက်ပြီး ဝိဉာဉ် တွေကိုများ ခိုင်းသလားပဲနော်"

မျက်လှည့်ဝိုင်းထဲက ထွက် လာပြီး ကျွန်တော့်ဇနီးက သူ့ အထင်ကို ပြောကာ မှတ်ချက် ပြုလိုက်သည်။

"ရှင်းသမ သိပ်ရှင်းတာ ပေါ့ အစ်မကြီးရယ်၊ တစ်လောက လုံး လှည့်လိမ်နေတဲ့ လူလိမ်တွေ နဲ့ လှည့်ကွက်တွေပဲ၊ မနေ့က



တောင်ဥက္ကလာ နန္ဒဝန်ဈေးရှေ့မှာ ဒီအဖွဲ့မျက်လှည့်ပြတာ ခရီးသွား ဟန်လွှဲ ကျွန်တော် ရပ်ကြည့်ဖြစ် ခဲ့တယ်၊ ဒီနေ့ ဒလဆက်သွားမှာမို့ ပန်းဆိုးတန်း ဆိပ်ကမ်းအဆင်း ဒီနေရာမှာ ကျွန်တော် ရပ်ကြည့် ဖြစ်ပြန်တယ်၊ ဘာတွေ ထပ်လိမ် ဦးမလဲဆိုတဲ့ သိချင်စိတ်ကြောင့် ရပ်ကြည့်ဖြစ်တာပါ"

ကျွန်တော်နဲ့ ကျွန်တော့်ဇနီး စကားပြောတဲ့ကြား ဝင်ပြောလာ တဲ့ စကားသံကြောင့် ကျွန်တော် တို့နှစ်ယောက် ကြားဝင်ပြောလာ သူကို သတိထားကြည့်လိုက်ရာ စောစောက မျက်လှည့်ဝိုင်းတွင် ဘေးချင်း ကပ်ကြည့်ခဲ့သူဖြစ် ကြောင်း ကျွန်တော် မှတ်မိလိုက် သည်။

"မျက်လှည့်ဆိုတဲ့ အတိုင်း မျက်စေ့ကို လှည့်စားပြီး လိမ် တယ်ဆိုတာ အကြမ်းအားဖြင့် ကျွန်တော်တို့လည်း သိပါတယ်၊ ဒါပေမဲ့ ဒီမျက်လှည့် ဆရာရဲ့ပြ ကွက်က-အရမ်းရှင်းတယ်၊ ဖဲချပ် တွေကို သူ့လက်နဲ့ တစ်ချက်မှ မကိုင်ဘူး၊ ကနဦး ဆယ်ဖဲ (၃) ချပ်ကိုပဲ ကိုင်ပြီး ပရိသတ်ဘက် ပြတယ်၊ ပြီးတာနဲ့ စာအိပ် ထဲ

www.burmeseclassic.com

www.burmeseclassic.com



ထည့်ပိတ်တယ်၊ ပြီးတော့ ပရိသတ်ထဲက တစ်ယောက် အကူအညီတောင်းပြီး မျှော်ပုဝါနက် အုပ်ခိုင်းတယ်၊ ပြီးတော့ ပရိသတ်ထဲက လာကူတဲ့သူကပဲ ဖဲချပ်တွေကို စာအိမ်ထဲကထုတ် ပရိသတ်ဘက်ပြတယ်၊ အဲသလို ဆက်တိုက် လုပ်ပြသွားတာ အကြိမ်တိုင်း ဖဲပွင့်တွေ ပြောင်းကုန်တယ်၊ အဲဒါကို လက်လှည့်လို့ ပြောရအောင်ကလည်း ဖဲချပ်တွေကို သူမကိုင်ဘူးလေ၊ အဲဒါက အတော်ဆန်းတာ"

"ဟုတ်တယ် အစ်ကိုကြီး၊ အဲဒီပြကွက်တွေကို ရှင်းတယ် ဆန်းတယ်လို့ ယူဆပါတယ်၊ ဒါပေမဲ့ သံသယတော့ ရှိတယ်။ အဲ…အဲ ဒီနေ့ကြည့်ဖြစ်တော့မှ ဒီလူတွေ လူလိမ်တွေဆိုတာ ရှင်းရှင်းသိတော့တယ်"

"ဆိုပါဦးဗျာ၊ ဒီနေ့ ဘာတွေပြီး လူလိမ်တွေလို့ ပြောနိုင်တာလဲဗျာ"

"မျက်လှည့်ဆရာက သူ့ကူညီဖို့ ပရိသတ်ထဲက လူတွေကို ခေါ်တယ်၊ အဲဒါအစ်ကိုကြီး မှတ်မိလား"

"ဟုတ်ကဲ့ မှတ်မိပါတယ်"

"ကူညီဖို့ ထွက်လာတဲ့ အမျိုးသမီးတွေကော၊ အမျိုးသားတွေပါ သူ့လူတွေချည်းပဲ၊ အဲ… အဲ ပထမ ဆုံးထွက်လာတဲ့ အမျိုးသမီးကြီးကတော့ တကယ့်ပရိသတ်အစစ်ပဲ၊ ဒီကိစ္စက သူတို့လူမဟုတ်ဘဲ ပရိသတ် အစစ်ထွက်လာလို့ရတဲ့ ကိစ္စမဟုတ်ဘူး၊ သူတို့လူမှသာ အသင့်စောင့်ထားတဲ့ ဖဲ (၃)ချပ်ကို ပုဝါအနက် သူတို့အခေါ် မျှော်ပုဝါပေါ့၊ အုပ်ပြီးရှိပြီးသား ဖဲချပ်နဲ့ လဲရမှာ၊ သူတို့အဖွဲ့တွေက ဖဲချပ်ပျောက်တာပင်ပေါင်ဘော်လုံး ပွားတာဆိုတဲ့ လက်လှည့်မျက်လှည့် အခြေခံသဘောလောက်တော့ တတ်ထားကြတယ်လေ၊ မလောက်လေး မလောက်စား ပညာလောက်နဲ့ တကယ့်အစစ်အမှန် မျက်လှည့်ပညာရှင်ကြီးတွေ သိက္ခာကျအောင် လုပ်တဲ့လူတွေပေါ့"

"ပထမ အမျိုးသမီးတစ်ယောက် ကူညီပါလို့ခေါ်ပြီး မျက်လှည့်ဆရာ လေကြောရှည်နေတော့ အဖွဲ့ထဲက ကူမယ့် အမျိုးသမီးကလည်း ဒိုင်လျှိုပြီး ခဏစောင့်တာပေါ့၊ အဲဒီအချိန်မှာ ပရိသတ်အစစ် အမျိုးသမီးကလည်း ဘယ်သူမှ မထွက် ငါထွက်မယ်ဆိုတဲ့စိတ်နဲ့ မျက်လှည့်ဝိုင်းထဲ ဝင်လာတာ မျက်လှည့်လည်း ကြည့်ချင်တော့ ပြီးပြီးရော ထွက်လာတဲ့သဘောပါ၊ ဒါပေမဲ့ ဘာလုပ်လို့ ဘာကိုင်ရမယ် မသိတဲ့ မျက်လှည့် ဆရာ-ပရိသတ်အစစ် အမျိုးသမီးကို ကြောက်တတ်လန့်တတ်သလား၊ ဝိဉာဉ်လောကနဲ့ပတ်သက်မှာ… ဘာဘာ…ညာညာ… ကွိ…ကွိ…ကွ…ကွတွေ လျှောက်ပြောလိုက်တာနဲ့ သူတို့အဖွဲ့ဝင်မဟုတ်တဲ့ အမျိုးသမီးကြောက်ပြီး ဝိုင်းပြင် ပြန်ထွက်သွားတယ်လေ။ အစ်ကိုကြီး စဉ်းစားကြည့်ပေါ့၊ လမ်းဘေး ပလက်ဖောင်းပေါ်က မျက်လှည့်ဝိုင်းမှာ ဘယ်အမျိုးသမီးက ပြဿနာအဖြစ်ခံမှာလဲနော၊ မျက်လှည့်ဆရာက အဲဒီအမျိုးသမီး ဝိုင်းထဲက မထွက်ထွက်အောင် ခြောက်လှန့်ပြောတာ ဘာဝိဉာဉ် ဘာအောက်လမ်း ဘာစုန်းကဝေမှ မဟုတ်ဘူး၊ လူအထင်ကြီးအောင် အာဘောင်အာရင်းသန်သန်နဲ့ လျှောက်ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



"အော် လူလိမ်တွေ အကြောင်းပြောနေတာနဲ့ သဘော်တော့ လွတ်တော့မှာပဲ သွားပြီနော် အကိုကြီး"

"ကောင်းပါပြီဗျာ၊ ကောင်းပါပြီ၊ ကျွန်တော့်အတွက်လည်း လမ်းပေါ်က လူလိမ်တွေ အကြောင်း ဝတ္ထု တစ်ပုဒ်တော့ ရပြန်တာပေါ့"

**ဝင်းသောင်(ရမည်းသင်း)**

တစ်ချိန်က မြန်မာ့မျက်လှည့် လောကတွင် နံမည်ကြီး၍ အစဉ်အလာကောင်းခဲ့သော မျက်လှည့်ပညာ ရှင်ကြီးများ ပေါ်ထွန်းခဲ့ဘူးပါသည်။ ယခုအခါတွင်လည်း မျက်လှည့်ပညာရှင် လူငယ်လူရွယ်များ စုပေါင်း၍ ညီနောင်အဖွဲ့ ဖွဲ့ကာ ဆန်းသစ်သော မျက်လှည့် လက်လှည့် ပညာများ တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်နေသည်ကို ကြားသိရသဖြင့် ဝမ်းမြောက်စွာ ကြိုဆိုပါသည်။

(စာရေးသူ)

## အယ်ဒီတာ
## ပြန်ကြားလွှာ

(၁) ဖြစ်ရပ်မှန်သည် အနယ်နယ် အရပ်ရပ်မှ စာဖတ်သူတို့၏ ဆန္ဒနှင့်ကိုက်ညီမည့် ကဏ္ဍသစ်နှင့် အစီအစဉ်များကို တိုးချဲ့ဖော်ပြလျက်ရှိပါသည်။

(၂) တိုးချဲ့ကဏ္ဍသစ်အဖြစ် ဖြစ်ရပ်မှန်မဂ္ဂဇင်းတွင်ရေးသားဖော်ပြ လူကြိုက်များခဲ့ဖူးသည့် စာရေးဆရာကလောင်ရှင်တို့၏ စာများကို ပြန်လည်ဆန်းသစ်မှုအဖြစ် ရံဖန်ရံခါ ဖော်ပြထားပါသည်။

(၃) ဤသို့ ပြန်လည်ဆန်းသစ်မှုကဏ္ဍတွင် ဖော်ပြထားသော စာများအတွက် ဥဏ်ပူဇော်ခကို အိမ်တိုင်ရာရောက် ပို့ပေးမည် ဖြစ်သော်လည်း လက်လှမ်းမမီသော ဆရာများအတွက် ဥဏ်ပူဇော်ခကို ကိုယ်တိုင်သော်လည်းကောင်း သက်ဆိုင်သူမှသော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော် လည်းကောင်း မဂ္ဂဇင်းတိုက်တွင် ထုတ်ယူနိုင်ပါသည်။

(၄) နယ်မှ စာရေးဆရာ ကလောင်ရှင်များအနေနှင့် ဥဏ်ပူဇော်ခကို ကိုယ်တိုင်မထုတ် နိုင်ပါက ကိုယ်စားလှယ်လွှဲစာဖြင့် ထုတ်ယူစေလိုပါသည်။

(၅) ဖြစ်ရပ်မှန်သို့ စာမူများပို့ပေးနေသော အနယ်နယ် အရပ်ရပ်မှ စာရေးဆရာ ကလောင်ရှင်များကို ကျေးဇူးတင်ရှိပါကြောင်း ပြန်ကြားရင်း ဖြစ်ရပ်မှန်မဂ္ဂဇင်းအတွက် ပို့ထားသော စာမူများကို အခြားတိုက်များသို့ မိတ္တူပွား၍ မပို့ရန် မေတ္တာရပ်ခံအပ်ပါသည်။

အယ်ဒီတာ

www.burmeseclassic.com

www.burmeseclassic.com






အဲဒီညက ကျောင်းကုန်းမြို့နယ်၊ တံခွန်တိုင်ကျေးရွာ၏ မြင်ကွင်းတွင် ဖြစ်ရပ်ဆိုးတစ်ခု ပေါ်ပေါက်ခဲ့သည်။

တန်ဆောင်မုန်းလ ဆောင်းည၏ အအေးဓာတ်အငွေ့အသက်များက တိတ်ဆိတ်နေတဲ့ ကာလကို ရစ်ပတ်၍နေသည်။ ဆီးနှင်းများ တဖွဲဖွဲကျနေသည်မို့ ရဲစခန်းအမိုးသွပ်ပြားတံစက်မြိတ်မှ နှင်းစက်များ ကျနေပြန်သည်။

ဒုရဲအုပ်အောင်မင်းဦး သည် နေ့ခင်းက တွေ့ကြုံခဲ့ရသည့် ကထိန်ခင်းသည့် မြင်ကွင်းကို ပြန်လည်၍ မြင်ယောင်နေသည်။ ပျော်ကြပါးကြ၊ စားကြသောက်ကြ၊ ကကြခုန်ကြ၊ တစ်ရွာလုံး လှုပ်လှုပ်ရှရှဖြစ်နေခဲ့ပုံအလုံးစုံ ဤသို့အတွေးရေယာဉ်ကြော ချောနေစဉ် ရဲစခန်းရှေ့မှ လူတစ်သိုက်၏ ဆူဆူညံညံ အော်ဟစ်သံ။

"ဆရာတို့ ... ဆရာတို့ တံခါးဖွင့်ပါဦး။ အရေးတကြီး လူပျောက်တိုင်စရာရှိလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ထီလာဖိုးဘထိန်

# ရွှေ့ကက်သားကောင်

အော်ဟာစ်တိုင်ကြားသူ လူစုငါးဦးအား ဂိတ်စောင့်ရဲတပ်သားကျော်လှိုင်က စခန်းအတွင်းသို့ ခေါ်ဆောင်ခဲ့သည်။

"သြော် … တံခွန်တိုင်ကျေးရွာက ဥက္ကဋ္ဌကြီးနဲ့ အဖွဲ့ပါလား"

"ဟုတ်ပါတယ်"

"ဘာများအကူအညီပေးရမှာလဲ"

တာဝန်မှူးအောင်မင်းဦးမှ ပြောလိုက်သည်နှင့် ဥက္ကဋ္ဌကြီးဦးဆန်းမှ …

"ဗိုလ်လေး … ကျွန်တော်တို့ရွာက ဟောဒီကိုအာဇာနည်ရဲ့ ခယ်မ နှင်းဖြူဖွေးနဲ့ သူ့သား ဖိုးလပြည့်တို့ ပျောက်သွားလို့"

"ကလေးတွေက ဘယ်အရွယ်လဲ"

"နှင်းဖြူဖွေးက (၁၄) နှစ်သမီး၊ ဖိုးလပြည့်က(၉)နှစ်သား"

"သူတို့နှစ်ယောက် ဘယ်လိုက ဘယ်လိုပျောက်သွားတာလဲ"

"ဒီလိုပါ။ တံခွန်တိုင်ဘုန်းကြီးကျောင်း ကထိန်ပွဲမှာ မုန့်ဟင်းခါးကျွေးတယ်ဆိုလို့ ကလေးတွေ သွားကြတယ်။ ကထိန်ပွဲပြီးတော့ ပြန်မလာကြဘူး။ အခု သန်းခေါင်တိုင်အောင် ပြန်မရောက်လာတာမို့ လူပျောက်လာပြီးတိုင်တာပါ"

"ပြီးတော့ ဘယ်လိုသတင်းထူးသေးတုန်း"

"ကလေးနှစ်ယောက်ကို အေးမြရွာက ဖိုးနက်တက် ခေါ်သွားတာ မြင်တယ်လို့လည်း ပြောကြပါတယ်"

"ဥက္ကဋ္ဌကြီး ဒီလိုဆို မဖြစ်ဘူး။ ကျွန်တော် စခန်းမှူးကို သတင်းပို့ပြီး ကျွန်တော်ပါ လိုက်ရှာမယ်။ ခဏလေးစောင့်နော်"

"ဟုတ်ကဲ့ပါ ဗိုလ်လေး"

ဒုရဲအုပ် အောင်မင်းဦးသည် စခန်းမှူးထံ သတင်းပို့အပြီး ခရီးထွက်ရန် အသင့်ပြင်ဆင်လိုက်သည်။

"ကဲ … ဥက္ကဋ္ဌကြီး သွားကြစို့"

ဟုပြောဆိုကာ အောင်မင်းဦးနှင့်အဖွဲ့သည် ကျေးရွာဥက္ကဋ္ဌနှင့်အတူ ဆိုင်ကယ်ကိုယ်စီဖြင့် အေးမြရွာဘက်သို့ ထွက်ခဲ့ကြသည်။ အချိန်ကား သန်းခေါင်ကျော်နေပြီမို့ ချမ်းမြမြရှိနေသည်။ နှင်းကလည်း တဖွဲဖွဲကျနေဆဲ။ လရောင် ဝိုးတဝါးအောက်တွင် သွားရင်းလာရင်း ကလေးနှစ်ယောက်အတွက် ရတက်မအေးဖွယ် ဖြစ်နေကြသည်။

"ကလေးနှစ်ယောက်ကို ဖိုးနက်တက်ခေါ်သွားတယ်ဆိုတာ အမှန်ပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



"အတိအကျတော့ မပြောနိုင်ဘူး။ ဖိုးနက်တက်ခေါ်သွားတယ်ဆိုတဲ့ သတင်းခပ်သဲ့သဲ့ပဲ။ စံခန်းတုန်းကလည်း ပြောခဲ့ပြီးသားလေ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့အဖွဲ့ ဖိုးနက်တက်နေတဲ့ အေးမြရွာသို့ သွားပြီး စုံစမ်းကြမယ်"

"ဟုတ်ကဲ့။ ကောင်းပါတယ်"

အေးမြရွာသည် အိမ်ခြေ (၆၀) လောက်သာရှိသော ရွာငယ်လေး။ အမည်နှင့်လိုက်အောင် အေးမြ၍နေသည်။ သန်းခေါင်ကျော်ပြီမို့ တိတ်ဆိတ်နေပြန်သည်။ ဖိုးနက်တက်တို့အိမ်ရှေ့သို့ ရောက်သွားကြသည်။

"ဗျို့ ... ဦးစိန်ဝင်း ... ကျွန်တော်က တံခွန်တိုင်ကျေးရွာက ဥက္ကဋ္ဌဦးဆန်းပါ။ အရေးကြီးတဲ့ကိစ္စလေးရှိလို့ပါ"

ဦးစိန်းဝင်းအိမ်ထဲမှ ထွက်လာသည်။ ဦးဆန်းတို့အဖွဲ့အား လက်ခံစကားပြောသည်။

"ဘာကိစ္စများပါလိမ့်"

"ခင်ဗျားရဲ့သား ဖိုးနက်တက် ကလေးနှစ်ယောက်ခေါ်သွားတယ်ကြားလို့ လာပြီးမေးတာပါ"

"ဘာဗျ ... ရှုပ်ရှုပ်ယှက်ယှက် လာမလုပ်ကြနဲ့။ ငါ့သားကိုလည်း မစွပ်စွဲကြနဲ့။ အသရေဖျက်မှုနဲ့ အတိုင်ခံချင်လို့လား"

"ဒီလိုလည်း မဟုတ်သေးပါဘူး ဦးစိန်ဝင်းရယ်။ စွပ်စွဲတာ မဟုတ်ပါဘူး။ သိချင်လို့ မေးမိတာပါ။ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး"

ဟု စကားဖြတ်ကာ အောင်မင်းဦးတို့အဖွဲ့ တံခွန်တိုင်ရွာသို့ ညတွင်းချင်း ပြန်ခဲ့ကြသည်။

"ဦးဆန်းရေ ... ဖိုးနက်တက်ရဲ့ အရိပ်အခြည်ကိုတော့ စောင့်ကြည့်ဖို့က ခင်ဗျားရဲ့တာဝန်။ ရွာသား လေးငါးယောက်ကို တာဝန်ပေးထားပေါ့နော်"

"ဟုတ်ကဲ့ ... ကောင်းပါပြီ"

ဥက္ကဋ္ဌဦးဆန်းနှင့် ရဲအဖွဲ့တို့ လူစုခွဲလိုက်ကြသည်။

နောက်ရက်တွင် မှုခင်းစုံစမ်းရန် အောင်မင်းဦးနှင့်အဖွဲ့ အေးမြ ရွာဘက်သို့ ထွက်ခဲ့ကြသည်။ ရွာထဲမှာ ခဏကြာမျှ စုံစမ်းကြသည်။ ခိုင်ခိုင်မာမာ သတင်းစကား မရရှိခဲ့။ ဒုရဲအုပ်အောင်မင်းဦးသည် ခေသူမဟုတ်။ မှုခင်းအတွက် သဲလွန်စရှာတတ်သူ ဖြစ်သည်။

"တို့တစ်တွေ ရွာနီးချုပ်စပ်မှာ ရှာကြသေးတာပေါ့"

ပြောပြောဆိုဆိုနှင့် အောင်မင်းဦးတို့အဖွဲ့ ရွာအပြင်သို့ ထွက်ခဲ့ကြသည်။ ကလေးနှစ်ယောက် ရွာအပြင် လယ်ထဲတွေမှာ ဖွက်ထားလေမလားပေါ့။ လယ်ကွင်းပြင်များဖြတ်ကြရသည်။ လယ်တစ်ကွက်တွင် ကောက်စိုက်သမများနှင့် တွေ့သည်။

"အစ်မတို့ မနေ့ကလေ ဒီဘက်မှာ ကလေးသုံးယောက်လာတာ မတွေ့မိဘူးလား"

"အေး ... မနေ့က လာတာ မြင်မိတယ်"

"သူတို့ ဘယ်ဘက်သွားကြလဲ ခင်ဗျာ"

"ဟိုမှာလေ တဲနှစ်လုံး ရှိတယ်။ အဲဒီဘက်သွားကြတာပဲ"

ကောက်စိုက်သမများ လက်ညှိုးညွှန်ရာသို့ ကြည့်လိုက်သည်။ မလှမ်းမကမ်းမှာ တဲနှစ်လုံး၊ တစ်လုံးနှင့်တစ်လုံး ကိုက်တစ်ရာလောက် ကွာသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းတဲများသည် တံခွန်တိုင်ရွာနှင့် (၅) မိုင်ခန့်ဝေးသည်။ အေးမြရွာနှဲ့ မနီးမဝေး၊ လူခေါင်သောနေရာဖြစ်သည်။ လယ်လုပ်ချိန်၌သာ လယ်သမားနှင့် ကောက်စိုက်သမများကို မြင်တွေ့နိုင်သည်။

အောင်မင်းဦးနှင့် အဖွဲ့တို့ တဲများဆီသို့ သွားကြသည်။ တဲထဲသို့ ဝင်ရောက်ရှာဖွေကြသည်။ ဘာမျှမတွေ့။ တဲ၏ပတ်ဝန်းကျင်ကြည့်ပြန်တော့လည်း တစ်စွန်းတစ်စ ဘာမျှမတွေ့ရ။ ထို့ကြောင့် နောက်တဲတစ်လုံးဆီသို့ သွားခဲ့ကြသည်။ တဲအပြင်ဘက်တွင် လှည့်ပတ်၍ကြည့်ရာ …

"ဆရာရေ … ဒီမှာ တူးလက်စကျင်းနှစ်ကျင်း"

"အေး … ဟုတ်ပြီ။ ဒါဟာ အဓိပ္ပာယ်ရှိတယ်။ တိုင်းတာကြည့်ကြစမ်း"

"ဆရာ … ဒီတွင်းက (၄)ပေ၊ ဒီတွင်းက (၆)ပေ၊ အနက်က (၆)ပေရှိတယ်"

"ဒီတွင်းတွေဟာ ကလေးနှစ်ယောက်အလောင်းမြှုပ်ဖို့ တူးတာဖြစ်ရတယ်။ တူးသူဟာ စိတ်မလုံမလဲဖြစ်နေလို့ ပြီးအောင်မတူးတာဖြစ်ရမယ်။ အဲဒီတော့ ဒီပတ်ဝန်းကျင်မှာပဲ သဲလွန်စတွေ့နိုင်တယ်"

"ဟုတ်ကဲ့ ဆရာ။ ကျွန်တော်တို့ ရှာကြသေးတာပေါ့"

အောင်မင်းဦးတို့အဖွဲ့ ရေအိုင်ဘက်သို့ ထွက်ခဲ့ကြသည်။ ရေအိုင်ဘေးတွင် ပတ်၍ရှာကြသည်။ ဘာမျှမတွေ့ကြ။ ရှာကြမည်ဆိုလျှင် ရေအိုင်အတွင်း ဆင်းဖို့ရန်သာ ရှိတော့သည်။

ရေအိုင်က ကျယ်သည်။ ဆူးပင်များပေါက်လျက်ရှိသည်။ အနက်ဆုံးနေရာသည် လူတစ်ရပ်ခန့်သာ ရှိမည်။

"ဟေ့ … အောင်ကျော်မိုး။ ရေအိုင်ထဲ ဆင်းကွာ။ ကမ်းစပ်မှာ ရှာစမ်း"

"ဟုတ်ကဲ့ပါ ဆရာ"

နယ်ထိန်းအောင်ကျော်မိုး ရေအိုင်ထဲသို့ ဆင်းသည်။ ခြေထောက်နှင့် မွှေ၊ လက်နှင့်စမ်း၊ ရေထဲမှာ မွှေနှောက်နေသည်။ ဆူးပင်တွေကြားမို့ ခက်ခက်ခဲခဲ ရှိနေသည်။

"ဟော … တွေ့ပြီ ဆရာရေ။ အထုပ်ကြီးတစ်ထုပ်"

"ဆွဲတင်လိုက်လေ"

"မရဘူး ဆရာရေ။အထုပ်က သစ်ပင်ခြေရင်းနဲ့ချည်ထားတယ်နဲ့ တူတယ်"

"ရော့ … ဓား"

အောင်ကျော်မိုးအား ဒုရဲအုပ်က ဓားစူးလှမ်းပေးလိုက်သည်။

ချည်ထားသော ကြိုးကို ဓားနဲ့ဖြတ်၍ အထုပ်ကို ကမ်းပေါ်သို့ တင်လိုက်သည်။ လူသေအလောင်းအထုပ်တစ်ထုပ်ဖြစ်နေသည်။

"ဆက်ရှာဦးဟေ့"

"ဟုတ်ကဲ့ပါ ဆရာ"

"ဆရာရေ … ဒီမှာလဲ အထုပ်ကြီးတစ်ထုပ်။ ခလုတ်တိုက်မိပြန်ပြီ"

"အေး … ဆွဲတင်လိုက်ကွာ"

အထုပ်နှစ်ထုပ်ကို ဖြေကြည့်လိုက်သည်။ တစ်ထုပ်က မိန်းကလေး၊ တစ်ထုပ်က ယောက်ျားလေး။ ပျောက်ဆုံးသွားသည့် နှင်းဖြူဖွေးနှင့် ဖိုးလပြည့်တို့အလောင်းများ သေချာသွားသည်။ အမှု သဲလွန်စရရှိ၍ ဝမ်းသာရမည့်အစား ကလေး နှစ်ယောက်ရဲ့ အသေဆိုးနှင့် သေ

**စာမျက်နှာ ( ၁၉၈ ) သို့**

www.burmeseclassic.com

www.burmeseclassic.com



တမာသင်းခိုင် (စက်မှုလယ်ယာ)

# သစ္စာချေဖျက် မေတ္တာပျက်မှ အသက်နှင့်လဲခဲ့ရသူ



www.burmeseclassic.com

www.burmeseclassic.com





"မိန်းမတို့မှာ ခမ္ဘာဖြင့် အဋ္ဌာစာရ၊ စာရိတ္တတည့်ကျွန်ုပ်ရှိသတွင်၊ မိမိလင်နှင့်၊ ပြင်ပတခြား၊ ယောကျ်ားတွေ့ကာ၊ ကိုလေးသား၏၊ ချင်းရာပြရှုံ၊ စနစ်အွှဲယ်သို့၊ စံပယ်ယုယ၊ ကျင့်းပဟာန်မှု၊ သွင်မှုကိုယ်သုံး၊ မြင်သူနုံးမျှ၊ ချိုပြုံး ရွှင်ပြ၊ ချိုမျက်စနှင့်၊ သီကွာရယ်ငို၊ ကိုယ်ကိုညွတ်ခြင်း၊ ခံတွင်းအဖွင့်၊ သံလွှင့်ဟစ်အော်၊ သွားဖော် လျှာထုတ်၊ ခြေချုပ် ခြေလက် လှုံ့ဝှက်အပ်ရာ ကိုယ်အင်္ဂါကို လှစ်ကာပြဆောင် ရှက်ရောင်မဲ့ရှဲ့၊ ကဲ့ရဲ့ချီးမွမ်း၊ နှုတ်ခမ်းကိုက်ငုံ၊ ခြုံရုံဖွင့်ဖုံး၊ ဆံထုံးဖြေလွှတ် ကိုယ်မှ်ဝတ်ချွတ်ပြင်၊ တွင်း, ဇင်ပြွင်း ထွက်၊ အောက်, ထက်,တက်ဆင်း၊ ကြည့်ခြင်းတူရှု၊ စောင်းရှုမျက်ညို၊ စိတ်ဆိုးဟန်လုပ်၊ ခါးကိုလှုပ်နှင့်၊ နှမ်းရှုပ်ချိုချ၊ ဤသို့စသား၊ ဂရာဝါသ၊ သမ္ဘောဂ၏ ဖလူနူဘော်၊ လေးဆယ်ကျော်ဖြင့် တွေးခေါ်မတည့်၊ လော်လီမမြတ်၊ လိုမပြတ်ဘဲ၊ လှည့်ပတ်ကိစ္စပြုတတ်ကြ၏။

(မာန်လန်ဆရာတော်ဘုရားကြီး
မဃဒေဝလင်္ကာသစ်)

အထက်ဖော်ပြပါ မာန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝလင်္ကာသစ် (ဂါထာ)ကို ကျွန်ုပ်(စာရေးသူ)သည် အညွှ

www.burmeseclassic.com

www.burmeseclassic.com



တာမာသင်းခိုင် (စက်မှုလယ်ယာ)

# သစ္စာချေဖျက် မေတ္တာပျက်မှ အသက်နှင့်လဲခဲ့ရသူ

မြေတမာတန်း၏ (ကျောက်ပန်းတောင်းမြို့နယ်၊ သစ်တိန်းကျေးရွာကြီး) တွင် ရွာဦးကျောင်းဆရာတော်ဦးသုစိတ္တ (ယခု ပျံလွန်တော်မူ)၏ ပညာရင်နို့သောက်စို့ ခဲ့စဉ် ကျောင်းသားဘဝနှင့် သာမဏေ(ကိုရင်)ဘဝတို့၌ ရှိခဲ့စဉ်ကာလများမှ ကိုကျော်ပု၊ ကိုညွှန့်ကြည်တို့ အပါအဝင် ကိုခင်မောင်၊ ကိုသက်တင်(အစ်ကို) တို့မှအစ မအလှလေး၊ မတင်ညွန့်(မြင်သာသူ)တို့နှင့် မဟာန်ညွန့် စသော ကျောင်းသူလေးတွေနှင့်အတူ လောကုတ္တရာစာပေတို့ကိုသင်ယူခဲ့စဉ် ဘုန်းကြီးကျောင်းသားဘဝမှ သင်အံကျက်ခဲ့ရပါသော ဂါထာလေးသည် အညာ(သစ်တိန်း)မှာ နေခဲ့စဉ်ကတည်းက အာဂုံ(နှုတ်တိုက်) ရရှိခဲ့ပြီးပါသည်။ ဆယ်ကျော်သက်ရွယ်ကပင် မြင်သာသူ မတင်ညွန့် အချောအလှလေးပါးကို ခိုးနမ်းခဲ့ဖူးတဲ့ (ကျွန်ုပ်) ပါပေ။

"မဃဒေဝ လင်္ကာသစ်" နှင့် ယှဉ်တွဲဖြစ်ပေါ်လာခဲ့သည်။ "အနုသယျ ကိလေသာစိတ်" တွေ နှောင်ဖွဲ့နေခဲ့တဲ့ လူ့ဘောင်ဤကမ္ဘာမြေထဲက ပုထုဇဉ်လူသား (အချို့)ရဲ့ ဖြစ်ရပ်မှန်ကလေး တစ်ခုသည်ပင် အထက်ဖော်ပြပါ မာန်လည်ဆရာတော်ဘုရားကြီး၏လင်္ကာနှင့် ထင်သာမြင်သာရှိနိုင်ရန် အကြောင်းမှအစဉ်တကယ်ခင်တွယ်နေဦးမည့်လင်ငယ်ကို တွယ်တာမြတ်နိုးမှုသမုဒယကွန်ယက် ဖြန့်ကျက်မိခဲ့သည့် အိမ်ထောင်ရေးအရှုပ်တော်ပုံ ဇာတ်လမ်းတစ်ပုဒ်ကိုမှတ်တမ်းထုတ်လို့ ကျွန်ုပ်မှတင်ပြမိခဲ့ရာတွင် ...

(၂)

(၁၀.၉.၂၀၁၂) ရက်နေ့၊ ညနေ (၃း၄၅) နာရီအချိန် ဖြူးမြို့နယ်၊ ကညွတ်ကွင်းရဲစခန်းအပိုင်၊ မြင့်ပြင်ကျေးရွာအုပ်စု၊ သရက်တန်းကျေးရွာမှ မောင်သိန်းဝင်း၊ မနီလာဝင်းတို့မှာ အိမ်ထောင်ရေးကိစ္စ အဆင်မပြေခဲ့ကြသဖြင့် လင်မယားချင်းစကားများ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရာ လင်ဖြစ်သူက မားနှင့်ခုတ်သတ်မှုတွင် ပွဲချင်းပြီးသေဆုံးမှုဖြစ်၍ စတင်ခဲ့ရာ အနီ မောင်သိန်းဝင်း၊ မနီလာဝင်းတို့မှာ နှစ်ကိုယ်တူ ချစ်ကြည်ဖြူ၍ လွန်ခဲ့သော ဆယ်စုနှစ်(၂)ခုကျော်မှပင် ထိမ်းမြားလက်ထပ်လာခဲ့ကြသည့် လယ်သမား ဇနီးမောင်နှံတို့ ဖြစ်ကြပါသည်။ မိမိပိုင် လယ်မြေ (၃)ဧကခွဲကျော် ပိုင်ဆိုင်ခဲ့ကြပါသည်။

ဇနီးဖြစ်သူမှာလည်း လယ်သမားဇနီးပီပီ တောထဲ တောင်ထဲတွင် လင်ဖြစ်သူနှင့်အတူ ကူဖော်လောင်ဖက် လုပ်ငန်းဝင်ခဲ့ပါသည်။ သဖန်းကုန်းရွာ၊ မြင့်ပြင်ရွာ၊ သရက်တန်းရွာတို့မှာ ပဲခူးရိုးမ နောက်ခံကျေးရွာများဖြစ်ပါသည်။ လက်မှုလယ်ယာမှသည် စက်မှုလယ်ယာသို့ ကူးပြောင်းနေသည့် ခေတ်ဖြစ်ရာ အမှတ် (၈၇) ထွန်စက်စခန်း၊ ဖြူးမြို့မှ ဦးစီးအရာရှိ (အုပ်ချုပ်ရေး) ဦးအောင်ကျော်သန်း၏ ခေတ်မီထွန်စက်ကြီးများရဲ့ ထွန်ယက်ပေးခဲ့ကြသည့် ထယ်ရေး၊ ထွန်ရေးကောင်းမှုတွေကြောင့်လည်း "တစ်ဧက တင်းတစ်ရာကျော်မငြင်းသာသနော်" လို့ စာဆိုနှင့်အညီ သီးနှံတွေ ကြီးသန်ထွားခဲ့ရသဖြင့်လည်း စပါးနှင့်အတူ ပဲအမျိုးမျိုးတို့ လှည်းကျိုးအောင်တင်ဆောင်ခဲ့ရတဲ့ ရလဒ်တွေပေါ့ဗျာ။ လူပျိုကြီး ကိုသန်းဦးဆိုရင်ပဲ အပျိုမလေး မူမူကိုယူဖြစ်အောင်ယူခဲ့တာ မြေကြီးကရွှေသီးလို့ဆို ပဲ။ အလှူအတန်းတွေကလည်း ပေါမှပေါ။ အိမ်နီးချင်းလယ်သမားတွေ ဆိုပြန်တော့လည်း လယ်ထဲမှာ အတူထမင်းစားကြ၊ လယ်ထဲအတူဆင်းကြတဲ့ လယ်သမားဘဝ ဆိုပြန်လေတော့ ဖားရိုက်ကြသည်တို့လည်း ရှိကြပြန်ပါသည်။ ကန်သင်း (ကဇင်း)တင် လယ်သမားတွေ (လယ်အထက်၊ အောက်)ဆိုပြန်တော့ ရွာသူ၊ ရွာသားခြင်း ရင်းနှီးမှုရှိကြတာ မဆန်းပါ။ တစ်ဦးကိုတစ်ဦး ရင်းနှီးချစ်ခင်ကြပါ၏။ မောင်သိန်းဝင်းနှင့် မနီလာဝင်းတို့ရဲ့ အိမ်ထောင်သက်တမ်းအရ သမီးဦးလေးကိုပင် မွေးဖွားလာခဲ့ရာမှ အပျိုဖြန်းမလေးဖြစ်ခဲ့သလို အလယ်တန်းပညာကိုပင် ကညွတ်ကွင်းမြို့လေးသို့ ကြက်သွေးရောင် "ဖီးဆင့်" (pheasent)ကလေးနှင့် ကျောင်းတက်နေခဲ့ပါပြီကောလား။ မြို့ပြနှင့်က (၂)မိုင်ခန့်သာ ဝေးသည်ကိုး။

မောင်သိန်းဝင်းသည်ပင် သမီးဦးကလေး မွေးလာပြန်ပြီဆိုတော့ ကိုသိန်းဝင်းဖြစ်ခဲ့သလို ချစ်ဇနီးသည်လည်း မိခင်အရာမှ မနီလာဝင်း မဟုတ်ဝါကလား။ သူတို့ လယ်အနောက်ဘက်ကန်သင်း (ကဇင်း)တင်မှာတော့ ကိုဖိုးတုတ်၊ မဝိုင်းတို့ လယ် (၃) ဧကရှိကြသမို့ လယ်သမားချင်း အတူရင်းနှီးကြလေရဲ့။ လယ်သမားတွေဆိုတော့ အသက်အရွယ်တွေက (၃၀)ကျော် (၄၀) အရွယ် မစွန်းကြသေးသည်များမို့လည်း အားကောင်းမောင်းသန်တွေပေါ့။ သည်မြေမှာမွေး သည်အသွေးတွေနဲ့အတူ အသီးအနှံလတ်လတ် ဆတ်ဆတ်တွေနဲ့ လေကောင်း လေသန့်တွေကို ရှူနေမှတော့ ဝမ်းစာရေး တစ်ဖက်က လုပ်ဆောင်နေကြရတဲ့ သူတို့တစ်တွေမှာတော့ ကျန်းမာရေးက နဂိုနေစိုပြည်လို့ အလိုလို 'အိုကေ' (o.k)လို့ ခေါ်နိုင်သလို အပျိုလို နုပျိုနေသေးတဲ့ အသက် (၃၅)

www.burmeseclassic.com

www.burmeseclassic.com



ဘဝတူလယ်သမား
ကိုဖိုးတုတ်နှင့်
ကလည်း
မကြာမကြာ
အတူတွေ့လိုက်၊
လယ်ယာအကြောင်း
ပြောဆိုခိုက်ကြမှ
သွားတက်လေး
ပေါ်အောင်ပြုံးပြတဲ့

ကျော်  မနီလာဝင်းရှာတော့ အနောက်ရွာက ကြည်ပြာ အမျိုးမလေးလို ချောနေတုန်းခင်ဗျ။ ဒီရွာမှာ ကြည်ပြာ အလှဆုံးလို့ ခေါ်ဆိုကြလေရဲ့။

"ဘာစ်သားမွေး တစ်သွေးလှ" လို့ မြန်မာမှုထဲက စာဆိုရှိသမို့လား၊ လယ်သမားမယားသာ ဖြစ်ခဲ့ရပေမယ့်လည်း နှာမည်လေးနဲ့အတူ နီလာမိုးကုတ်ကျောက်ကလေးလို တန်ဖိုးထားနိုင်တဲ့ မယားတစ်ယောက်ပေမို့လည်း လင်တော်မောင် ကိုသိန်းဝင်းခမျာ အလိုလိုက်ခဲ့သည်။ ချစ်ဇနီး၏ ရှုပါရုံအပေါ် နစ်မျောခံစားလျက်ပင်ဖြစ်သလို လယ်နီးနားချင်း ကန်သင်း(ကဇင်း)တင်ရှိခဲ့သူ ဘဝတူလယ်သမား ကိုဖိုးတုတ်နှင့်ကလည်း မကြာမကြာ အတူတွေ့လိုက်၊ လယ်ယာအကြောင်း ပြောဆိုခိုက်ကြမှ သွားတက်လေး ပေါ်အောင်ပြုံးပြတဲ့ ကိုသိန်းဝင်းရဲ့ ချစ်ဇနီးချော နီလာဝင်းအပေါ် ခင်မင်မှု အဖြူရောင်မှ ကြင်နာမှု သမုဒယအမှောင် အနက်ရောင်သို့ တစ်ဆင့်တက်မိခဲ့ မိသည်တို့နှင့်အတူ မမျှော်လင့်ပါဘဲ ကိုသိန်းဝင်းခမျာ မကျန်းမာ၍ အိမ်တွင် (၅)ရက်တိတိနားနေခိုက်တွင် အိမ်ခိုင်းနွား (၂)ကောင်တို့အတွက် မိမိတို့လယ်ကန်သင်း(ကဇင်း)မှ မြက်များရိတ်နေခိုက် အနောက်ဘက်ကကန်သင်း(ကဇင်း)တင် လယ်သမား ကိုဖိုးတုတ်နှင့် ပက်ပင်းကြုံတွေ့ရာတွင် ရေငတ်တုန်း ရေတွင်းထဲကျ ဟူသည့်နှယ်ဖြစ်ရာမှ …

"နီလာဝင်းရယ်  နင့်ယောကျ်ားလည်း မမြင်ရပါလား။ နင်ကိုယ်တိုင် နွားစာမြက်တွေလာရိတ်လို့ပါလား၊ တကယ်လို့ များ လက်ဖျားတံဇင်နဲ့ ရိတ်မိမှဖြင့် မသက်သာဘူးဟ။ ငါတော့ မကြည့်ရက် မမြင်ရက်စရာပါဟာ …"

လို့လည်း ကိုဖိုးတုတ်က ပြောလိုက်ပါလေရော …

"ကိုဖိုးတုတ်ရယ် တစ်သက်လုံး လယ်ထဲမှာကြီးလာတာပဲ မြက်ရိတ်တာ အဆန်းလားလို့။ အမြင်မတော်ရင်လည်းကူညီရိတ်ပေးဦးမှပေါ့။ အားကောင်းမောင်းသန်ကြီးဆိုတော့ ခဏလေးနဲ့ နွားစာမြက်တွေရမှာမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကန္တဲ့သလို ဟန်မှုပို့ ပြောလိုက်တဲ့ စကားလေးတွေသည်ပင် ကြားရသူ ပုရိသယောကျ်ားတစ်ယောက်အတွက် တစ်အားတက်သလိုမှ အပျိုမလေးစကားအသွင် သံစဉ်ရှိလေမှတော့ …

"ပြောရဦးမယ်။ နှင်ကလေ အခုထိချောတုန်းလှတုန်း၊ တို့လယ်ကြားမြောင်းထဲက ရေဆောင်းကြီးလိုပဲဟာ။ လယ်နီးနားချင်းတွေဆိုတော့လည်း တွေ့မြင်နေရတာ ကြာပြီဆိုပြန်တော့ …"

စပါးခင်းတွေကြားမှ လေနုအေး တိုက်ခတ်သည်နှင့်အတူ ကိုဖိုးတုတ်စကား ရပ်နားလိုက်ချိန်မှာပဲ …

နီလာဝင်းမှ ရေလာမြောင်းပေး စကားနှင့်အတူ နှစ်ကိုယ်ကြားလေသံလေးနှင့် "တွေ့မြင်နေရတာကြာပြီဆိုတော့ စကားကအနှောင့်မလွှတ် မသွားမလွှတ်ဘာကိုဆိုလိုတာလဲတော့။ အပျိုစင်တုန်းကလို ရင်ခုန်ရမလိုပါလားတော်။ အသက်ကိုလည်း ကြည့်ဦးလေ။ ကျုပ်က ရှက်တယ်တော့ …" လို့လည်း နီလာဝင်းမှ ကြာမျက်လုံးနှင့် ကြည့်ပြီး ပြောလိုက်ချိန်မှာဖြင့်

"တကယ် ရည်မှန်းမိခဲ့တာ နှင့်ကိုပါပဲ။ သိန်းဝင်းတို့က ငွေကြေးအဆင်ပြေနေတဲ့ အချိန်ကို ကိုက်ပြီး နှင့်ကိုအရယူခဲ့တာပါ။ ဖူးစာမဟုတ်၊ ဦးရာလုပ်ခဲ့လို့ပါ။ တကယ်ဆို ငါ့ရင်ထဲက ယောဒီကောင်မလေးလို့ ခေါ်နိုင်သေးတဲ့ နီလာဝင်းပါ။ ကာမေသုမိစ္ဆာစာရကံတော့ ထိုက်ပြီထင်ပါရဲ့ဟာ။ ထိုက်ချင်လည်း ထိုက်ပါစေ။ ငါက ခုထိကြိုက်နေတုန်းဟာ။ ရင်ထဲက စကားတွေပါဟာ။ ခုလိုနှစ်ယောက်တည်း တွေ့ရတဲ့အချိန်ကို မေ့ပျောက်တော့မှာမဟုတ်ပါဘူး။ တကယ်ပြောနေတာ။ နှင့်ယောကျ်ားကိုတော့ အသိမပေးလိုက်နဲ့ဦး။ နှင့်မှာသမီးပျိုလေးလည်းရှိနေတော့ သူ့အဖေပြောရင် နှင့်သိက္ခာကျမှာ"

အဲဒီနေ့ မနက်(၉း၄၅)နာရီအချိန်ခန့်မှ လယ်ကွင်းစပ်တစ်နေရာ (ကန်သင်းဘောင်)တွင် အတူတွေ့ဆုံကြရိုက် လယ်သမားဘဝ အခြေအနေမှာပင် "ကြာချိုယံသမိုင်း"ကို စတင်ခဲ့တဲ့ လယ်နီးနားချင်း ကိုဖိုးတုတ်မှာတော့ နီလာဝင်းကို နွားစာမြက် နှစ်ထုံးနီးပါး ရိတ်ပေးလိုက်ချိန်နှင့်အတူ စကားပြောချိန်တို့မှာဖြင့် ရွာဦးကျောင်းမှ နေ့ဆွမ်းစားချိန် (၁၁း၀၀)နာရီအထိ ကြာမြင့်ခဲ့ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သားအတူ လမ်းခွဲလို့ ရွာသို့ ပြန်လာခဲ့ကြပါသည်။ ကိုဖိုးတုတ်မှာတော့ ဓားမတစ်ချောင်းကို ခါးထိုးလို့ပေါ့။

(၃)

မနေ့ မနက်(၉း၄၅)နာရီခန့်မှ ကိုဖိုးတုတ်ပြောခဲ့တဲ့ စကားသံကို အမှားအမှန် မဝေခွဲတတ်သလို အိမ်ထောင်ရှင်ဖြစ်သော်ငြား "ဖရဏာပီတိ ဥမ်းဆီထိ" ပုံပမာ ခံစားမိပါရင်း ညအချိန်သမီးကြီးရင်နှ ကျောင်းစာတွေကျက်နေခိုက်နှင့်အတူ အိမ်ဦးနတ်ကြီးကိုသိန်းဝင်း မကျန်းမာ၍စောစောအိပ်ပျော်ခိုက်မှာပင် အိပ်စက်ခဲ့သည့်တိုင် အညာသားအသွေးအရောင် တုတ်တုတ်ခိုင်ခိုင် ကိုဖိုးတုတ်ရဲ့ "ကြာချိယံသမိုင်း"မှ အနုအလှစကားလေးတွေ ကြားယောင်မြင်ယောင်လျက်မှ ည၌(၁၂း၀၀)နာရီကျော်မှာ အိပ်ပျော်ခဲ့ရပါတော့သည်။ စေ့ဆော်စိတ်တွေက အိပ်မောမကျနိုင်သည့် ဖြစ်ရပ်တွေမို့လား။ ကိလေသာနှောင်ဖွဲ့တဲ့ နှောင်ကြိုးတစ်မျှင်ဖြစ်မိခဲ့တဲ့ နီလာဝင်းပင် မဟုတ်ပါလား။

ဒီနေ့လည်းပဲ ကိုသိန်းဝင်း မကျန်းမာနိုင်သေးသဖြင့် ကန်သင်း(ကဇင်း)ဘေးသို့ မြက်ရိတ်ရန်လာခဲ့သည့် မနီလာဝင်းမှာ မနက်စောစောမှာပင် မိုးဖွဲဖွဲလေးကျလာရာမှ တံစဉ်ကလေးတစ်ချောင်းနှင့်အတူ မြက်ထုံးရန် ကိုင်းပင်မှ အရိုးနုများကို တံစဉ်နှင့်လှီးဖြတ်နေခိုက် ကိုဖိုးတုတ်မှာစောစောကပင် စပါးတွေစားနေကြသည့် ပဲခူးရိုးမကြီးပေါ်မှ ကြက်တူရွေးအုပ်ကြီးကို ချောက်လှန့်နေခိုက် အတူတွေ့ဆုံကြပြန်ရာတွင်လည်း ကိုဖိုးတုတ်မှ စတင်လိုက်သည်တွင် …

"နီလာဝင်းရယ် မနေ့ညကဆို ငါအိပ်မပျော်နိုင်ဘူးဟာ။ နင့်ကိုဘဲ စိတ်စွဲနေတာဟ။ ခက်တယ်ဟာ။ ပေး … ပေး ငါဘဲမြက်ရိတ်ပေးပါ့မယ်။ ဒီ ကန်သင်း(ကဇင်း)ဘေးထိုင်ပါဦး။ အဝေးကလူတွေ မြင်ကုန်ရင်မကောင်းဘူး။ တကယ့်ကိုလုံးကြီးပေါက်လှ အပျိုမလေးကျနေတာပဲ။ ချစ်စရာကြီးပါပဲလား"

ပါးစပ်ကလည်းပြော လက်ကလည်းဆွဲ ဆိုသလို။ လယ်ထဲမှာ ရုန်းကန်လုပ်ရှားခဲ့ရသည်နှင့်အတူ လက်ကြမ်းကြီးနှင့် နီလာဝင်းရဲ့ ဘယ်ဘက်လက်ကို ဆွဲအပြီးမှာတော့ သနပ်ခါးရေကျဲပါးနှစ်ဖက်ကို တအားနမ်းလိုက်ပါပြီက ကိုဖိုးတုတ်ပင်မဟုတ်ပါကလား။ ရင်သိမ့်သိမ့်တုန် ခံစားခဲ့ရသူ နှစ်ဦးတို့မှာတော့ အိမ်ထောင်ရေးအကျင့်ပျက် တို့ဆိုတာ ကိုယ်စောင့်နတ်မှအပ မည်သူတစ်ဦးတစ်ယောက်ကမှ မသိရှိနိုင်ကြသလို နွားစာမြက်ရိတ်ပေးခဲ့ချိန်နှင့်အတူ ထမီတိုတို ရေစိုစိုမြင်ကွင်းကြောင့်လည်း ထင်လင်းသည်မျှ သူမအသားအရေတို့ကြောင့်ပင် ကိလေသာ တဏှာစိတ်တို့ ယိုဖိတ်ခဲ့သည်များနှင့်အတူ လယ်တောကြားမှာ စကားပြောကြချိန် (၄၅)မိနစ်ခန့်ကြာမှ ရွာသို့ပြန်လာခဲ့သူ (မြက်ရိတ်ပြန်လာသူ)မနီလာဝင်းသို့ ကန်သင်း(ကဇင်း)ဘောင်ပေါ်မှပင်

"နီလာလို့ပဲ ခေါ်ရတာအားရှိရသလိုမို့ ဖြစ်နိုင်ရင် မနက်ဖြန် ည(၁၂း၀၀)နာရီလောက် တို့အိမ်ရဲ့ နောက်ဖေးကောက်ရိုးပုံကြီးကို ခဏလာတွေ့ပါဦးနော်။ အဲဒီအချိန်ဆို နင့်ယောကျ်ားလည်း

www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်လောက်ပါပြီ။ တို့အဖြစ် တို့အချစ်ကို သူမရိပ်မိအောင်တော့နေပေါ့။ ကဲ ညီမ နီလာပြန်တော့”

ဒီနေ့မှာလည်း လယ်ထဲမှာ နှစ်ဦးသားအတူ ကြည်မွေ့ကြတဲ့ အိမ်ထောင်ရေး ပျက်ပြားကြသူ နှစ်ဦးပင် ဖြစ်ပါသည်။ ဒီအခြေအနေကို ရိုးတိုးရိပ်တိတ်ဆိုသလို တွေ့မြင်မိသူ လယ်(၂)ကွက်ကျော်မှ ကိုစံခင်ဆိုသူမှာ ကိုသိန်းဝင်းနှင့် ညီအစ်ကိုတစ်ဝမ်းကွဲလည်း တော်စပ်ခဲ့ရာမှ အခြေအနေကို စောင့်ကြည့်ဖို့ သတိပေးခဲ့သည်။ အသိသက်သေမပြနိုင်က အသရေဖျက်မှုနှင့်ပင် တရားစွဲနိုင်ကြောင်းကိုပါ သူညီတစ်ဝမ်းကွဲ ကိုသိန်းဝင်းသို့ အသိပေးခဲ့သလိုရှိနေခိုက် ကျန်းမာရေးကလည်း သိပ်မကောင်းသေးခဲ့သလို စိတ္တဇညမျှားနှင့်အတူ နလံထူစ ကျန်းမာနေသည့် လက္ခဏာနှင့်အတူ ချစ်ဇနီးနှင့်အတူ အိပ်နေခိုက် တဒင်္ဂပျော်သွားချိန်မှာပင် ချစ်ဇနီးတစ်ယောက် ပျောက်ချက်သားကောင်းသဖြင့် အိပ်ယာဆောင်မှ (၃)ဆထိုး လက်နှိပ်ဓာတ်မီးထိုး၍ အိမ်အပေါ်နေရာအားလုံးသို့ ဓာတ်မီးထိုးကြည့်သော်လည်း ချစ်ဇနီးချောကို ရေးရေးမျှပင်မမြင်။ သမီးကြီးကိုပင် အသိမပေးဘဲ အိမ်အောက်သို့ ဆင်းခဲ့ပြီး သံသယရှိသူ နှစ်အိမ်ကျော်မှ ကိုဖိုးတုတ်၏ ကောက်ရိုးပုံအနီးသွား၍ ဓာတ်မီးထိုးလိုက်ချိန်မှာဖြင့် အိမ်ပေါ်မှဆင်းလာခဲ့သူ ကိုသိန်းဝင်းကို လှမ်းမြင်လိုက်သဖြင့်လည်း မိုးအေးအေးတွင်မှ မြန်မာမှုကို ကျော်လွန်၍ အိမ်ထောင်ရေး အကျင့်ပျက်ဓာတ်လမ်းကို တစ်စခန်းသွားကြပြီးခဲ့ပြီမို့ အမြန်ဆုံးအိမ်ပေါ်တက်ရန် ခြေဆေးအိုးမှ ရေ (၃)ခွက်ခပ်၍ ခြေဆေးလိုက်သော်လည်း ဖနောင့်နှစ်ဖက်တို့တွင် ရွှံ့ဗွက်တို့က မစင်နိုင်သေး။ လမ်းကြားမှ



www.burmeseclassic.com



ဗွက်တောက သက်သေခံခဲ့ပြီဖြစ်သလို အိမ်ပေါ်အရောက်လည်း "ဆံမြိတ်လည်းပြေ ပန်းလည်းကြွေ" ဆိုဘိသကဲ့သို့ သူမရဲ့ ဝတ်စားဆင်ယင်မှု ဖရိုဖရဲတွေကြောင့် ညှိုးမည်းနေသည့်အသွေးရောင်ရှိနေသူ ချစ်ဇနီးအပေါ် ဒေါသထွက်ရန် စိတ်ကိုမျိုသိပ်နိုင်စွမ်းရှိခဲ့တာက ညအချိန်မတော် သန်းခေါင်ယံဖြစ်သလို သမီးကြီး နား ကြားသွားမှာလည်း စိုးရိမ်မိသည့်တိုင် ဖြေသိမ့်၍အိပ်ရသည့် အကာလညတွင်ဖြင့် ရင်နှင့်အောင်ခံစားခဲ့ရတဲ့ ရိုးသားသူ ကိုသိန်းဝင်းပင် မဟုတ်ပါကလား။

(၄)

ကျန်းမာရေး ကောင်းလာသည်နှင့်အတူ အိမ်ပေါ်တွင်ဆေးစားနေရာမှ အညောင်းအညာပြေရန်နှင့်အတူ မိုးစပါးတွေရဲ့ အခြေအနေကို သိရှိစေရန်တို့အတွက် ပါသိချင်လို့ဆိုသော ခံယူချက်ကို အမှန်မှုမပျက်တို့မှ ဇနီးသည် နီလာဝင်းကိုခေါ်ယူ၍ နွားစာမြက်ရိတ်ရန် အကြောင်းနှင့်အတူ လယ်တဲတွင်ရှိနေသော နှီးဝါးများကို နှီးဖျာရန်အတွက် ဓားတစ်လက်ကိုပါယူ၍ လင်မယားနှစ်ယောက် နေအိမ်မှထွက်ခွာခဲ့ကြသည်။ ထမင်းကြမ်းကို ငါးပိရည်ဆမ်း၍ စားခဲ့ကြသည်။ တို့စရာက လယ်ထဲမှ ကညွတ်ရွက်နှင့် ကန်စွန်းရွက် တို့ပင်ဖြစ်ကြသည်။ သမီးကြီးကတော့ ကျောင်းတက်ရန် စက်ဘီးနှင့် ကညွတ်ကွင်းမြို့လေးရှိရာ အရှေ့တောင်ထောင့်ဆီသို့ ထွက်ခွာသွားခဲ့ပါပြီ။



(၅)

လယ်ထဲသို့ ရောက်ရှိနေသည့် ကိုသိန်းဝင်းနှင့် မနီလာဝင်းတို့မှာ မိမိတို့၏ လယ်ထဲကလေးအတွင်းရောက်ခိုက်မှာပင် မကြေအေးနိုင်သည့် စိတ်သောကများနှင့်အတူ၊ နံနက်ခင်း နေခြည်နုနုနှင့်အတူ ခင်ပွန်းဖြစ်သူ ကိုသိန်းဝင်းမှ အရက်နံ့လှိုင်နေသည့်အချိန် လေနုအေးနှင့်အတူ …

"မနေ့ညကအဖြစ်ကို အဲဒီညက ငါပြန်မေးချင်ပေမယ့် သမီးကြီး ကြားသိသွားမှာကိုလည်း ငါစိုးရိမ်တယ်။ ဒါကြောင့် ငါမေးချင်ပေမယ့် မတွေးနိုင် မအန်နိုင်ဖြစ်ခဲ့ပေမယ့် မမေးရက်ခဲ့ဘူး။ နင်အဲဒီညက အဖြစ်အပျက်ဟာ မရိုးသားဘူး။ ငါ့အပေါ် သစ္စာဖောက်တာမဟုတ်ဘူးလားဟင်။ နင်ငြင်းစရာ မဟုတ်နိုင်တော့ဘူးလို့ပဲ ငါထင်တယ်။ ရင်စက်လိုက်တာ မိန်းမရယ်။ ငါ့မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ကို မထောက်ရင်တောင် သမီး မျက်နှာနဲ့ မိဘ၊ ဆွေမျိုးဂုဏ် လောက်တော့ ထောက်ထားသင့် ပါတယ်''

လို့ ပြောဆိုခဲ့ချိန်များက အနားတွင် နီးဖျာ၍ ချထားသော ဓားမတစ်ချောင်းကိုလည်း မြင်တွေ့နိုင်သည့် အခြေအနေတွင်မှ ထပ်ကာထပ်ကာ မေးမြန်းနေသည့် ခင်ပွန်းဖြစ်သူ ကိုသိန်းဝင်းသို့ ...

"ဒီမှာ ကိုသိန်းဝင်း မဟုတ်တမ်းတရမ်းတွေ ကျုပ်ကိုလာ မပြောနဲ့။ ကျုပ်က ရိုးရိုးသားသား ခင်မင်ခဲ့တဲ့ တစ်ရွာတည်းသားတွေနော်။ ကြည့်လည်း ပြောဦး။ တော့် မျက်စိနဲ့ တတ်အပ်မြင်လို့လား''

လို့ (၃/၄)ကြိမ် ပြောအပြီးမှာတော့ ကန့်သင်း (ကဇင်း)ရိုး အနီး တဲအရင်းတွင် ထောင်ထားသော ဓားမလေးကို လှမ်းယူ၍ ခင်ပွန်းဖြစ်သူ ကိုသိန်းဝင်းကို ခုတ်သတ်ရန် လှမ်းယူခိုက်မှာပင် မိမိမှ ဦးအောင်ရယူလျက်ဖြင့် ဒေါသစိတ်အုံကြိတ်လျက်ကပင်

"လော့ကြီးပေါ် လော့ငယ် တင်ချင်တဲ့ မိန်းမယုတ်မ။ ကဲကွာ

**ရိုးရိုးသားသား**
**ခင်မင်ခဲ့တဲ့**
**တစ်ရွာတည်းသားတွေနော်။**
**ကြည့်လည်းပြောဦး။**
**တော့်မျက်စိနဲ့**
**တတ်အပ်မြင်လို့လား''**

ကဲကွာ ... အသည်းနာလို့ ခုလို ခုလို ...''

"အား ... အား ... သေ သေ ... ပါပြီ''

စိတ်ဒေါသတွေနှင့် အတူ ချစ်ဇနီး နီလာဝင်း၏ လည်ပင်းအား (၂)ချက်တိတိခုတ်ပိုင်းလိုက်သည်နှင့်အတူ သွေးနီနီတို့မှာလည်း လယ်စောင့်တဲလေး၏ အောက်ခြေမြေမဟီတွင် အနီရောင်လွှမ်းခဲ့သလို လူ့ဘဝမှသည် တမလွန် ရောက်သွားခဲ့ပါလေပြီတည်း။ ဒီမနက်ခင်းမှာပင် လူ့အသက်တစ်ချောင်း ကွယ်ပျောက်ခဲ့ပါလေပြီ မဟုတ်ပါကလား။

ဝိညာဉ်ချုပ်သွားခဲ့လေသူ ချစ်ဇနီး၏အလောင်းကို တဲအတွင်းမှ ခုံတန်းလျားပေါ်တွင် တင်ထားခဲ့ပြီးမှ ရွာသူကြီးထံ အကြောင်းကြားရန် စိတ်ကူးမိလျက်ဖြစ်၍ ခုတ်ပိုင်းခဲ့သော ဓားမနှင့်အတူ ရွာသို့ပြန်လာခဲ့သူ တရားခံတဖြစ်လဲ ခင်ပွန်းဖြစ်သူ ကိုသိန်းဝင်းမှာ ရွာမှဖုန်းရှိသူ ဒေါ်အေးခိုင်အိမ်သို့ သွားရောက်ပြီး ကညွတ်ကွင်းရဲစခန်းသို့ အဖြစ်မှန်ကို ဖုန်းဆက်၍ မိမိအိမ်တွင် တံခါးပိတ်နေခဲ့ပါသည်။

www.burmeseclassic.com


www.burmeseclassic.com



အကျိုးအကြောင်း အစုံအလင်ကို သိရှိကြသူ ဆွေမျိုးမိတ်သင်္ဂဟများမှ အိမ်ရှေ့တွင်လာရောက်ကြနိုက်မှာပင် ...

"ငါ့မယား ငါသတ်လို့ ရဲစခန်းကို ဖုန်းဆက်ပြီးပြီ။ မဆိုင်သူ လာမကပ်နဲ့။ ငါ့မိန်းမနဲ့ အတူရောပြီး သေချင်လာခဲ့။ မကြာခင်ရဲတွေ ရောက်လာမှာ။ ငါ့အပြစ်ကို ငါသိတယ်။ လုပ်ရဲရင် ခံရဲတယ်"

လို့ ပြောဆိုပြီး (၂၅)မိနစ်ခန့် အကြာမှာတော့ စခန်းမှူး (ရဲအုပ်) ဇော်ထွန်းစိုးနှင့်အတူ နယ်ထိန်းတပ်ကြပ်ကြီး ကံထွန်းတို့မှ (ပ) ၁၆၄/၁၂ အရ ပြစ်မှုပုဒ်မ ၃၀၂ အရအရေးယူ အမှုဖွင့်လိုက်ပြီး ဖြူးမြို့နယ် ဒု-ရဲမှူးစိုးသိန်းထံ သို့လည်းကောင်း၊ တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူးကြီး ဝင်းစိန်ထံသို့ အဆင့်ဆင့်သတင်းပို့ခဲ့ရာမှ စစ်ဆေးတွေ့ရှိချက်တို့နှင့်အတူ ထိုနေ့က ဖြစ်ပျက်ခဲ့သောဖြစ်ကြောင်းကုန်စင်ကို ဝန်ခံလျက် အခင်းဖြစ်စဉ်ကဝတ်စားခဲ့သော လုံချည်၊ အင်္ကျီနှင့် အတူဓားမတစ်ချောင်း သက်သေခံပစ္စည်းကိုပါပေးအပ်၍ လက်



မှတ်ရေးထိုးပေးလျက် အဖမ်းခံလိုက်ပါသည်။ စခန်းမှူး (ရဲအုပ်) ဇော်ထွန်းစိုးနှင့် နယ်ထိန်းတပ်ကြပ်ကြီးကံထွန်းပါ ရဲတပ်များမှာ အခင်းဖြစ်နေရာသို့ အသေးစိတ်သွားရောက်ခဲ့ရာ တွေ့မြင်ကြသူများမှာ ဝမ်းနည်းမဆုံးဖြစ်ကြသည်က တစ်ရွာလုံးနီးပါးခန့် ဖြစ်ပါတော့သည်။ ဆွေမျိုးတစ်စုတို့မှာတော့ အထူးပြောရန်မလိုတော့ပါဘူး။

ဖြူးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး စခန်းမှူး (ရဲအုပ်) ဇော်ထွန်းစိုး၏ ညွှန်ကြားချက်နှင့်အညီ တောင်ငူခရိုင် ဥပဒေရုံးသို့ ဥပဒေအကြံပြုချက်များ တောင်းခံလျက်မှ ပြစ်မှုကျူးလွန်သူ တရားခံသိန်းဝင်း (ဘ)ဦးညွန့်ခင် (အသက်-၃၇နှစ်) လယ်လုပ်သူအား ထိုနေ့က စစ်ဆေးရာတွင် မဆင်မခြင်ပြုရက်နိုင်ခြင်းတို့မှာ ချစ်ဇနီးအပေါ် ရက်ရက်စက်စက်လုပ်ကြံသတ်ဖြတ်ခြင်းတို့အတွက် အရက်တစ်ခွက်မှ အရက်တစ်ပုလင်း ရင်တွင်းမှာစီးမျောခဲ့ရာမှ သောကအပူကို ဒေါသကူ၍ တွန်းတင်ဘိသကဲ့သို့ ဖြစ်ရပါကြောင်း ဝန်ခံခဲ့ရာမှာ တောင်ငူခရိုင်တရားရုံးမှ အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ် ကျခံစေခဲ့ပါသည်။ သစ္စာချေဖျက် မေတ္တာပျက်မှ အကြောင်းရင်းပင်ဖြစ်ရပါတော့သည်။

**ဝန်ခံချက်။ ။ (၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်မှန်ကို ဇာတ်ကောင်အမည်များ လွှဲပြောင်းထားပါသည်။ အိမ်ထောင် ရှင်တိုင်း သတိပြုဆင်ခြင်ဖွယ်ရာ နမူနာယူနိုင်ရန်လည်းရေးသားတင်ဆက်မိပါသည်။ စာရေးသူ)**

**"အိမ်ထောင်ရှင်တိုင်း ကြည်ပြာပန်းလို လန်းဆန်းကြလျက် ရာသက်ပန် ပေါ်ဖော်နိုင်ကြပါစေ"**

**တမာဝင်းနိုင်**
**(စက်မှုလယ်ယာ)**

www.burmeseclassic.com

www.burmeseclassic.com



# ကိလေသာ ရမ္မက်မီးရယ်ကြောင့်

အလွန် ဘုန်းတန်ခိုးကြီး၍ ချမ်းသာကြွယ်ဝလှသော ရှင်ဘုရင်တစ်ပါးက သာမန် မိန်းမငယ် တစ်ယောက်အပေါ် ချစ်ဇောတော် ပိုမိသဖြင့် ဘဝပျက် အသက်ပါ ဆုံးရှုံးရသည် ဆိုလျှင် ယုံနိုင်ပါမည်လား။

မယုံမရှိပါလေနှင့်။

၁၃၉၈ ခုနှစ်တွင် အိန္ဒိယပြည့် 'ဗိဇ္ဇယာနဂါနယ်' ထီးနန်းကို စိုးစံသော ဒုတိယမြောက် ဟာရီဟာရာ ဘုရင်တစ်ပါးက အချစ်တရား၏ ကြောက်မက်ဖွယ် ကောင်းပုံကို ပြသခဲ့ပါလေ၏။

ဘုရင်ဟာရီဟာရာကား အလွန် ပြည့်စုံကြွယ်ဝကာ ဆင်ကောင်ရေ ၁၀၀၀ နှင့် မြင်းကောင်ရေ ၄၀၀၀၀ ရှိကာနေ့စဉ် ဝင်ငွေသည်ပင် ဒေါ်လာ ၄၀၀၀၀ ရှိသည်ဆိုသည်။

ဤမျှ ပြည့်စုံလှသော ဘုရင်ကြီး ကံဇာတာ နိမ့်ကာ ကံဆိုးမိုးမှောင်ကျဖို့ အကြောင်းကံ ဖန်လာခဲ့သည်။ အိမ်နီးချင်းနိုင်ငံ၏ 'မက်ကာ(လ်)မြို့တွင် နေထိုင်သော 'ပါတယ်လ်' အမည်ရှိ အညတြ အလှဘုရင်မလေးကို မြင်မိရာမှ ရွှေမေတ္တာ ယိုဖိတ်၍ အချစ်စိတ်တွေ တားဆီးမရ ဖြစ်သွားသည်။ အချောအလှလေးကိုမှ မရလျှင် သေရမလောက်ဖြစ်နေ၊ ဘုရားကြီးက စိန်၊ ရွှေ၊ ရတနာတွေ အမြည့် အမောက် လက်ဆောင်ကမ်း၍ မိန်းမတောင်းခိုင်းလိုက်သည်။

အချစ်ကို ဂုဏ်ပကာသန ရွှေငွေတွေနှင့် လဲ၍မရကြောင်းကို အလှဘုရင်မလေး 'ပါတယ်လ်' က ပြသလိုက်သည်က ဘုရင်ကြီး၏ အချစ်ကို ငြင်းပယ်လိုက်ခြင်းပါတည်း။ ချစ်ရသူ၏ ခါးသည်းစွာ ငြင်းပယ်ခံလိုက်ရသော ဘုရင်ကြီးမှာ ကိလေသာ ရမ္မက်မီး လောင်ကျွမ်းလျက် အချစ်သောက ဝေဒနာကို ပြင်းစွာ ခံစားလိုက်ရတော့သည်။

မရတာမှ လိုချင်သည်ဟူသော စကားအတိုင်း ဘုရင်ကြီးမှာ သည်အလှဘုရင်မလေးမှ မရလျှင် မနေနိုင်တော့သည်မို့ အိမ်နီးချင်းနိုင်ငံကို စစ်မက်ယှဉ်ပြိုင် သိမ်းယူကာ အလှဘုရင်မလေးကို သိမ်းပိုက်ရန် ကြံတော့သည်။ ဤသို့ဖြင့် သူ့တိုင်းပြည်ထက် စစ်သည်အင်အား လက်နက်အင်အား များစွာသာလွန်သော နိုင်ငံအား ဝင်ရောက်တိုက်ခိုက်လေတော့သည်။

အချစ်စိတ်ဖြင့် ရူးသွပ်နေသလို ဆင်ကန်းတောတိုး ပြုခဲ့သော ဘုရင်ကြီးအတွက် ရလာဘ်မှာ အလှဘုရင်မလေးကို သိမ်းပိုက်နိုင်ခြင်း မဟုတ်ပါ။ သူ၏ ရာဇပလ္လင်၊ ထီးနန်းစည်းစိမ်နှင့် သူ၏ မိဘုရားများအား အိမ်နီးချင်းဘုရင် 'ဖားရော့ရှားတူဂလစ်' ၏ ရှေ့မှောက်တွင် အသက်နှင့်အတူ ပေးအပ်လိုက်ရခြင်းပဲ ဖြစ်ပါ၏။

ဤသို့ မိန်းမတစ်ယောက်အတွက် ဘဝပျက် အသက်ပါ စတေးခဲ့ရသော ဘုရင်ကြီးကား ချစ်မှုရေးရာ မိန်းမပြဿနာတွင် အတွေ့အကြုံနုနယ်လှ၍ဟု ထင်လျှင် မှားပေလိမ့်မည်။

ထိုဘုရင်ကြီး ဟာရီရာတွင် ဇနီးမယားပေါင်း ၁၂၀၀၀ တိတိ ရှိပါလေ၏။ ထိုမယားများကလည်း ဘုရင်ကြီး ကွယ်လွန်လျှင် သူတို့ပါလိုက်၍ သေရန် လက်မှတ်ထိုး သစ္စာပြုထားကြသည်မို့ ဘုရင်ကြီး သေဆုံး၍ မီးသင်္ဂြိုဟ်သော မီးတောက်မီးများပေါ်သို့ အစုလိုက်၊ အပြုံလိုက် တိုးဝင်ကာ သူတို့ဘဝကို နိဂုံးချုပ်လိုက်ကြသည်ဟူ၏။

Ref: Believed it or not by RIPLEY

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# ကြိုးရဲ့ ခါလလား

ဓလေယျာမြင့်မိုး

(၁)

ဦးကရင် မျက်လုံးတွေက သစ်ကိုင်းပေါ်က ငှက်ဆီသို့ စူးစိုက်ကြည့်နေ၏။ သည်ငှက်သည် ဦးကရင်၏ပစ်မှတ်။ သည်ငှက် ဦးကရင်နေသည် ကန်စောင့်တဲလေးနားမှာ ရစ်ဝဲ ရစ်ဝဲလုပ်နေသည်မှာ နှစ်ည သုံးညခန့်ရှိပြီ။ သည်ငှက်၏အသံက ရစ်ရစ်ဆိုသည့် အသံ။ သာယာနာပျော်ဖွယ်မရှိ။ ကျက်သရေမဲ့လှသည်ဟု ဦးကရင် ထင်သည်။

ဦးကရင်က သည်ငှက်ကို ပစ်ချရန် ချောင်းနေမှန်း တွေ့သွားသော ဟိုဘက်တဲစုက လူတွေက ဦးကရင်ကို ငှက်ကို သွားမပစ်ဖို့ တားသည်။

သူတို့ကပြောတော့ သည်ငှက်က အသံဆိုးသလောက် အမင်္ဂလာသတင်းများကို ယူဆောင်လာတတ်သည်။ သည်ငှက်ကို တချို့က ငှက်ဆိုးဟု ပြောကြသလို တချို့က ငှက်က အမင်္ဂလာသတင်းများကို ယူဆောင်လာခြင်းမဟုတ်။ အမင်္ဂလာဖြစ်မည်ကို ကြိုတင်၍ လာအသိပေးခြင်းသာဖြစ်၍ လူကို ကူညီသော ငှက်ဟု အမျိုးမျိုးမှတ်ချက်ပေးနေကြသည်။

ဘယ်သူတွေ ဘာပြောပြော ဦးကရင်က ယုံကြည်မှုမရှိ။ ဦး

www.burmeseclassic.com

www.burmeseclassic.com

ဝေယျာမင်းဦး

# ငှက်ဆိုးရဲ့ကျိန်စာလေလား

ကရင် မျက်စိထဲမှာ ငှက်ဟာ ငှက်ပေါ့။ သည်ငှက်ကို ပစ်ချနိုင်လျှင် ဦးကရင်တို့သားမိသားအဖ အတွက် ဟင်းစားတစ်ခွက် ရမည်။ ငှက်ကို မပစ်ချဖို့ လုံလောက်သောအကြောင်း ဦးကရင်မှာ မရှိ။

ဦးကရင်တို့ မိသားစု သုံးယောက် သည်မွေးမြူရေးကန်မှာ ကန်စောင့်လုပ်လာသည်မှာ နှစ်ပေါင်း မနည်းတော့။ ဦးကရင်ဖနီး ဒေါ်စေးဖောက မနီးမဝေးရှိ စက်ရုံတစ်ရုံမှာအလုပ်လုပ်သည်။



သားလုပ်သူက ဦးကရင်နှင့်အတူ ကန်စောင့်လုပ်ရင်း အထွေထွေ ခိုင်းသမျှ လုပ်သည်။

ကန်ပိုင်ရှင်က ဦးကရင်တို့ မိသားစုကို ဆန်ပေးသည်။ လစာပေးသည်။ နေစရာ နေရာပေးထားသည်။ ဦးကရင်ကတော့ သူ့မိသားစုနဲ့ ရရာဘဝမှာ ပျော်အောင် နေသည်။ ဦးကရင် အတွက် တခြားဘာမှမလိုအပ်။

ဝါသနာအရ ဦးကရင် ဖားရှာ၊ ငါးရှာ၊ ငှက်ပစ်၍ မိမိ မိသားစုအတွက် ဟင်းချက်စရာရှာသည်။

ဦးကရင်၏ ညာဘက်လက်က လက်စွဲတော်ကျွဲချိုလေးခွကို မြဲမြဲမြံမြံကိုင်၍ ဘယ်ဘက်လက်က လောက်စာလုံးပါ လောက်စာအိမ်ကို အားကုန်ဆွဲထားပေမယ့် လေးခွက ဦးကရင်လက်ထဲမှာ နည်းနည်းမှ မလှုပ်။ ပစ်မှတ်ကို တည့်မတ်စွာချိန်ထားဆဲ။ ဦးကရင်၏ ပစ်မှတ်က သစ်ကိုင်းပေါ်မှာ ပစ်မှတ်က စိတ်မချသလို ဟိုခုန် ဒီခုန် ခုန်ရင်း စူးရှထက်မြက်သော မျက်လုံးအစုံနှင့် အရပ်လေးမျက်နှာကို သူ့ရန်သူရှိလေမလား အထင်နှင့် ရှာဖွေလျက်ရှိသည်။ စိတ်ချသွားတော့မှ အတောင်ကို ချပြီး နားလိုက်တော့သည်။

ဦးကရင် ရပ်နေသည်နှင့်ဆိုလျှင် အတန်ငယ် ဝေးနေသေး

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦးကရင်ရှေ့သို့ တစ်လှမ်း နှစ်လှမ်းထပ်တိုးချင်ပေမယ့် မတိုးဖြစ်တော့ ငှက်ဆိုးက ပါးနပ်သည်။ သစ်ရွက်လှုပ်သံကိုပင် မသင်္ကာကြည့် ကြည့်တတ်သည်မို့ ဦးကရင် ဆွဲထားသော ဘယ်ဘက်လက်က သားရေကြိုးကို လွှတ်လိုက်သည်။

"မိုး … ဘုတ်"

သစ်ကိုင်းပေါ်မှငှက် ပြုတ်ကျသွားသည်ကို ဦးကရင် မြင်လိုက်ရ၍ ကျေနပ်စွာ ပြုံးလိုက်သည်။ ငှက်ကျသွားသောနေရာက ကန်စောင်း ဆင်ခြေလျှောလောက် ဖြစ်မည်။ ဦးကရင် အေးဆေးစွာ ကုန်းလျှောလေးဆီသို့ ချဉ်းကပ်သွားသည်။

လေးသီးမှန် ထားသော ငှက်က မသေဘဲ ထပြီးပျံပြေးမလား။ ဦးကရင် စိတ်မပူမိ။ ဦးကရင်လက်ကို ဦးကရင် ယုံသည်။

လွဲသွားရင်သာ လွဲသွားရော။ ထိပြီဆိုလျှင်တော့ ခေါင်းပဲ။ ဦးကရင်က ခေါင်းကိုသာ ထိမှန်အောင် ပစ်သည်။

ခုလည်း ကျွန်းပေါက်ပင်ခြေရင်းမှာ ခေါင်းတစ်ခုလုံး ကြေ

**ငှက်၏ရင်အုံထဲသို့**
**ဓားဦးချွန်ကို**
**စိုက်သွင်းလိုက်**
**အောက်သို့ခွဲချလိုက်ရင်း**
**ဦးကရင်နှုတ်ဖျားမှ**
**မိုးရာသီချင်း**
**တစ်ပုဒ်ကို**
**ခပ်တိုးတိုးညည်းနေ**

မွနေသည့်ငှက်ကောင်ကို ဦးကရင်က ကောက်ယူလိုက်သည်။

"အားပါး … အသံဆိုးသလောက် အရမ်းလှတဲ့ကောင်ကြီးပါလားဇေ့"

အစိမ်းနှင့်အနက်ရောင်ယက်ဖောက်ထားသည့် ငှက်ကြီးကို ကိုင်ကြည့်ရင်း ဦးကရင်က ချီးကျူးစကားဆိုလိုက်မိသည်။

တကယ်တော့ ဦးကရင်က လှပသောငှက်တောင်မွေးတွေကို စိတ်ဝင်စားသူ မဟုတ်။ သူ့ခေါင်းထဲမှာ ငှက်ကောင်၏အသားကို အရသာရှိအောင် မည်ကဲ့သို့ ချက်ပြုတ်ရမည်နည်းဟုသာ စဉ်းစားနေသည်။

ဦးကရင်က ငှက်သေကို သူ့တဲကို ယူဆောင်လာပြီး တဲခြေရင်း သစ်တုံးပေါ်မှာ ခြေနှစ်ဖက်ကို ကားထိုင်ရင်း ငှက်တောင်မွေးများကို စတင်နုတ်လေသည်။ ငှက်မွေးရင့်များ ကုန်သွားသည့်အခါ ငှက်မွေးနုများကို အချိန်ကုန်ခံ နုတ်မနေတော့ဘဲ စောစောက ရေနွေးတည်ထားသော မီးဖိုပေါ်မှာ ငှက်မွေးနုနုတွေကို မီးမြှိုက်ပစ်လိုက်၏။

ငှက်မွေးတွေကုန်စင်သွား

www.burmeseclassic.com

www.burmeseclassic.com



သောအခါ ဦးကရင်က ထရံကြားမှာ စိုက်ထားသော အသွားကိုးသက်မခန့် ဓားဦးချွန်ကို ယူလိုက်သည်။

ဦးကရင်က ငှက်၏ရင်အုံထဲသို့ ဓားဦးချွန်ကို စိုက်သွင်းလိုက် အောက်သို့ခွဲချလိုက်ရင်း ဦးကရင် နှုတ်ဖျားမှ ရိုးရာသီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး ညည်းနေသည်။

ခုလို ဟင်းစားရလျှင် ဦးကရင် သီချင်းညည်းတတ်သလို ဦးကရင်၏ မျက်နှာပေါ်မှာ အောင်ပွဲခံသည့် အပြုံးကို ပြလေ့ရှိ၏။

(၂)

ဒေါ်စေးဖော။ ဒီနေ့ အလုပ်ဆင်းရသည်ကို စိတ်မပါ။ ညက အိပ်မက်ဆိုးတွေ မက်သည်။ အိပ်မက်ထဲမှာ အလောင်းတွေကြားထဲမှာ သူမ ရောက်နေသည်ဟု မက်သည်။ အလောင်းပုံကြားထဲမှ ရုန်းထွက်ရန် ကြိုးစားသည်။ ရုန်းကန်သည်။ အသံကုန်အော်ဟစ်သည်။ အသံက လည်ချောင်းဝမှာတင် ပျောက်သွားသည်။ အိပ်ရာ။ ဒေါ်စေးဖော လန့်နိုးလာတော့ အိပ်မက်မှန်း သိပေမယ့် ဒေါ်စေးဖော ရင်တွေ တုန်ပြီး ပြန်အိပ်မရ။ သည်ကြားထဲ ဦးကရင်က ည တစ်ညလုံး ကောင်းကောင်းမအိပ်ဘဲ တဂစ်ဂစ်နဲ့ အော်ရင်း လှည့်ပတ်ပျံသန်းနေသည့် ငှက်တစ်ကောင်ကို လက်နှိပ်ဓာတ်မီးတလက်လက်



နှင့် ထချောင်းနေ၍ မိမိဝါ အိပ်ရေးပျက်ရသည်။ မနက်စောစော ထမင်းထချက်ပြီ။ ဦးကရင်တို့ သားအဖနှစ်ယောက်အဖို့ ချန်ပြီး ကျန်တာကို မိမိအတွက် ထမင်းချိုင့်ထည့်သွားရမည်။ ဟင်းက မယ်မယ်ရရ မရှိ။ ဦးကရင် ရှာထားသည့် ကျော်စိကေးဖားလေးတွေကြော်နှင့် ငါးပိထောင်း။ ဒါပဲ။

ဒေါ်စေးဖောတို့ စက်ရုံက အိမ်နဲ့သိပ်မဝေး။ သူတို့တဲကလေးကနေ ဆင်ခြေလျှောလေးအတိုင်း တောင်ကုန်းပေါ်မှ ဆင်းသွားရင် ကားမှတ်တိုင် ရောက်၊ ကားမှတ်တိုင်ကနေ ဘတ်စ်ကားနဲ့ မှတ်တိုင် ငါးမှတ်တိုင်စာလောက်ပဲ စီး၊ ရောက်သည်။

ဒေါ်စေးဖောတို့ ဌာနက ထုတ်ပိုးဌာန။ ခါတိုင်း တက်တက်ကြွကြွနှင့် ရှေ့က ခေါင်းဆောင်ပြီး လုပ်လေ့ရှိသော ဒေါ်စေးဖောတစ်ယောက် အလုပ်ထဲမှာ စိတ်မပါသလို ဖြစ်နေပြီး တဝါးဝါးသမ်းလျက် ရှိသည်။ ညနေအလုပ်ဆင်းချိန်ရောက်တော့ ဒေါ်စေးဖော ထမင်းခြင်းကလေးကို ဆွဲပြီး ငိုင်တိငိုင်တိုင်ဖြင့် ထွက်

www.burmeseclassic.com

www.burmeseclassic.com



လာပြီး ဘတ်စ်ကားစောင့်နေသည်။

ဒေါ်စေးဖော ဘတ်စ်ကားပေါ်က ဆင်းလိုက်ပြီး လမ်းဟိုမှာဘက်သို့ ကူးရန်ကြည့်လိုက်သည်။ ကုန်းပေါ်မှ ကားကြီးတစ်စင်း ခပ်မှန်မှန်မောင်းလာသည်။ ကားက ကြီးသည်မို့ ကားကြီးနောက်က ကားပါလာ၊မလာ ဒေါ်စေးဖော မမြင်ရ။ ပုံမှန်အတိုင်းဆို ဒေါ်စေးဖော ကားရှင်းပြီဆိုမှ ကူးလေ့ရှိသည်။ သည်နေ့တော့ ဒေါ်စေးဖော မထင်မှတ်ပဲ မှန်မှန်မောင်းလာသော ကားကြီးရှေ့မှ ဖြတ်ကူးလိုက်သည်။

ကားကြီးက ဒေါ်စေးဖော ရုတ်တရက် ဖြတ်ကူးတာကို မြင်၍ အရှိန်လျှော့လိုက်ပေမယ့် ကားကြီးနောက်မှ ကပ်လိုက်လာသော အရှိန်ပြင်းစွာမောင်းနှင်လာသည့် ကားတစ်စီး၏ ဦးခေါင်းပိုင်းကို ဘွားခနဲ တွေ့လိုက်ရသော ဒေါ်စေးဖောမှာ ရှောင်တိမ်းရန် အားယူလိုက်ပေမယ့် "အမလေး" ဂျိန်းဝုန်း ဒယ်သံပါအောင် အော်လိုက်သော နော်စေးဖော၏အသံ စူးစူးက မွေးမြူရေးကန်စောင်းအထိ ပျံ့နှံ့သွားတာ ပဲ့တင်သံထပ်သွားလေသည်။

(၃)

ဦးကရင် ငှက်သားကို ကျွမ်းကျင်စွာ ဖြတ်တောက်လှီးဖြတ်ပြီး ဆနွင်း၊ ဆား အသင့်အတင့်ထည့်၍ နယ်ဖတ်လိုက်သည်။ ပြီးလျှင် ဆီထည့်ပြီး လုံးချက်ချက်မည်ဟု ဦးကရင် သူ့အတွေးနှင့်သူ ပျော်နေသည်။

သူ ငှက်သားချက်ထားသည်ကို စေးဖော မသိသေး။ စေးဖောအလုပ်က မောမောနဲ့ပြန်လာမှ ပြမည်။ အလုပ်ကိစ္စနှင့် အပြင်သွားသော သားဖြစ်သူ စောထူးလည်း ငှက်သားချက်ကို မြင်လျှင် ဝမ်းသာမည်ပေါ့။

ဦးကရင် တွေးရင်း ထရံနားမှာ ထောင်ထားသော ဆီပုလင်းကို လက်အလှမ်းမှာ ...

"ဦးကရင် ... ဗျို့ ... ဦးကရင်။ ဦးကရင် မရှိဘူးလားဗျို့"

ဟု တောင်အောက်က အော်ရင်း တက်လာသည့် လူသံကြောင့် ဦးကရင် လှမ်းထားသော လက်ကို ရုပ်လိုက်သည်။

"ဝေး ... ငါ ဒီမှာဝေ့။ ဒီဘက်ကိုလာ" ဟု လှမ်းခေါ်ရင်း တဲအပြင်သို့ ထွက်လိုက်သည်။

တက်လာသူတွေက ဟိုဘက်တဲစုကလူတွေ။ သူတို့မျက်နှာတွေ မကောင်း။

ဦးကရင် နာမည်ခေါ်သူက ဦးကရင်နဲ့ ရွယ်တူလောက် ရှိမည်။ သူ့ကို နာမည်မသိ။ လူကိုတော့ သိသည်။

ဦးကရင် ...

"ဘာဖြစ်လာကြတာလဲ။ ကျုပ်ကို ဘာကြောင့်ခေါ်တာလဲဝေ့"

ရှေ့ကလူကြီးက ရုတ်တရက် စကားပြောမထွက်သလို အားယူနေပြီးမှ ...

"စိတ်မကောင်းပါဘူး ဦးကရင်။ ဒေါ် ... ဒေါ်စေးဖော တစ်ယောက် ..."

အကြောင်းစုံ သိရတော့ ဦးကရင် ခေါင်းငိုက်စိုက်ကျသွားသည်။ ဦးကရင် ရင်ထဲမှာ မွန်းကြပ်နေသည်။ လူအုပ်ကြီးကို ဘာမှပြန်မပြောဘဲ ဦးကရင် တောင်အောက်သို့ ပြေးဆင်းသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၄)

ဒေါ်စေးဖော၏ နောက်ဆုံးခရီးမှာ လိုက်လံပို့ဆောင်သူများ စည်ကားနေ၏။ ဦးကရင်၏ အလုပ်ရှင်ဘက်မှလည်းကောင်း၊ ဒေါ်စေးဖောကို တိုက်မိသော ယာဉ်ပိုင်ရှင်ဘက်မှလည်းကောင်း ဒေါ်စေးဖော၏စက်ရုံမှ ဘဝတူလုပ်သားများ၏ ကူညီပံ့ပိုးမှုများကြောင့် စည်စည်ကားကား ဖြစ်ရခြင်း ဖြစ်၏။

ဒေါ်စေးဖော၏ ရုပ်ကြွင်းကား စည်ကားသိုက်မြိုက်စွာ မီးသင်္ဂြိုဟ်ပြီးနောက် အသုဘပို့ယာဉ်တန်းကြီးသည် မှန်မှန်လေး မောင်းနှင်၍ ပြန်လာလေသည်။ ရပ်နားရန်နေရာအရောက် အဝင်မှာ မမျှော်လင့်ဘဲ ခွေးတိုင်မှ ခွေးကြီးသည် ကားခေါင်းမိုးပေါ်သို့ ပြုတ်ကျသဖြင့် ကားမှာ ရှေ့သို့ ဆက်မထွက်နိုင် ဖြစ်နေရသည်။

ပရိသတ်အချို့က ခွေးကြီးသည် လျှပ်စစ်စီးနေဆဲ ဖြစ်၍ မထိမကိုင်ကြရန်၊ သက်ဆိုင်ရာသို့ သတိပေးသူရှိသလို တချို့ကလည်း ဝါးလုံးနဲ့ဖယ်လျှင် ရနိုင်သည်ဟု အမျိုးမျိုးအကြံပေး ပြောဆိုနေကြသော်လည်း လက်တွေ့မှာ ကားနဲ့ငြိနေသော ခွေးကြီးအား မည်သူကမှစ၍ မဖယ်ရှားရဲဘဲ လက်ပိုက်၍ကြည့်နေရလေသည်။

ထိုအခိုက် မမျှော်လင့်သော ဖြစ်ရပ်တစ်ခု ဖြစ်သွားလေသည်။ ဖြစ်သွားပုံမှာလည်း မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာမို့ မည်သူကမျှ မတားလိုက်နိုင်ဘဲ ရုတ်တရက် ကြက်သေသေ၍ မှင်တက်စွာ ကြည့်နေကြရ၏။

ဖြစ်ပုံက ခွေးကြီး ကားအမိုးနဲ့ငြိနေခိုက် ဘာလုပ်ရမှန်း မသိ၍ တစ်ယောက်တစ်ပေါက် အကြံပေးနေကြတုန်း လူတစ်ယောက် ကားခေါင်မိုးပေါ်သို့ ဖျတ်ခနဲ ခုန်တက်သွားပြီး ကားနဲ့ငြိနေသော ခွေးကြီးအား အခုအခံမပါဘဲ လက်ဗလာသက်သက်နှင့် ဆွဲကိုင်၍ ဖယ်ရှားရန်ကြိုးစားစဉ် ထိုလူမှာ နေရာမှာ ချက်ချင်း ဓာတ်လိုက်သေဆုံးသွားရလေသည်။ ဓာတ်လိုက်သေဆုံးသွားသူကို ကြည့်လိုက်သောအခါ လွန်ခဲ့သောနာရီပိုင်း မိနစ်ပိုင်းလေးတင်မှာ ယာဉ်တိုက်ခိုက်ခံရမှုကြောင့် မီးသင်္ဂြိုဟ်ခံခဲ့ရ

သည်ငှက်ကို
ပစ်သတ်ရင်
ကံဆိုးလိမ့်မယ်ဟု
ဟိုဘက်တဲစုက
လူတွေပြောတာကို
ဦးကရင်
ယုံကြည်လိုက်သလား။
ငှက်ဆိုး၏
ကျိန်စာကြောင့်
သူတို့မိသားစုတွေ
သည်အဖြစ်မျိုး
ကြုံရတာကို
ဦးကရင် လက်ခံသလား။

www.burmeseclassic.com

www.burmeseclassic.com



သော ဒေါ်စေးဖော၏သား မောင်စောထူးဖြစ်နေခြင်းကြောင့် အသုဘပို့သူများမှာ များစွာ ယူကျုံးမရဖြစ်ကြရလေ၏။ တစ်ချိန်ထဲမှာ ချစ်စွာသော ဇနီးရော၊ သားဖြစ်သူရော လူ့လောကကြီးထဲမှ ထွက်ခွာသွားခြင်းခံရသော ဦးကရင်၏ ရင်ထဲမှာ ပူဆွေးသောက အပူလုံးကြွမည်မှာ မှန်းဆ၍ မရနိုင်ပါတော့တကား။



(၅)

ဇာတ်ပေါင်းချုပ်တော့ ဦးကရင်၏ သားကြီး မောင်စောထူး၏ ရုပ်အလောင်းကို မအေဖြစ်သူနှင့် မရှေးမနှောင်းမှာပင် ဦးကရင်၏ ကန်ပိုင်ရှင်၊ ယာဉ်ပိုင်ရှင်တို့ကပင် သက်ဆိုင်ရာ အကူအညီကို ရယူကာ နေ့ချင်းပြီးသင်္ဂြိုဟ်ပေးခဲ့ပါသည်။ နောက်ဆုံးတော့ ဦးကရင်၏မိသားစု (၃)ဦးထဲမှာ ဦးကရင်တစ်ဦးသာ ရှိတော့သည်။

ဦးကရင်သည် ရိုးသားဖြောင့်မတ်သူဖြစ်၏။ ဦးကရင်သည် သူ့မိသားစုကိုသာ သူ ခင်တွယ်သည်၊ သူ့မိသားစုသည် သူ့ကမ္ဘာ။

ခု သူချစ်သောဇနီး၊ သူ ချစ်သော သား နှစ်ယောက်စလုံး သူ့မျက်စိရှေ့က ရုတ်တရက်ကြီး ပျောက်ကွယ်သွားသည်။ ဦးကရင်အတွက် ကမ္ဘာပျက်သည်နှင့် မခြားပေ။ ကံကြမ္မာသည် ဦးကရင်အပေါ် ရက်စက်လွန်းသည်။ ရှေ့မှောက် ဦးကရင် ဘဝကို အထီးကျန်စွာ ရှင်သန်ရတော့မည်။

ဒေါ်စေးဖောဖြစ်သည့်နေ့က သူပစ်ချလိုက်သော ငှက်သားကို မချက်လိုက်ရဘဲ ဒီအတိုင်း အိုးထဲမှာ ထားသည့်အတိုင်း။ နောက်ပိုင်းမှာလည်း ဦးကရင် ငှက်သားကို လက်နဲ့တောင် မထိ။ ချောက်ထဲသို့ သွန်ပစ်လိုက်သည်။

သည်ငှက်ကို ပစ်သတ်ရင် ကံဆိုးလိမ့်မယ်ဟု ဟိုဘက်တဲစုက လူတွေ ပြောတာကို ဦးကရင် ယုံကြည်လိုက်သလား။ ငှက်ဆိုး၏ ကျိန်စာကြောင့် သူတို့မိသားစုတွေ သည်အဖြစ်မျိုး ကြုံရတာကို ဦးကရင် လက်ခံသလား။ မည်သူမှ မသိနိုင်။ ထူးဆန်းသည်ကား ဦးကရင်တစ်ယောက် အဲဒီနေ့က စပြီး ဖားနှိုက်၊ ငါးမျှား၊ ငှက်ပစ် တဲ့အလုပ်ကို စွန့်လွှတ်လိုက်တာကို ဟိုဘက်တဲစုကလူတွေ မအံ့သြဖြစ်ကြတော့ပါ။

ဘာကြောင့် တစ်ဆက်တည်း တစိုက်မတ်မတ် လုပ်လာတဲ့ဝါသနာကို စွန့်လွှတ်ခဲ့သလဲဆိုတာ ဦးကရင်သာ သိနိုင်စွမ်းသည် မဟုတ်ပါလော။

(အမည်မှန် မဟုတ်ပါ။ ဖြစ်ရပ်မှန်ကို ဖတ်၍ အဆင်ပြေစေရန် ဝတ္ထုအသွားဖြင့် ရေးဖွဲ့ ထားကြောင်း ဝန်ခံပါသည်။)

ဇေယျာမင်းဦး

www.burmeseclassic.com

www.burmeseclassic.com

# ညအတွက်ကြိုပို့အကျိုး


ကောရာဇ်



www.burmeseclassic.com

www.burmeseclassic.com





ကျွန်မ အရင်ဆုံးလုပ်ခဲ့တာက ဆောက်လုပ်ရေး လုပ်ငန်းတစ်ခုမှာပါ။ ဆောက်လုပ်ရေးမှာဆိုလို့ စာရေးမလို့ မထင်လိုက်နဲ့နော်။ လူကြမ်းအဖွဲ့မှာ လုပ်ရတာ။ လူကြမ်းအဖွဲ့ ဆိုတာ ဆောက်လုပ်ရေး လုပ်ငန်းမှာ အဆင့်အနိမ့်ဆုံး။ လက်သမား၊ ပန်းရံ၊ သံပန်းဂဟေဆက်၊ ရေပိုက်တပ်၊ လျှပ်စစ်သွယ် စတဲ့ ပညာရှင်အလုပ်တွေ မလုပ်တတ်တဲ့ အထွေထွေ အလုပ်သမားလေ။

ကျွန်မတို့က မိန်းကလေးဆိုတော့ ယောက်ျားလေးတွေလို အကြမ်းပတမ်းတွေ၊ အလေးတွေတော့ မထမ်းရပါဘူး။ တနိုင်အုတ်ခဲသယ်၊ သဲသယ်၊ မဆလာ (ဘိလပ်မြေဖျော်ပြီးသား)သယ် ဆိုတာမျိုးတွေ လုပ်ရတာပေါ့။ ဆိုက်ဒ်(အဆောက်အဦဆောက်လုပ်သည့်နေရာ)တွေရှိရာကို လိုက်ပြီး လုပ်ရတာ။ မနက်စောစော ထ၊ ထမင်းချိုင့်ဆွဲပြီး သွားရတယ်လေ။ တစ်နေ့လုံး နေပူပူမှာ ရင်တွေ၊ ကျောတွေပူ၊ ခြေတွေ လက်တွေ မသယ်နိုင်အောင် ပင်ပန်းလှတဲ့အလုပ်ကို လုပ်ရတယ်။ အဲဒီမှာ ပန်းရံခေါင်း၊ လုပ်သားခေါင်း၊ ဆိုက်ဒ်တာဝန်ခံတွေရဲ့ အလိုကျအောင် သဘောကျအောင်လည်း နေရထိုင်ရတယ်။ လုပ်ရတယ်။

အဲဒီလိုမှမလုပ်ရင် တစ်နေ့လုံး ပင်ပန်းတဲ့နေရာမျိုး၊ အလေးအပင် သယ်ရပြုရတဲ့အလုပ်မျိုးတွေကို ရွေးခိုင်းတော့တာ။ အဲသူတို့နဲ့ ပရောပရီနေပြန်တော့လည်း ပါးကိုင် တင်ကိုင် လုပ်ကြ၊ မထိတထိ သားပြော မယားပြော ပြော။ နောက်တော့ တိုတိုပြောရရင် သူတို့အကျိုးဆောင်ခိုင်းရော။ ရှင်းရှင်းပြောရရင် သူတို့ အငယ်အနှောင်းအဖြစ်ခံခိုင်းတော့တာလေ။ ကိုယ်က ငြင်းဆန်ရင် သူတို့က အမျက်အငြိုးအတေးနဲ့ ပင်ပန်းတဲ့နေရာပို့၊ နေပူပူ မိုးရွာရွာ ခိုင်းတော့တာမျိုးတွေနဲ့ နှိပ်စက်တတ်ကြတာကိုး။ လူသားစားကျားကြီးတွေလေ။ ကျွန်မရှေ့မှာ နှစ်ယောက်လောက်တွေ့ဖူးခဲ့တာပေါ့။ လူတိုင်းတော့ မဟုတ်ဘူး။ ရုပ်ကလေးလှတပတ၊ ကိုယ်လုံးလှလှဆိုတာမျိုးကိုမှ ရွေးတာ။

ကျွန်မက အသားညိုပေမယ့် ကိုယ်လုံးက ကျစ်ကျစ်တောင့်တောင့်ဖြိုးဖြိုးလေ။ ကျွန်မ အလှည့်ရောက်လာတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကောရစ်

# သူ့အတွက်ကိုယ့်အကျိုး

ကျွန်မကို သက်သာတဲ့သူတို့ (ပန်းရံ)အဖွဲ့ထဲကို ခေါ်မယ်။ သူ့စကားကို နားထောင်ရင် တစ်နေ့နှစ်ထောင်စားကနေ သုံးထောင်စားလည်း ဖြစ်မယ်၊ ဘာမယ်နဲ့ စည်းရုံးတယ်။ ပခုံးကိုင်ရင်း ပြောတာ့တာကိုး။ ကျွန်မက သူ့လက်ကို ပုတ်ချပြီး ငြင်းဆန်လိုက်တာကြောင့် ကျွန်မကို ပညာပြတော့တာပါပဲ။ သုံးထပ်ဆောက်နေတဲ့ ဆီကို အုတ်ခဲသယ်ခိုင်းတယ်လေ။ မလုပ်ရင်လည်း မရလို့ လုပ်ရတာပေါ့။ နောက်တစ်နေ့လည်း ဒီလိုပဲ ခိုင်းတယ်။ နောက်တစ်နေ့ သွားပြန်တော့လည်း အုတ်ခဲသယ်တဲ့နေရာဘဲ ပို့တယ်။ ဒါနဲ့ ကျွန်မလည်း အဲဒီအလုပ်က ထွက်လာခဲ့တော့တာပါ။

သူ့မှာလည်း မယားနဲ့ကလေး ရှိနေတာ၊ လူပျိုဆိုလည်း ထားပါတော့။ မြေနိမ့်ရာ လှံစိုက်၊ ရေနစ်သူ ဝါးကူထိုး ဆိုသလို ဇာတ်တူသားစားရက်တဲ့ လူမျိုးတွေ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ ပိုပြီးပေါတယ်ဆိုတာ လက်တွေ့ကိုယ်တိုင်ကြုံမှ ယုံရတော့တာပါ။ ရှင်တို့လည်း ကြားဖူးမှာပေါ့နော်…။

ထွက်သာ ထွက်ခဲ့ရတာ အိမ်မှာက မပြေလည်ဘူးလေ။ အဖေက သူများ ဆိုက်ကားငှားနင်းရတာ၊ အမေကလည်း ခေါက်မုန့်လေးရောင်းတာ ဘာမှရတာမဟုတ်ဘူး။ မုန့်နှစ်၊ ဆန်နှစ်၊ အုန်းသီး၊ ပဲလွန်း ဝယ်ရ၊ မီးသွေးဖိုးနဲ့ လူပင်ပန်းတာပဲ အဖတ်တင် ကျန်ရစ်တာလေ။ ကျွန်မ အလုပ်ထွက်လိုက်တော့ ဝင်ငွေက သိသိသာသာလျော့သွားတာပေါ့။ ဒီတော့ ကြာကြာ ထိုင်နေလို့မရတော့ဘူး။ သူငယ်ချင်းတွေဆီသွား အလုပ်ရဖို့ မေးရ၊ စုံစမ်းရပေါ့။ တစ်လလောက်ကို အဆင်မပြေဘူး။ အဖေနဲ့ အမေကတော့ အိမ်မှာ အမေ့ အတူ ဖြစ်သလိုပေါ့ ဆိုပေမယ့် ခုလို စီးပွားရေးကြပ်တဲ့ကာလ လူတစ်ယောက်စရိတ်က ဘယ်သေးမလဲနော့။

တော်သေးတာယ်။ သူငယ်ချင်းတစ်ယောက်က စားသောက်ဆိုင်မှာ မိန်းကလေးတစ်ယောက် ထွက်သွားလို့ လုပ်မလားတဲ့ သူတို့နဲ့တူတူ လုပ်ရမယ်ဆိုတာနဲ့ အခုအလုပ်ကို ဝင်လုပ်ဖြစ်ခဲ့တာ ဘာလက်မှတ်၊ ညာလက်မှတ်တွေ မလိုပါဘူး။ ကျွန်မ ရုပ်ရည်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကိုယ်လုံးကို မန်နေဂျာက ကြည့်လိုက်တာနဲ့ အခုဘဲ အလုပ်ဆင်းတော့လို့ ပြောပြီး ကျွန်မရဲ့ သူငယ်ချင်းကို "နင်ကပဲ အားလုံးသင်ပေးလိုက်ပေါ့" လို့ ပြောတယ်။ ကဲ… ဘယ်လောက်များ ကံကောင်းသလဲလို့နော်။ အဲ… ဘာအလုပ်လဲဆိုတော့ ဧည့်ခံမယ်တဲ့။ ရှင်းရှင်းလွယ်လွယ် ပြောရရင် စားပွဲထိုးပါ။

စဝင်ဝင်ချင်းနေ့မှာ ကျွန်မ ငွေတစ်ထောင်ရတယ်။ စားသောက်တဲ့လူတွေက ကျွန်မကို ဆုပေးတာတဲ့။ ဘောက်ဆူးလို့ ပြောတယ်။ ကျွန်မ အုတ်ခဲသယ်တာ တစ်နေ့လုံးလုပ်မှ နှစ်ထောင်ရခဲ့တာဆိုတော့ ဝမ်းသာလိုက်တာ ဘာပြောကောင်းမလဲ။ ဒါပေမဲ့ ဒါတွေဟာ တကယ်တော့ ငါးစာချတာလေ။ အဲဒီတုံးက အလုပ်ဝင်ကာစဆိုတော့ အသိ၊ အတွေ့အကြုံက မရှိသေးတော့ ဘယ်သိမှာလဲလေ။ တဖြည်းဖြည်း ကြာလာလို့ အတွေ့အကြုံ များလာလို့ အကောင်ပြတော့မှ ကျွန်မလည်း အကောင်ကြီးပါလားလို့ သိခဲ့ရတာလေ။ ဘယ်လိုဖြစ်ဖြစ်ပေါ့

**ဘာလက်မှတ်၊ ညာလက်မှတ်တွေ မလိုပါဘူး။ ကျွန်မရုပ်ရည်နဲ့ ကိုယ်လုံးကို မန်နေဂျာက ကြည့်လိုက်တာနဲ့ အခုဘဲ အလုပ်ဆင်းတော့လို့ ပြောပြီး**

သူတို့လို လူတွေများများလာပါစေ၊ သောက်ကြစားကြပါစေဆိုတာကို မနက်၊ ည ဘုရားရှိခိုးတိုင်းဆုတောင်းတယ်။မေတ္တာပို့တယ်။

ဆိုင်ပိုင်ရှင်လည်း ရောင်းရတယ်၊ ကျွန်မတို့လည်း ဆုကြေးများများ ရတယ်လေ။ သူတို့ အဲဒီလိုလာကြအောင်၊ လာချင်အောင် စည်းရုံးရေးကောင်းအကြိုက်ဆောင်၊ အလိုလိုက်ပြုစုလုပ်ကိုင်မှုကောင်းရမှာက ကျွန်မတို့အလုပ်လေ။ သူတို့စိတ်ငြိုငြင်မှာ မကျေနပ်တာတွေမရှိအောင် အမြဲဂရုစိုက်ရတာ။ ကိုယ့်မှာ ဘယ်သောကတွေ ဒုက္ခတွေရှိရှိ ဆိုင်ကို ဝင်လိုက်မိတာနဲ့ သိန်းတစ်ထောင်ဆုပေါက်ထားတဲ့ မျက်နှာ။ ရပ်ဝေးက ပြန်လာတဲ့ လင်ယောက်ျားကို ဆီးကြိုသလို အပြုံးပန်းတွေ ဝေဝေဆာဆာနဲ့ သူတို့ကို ကြိုဆိုရတယ်။ သွက်သွက်လက်လက်၊ မြန်မြန်ဆန်ဆန် လုပ်ပေးရတယ်လေ။

ပင်ကိုသောက၊ ဒုက္ခ ခံစားရမှုတွေ မပေါ်လွင်အောင် အတုအယောင် ဟန်ဆောင်အပြုံးမျက်နှာဖုံးကို တစ်ချိန်လုံး စွပ်ထား

www.burmeseclassic.com

www.burmeseclassic.com



လူသာ အိုတာနော၊ လက်ကတော့ မအိုဘူး။ သူတို့အနား ရောက်သွားတာနဲ့ တစ်ယောက်က ခါးကို လှမ်းဖက်၊ ဘေးကတစ်ယောက်က ပခုံးဖမ်းဆွဲနဲ့

ခဲ့ရတယ်။ အလုပ်က ပြန်တော့မှ ဆိုင်အဝင် ခြံတံခါးပေါက်မှာ အယောင်ဆောင်မျက်နှာဖုံးကို ချိတ်ထားပစ်ခဲ့ရတယ်။ နောက်တစ်နေ့ အလုပ်ဝင်လာရင် ပြန်စွပ်ရဦးမယ်မဟုတ်လား။ ဘာနဲ့တူသလဲဆိုတော့ ဇာတ်မင်းသမီးတို့ ရုပ်ရှင်၊ ဗီဒီယိုမင်းသမီးတို့လို သရုပ်ဆောင်ရတယ်ဆိုပါတော့။ အနေရေးကြီးတာက အသက်ခြောက်ဆယ်နား ရောက်နေတဲ့ ဇရာအိုကြီးတွေပေါ့။ အသက်ငယ်ငယ်ချာတိတ်တွေက ပြောရဆိုရလွယ်တယ် များများလဲ ရတယ်။

ဇရာလွန်ကြီးတွေက ပိုပြီး တဏှာလွန်တယ်လို့ ပြောကြတာ ကြားဖူးပေမယ့် အခုကိုယ်တိုင် ကြုံမှ ယုံရတော့တယ်။ လူသာ အိုတာနော၊ လက်ကတော့ မအိုဘူး။ သူတို့အနား ရောက်သွားတာနဲ့ တစ်ယောက်က ခါးကို လှမ်းဖက်၊ ဘေးကတစ်ယောက်က ပခုံးဖမ်းဆွဲနဲ့ လူက ရုပ်သေးရုပ်ကလေး ထင်ရတယ်။ ကျန်တစ်ယောက်က အားကျမခံ ပါးကို ဆွဲလိမ်တယ်။ သူတို့တစ်တွေ ကဲကြ သဲကြပုံတွေကို အိမ်က သူတို့ရဲ့ လေဒီကြီးတွေ၊ ကတော်ကြီးတွေကို သိရမြင်ရအောင် ဗီဒီယိုရိုက် ပြလိုက်ချင်တယ်။ အဲဒါက ရောက်ခါစ၊ သောက်ခါစ အခြေအနေလေးပါ။

နေမြင့်လေ အရှူးရင့်လေ ဆိုတဲ့စကားကြားဖူးတယ်မဟုတ်လား။ အဲဒီလူကြီးတွေလည်း ဒီလိုပါပဲ။ သောက်ကြစားကြချိန် ကြာလာလေလေ။ ပုံစံတွေ ပျက်လာလေလေပေါ့။ ဒီဂရီတွေ တက်လာကြပြီ မဟုတ်လား။ ဘာဒီဂရီလည်းဆိုတော့ အမူးဒီဂရီရယ်၊ ဟိုဒီဂရီရယ်လေ။ သိပြီမဟုတ်လား။

အဲဒီလို ဒီဂရီတွေ တက်လာပေမယ့် သတိကတော့ သိပ် မလွတ်ကြဘူး။ ဟိုလေ...အမူးပါး ဆိုတာပေါ့။ အရက်သာ တစ်ခွက်ပြီးတစ်ခွက်သောက်၊ ကျွန်မတို့ကို တောင်ခိုင်း မြောက်ခိုင်း ခဏခဏခိုင်း၊ လူတစ်ကိုယ်လုံး ဆွဲလိုက်၊ ကိုင်လိုက်၊ ညှစ်လိုက်၊ ဖျစ်လိုက်နဲ့ ဟို ဥက္ကံ သုံးဆယ်က နွားဈေးမှာ ရောင်းမယ့် နွားများ ထင်နေသလား မသိပါဘူး။ ဒါကြောင့် တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကိုယ် လူမှ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါသေးရဲ့လားလို့ စစ်ဆေးကြည့်မိတယ်။ ရင်ထဲ စိတ်ထဲက သိပ်တော့ မကျေနပ်ဘူးပေါ့။ ဒါပေမဲ့ သူတို့ ရွှေစိတ်တော်အလို မကျလို့ မန်နေဂျာကို တိုင်ရင် အလုပ်ပြုတ်မှာ မဟုတ်လား။

အလုပ်ပြုတ်မှာဆိုလို့ ကျွန်မတို့က တစ်လကို လခ ဘယ်လောက်ဆိုတာမျိုးနဲ့ ခန့်ထားတာ မဟုတ်ဘူး။ ဘာလဲ၊ နားရှုပ်သွားပြီလား။ ဖြစ်ရမယ်လေ။ ဒီလိုရှင့်··· ကျွန်မတို့ဆိုင်က ကောင်မလေးတွေအားလုံး ဆိုင်ရှင်က လခလုံးဝပေးတာမဟုတ်ဘူး။ လခစားလည်းမဟုတ်သလို နေ့စားလည်းမဟုတ်ဘူး။ 'ကိုယ်ရကိုယ်ယူ' စားပွဲဝိုင်းစား။ အင်းမရှင်းရတဲ့အထဲ ပိုရှုပ်သွားပြီ ထင်တယ်။ ကျွန်မ သေချာ ရှင်းပြမယ်။ ကျွန်မတို့ ဆိုင်ထဲမှာ စားပွဲဆယ်လုံးရှိတယ်။ အပြင်ဘက်မြက်ခင်းပေါ်မှာ ငါးလုံးရှိတယ်။ အားလုံး မိန်းကလေး ဆယ့်ငါးယောက် ရှိကြတယ်။ လာပြီးစားကြသောက်ကြတဲ့ လူတွေက သူတို့စိတ်သဘောကျတဲ့ကောင်မလေး၊ တောင့်တင်း မောက်ကြွ၊ ချောမောလှပတဲ့ ကောင်မလေးရဲ့စားပွဲတွေမှ ထိုင်ကြတာ။

အဲဒီမှာ ထိုင်ပြီး စားသောက်ကြတဲ့ သုံးစွဲသွားတဲ့ငွေ။ တစ်နည်းပြောရရင် ရောင်းရငွေအပေါ်မှာ ရာခိုင်နှုန်းသဘောနဲ့ ပေးတာ။ ကျွန်မတို့က များများစား၊ များများသောက်ရအောင် တိုက်တွန်း၊ စည်းရုံးရမယ်။ အဲဒါပြင် ဧည့်သည်တွေက ဘောက်ဆူးဆိုသလို သဒ္ဒါပေးတာကိုယူ။ ဒါပဲ။ တစ်ခုတော့ ရှိတယ်။ ဆိုင်က မနက်စာ၊ ညစာတော့ ကျွေးတယ်။ အချိန်မှန်တော့ မစားရဘူး။ ကိုယ့်စားပွဲ လူရှင်းတုံး အပြေးအလွှား စားရတာပါ။ တစ်နေ့တာလုံး ကိုယ့်စားပွဲ ဧည့်သည်မထိုင်ရင် အိမ်ကို ခါလီပြန်ရတယ်လေ။ အဲဒီလိုအဖြစ်မျိုးက လကုန်ရက်တွေမှာ ကြုံရတတ်လေ့ရှိပါတယ်။ ဖြစ်တော့ ဖြစ်ခဲပါတယ်။

ဟိုအရင်က လေဟာပြင်ဈေး၊ စားသောက်ဆိုင်တွေလို အလုအယက် ဈေးခေါ်တာမျိုး မလုပ်ရဘူး။ ဧည့်သည်က စားပွဲတာဝန်ယူထားတဲ့ မိန်းကလေးကို ကြည့်ပြီး ထိုင်ကြတာ။ ကိုယ့်ဆီလာမှ ကိုယ်ကဆီးကြိုဧည့်ခံ၊ လို



www.burmeseclassic.com

www.burmeseclassic.com



**ဟိုတယ်ကြီးတွေ၊ ကလပ်တွေကိုလာပြီး လေးငါးသောင်းကနေ သိန်းဂဏန်းအထိ စားသောက်ပြီးကာမှ ကျွန်မတို့ကို ကျွမ်းယာဘိုးလောက်နဲ့ ကလိမ်ကကျစ် လုပ်သွားကြတာ**

အပ်တာတွေ ရေးမှတ်၊ သယ်ယူပို့ပေး၊ ဘေးနားကရပ်ပြီး လိုအပ်မယ်ထင်သမျှ မေးမြန်းလုပ်ဆောင်ပေးရတာ။ ကိုယ့်စားပွဲထိုင်ပြီဆိုတာနဲ့ စားစရာတွေကို တစ်ခုပြီးတစ်ခု ကြေညာပြောပြရတယ်။ ကိုယ်တိုင်စားဖူးသလို ညှို့သည်သွားရေယိုလာအောင် ရှီးရတယ်။ သူတို့များများစားလေ ဆိုင်ရောင်းရလေပေါ့။ ဆိုင်ရောင်းရလေ ကိုယ်လည်း ရလေပေါ့။ အတ္တဟိတ၊ ပရဟိတ ဆိုမဟုတ်လား။ အပြန်အလှန် အညမည သဘော၊ မေတ္တာထားတာ အကောင်းဆုံးလေ။ ဒါတောင် တချို့က ပေသီးခေါက်တယ်။ ဆယ်တန်ကို ရေစိမ်ခွာချင်တာလည်း ကြုံရတယ်။

ဘယ်လိုလူမျိုးဖြစ်ဖြစ် ဘယ်လောက်ရှုံကျကျ အတတ်နိုင်ဆုံး သည်းခံစိတ်ရှည်ရှည်နဲ့ လုပ်ပေးရတယ်။ ဒီလိုမလုပ်ရင် မန်နေဂျာကြီးက go-out လုပ်မှာ သေချာတယ်။ ပုံမှန်လခမရတဲ့ အလုပ်များ မက်မောရသလားလို့ မေးချင်တယ်မဟုတ်လား။ မက်ရတာပေါ့။ ကိုယ်အထုတ်ခံရတာနဲ့ လုပ်ချင်တဲ့ မိန်းကလေးတွေက အသင့်စောင့်နေကြတာလေ။ ချက်ချင်းရောက်လာမှာ။ တစ်နေ့တစ်နေ့ စားပွဲတစ်ခုကို အနည်းဆုံး လေးငါးကြိမ်လောက် ညှို့သည်တွေ ရောက်လာတာ။ တစ်ဝိုင်းကို တစ်ထောင်ရတယ်ထား။ လေးငါးဝိုင်းဆို လေးငါးထောင်သဒ္ဒါကြေး ရတယ်လေ။ ဆိုင်က ရောင်းရငွေ ရာခိုင်နှုန်းနဲ့ဆိုရင် ၊ တစ်လကို တစ်သိန်းခွဲ အနည်းလေးရတာရှင့်။ ဒီတော့ ဘယ်အပြုတ်ခံမလဲ။

ဒီတော့ ညှို့သည်စိတ်အလိုကျ သည်းခံကြရတာပေါ့။ သူတို့ ကိုင်ချင်တာကိုင်၊ ညှစ်ချင်တာညှစ် ကိုယ်က ပြုံးပြုံးလေးသာနေပြလိုက်။ ရွှေဘောတော်ကျလို့ "ညီမငေး…ညီမငေး" နဲ့ တဟီးဟီးပေါ့။ နှစ်နာရီသုံးနာရီလောက်ကြာအောင် လက်ကမြင်းပြီး ပြန်တော့မှ ဟိုအိတ်စမ်း ဒီအိတ်စမ်းနဲ့ ငွေတစ်ထောင်ပေးတာ။ တချို့ဆို ပုံမှားရိုက်သွားတာတောင် ရှိကြသေးတယ်။ ဘယ်လိုလဲဆိုတော့။ ထပြန်တော့မှ သတိရသလို‥ အိတ်ထဲက ဆွဲထုတ်ပေးပြီး ထွက်သွားရော။ အမှတ်တမဲ့ကြည့်ရင် ပိုက်ဆံတွေ

www.burmeseclassic.com

www.burmeseclassic.com



က အရောင်တူပြီး တန်ဖိုးကွာတာကို သေချာဖြန့်ကြည့်မှ သိတာမဟုတ်လား။ ငါးဆယ်တန်ကို သေချာထပ်ပြီးပေးတာ။ ကိုယ်ကလည်း ဈေးရောင်းသလို သေချာဖြန့်ကြည့်တာ် မဟုတ်တော့ ခံလိုက်ရတာပေါ့ရှင်။ ဒီလိုပါပဲလေ။ ကျွန်မတို့ မိန်းမသားတွေက အားနွဲ့သူတွေကိုး။ ခံဘက်ကချည်းပေါ့။

ဟိုတယ်ကြီးတွေ၊ ကလပ်တွေကိုလာပြီး လေးငါးသောင်းကနေ သိန်းဂဏန်းအထိ စားသောက်ပြီးကာမှ ကျွန်မတို့ကို ကွမ်းယာဘိုးလောက်နဲ့ ကလိမ်ကကျစ်လုပ်သွားကြတာကို ပြောပြတာ ရှင်တို့က ယုံချင်မှယုံမယ်။ ဟုတ်ပါ့မလားလို့ပေါ့။ နေဦး… အဲဒါ တစ်ခါတလေ လာတဲ့လူမျိုးမဟုတ်ဘူး။ ကလပ်ကို တစ်ရက်ခြား၊ နှစ်ရက်ခြားဆိုသလို လာတဲ့ ဖောက်သည်တွေက လုပ်တာရှင့်… သိပြီလား။ သူတို့မို့ မျက်နှာပြောင်တယ်။ နောက်နေ့တွေလာတဲ့အခါ သူလုပ်သွားမသိသလို။ မဟုတ်သလို ခပ်တည်တည်ရှင့်။ သိပ်အသည်းယားတာ။ ကျွန်မတို့ကလည်း ဘာပြောရဲမှာလဲ။ အကြွေးပေးထားတာမှ မဟုတ်တာလား။

စကားပုံတွေတော့ ရှိသား။ ပြောရရင် ရိုင်းမှာစိုးလို့ မပြောတော့ပါဘူး။ စီးလာတဲ့ကားက သိန်းထောင်ကျော်တန်၊ သုံးတာကလည်း သောင်းဂဏန်းနား၊ သိန်းဂဏန်းနဲ့။ အဲဒီလူတွေက လုပ်နေကြတာလေ။ သူတို့စားရင်းသောက်ရင်း ဟိုကိုင်ဒီကိုင် လုပ်တာနဲ့ ယှဉ်ပြောရရင် တန်သလားလို့။ အပြင်မှာ ဒီလိုလုပ်လို့ရမလား။ ဟင်း… တစ်ခါတည်း ပါးရိုက်ပြီး အချုပ်ထဲ ပို့ပစ်လိုက်မှာပေါ့။ ကျွန်မတို့ဘက်ကနေ စဉ်းစားကြည့်လေ။ ဟုတ်တယ်မို့လား။

သေချာစဉ်းစားကြည့်ရင် လူဟာ… လူပါပဲနော်…။

ငွေတွေ ဘယ်လောက်ချမ်းသာ။ ဂုဏ်တွေ ဘယ်လောက်ရှိရှိ၊ တိုက်ကြီးကြီးနဲ့နေနေ။ လူ့စိတ်လူ့သဘာဝအတိုင်း လောဘ၊ ဒေါသ၊ မောဟ၊ အတ္တနဲ့ မာန်မာနတွေကို မပယ်စွန့်နိုင်ကြပါဘူး။ လူ့သဘာဝ၊ လူ့စရိုက်အတိုင်း လုပ်ဆောင်နေကြတာပါလားလို့ ကျွန်မ စဉ်းစားမိပါတယ်။ ဒါကြောင့် သူတို့ကို စိတ်ဆိုး ဒေါသဖြစ်မိလည်း ခဏပါ။ အဲဒီလို လူ့သဘာဝ နိယာမကို တွေးလိုက်မိတာနဲ့ သူတို့ကို ကျွန်မ ခွင့်လွှတ်နိုင်ခဲ့ပါတယ်။ မေ့ထားပြီး စာနာနိုင်ခဲ့ပါတယ်။ အမုန်းတရား၊ အငြိုးအတေးတွေ မထားခဲ့ပါဘူး။ နောက်တစ်နေ့တွေမှာ ပြန်ဆုံတော့ လှိုက်လှဲတဲ့အပြုံးတွေနဲ့ ဆက်ဆံခဲ့တာ ဒီနေ့ထိပေါ့။

သံသရာဆိုတာ မမြင်ရပေမယ့် လူတိုင်းတွေ့ကြုံရင်ဆိုင် ခံစားနေကြရတာမဟုတ်လား။

အားလုံးကျန်းမာချမ်းသာကြပါစေ။

**ဧကရာဇ်**

www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ ( ၁၆၉ ) မှ

သွားကြရသည်ကို တွေ့ရ၍ ရဲတပ်ဖွဲ့ဝင်အားလုံး စိတ်မကောင်းဖြစ်နေကြသည်။ သို့သော်တာဝန်အရ အလောင်းများကို ကျောင်းကုန်းဆေးရုံသို့ ပို့လိုက်ကြသည်။ ဆရာဝန်၏ စစ်ချက်ကား မည်သို့ထွက်လာမည် မသိ။ စောင့်ရပေဦးမည်။

ဒုရဲအုပ်အောင်မင်းဦး သည် ဉာဏ်လျှင်သောသူ ဖြစ်သည်။ ဖိုးနက်တက်အား စောင့်ကြည့်နေသည့် ဥက္ကဋ္ဌဦးဆန်း၏ တင်ပြချက်အရ ယနေ့ကပင် ဖိုးနက်တက်အား ဖမ်းထားပြီးဖြစ်သည်။ တရားခံထံမှ စစ်ချက်ယူရန်သာ ရှိတော့သည်။

(၂)

လူပျောက်မှုမှ လူသေမှုဖြစ်ရပ်မှန်ပေါ်ပေါက်ရေးအတွက် ဖိုးနက်တက်အား စစ်ဆေးကြသည်။ တရားခံဖြစ်ရတော့မည်မို့ ဖိုးနက်တက် ထိပ်လန့်တုန်လှုပ်နေသည်။ စကားကောင်းကောင်း မပြောနိုင်။ ကယောင်ချောက်ချားဖြစ်ပြီး စိတ်မနှံ့သလိုလို ဖြစ်သွားသည်။ ထို့ကြောင့် ဖိုးနက်တက်အား ဆေးရုံသို့ ပို့လိုက်ရသည်။

ဒုရဲအုပ် အောင်မင်းဦးသည် တရားခံထံမှ စစ်ချက်ရရန် ဆေးရုံအချုပ်ခန်းသို့သွားကာ ဖိုးနက်တက် အခြေအနေကို ကြည့်သည်။ အမှုအတွက် စကား စကြည့်သည်။ အမှုနှင့်ပတ်သက်သည့်အကြောင်းအရာများကို မေးသည်။ ပြောချင်ပုံ မပေါက်၍ စကားလမ်း ပြောင်းလိုက်ရသည်။

"ညီလေး ... ထမင်းစားလို့ ကောင်းရဲ့လား"

"မကောင်းဘူး ဗိုလ်လေး။ ကျုပ်က အမဲသားကြော် စားချင်တာ"

"အေး ... အစ်ကိုက ကျွေးမှာပေါ့"

အောင်မင်းဦးသည် ဖိုးနက်တက် စားလိုသော ဟင်းများကို ဝယ်ကျွေးရသည်။

"ကဲ ... ဖိုးနက်တက် မင်း စားချင်တာလည်း ငါ ဝယ်ကျွေးတယ်။ အဲဒီတော့ ငါမေးတာလည်း ပြောနော်"

"ဟုတ်ကဲ့ ... ပြောမှာပေါ့"

ဟုဆိုကာ သူလုပ်ခဲ့သမျှ ဖြစ်ကြောင်းကုန်စင် ဤသို့ပြောပြသည်။

"ကျွန်တော်လေ ကထိန်ပွဲမတိုင်မီ နှစ်ရက်လောက်က နှင်းဖြူဖွေးလေးကို မြင်တွေ့ခဲ့ရတယ်။ သူက ကရင်စပ်လေးဆိုတော့ အသားကလည်း ဖြူဖွေးဖွေး၊ ရုပ်ကလေးကလည်း ချစ်စရာလေးမို့ စိတ်ထဲမှာ စွဲလမ်းသွားတယ်။ သူ့ကိုမရအရခေါ်ယူဖို့ စိတ်ဆုံးဖြတ်ခဲ့မိတယ်လေ။ အဲဒါနဲ့ ကထိန်ပွဲအပြီးမှာ ကလေးနှစ်ယောက်ကို ခေါ်သွားမိတယ်။ ကျွန်တော်တို့ အေးမြရွာအပြင်ရှိ လယ်တဲဆီကို ခေါ်သွားခဲ့တယ်။ အဲဒီတဲထဲမှာပဲ နှင်းဖြူဖွေးကို အဓမ္မပြုကျင့်မိခဲ့တယ်။ အဲဒီတော့ သူက ဖိုးနက်တက် နင့်ကို ရဲတိုင်မယ်။ ဘယ်တော့မှ မကျေနပ်ဘူးဆိုပြီး ဆဲလည်းဆဲ၊ ရိုက်လည်း ရိုက်၊ ရုန်းရင်းဆန်ခတ်ဖြစ်ခဲ့ကြတယ်။ နောက်ဆုံးတော့ အမှုပေါ်မှာစိုးလို့ သူ့လည်ပင်းကို ကြိုးနဲ့ ရစ်ပြီး သတ်လိုက်မိတယ်။ အဲဒီအဖြစ်ကို ဖိုးလပြည့်က မြင်တော့ 'ဟေ့ လူကြီး ... ခင်ဗျားကို တိုင်မယ်။ ကျုပ်အစ်မ

www.burmeseclassic.com

www.burmeseclassic.com



ကို သတ်တယ်နော်”တဲ့ အမှုဖော်မည့်သူတစ်ယောက် ပေါ်ပေါက်လာပြန်တာမို့ ဖိုးလပြည့်ကိုလည်း သူ့ရဲ့လည်ပင်းကို ညှစ်သတ်လိုက်မိပြန်တယ်။ အဲဒီအလောင်းနှစ်လောင်းကို ဖျောက်ဖျက်ပစ်ဖို့ ကြံရပြန်တယ်။ တဲနဲ့မနီးမဝေးမှာ ကျင်းနှစ်ကျင်းတူးတယ်။ နှင်းဖြူဖွေးအတွက် (၆)ပေ၊ ဖိုးလပြည့်အတွက် (၄)ပေ။ ကျင်း နှစ်ကျင်းကို ပြီးအောင်မတူးလိုက်နိုင်ပါဘူး။ မြေကမာလို့ အကြံတစ်မျိုးပြောင်းလိုက်ရတယ်။ အလောင်းတွေကို တဲထဲမှာရှိတဲ့ မြေသြဇာအိတ်ခွံထဲ ထည့်မယ်။ ပြီးတော့ ရေအိုင်ထဲကို မြှုပ်မယ်ပေါ့။ အဲဒီအတိုင်းပဲ ကျုပ်က လုပ်ခဲ့မိတယ်လေ။ အလောင်းတွေ မပေါ်အောင်လည်း ရေထဲက သစ်ပင်အောက်ခြေမှာ ကြိုးနဲ့ ချည်ထားခဲ့တယ်။ စိတ်လုံပြီ ထင်ပေမယ့် ကျွန်တော့်ရင်တွင်းမှာတော့ အပူလုံးကြီး ဆို့နေသလိုပါပဲ။ ငါလုပ်သမျှကတော့ ပေါ်တော့မှာပဲပေါ့။ အိမ်မှာပြန်ရောက်နေပေမယ့် စိတ်က မငြိမ်ဘူး။ စိုးရိမ်စိတ်နဲ့ပဲ နေနေရတယ်။ မကြာပါဘူးဗျာ။ တံခွန်တိုင် ဥက္ကဋ္ဌ ဦးဆန်းနဲ့ ရဲနှစ်ဦး လာရောက်ဖမ်းဆီးသွားတော့တာပါပဲ။

ဒုရဲအုပ်အောင်မင်းဦး သည် ဖိုးနက်တက်ထံမှာ စစ်ချက်အပြည့်အစုံရသဖြင့် တရားခံ ဖိုးနက်တက် အသက် (၃၁)နှစ်၊ ဘ ဦးစိန်ဝင်းအား ပုဒ်မ ၃၇၆/ ၃၀၂ ခဂ အရ အမှုဖွင့်လိုက်တော့သည်။

ဆေးရုံမှ ဆရာဝန်ကြီး၏ စစ်ဆေးချက်အရ မိန်းကလေးတွင် အဓမ္မပြုကျင့်ထားသည့် လက္ခဏာနှင့် လည်ပင်းတွင် ကြိုးဖြင့် ရစ်ပတ်သတ်ထားကြောင်း၊ ကလေးငယ်ကိုတော့ လည်ပင်းညှစ်သတ်ထားကြောင်း သိရှိရသည်။

ကလေးနှစ်ယောက် ပျောက်သွားမှုမှအစ မုဒိမ်းမှုနှင့် လူသတ်မှုအထိ ဖြစ်သွားရသည့် ဖြစ်ရပ်များနှင့်ပတ်သက်၍ တရားခံ ဖိုးနက်တက်၏ ထွက်ဆိုချက်၊ ဆရာဝန်ကြီး၏ ဆေးမှတ်တမ်း၊ ကလေးနှစ်ယောက် ခေါ်သွားသည်ကို မြင်တွေ့လိုက်ကြသည့် မျက်မြင်သက်သေများ ခိုင်မာနေသည်မို့ ဒုရဲအုပ်အောင်မင်းဦးမှ တရားလို လုပ်ကာ တရားရုံးသို့ စွဲဆိုလိုက်တော့သည်။

တရားရုံးတော်မှ အကြိမ်ကြိမ် အဖန်ဖန် စစ်ဆေးသည်။ မုဒိမ်းမှုနှင့် လူသတ်မှုမှာ ထင်ရှားသဖြင့် တရားခံဖိုးနက်တက် (၃၁)နှစ်အား သေဒဏ်အဖြစ် ချမှတ်လိုက်တော့သည်။

ထီလာဖိုးဘထိန်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com






ကြာပွတ်ကိုင်သစ္စာဘက်တော်သားတို့ရဲ့ခံတပ်

နိဒါန်း

ရှေ့နေ- "ခင်ဗျားတို့ဆရာဝန်တွေ မှားသွားရင် လူတွေဟာ မြေကြီးအောက် ခြောက်ပေလောက် ရောက်သွားတာပဲနော်"

ဆရာဝန်- "ခင်ဗျားတို့ရှေ့နေတွေမှားသွားရင်လည်း လူတွေ လေထဲကို ခြောက်ပေလောက် မြောက်သွားတာပဲ မဟုတ်လား။"

နိုင်ငံရပ်ခြားဟာသလေးတစ်ခုကို မှတ်မိသလောက် ပြန်ရေးလိုက်တာပါ။ ရှေ့နေနဲ့ဆရာဝန်တွေ ကျင်လည်လှုပ်ရှားနေကြတဲ့ ဆေးဘက်ဆိုင်ရာနယ်ပယ်၊ တရားရေး နယ်ပယ်တွေမှာ အမှားအယွင်းရှိတတ်တာလေးတွေကို သရော်လှောင်ပြောင်တဲ့ ဟာသလေးတစ်ခုဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ဖြစ်ရပ်မှန်နောက်ခံ

၁၉၈၀ပြည့်နှစ်မေလ ၂၈ ရက်နေ့မှာ နိုင်ငံတော်က လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အမှတ် ၂/၈၀ ကို ထုတ်ပြန်ခဲ့ပါတယ်။ သာသနာတော် သန့်ရှင်းပြန့်ပွားရေး ပထမအကြိမ်ဂိုဏ်းပေါင်းစုံသံဃ အစည်းအဝေး ကြီးပြီးမြောက်အောင်မြင်တာကို နှစ်ထောင်းအားရဂုဏ်ပြုတဲ့အနေနဲ့ ညီညွတ်ခြင်းငြိမ်းချမ်းခြင်း စိတ်ဓာတ် တိုးပွားစေဖို့အတွက် ထုတ်ပြန်ပေးခဲ့တဲ့ အမိန့်ဖြစ်ပါတယ်။ ဆက်လက်ဖော်ပြမယ့် မိုးမခရွာသားလေး မောင်ချစ်ဆွေရဲ့ ရင်ခုန်ခံစားဖွယ်ရာ ဖြစ်ရပ်မှန်လေးဟာ အဲဒီလွတ်ငြိမ်းချမ်းသာခွင့်အမိန့် အကြောင်းပြု ပြီး ပေါ်ပေါက်ခဲ့ရတာဖြစ်ပါတယ်။

## ဇာတ်လမ်းအစ

"အစ်ကိုရေ အစ်ကို ကူညီနိုင်မယ်ထင်လို့ ကျွန်တော်ပြဿနာတစ်ခု သယ်လာခဲ့ပြီ"

သူ့ကိုယ်သူ ပြဿနာသယ်ဆောင်လာသူအဖြစ် ပြောလာသူက ကိုကျော်ဝင်း ဖြစ်ပါတယ်။ ဆား မလောက်ရွာသား မူလတန်းကျောင်းအုပ်ဆရာတစ်ဦး ဖြစ်ပါတယ်။ ရပ်ရေးရွာရေးကိစ္စတွေမှာ တက်တက် ကြွကြွထက်ထက်သန်သန် ဆောင်ရွက်တတ်သူ၊ မဟုတ်မခံစိတ်ဓာတ်ရှိသူလည်း ဖြစ်ပါတယ်။

"ဆိုပါဦး ဖိုးကျော်ဝင်း၊ ကိုယ်ဘာလုပ်ပေးရမှာလဲ ကိုယ်ကူညီနိုင်တဲ့ ကိစ္စဆို ကူညီရမှာပေါ့"

တရားသူကြီး ဖိုးဖြူစင်က ခင်မင်ရင်းစွဲရှိဖူးပြီးဖြစ်တဲ့ ကိုကျော်ဝင်းကို ခပ်အေးအေးပဲ တုန့်ပြန်ခဲ့ ပါတယ်။

"တခြားတော့ မဟုတ်ဘူးအစ်ကိုရေ၊ မိုးမခက မောင်ချစ်ဆွေဆိုတဲ့ ကောင်လေးကိစ္စပဲ။ သူက ကိုပန်ကြီး ကျွန်တော်ပြောတဲ့မောင်ချစ်ဆွေရဲ့ ယောက်ဖ"

ကိုကျော်ဝင်းက သူနဲ့အတူပါလာသူကိုပါ မိတ်ဆက်ပေးပါတယ်။ ကိုပန်ကြီးက ခေါင်းညိတ် အသိအမှတ်ပြုပါတယ်။

"မောင်ချစ်ဆွေဖြစ်ခဲ့တဲ့အမှုကတော့ လူသတ်မှုပဲအစ်ကိုရေ။ ရွာကဘောလုံးပွဲလုပ်ကြတော့ ရန်ဖြစ် ကြရာကနေ တစ်ရွာနဲ့တစ်ရွာ ရိုက်ကြတာ။ အဲဒီမှာ လူသေခဲ့တဲ့အမှုပဲ"

ဖိုးဖြူစင်က တစ်စုံတစ်ရာမေးမြန်းပြောဆိုခြင်း မပြုသေးဘဲ ကိုကျော်ဝင်းစကားကိုသာ ဂရုစိုက် နားထောင်နေပါတယ်။

"ဒီအမှုက အစ်ကိုလက်ထက်မတိုင်မီက ဖြစ်ခဲ့တဲ့အမှုဆိုတော့ အစ်ကိုသိဦးမှာမဟုတ်ဘူး။ ကျွန် တော်တို့အခုလာတာက ဒီအမှုကိစ္စအတွက် ဘာလုပ်ပေးဖို့ဆိုပြီး လာတာမဟုတ်ပါဘူး။ အမှုက

www.burmeseclassic.com

www.burmeseclassic.com






ပြီးပြတ် သွားလို့ ကောင်လေးက ထောင်ထဲရောက်နေပါပြီ"

ကိုကျော်ဝင်းရဲ့ စကားကြောင့် ဖိုးဖြူစင်စိတ်ဝင်စားပြီး ဆက်လက်နားစွင့်နေခဲ့ပါတယ်။

"အခု ကျွန်တော်တို့လာတဲ့ကိစ္စက မောင်ချစ်ဆွေအပြစ်ကျနေရတဲ့ထောင်က ထောင်ပိုင်ကြီးကိစ္စပါ"

"ထောင်ပိုင်ကြီးကိစ္စ"

အကြောင်းခြင်းရာကို ပြည့်ပြည့်စုံစုံမသိရသေးပေမယ့် ထောင်ပိုင်ကြီးကိစ္စလို့ မထင်မှတ်ဘဲ ကြားလိုက်ရတဲ့အတွက် ဖိုးဖြူစင် အံ့အားသင့်သွားပြီး စကားတစ်ပိုင်းတစ်စဝင်ထောက်လိုက်မိပါတယ်။

"ထောင်ပိုင်ကြီး ကိစ္စဆိုတာက ဒီလိုပါ၊ ဟိုလွတ်ငြိမ်းချမ်းသာခွင့်ကိစ္စ"

"လွတ်ငြိမ်းချမ်းသာခွင့်ကိစ္စ ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ လွတ်ငြိမ်းချမ်းသာခွင့် ကိစ္စပါ"

ကိုပန်းကြီးဆိုသူ စကားဝိုင်းထဲ ဝင်လာပါတယ်။ အဲဒီနောက် ကိုကျော်ဝင်းက ဆက်ရှင်းပြပါတယ်။

"ဒီလိုအစ်ကိုရ၊ မောင်ချစ်ဆွေအမှုဖြစ်ပြီးနောက်မှာ နိုင်ငံတော်က လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ်ပြန်ခဲ့တာလေ။ အမှုကို အမိန့်ချစဉ်ကလည်း တရားသူကြီးကမောင်ချစ်ဆွေဟာ ချမှတ်တဲ့ထောင်ဒဏ်ရဲ့ တစ်ဝက်ပဲပြစ်ဒဏ်ကျခံရမယ်၊ ပြစ်ဒဏ်တစ်ဝက်ကို ထောင်ကလျှော့ပေးလိမ့်မယ်လို့ ပြောတယ်။ အဲဒီအမိန့်ချတဲ့ တရားသူကြီးက ဒီရုံးမှာ ခုထိရှိနေပါသေးတယ်။ အဲဒီတော့ ကျွန်တော်တို့နားလည်ထားတာက ဒီကောင်လေး ထောင်ဒဏ် (၇)နှစ်ကျပေမယ့် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ (၃) နှစ်နဲ့ (၆) လပဲ အပြစ်ကျ ခံရမယ်လို့ ဒီလိုပဲနားလည်ခဲ့ကြပါတယ်။"

"ဟုတ်ပါတယ်ဆရာကြီးရယ် တရားသူကြီးကလည်း အမိန့်ချတဲ့နေ့က အဲဒီလိုပြောခဲ့တာပါ။ ချစ်ဆွေက အငယ်ဆုံးသားဆိုပေမယ့် ဖိုးအိုဖအိုကြီးတွေနဲ့အတူနေပြီး သူကပဲလုပ်ကိုင်ကျွေးနေရတာပါ။ အခုအမှုဖြစ်ရတာကလည်း လူငယ်ဘာဝဒေါသမထိန်းနိုင်လို့ အပြစ်ပြုမိတာပါ။ အဖေအို အမေအိုကြီးတွေဆို ကမ္ဘာပျက်သလို ခံစားကြရတာပါ။ ဒါပေမယ့် လွတ်ငြိမ်းချမ်းသာခွင့်အရ သူတို့သား (၇)နှစ်မခံရဘဲ (၃) နှစ် (၆)လပဲ ခံရမယ်လို့ အားတင်းပြီး ပြန်လွတ်လာမယ့်ရက်ကိုပဲ တွက်နေ စောင့်နေခဲ့ကြရတာပါ။ ခုတော့..."

www.burmeseclassic.com

www.burmeseclassic.com



ကိုပန်ကြီးက သူပြောချင်တဲ့ စကားတွေကို ပြောတတ်သလိုဝင်ပြောပြီး စကားမဆုံးခင် ရပ်နေပါတော့တယ်။

"ခုတော့ ဘာဖြစ်သလဲဗျာ ဆက်ပြောပါဦး"

ဖိုးဖြူစင်က အစမသတ်နိုင်သေးတဲ့ စကားကို ဆက်နိုင်အောင် ဝင်ထောက်လိုက်ပါတယ်။

"ချစ်ဆွေကိုထောင်ပို့တဲ့နေ့က သူတို့လိုက်သွားကြတယ်။ ထောင်ကိုရောက်တော့ ပြစ်ဒဏ်တစ်ဝက်ပဲကျခံရမယ်ဆိုတာ မဟုတ်တော့သလို ဖြစ်နေပါတယ်။ ဒါနဲ့ပဲအဲဒီကိစ္စအတွက် သူတို့ထောင်မှိုင်ကြီးနဲ့ ဝင်တွေ့ကြပါတယ်"

"အဲဒီတော့ ထောင်မှိုင်ကြီးက ဘာပြောသလဲ"

"သူပြောတဲ့အဓိပ္ပာယ်ကို ကျွန်တော်လည်း သိပ်နားမလည်ပါဘူးအစ်ကိုရာ ဘာတဲ့…။ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်က လူသတ်မှုနဲ့မဆိုင်ဘူးတဲ့။ လူသတ်မှုမှာ ထောင်ဒဏ် (၁၀) နှစ်ထက် ပြစ်ဒဏ်ပိုမပေး

ကြာပွတ်ကိုင်သစ္စာဘက်တော်သားတို့ရဲ့ခေတ် ကြာပွတ်ကို

ရလို့ဆိုထားပြီး အခုထောင်ဒဏ်ချမှတ်တာ (၇) နှစ်ဖြစ်လို့ ပြစ်ဒဏ်ကို ထပ်လျှော့ပေးဖို့ မလိုတော့ဘူး။ လွတ်ငြိမ်းချမ်းသာခွင့်ထပ်ပြီး ခံစားခွင့်မရတော့ဘူးလို့ အဲဒီလိုပြောတယ်ထင်တယ် ဟုတ်လား ကိုပန်ကြီး"

"ဟုတ်ပါတယ်ခင်ဗျာ၊ ဟုတ်ပါတယ်၊ အဲဒီသဘောပါပဲ"

ကိုကျော်ဝင်းရဲ့စကားကို ကိုပန်ကြီးက ထောက်ခံပြောဆိုပါတယ်။

ဖိုးဖြူစင်က ကုလားထိုင်နောက်မှီပေါ် ခေါင်းကိုတင်လိုက်ပြီး မျက်စိမှိတ်ကာ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်နဲ့ပတ်သက်တဲ့ သူမှတ်မိခဲ့သ၍ ပြန်စဉ်းစားနေခဲ့မိပါတယ်။ မောင်ချစ်ဆွေဟာ လွတ်ငြိမ်းချမ်းသာခွင့် ရခဲ့ပြီးပြီးလား၊ ပြစ်ဒဏ်တစ်ဝက်လျှော့ပေါ့ပေးရမယ့် ကိစ္စမှာ လူသတ်မှု အကျုံးမဝင် ဘူးလား။ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အကြောင်း၊ အဲဒီအမိန့်ကို အကြောင်းပြုပြီး တရားရုံးချုပ်က ထုတ်ပြန်ခဲ့တဲ့ ညွှန်ကြားချက်တွေအကြောင်း စသည့် စသည့်မှတ်မိသ၍ ပြန်စဉ်းစားကြည့်နေမိပါတယ်။ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်နဲ့ ပတ်သက်လို့ သက်ဆိုင်ရာတရားရုံးများ၊ အကျဉ်းထောင်များက လိုက်နာဆောင်ရွက်ရမယ့် လုပ်ထုံးလုပ်နည်းတွေကို တရားရုံးချုပ်က နှစ်ကြိမ်တိုင် ထုတ်ပြန်ခဲ့တာကို သူမှတ်မိနေပါတယ်။ တိုက်ဆိုင်တယ်လို့ဆိုရမလားမသိ။ အဲဒီအမိန့်တွေ ညွှန်ကြားချက်တွေ ထုတ်ပြန်စဉ်ကာလမှာ သူဟာတရား

www.burmeseclassic.com

www.burmeseclassic.com



စီရင်ရေးတာဝန်ထက် တရားရေးဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းမှာရှိနေခဲ့တဲ့အပြင် ဌာနဆိုင်ရာက သီးခြားပေးအပ်ထားတဲ့ တာဝန်ကို အဓိကဆောင်ရွက်နေခဲ့ရလို့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ထုတ်ပြန်တဲ့ ကာလအတွင်း အမှုများ စီရင်ဆုံးဖြတ်ရခြင်းများနဲ့ ကင်းကွာနေခဲ့ပါတယ်။ ဒါကြောင့်အခုကိစ္စကို အသေးစိတ်ပြန်လေ့လာရမှဖြစ်မယ်ဆိုတာ သတိပြုမိခဲ့ပါတယ်။

"ထောင်ပိုင်ကြီးက ပြောတယ်ဆရာကြီးရဲ့၊ တကယ်လို့မောင်ချစ်ဆွေကို ပြစ်ဒဏ်တစ်ဝက်လျှော့ပေးဖို့ တရားရုံးက သဘောထားရှိခဲ့ရင် တရားရုံးက ထောင်ပို့ဝရမ်းမှာ (၇)နှစ်အစား ၃ နှစ်၆လဆိုပြီး ပြန်ပြင်ပေးရင်တော့ သူလုပ်ပေးလို့ရမယ်တဲ့"

ကိုပန်ကြီးက အားတက်သရော မျှော်လင့်ချက်ကြီးစွာ ပြောလာပါသည်။

"ဂဃနဏ ချေချေမြစ်မြစ်တော့ ကျွန်တော်မသိဘူးအစ်ကို၊ တခြားလူတွေ တခြားအမှုတွေ လွတ်ငြိမ်းချမ်းသာခွင့်ရရင် လူသတ်မှုကျမှ ဘာဖြစ်လို့လွတ်ငြိမ်းချမ်းသာခွင့်မရရမှာလဲ၊ အဲဒါကောဟုတ်ရဲ့လား"

ဘတို့ရခဲ့တယ် ကြာပွတ်ကိုင်သစ္စာဘက်တော်သားတို့ရခဲ့တယ်

ကိုကျော်ဝင်းက စကားကိုရှင်းရှင်းပြတ်ပြတ်မေးတတ် ပြောတတ်သူ ဖြစ်ပါတယ်။

"ဒီလိုရှိတယ် ကိုကျော်ဝင်းရဲ့ ကိုယ်သိသ၍ လွတ်ငြိမ်းချမ်းသာခွင့်ပေးရာမှာ လူသတ်မှုသာမက နိုင်ငံရေးပြစ်မှု ကျူးလွန်သူတွေ၊ နိုင်ငံတော်ကို ဆန့်ကျင်ပုံကန်သောင်းကျန်းသူတွေတောင် လွတ်ငြိမ်းချမ်းသာခွင့်ရခဲ့ကြတာပဲ။ လူသတ်မှုမပါဘူးဆိုတာ မဟုတ်ပါဘူး။ အဲဒီအမိန့်မထုတ်ပြန်မီ ထောင်ထဲရောက် နေတဲ့လူတွေတောင် ပြစ်ဒဏ်တစ်ဝက်လျှော့ပေးခဲ့သေးတာပဲ"

ဖိုးဖြူစင်က သူမှတ်မိသ၍ ပြန်ရှင်းပြပါတယ်။

"အဲဒီလိုဆိုရင်လည်း ထောင်ပို့ဝရမ်းကို အစ်ကိုက (၇)နှစ်အစား ၃နှစ် (၆)လလို့ ပြန်ပြင်ပေးရင် ဖြစ်တာပဲမဟုတ်လား အစ်ကိုရာ"

"ဟုတ်ပါတယ်ဆရာကြီးရယ် ကျွန်တော်တို့ဆရာကြီးကို အားကိုးပါရစေခင်ဗျာ"

ဖိုးဖြူစင်က ကိုကျော်ဝင်းနဲ့ ကိုပန်ကြီးတို့ကို ငေးကြည့်နေခဲ့မိပါတယ်။ တကယ်တော့ သူမှတ်မိသ၍ သူ့သိသ၍ရှင်းပြခဲ့တာဖြစ်ပေမယ့် ဒီအမှုဟာ သူ့လက်ထက်မတိုင်မီက စစ်ဆေးစီရင်ခဲ့တဲ့ အမှု၊ အ မှုတွဲကိုလည်း မဖတ်ရသေး။ ကိုပန်ကြီးပြောသလို သက်ဆိုင်ရာအကျဉ်းထောင်ကလည်း တရားဝင်

www.burmeseclassic.com

www.burmeseclassic.com



ဆက် သွယ်အကြောင်းကြားတာမဟုတ်သေးတော့ ဒီကိစ္စဟာ ကိုကျော်ဝင်းတို့ ကိုပန်ကြီးတို့ ပြောသလို လွယ် လွယ်ကူကူ အလျင်စလိုလုပ်လို့ရတဲ့ လုပ်ကောင်းတဲ့အလုပ်မျိုးမဟုတ်ဘူးလို့ တွေးခဲ့မိပါတယ်

"အစ်ကိုပြောသလိုဆိုရင် ရှင်းနေတာပဲအစ်ကိုရာ။ ထောင်ဘက်က ထောင်ပို့ဝရမ်းကို ပြန်ပြင် ပေးရင် လုပ်ပေးမယ်ဆိုတော့ အစ်ကိုမလုပ်မပေးနိုင်စရာ မရှိဘူးထင်ပါတယ်။ ကောင်လေးသာမက အဖေ အိုအမေအိုတွေပါ ဒုက္ခရောက်နေကြရတာပါ"

ကိုကျော်ဝင်းက စိတ်မြန်လက်မြန်ဖြစ်ပြီး သူမှန်တယ်ထင်တာကို မတွန့်မဆုတ်ပြောတတ်သူ ဖြစ် ပါတယ်။ ဒါကို ဖိုးဖြူစင်သဘောပေါက်ပြီး ဖြစ်ပါတယ်။ ပြီးတော့ သူတို့နှစ်ဦး၊ တစ်ဦးနဲ့ တစ်ဦး ပြောမနာ ဆိုမနာ ရင်းနှီးကျွမ်းဝင်မှု ရှိခြင်းကလည်း ကိုကျော်ဝင်းအနေနဲ့အခုလို ထက်ထက်သန်သန် ပြောလို့ရတဲ့ အကြောင်းရင်းတစ်ခု ဖြစ်ပါတယ်။

"ကဲ ကိုကျော်ဝင်းရေ ဒီကိစ္စကို ကိုယ်အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးပါမယ်။ တစ်ခုတော့ ရှိတယ်နော်။ ဒီကိစ္စကို ကိုယ်အသေးစိတ်လေ့လာရဦးမယ်။ ဒီလိုစိစစ်လေ့လာပြီးဥပဒေအရ တကယ်ခံစား ခွင့်လည်းရှိမယ်၊ ဒီလိုခံစားခွင့်ရှိတာကို ခံစားခွင့်ရအောင် ကိုယ့်အနေနဲ့ လုပ်ပိုင်ခွင့်လည်းရှိမယ်ဆိုရင် ပေါ့ လေ ဟုတ်လား။ ခုတော့ အမှုတွဲကိုလည်း ကိုယ်မဖတ်ရသေး၊ ထောင်ပိုင်ဘက်ကလည်း တရားဝင်ဆက်သွယ်တာမရှိသေးတော့ ဆန္ဒမစောဖို့ ကိုယ် ပြောချင်တယ် ကျေနပ်ပြီလား"

ဖိုးဖြူစင်က စိတ်ရှည်လက်ရှည် ရှင်းပြပါတယ်။ ကိုကျော်ဝင်းတို့က တစ်စုံတစ်ရာ ထပ်မံပြောဆိုကြတာမရှိပေ မယ့် သိပ်ပြီးဘဝင်ကျပုံ ကျေနပ်ပုံမရတာကို ဖိုးဖြူစင်က အကဲခတ်မိပါတယ်။ ကိုကျော်ဝင်းသယ်ယူလာခဲ့တဲ့ အကျဉ်းကျ ပြစ်ဒဏ်ခံမောင်ချစ်ဆွေရဲ့ ကိစ္စဟာ ဒီလိုနည်းမျိုးနဲ့ ဖိုးဖြူစင်ဆီ ရောက်ရှိလာခဲ့ရပါတော့တယ်။

လွတ်ငြိမ်းချမ်းသာခွင့်ပေးရာမှာ လူသတ်မှုသာမက နိုင်ငံရေးပြစ်မှု ကျူးလွန်သူတွေ၊ နိုင်ငံတော်ကို ဆန့်ကျင်ပုံကန်သောင်းကျန်းသူတွေတောင် လွတ်ငြိမ်းချမ်းသာခွင့်ရခဲ့ကြတာပဲ။ လူသတ်မှုမပါဘူးဆိုတာ မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com





## ခြေရာကောက်

"ဆရာ ကျွန်တော့်ကိုခေါ်တယ်ဆို"

ဖိုးဖြူစင်က စာငုံ့ရေးနေခိုက် ကြားလိုက်ရတဲ့ အသံကြောင့် မော့ကြည့်လိုက်တော့ တရားသူကြီး ဦးအောင်ထူးကို တွေ့လိုက်ရပါတယ်။

"ဟုတ်ပါတယ် - ကဲ ထိုင်ပါဦးဗျာ"

ဦးအောင်ထူးက ဖိုးဖြူစင်ရဲ့ စားပွဲရှေ့က ကုလားထိုင်မှာ ဝင်ထိုင်လိုက်ပါတယ်။

"ခင်ဗျားစစ်ခဲ့တဲ့ အမှုတစ်မှုအကြောင်းသိချင်လို့ပါ၊ ဆားမလောက်ရွာက ဘောလုံးပွဲမှာ ရန်ဖြစ်ကြရာကနေ ဖြစ်ခဲ့တဲ့ အမှုပါ"

"ဩော် ဟုတ်ကဲ့ တရားခံချစ်ဆွေရဲ့အမှုပါ။ ဆရာဘာသိချင်တာပါလဲ ခင်ဗျာ"

"ခင်ဗျား စီရင်ချက်ချတဲ့နေ့က တရားခံကိုထောင်ဒဏ် (၇)နှစ် ကျခံစေလို့ အမိန့်ချရာမှာ တရားခံ ထောင်ကိုရောက်တဲ့အခါမှာ ပြစ်ဒဏ်တစ်ဝက်ပဲ ကျခံရမယ်၊ ပြစ်ဒဏ်တစ်ဝက်က ထောင်က လျှော့ပေး လိမ့်မယ်လို့ တရားခွင်မှာ ပြောခဲ့တယ်ဆိုတာ ဟုတ်ပါသလား"

"ဟုတ်ပါတယ်ခင်ဗျာ။ ကျွန်တော် ပြောခဲ့ပါတယ်။ အဲဒါလွတ်ငြိမ်းချမ်းသာခွင့် အမိန့်နဲ့ပတ်သက်ပြီး ပြောခဲ့တာပါ။ ကျွန်တော်အဲဒီအချိန်က အမိန့်ချခဲ့တဲ့တခြားအမှုတွေမှာလည်း ဒီသဘောမျိုး ပြောခဲ့တာပါပဲ။ ပြီးတော့ အမိန့်မှာရော ထောင်ပို့ဝရမ်းမှာပါ တရားရုံးချုပ် ညွှန်ကြားချက်အရ မှတ်ချက်တွေ ရေးပေးခဲ့တာပါပဲ"

ဦးအောင်ထူးက ချက်ချင်းပြန်ဖြေပါတယ်။ ဒီအမှုက သိပ်လည်း မကြာလှသေး၊ မှတ်မိလွယ်တဲ့ အမှုလည်းဖြစ်လို့ သူ့အလွယ်တကူ ဖြေနိုင်တာဖြစ်မယ်လို့ ဖိုးဖြူစင်တွေးမိပါတယ်။

"ကောင်းပါပြီ။ ခင်ဗျားအဲဒီလို အမိန့်ချတာ၊ မှတ်ချက်ရေးတာ၊ တရားခွင်မှာ တရားခံကို အသိ ပေးပြောကြားခဲ့တာတွေအပေါ် ခင်ဗျားဘယ်လိုသဘောပေါက်နားလည်ပြီး လုပ်ခဲ့တယ်ဆိုတာ ပြောပြပါဦး"

ဒီမေးခွန်းကိုတော့ ဦးအောင်ထူးအတန်ငယ် အချိန်ယူ စဉ်းစားပြီးမှ ဖြေပါတယ်။

"ထောင်ဒဏ် (၇)နှစ် အမိန့်ချရတာကတော့ လူသတ်မှုဖြစ်ပေမယ့် အမှုမှာပေါ်ပေါက်ချက်တွေ

www.burmeseclassic.com

www.burmeseclassic.com



အရ တရားခံဟာထောင်ဒဏ် (၇)နှစ်သာ ကျခံထိုက်တယ်လို့သုံးသပ်ပြီး ချမှတ်ခဲ့တာပါ။ အဲ မှတ်ချက်ရေးတာကလည်း တရားရုံးချုပ် ညွှန်ကြားချက်အတိုင်း ကျွန်တော်ရေးခဲ့တာပါ။ တရားခွင်မှာ ပြောခဲ့တာကတော့ နိုင်ငံတော်က ထုတ်ပြန်ခဲ့တဲ့ အမိန့်နဲ့ စပ်ဆိုင်နေလို့ သိအောင်ပြောခဲ့တာပါ။ ဒါလည်း ဒီတစ်မှုထဲမှာမှ .....

ဖိုးဖြူစင်က လက်ကာပြလိုက်လို့ ဦးအောင်ထူးက မပြောဘဲရပ်နေခဲ့ပါတယ်။ ဖိုးဖြူစင်က ခေတ္တ စဉ်းစားနေခဲ့ပြီး ဆက်မေးပါတယ်။

"တရားခံ ထောင်ထဲရောက်သွားရင် ထောင်က ပြစ်ဒဏ်တစ်ဝက်လျှော့ပေါ့ပေးရမယ်လို့ ခင်ဗျား နားလည်ထားခဲ့တယ်ပေါ့"

"ဟုတ်ကဲ့ ခင်ဗျ ဒီလိုပဲနားလည်ထားခဲ့ပါတယ်"

"ကောင်းပြီ တရားခံထောင်ထဲရောက်ရင် ထောင်ကပြစ်ဒဏ်တစ်ဝက်လျှော့ပေးရမယ်ဆိုတာကို ဘယ်အချက်ကို ရည်ညွှန်းပြီး ခင်ဗျားပြောတာလဲ"

ဒီတစ်ကြိမ်မှာတော့ ဒီအောင်ထူးအချိန်အတော်ကြာ စဉ်းစားနေခဲ့ပါတယ်။

"ကျွန်တော် စဉ်းစားတာ အဲသိတာက အမိန့်နဲ့ထောင်ပို့ဝရမ်းမှာ တရားခံဟာ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ပါ အကျိုးခံစားခွင့်များကို ရရှိစေရမည်လို့ ရေးဖို့တရားရုံးချုပ် ညွှန်ကြားချက်မှာပါတဲ့ အတွက် တရားခံဟာ အမိန့်ချခံရတဲ့အချိန်မှာ လွတ်ငြိမ်းချမ်းသာခွင့် မခံစားရသေးဘူးလို့ သဘောရပါတယ်။ ဒါကို ထောင်က ဆက်ပြီးဆောင်ရွက်ပေးရမယ်လို့ နားလည်ခဲ့ပါတယ်။ အဲဒါကြောင့် ပြောခဲ့တာပါ။

ဦးအောင်ထူးရှင်းပြတာကို ဖိုးဖြူစင် အလေးအနက်နားထောင်ခဲ့ပါတယ်။ ခဏကြာမှ ဖိုးဖြူစင် စကားဆက်ပါတယ်။

"တကယ်တော့ ခင်ဗျားရဲ့မှတ်ချက်အရ ထောင်အာဏာပိုင်က ခင်ဗျားချမှတ်လိုက်တဲ့ ပြစ်ဒဏ်ရဲ့ တစ်ဝက်ကို လျှော့ပေါ့ပေးရမယ်လို့ ဖော်ပြထားတာ မရှိဘူးဗျ"

ဖိုးဖြူစင်ရဲ့စကားကြောင့် ဦးအောင်ထူးခေါင်းရှုပ်သွားပုံရသွားပါတယ်။ တစ်ခုခုကို အလေးအနက်ပြန်စဉ်းစားနေပုံလည်း ရပါတယ်။ တကယ်တော့ဖိုးဖြူစင်ကိုယ်တိုင်လည်း သူပြောခဲ့တဲ့ စကားကိုပဲ ပြန် စဉ်းစားနေခဲ့မိတာပါ။

"ဒီလိုဆိုရင်ဆရာရယ် ဘာဖြစ်လို့မှတ်ချက်ရေးခိုင်းတာလဲလို့ ကျွန်တော်စဉ်းစားကြည့်မိပါတယ်။ ကျွန်တော်သိသလောက်တော့ တခြားတရားသူကြီးတွေလည်း ကျွန်တော်မှတ်ချက်ရေးသလို ရေးကြတာပါပဲ ရေးလိုက်တဲ့ မှတ်ချက်အရ ထောင်ကဘာမှ ဆက်လုပ်ဖို့မလိုဘူး ဆိုရင် ရေးလိုက်တဲ့ မှတ်ချက်က အဓိပ္ပာယ်မရှိ သလို ဖြစ်မနေဘူးလား"

ဦးအောင်ထူးစကားကို ဖိုးဖြူစင် ခေါင်းညိမ့်ပြရင်း အသိအမှတ်ပြုခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အဓိပ္ပာယ်မရှိတာတော့ မဟုတ်ဘူးဗျ။ အဓိပ္ပာယ်ရှိပါတယ်။ တရားရုံးချုပ်က ထုတ်ပြန်တဲ့ ညွှန်ကြားချက်မှာ ပထမအချက်က ထိုက်သင့်တဲ့ပြစ်ဒဏ်ကို ချမှတ်ရမယ်လို့ဆိုတယ်၊ ဥပမာတောင် ပေးထားသေးတယ်။ သေဒဏ်ထိုက်သင့်ရင် သေဒဏ်။ ၁၀ နှစ်ထိုက်သင့်ရင် ၁၀ နှစ်။ ၅ နှစ်ထိုက်သင့်ရင် ၅နှစ်။ အဲဒီလိုစီရင်ချက် ချခိုင်းတယ်။ ပြီးတော့ ခင်ဗျားပြောသလို လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ပါ အကျိုးခံစားခွင့်များကို ခံစားခွင့်ရရှိစေမယ်လို့ မှတ်ချက်ရေးပေးရမယ်။ ဥပမာ- လူသတ်မှုကို ခင်ဗျားက ထောင်ဒဏ်တစ်သက်ကျခံသင့်လို့ ထောင်ဒဏ်တစ်သက် တစ်ကျွန်းကျခံစေလို့ အမိန့်ချလိုက်တယ်ဆိုပါတော့။အဲဒီတရားခံ ထောင်ကိုရောက်သွားရင် ထောင်အာဏာပိုင်က လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အပိုဒ် (၈)အရ လူသတ်မှုဆိုရင် ထောင်ဒဏ် (၁၀)နှစ်ထက်ပိုပြီး မကျခံစေရလို့ပါတဲ့ အတွက် တစ်သက်တစ်

## ကြာပွတ်ကိုင်
## သစ္စာဘက်တော်သား တို့ ရဲ့ ခံတပ်

ကျွန်းထောင်ဒဏ်အစား ထောင်ဒဏ် (၁၀) နှစ်လို့ လျှော့ပေါ့သတ်မှတ်ပေးမယ်။ အခြားအမှုတစ်မှုဆိုပါတော့ (၁၀)နှစ်အထိ ပြစ်ဒဏ်ပေးနိုင်တဲ့အမှုကို ပြစ်ဒဏ်အပြည့်ထောင်သက် (၁၀)နှစ် အမိန့်ချပြီး မှတ်ချက်ရေးလိုက်ရင် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရထောင်အာဏာပိုင်က ပြန်စိစစ်မယ်၊ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ အခြားအမှုများမှာ ပြဋ္ဌာန်းသတ်မှတ်ထားတဲ့ ပြစ်ဒဏ်ရဲ့တစ်ဝက်ထက်မပိုစေရလို့ပါတဲ့အတွက် တစ်ဝက်လျှော့ရင် (၅)နှစ်ပဲ ဖြစ်မယ်။ ဒါပေမယ့် အဲဒီအမိန့်အပိုဒ် (၈)မှာပဲ ဘယ်လိုပဲဖြစ်ဖြစ် အခြားပြစ်မှုတွေမှာ ထောင်ဒဏ် (၃)နှစ်ထက်မပိုစေရလို့ ဆိုထားပြန်တဲ့အတွက် ထောင်အာဏာပိုင်က အခြားအမှုများကို (၃) နှစ်ထက်မပိုစေရဆိုတဲ့အချက်အရ (၃)နှစ်လို့လျှော့ပေါ့ ပြင်ဆင်သတ်မှတ်ပေးရမယ်။ အဲဒီလို အဓိပ္ပာယ် ကောက်ယူလို့လည်းရတယ်။ အတိုချုပ်ကတော့ဗျာ လူသတ်မှုဆိုရင်ထောင်ဒဏ် (၁၀)နှစ်ထက် မပိုစေရ ဆိုတဲ့အချက်အရ (၃)နှစ်လို့ လျှော့ပေါ့ပြင်ဆင်သတ်မှတ်ပေးရမယ်။ အဲဒီလိုအဓိပ္ပာယ် ကောက်ယူလို့လည်း ရတယ်။ အတိုချုပ်ကတော့ဗျာ လူသတ်မှုဆိုရင် ထောင်ဒဏ် (၁၀)နှစ်ထက်

www.burmeseclassic.com

www.burmeseclassic.com





မပိုစေရ၊ (၁၀)နှစ်ထက်ပိုပြီး အမိန့်ချထားပြီး လွတ်ငြိမ်းချမ်းသာခွင့် ရရှိစေရမယ်လို့ မှတ်ချက်ပါရင်ထောင် အာဏာပိုင်က (၁၀)နှစ်လို့ ပြင်ဆင်သတ်မှတ်မယ်။ အခြားအမှုတွေမှာ ထိုက်သင့်တဲ့ပြစ်ဒဏ် (၁၀)နှစ်၊ (၅) နှစ်၊ (၃) နှစ်စသည်ဖြင့် ပြစ်ဒဏ်ချထားရင် တစ်ဝက်သာကျခံရမှာဖြစ်လို့ ပြစ်ဒဏ်ဟာ သတ်မှတ်ထားတဲ့ ပြစ်ဒဏ်ရဲ့ တစ်ဝက်ထက် ပိုနေရင် ပြစ်ဒဏ်တစ်ဝက်အထိ လျှော့ပေးရမယ်။ အဲဒီလိုလျှော့တာတောင် (၃)နှစ်ထက် ပိုနေသေးရင် (၃)နှစ်လို့ လျှော့ပေါ့ပေးရမယ်။ အဲဒီတော့ လူသတ်မှုဆိုရင် ပြစ်ဒဏ် (၁၀)နှစ်ထက်ပိုမှ အခြားအမှုတွေမှာ ပြစ်ဒဏ်ဟာ သတ်မှတ်ထားတဲ့ ပြစ်ဒဏ်ရဲ့ တစ်ဝက်၊ ဒါမှမဟုတ် (၃)နှစ်ထက်ပိုပြီး ပြစ်ဒဏ်မချရင် ထောင်အာဏာပိုင်က လျှော့ပေါ့သတ်မှတ်လို့ မရဘူးဆိုတဲ့ သဘောဖြစ်တယ်"

ဖိုးဖြူစင်က သူ့ထင်မြင်ချက်တွေ သူလေ့လာတွေ့ရှိထားသမျှတွေကို အတော်ရှည်ရှည် လျားလျား ရှင်းပြခဲ့ပြီးတဲ့နောက် ရပ်လိုက်ပါတယ်။ စကားအရှည်ကြီး တစ်ဆက်တည်း ပြောလိုက်ရတဲ့အတွက်လည်း အတော်လေး ပင်ပန်းသွားခဲ့ရပါတယ်။ ဦးအောင်ထူးက လည်း ဖိုးဖြူစင်ရဲ့စကားသံကို အတော်အလေး အနက်ထားစဉ်းစားခဲ့ပုံရတယ်လို့ ဖိုးဖြူစင်တွေးမိပါတယ်။ အမှန်တော့ သူတို့နှစ်ဦးစလုံး ကိုယ့်အမြင်ရှုထောင့်နဲ့ကိုယ် ဖြစ်နိုင်တန်ရာတွေ ဖြစ်သင့်တာတွေကို အပြန်အလှန်စဉ်းစားဆွေးနွေးကြတာလို့လည်း ပြောလို့ရပါတယ်။

"ဆရာပြောသလိုသာဆိုရင် ကျွန်တော်တို့အမိန့်ချစဉ်က လူသတ်မှုမှာ (၁၀)နှစ်ထက်မပိုဘူး။ အခြား အမှုတွေမှာ ပြဋ္ဌာန်းထားတဲ့ပြစ်ဒဏ်ရဲ့ တစ်ဝက်ဒါမှမဟုတ် ၃ နှစ်ထက်မပိုရင် မှတ်ချက်ရေးစရာ မလိုဘူး။ အဲဒီသတ်မှတ်ချက်တွေထက် ပြစ်ဒဏ်က ပိုနေမှသာ မှတ်ချက်ရေးရမယ်ဆိုရင် ပိုပြီးမရှင်းဘူးလား ခုတော့..."

ဦးအောင်ထူးက သူ့စကားကိုရပ်ထားလိုက်ပြီး သူ့စကားကို ဆက်သင့်မဆက်သင့် ချင့်ချိန်နေခဲ့ဟန်တူပါတယ်။

"ဟုတ်တယ် ဦးအောင်ထူး ကျွန်တော်လည်း အဲဒီလိုပဲထင်တယ်။ အဲဒီလွတ်ငြိမ်းချမ်းသာခွင့်ကို ခံစားခွင့်ရှိစေရမည်ဆိုတဲ့မှတ်ချက်ကို ဘယ်လိုအမှုမျိုး၊ ဘယ်လိုစီရင်ချက်မျိုးမှာမှ ရေးဖို့မလိုဘူး၊ ဘယ်လိုအခြေအနေ၊ ဘယ်လိုအနေအထားရှိမှ ရေးရမယ်လို့ ခွဲခြားဖော်ပြလိုက်ရင် အခုလို အကောက်အယူ တွေပြားစရာ မရှိတော့ဘူးလို့ ကျွန်တော်ထင်တယ်။ တရားရုံးချုပ်က ပထမညွှန်ကြားချက်ကို ပယ်ဖျက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယ ညွှန်ကြားချက်ထုတ်လိုက်တဲ့အခါကျတော့ ရှင်းသွားတယ်။ လျှော့ပေါ့ပေးရမယ့်ပြစ်ဒဏ်ကာလအတွက် ထောင်က ဘာမှမလုပ်နိုင်တော့ တရားရုံးကပဲ တစ်ခါတည်းသတ်မှတ်၊ ပြဋ္ဌာန်းသတ်မှတ်ထားတဲ့ ပြစ်ဒဏ်က ဘယ်လောက်လဲ၊ တရားခံကို ဘယ်လောက်ပြစ်ဒဏ်စီရင်ရမယ်လို့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်က ခွင့်ပြုသတ် မှတ်ထားသလဲ။ အဲဒီသတ်မှတ်ချက်ဘောင်အတွင်းမှာ တရားခံကို ဘယ်လောက်အထိ သက်သာခွင့်၊ လွတ်ငြိမ်းချမ်းသာခွင့် ပေးသင့်သလဲ။ အဲဒါတွေကို တရားရုံးက တစ်ခါတည်းစဉ်းစားဆုံးဖြတ်ပြီးရင် သင့်မြတ်မယ် ထင်တဲ့အမိန့်ကိုချပြီးတော့ လွတ်ငြိမ်းချမ်းသာခွင့် အကျိုးခံစားခွင့်ကို ထည့်သွင်းစဉ်းစားပြီး အမိန့်ချမှတ် ခြင်းဖြစ်တယ်လို့ မှတ်ချက်ရေး ဒါပဲ။ အဲဒီအမိန့်အပေါ် ထောင်က ဘာမှထပ်ပြီး စဉ်းစားတွက်ချက်နေဖို့ မလိုတော့ဘူး။ တရားရုံးရဲ့အမိန့်အတိုင်းသာ အတည်ပြုဆောင်ရွက်၊ အဲဒီအချိန်ကျတော့ ဘာမှ ရှုတ်စရာ မရှိတော့ဘူး ရှင်းသွားတယ်။ ကျွန်တော်ထင်တယ် အဲဒီညွှန်ကြားချက်နှစ်ခုရဲ့ ကြားကာလမှာ အခုကိစ္စလို ပြဿနာတွေ ရှိခဲ့ပုံရတယ်ဗျ။ ဒါကြောင့်လည်း ပထမညွှန်ကြားချက်ကို ဒုတိယညွှန်ကြားချက်နဲ့ ဖျက်သိမ်း ခဲ့တာလို့ထင်တယ်"

ဦးအောင်ထူးက ဖိုးဖြူစင် ရှင်းပြတာတွေကို အငြင်းပွားတုံ့ပြန်ပြောတာမျိုး မရှိခဲ့ပေမယ့် သူ့စိတ်ထဲမှာ ကြည်လင်ပုံမရှိဘဲ စိတ်ရှုပ်ထွေးနေခဲ့ရတယ်လို့ ဖိုးဖြူစင် သတိပြုခဲ့မိပါတယ်။

"ဆရာပြောတာတွေကို ကျွန်တော် ငြင်းတာမဟုတ်ဘူးနော်။ ဆရာစဉ်းစားစရာ ဖြစ်မလားလို့ ကျွန်တော် တစ်ခုပြောချင်ပါတယ်။ အဲဒါကတော့ ချစ်ဆွေအမှုမတိုင်မီ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်မထုတ်ပြန်မီက ကျွန်တော် လူသတ်မှုတစ်မှု အမိန့်ချခဲ့ပါသေးတယ်။ တဇင်ရေကျော်ရွာက လူသတ်မှုပါ။ အဲဒီ အမှုမှာ တရားခံက ကျင်မောင်တဲ့။ သူ့ကို ကျွန်တော်ထောင်ဒဏ် (၇)နှစ်ပဲ ချခဲ့ပါတယ်။ အခု ကျွန်တော် ချစ်ဆွေကို ထောင်ဒဏ် (၇)နှစ်ချတာလည်း ဒီသဘောပါပဲ။ ဖြစ်ရပ်ချင်းမတူပေမယ့်အမှုမှာ ပေါ်ပေါက် ချက်အရ သူတို့နှစ်ဦးစလုံးဟာ ထောင်ဒဏ် (၇)နှစ် ကျခံစေထိုက်တယ်လို့ သုံးသပ်ပြီး

တရားခံကို ဘယ်လောက်ပြစ်ဒဏ်စီရင်ရမယ်လို့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်က ခွင့်ပြုသတ်မှတ်ထားသလဲ။ အဲဒီသတ်မှတ်ချက်ဘောင်အတွင်းမှာ တရားခံကို ဘယ်လောက်အထိ သက်သာခွင့်၊ လွတ်ငြိမ်းချမ်းသာခွင့် ပေးသင့်သလဲ။

www.burmeseclassic.com

www.burmeseclassic.com




အမိန့်ချခဲ့တာပါ။ နှစ်မှုစလုံးဟာ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်နဲ့ အကျုံးဝင်ပါတယ်"

ဦးအောင်ထူးက ပြောလက်စစကားကို မဆက်သေးဘဲ ဖိုးဖြူစင်ကို အကဲခတ်နေခဲ့ပါတယ်။ ဖိုးဖြူ စင်က ဆက်ပြောပါဦးဆိုတဲ့ သဘောနဲ့ မေးငေါ့ပြလိုက်ပါတယ်။

"အဲဒီတော့ဆရာရယ် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ်ပြန်တဲ့ အချိန်မှာ ကျင်မောင်ဟာ ထောင်ကျ တစ်ဦးဖြစ်နေလို့ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အပိုဒ် (၉) အရ ထောင်အာဏာပိုင်က ပြစ်ဒဏ်တစ်ဝက်ကို လျှော့ပေးရမယ်လို့ပါတဲ့အတွက် ကျင်မောင်ဟာ ကျွန်တော်ချခဲ့တဲ့ ထောင်ဒဏ် (၇)နှစ်ကနေ (၃)နှစ် (၆)လ ဖြစ်သွားခဲ့ပြီး ပြစ်ဒဏ်ရဲ့တစ်ဝက်လျှော့ပေါ့ခံစားခွင့် ရသွားခဲ့ပြီ။ အခုချစ်ဆွေကျတော့ အမှုတူ၊ ပုဒ်မတူ၊ ထိုက်သင့်တဲ့ပြစ်ဒဏ်တူ၊ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်နဲ့ အကျုံးဝင်တာချင်းလည်း အတူတူ ဖြစ်ပါလျက်နဲ့ ကျင်မောင်ခံစားခွင့်ရသလို ချစ်ဆွေခံစားခွင့်မရဘူးမရှိဘူးဆိုရင် ဒါဟာ သင့်လျော်မျှတပါ့မလားလို့ ကျွန်တော် စဉ်းစားနေမိတာပါ"

ဦးအောင်ထူး နှိုင်းယှဉ်ပြောပြတဲ့ကိစ္စမျိုး အကြောင်းအရာမျိုးကို ဖိုးဖြူစင်လည်း တွေးခဲ့မိတာပါပဲ။ ဦးအောင်ထူးစဉ်းစားတွေးခေါ်တာ သဘာဝကျတယ်လို့လည်း သူသဘောတူလက်ခံပါတယ်။ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ရဲ့ ရည်ရွယ်ချက်နဲ့ အနှစ်သာရက ပြစ်ဒဏ်ကျခံနေရသူတွေ၊ ပြစ်ဒဏ်ကျခံရမယ့်သူတွေကို ပြစ်ဒဏ်လျှော့ပေါ့ပေးဖို့ ဖြစ်ပါတယ်။ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်နဲ့အကျုံးဝင်ကြသူချင်း အတူတူ ထောင်ထဲ အရင်ရောက်နေသူတွေကတော့ ပြစ်ဒဏ်တစ်ဝက်လျှော့ပေါ့ခံစားစေ၊ နောက်မှ ရောက်လာသူတွေကတော့ ခံစားခွင့်မရစေနဲ့ဆိုတဲ့ စေတနာ သဘောထားမျိုး၊ လူသတ်မှု မဟုတ်တဲ့ အမှုတွေမှာတော့ ခံစားခွင့်ရစေ၊ လူသတ်မှုကျရင်တော့ ခံစားခွင့် မရစေနဲ့ဆိုတဲ့ စေတနာ သဘောထားမျိုး၊ နိုင်ငံတော်အနေနဲ့ မရှိနိုင်သလို မရှိကောင်းဘူးလို့ ဖိုးဖြူစင်ယူဆ ယုံမှားသာမက ယုံကြည်နေပါတယ်။ အဲဒီလို ဖိုးဖြူစင်ကထပ်မံ ရှင်းပြတာကို ဦးအောင်ထူး သဘောကျ ကျေနပ်သွားတယ်ထင်ပါ



www.burmeseclassic.com



တယ်။

“ဒါဆို ဒီကိစ္စကို ကျွန်တော်တို့ ဘယ်လိုဆက်လုပ်ရမှာလဲဆရာ”

ဒီမေးခွန်းကိုတော့ ဖိုးဖြူစင်အချိန်ယူစဉ်းစားပြီးမှ ပြန်ဖြေခဲ့ပါတယ်။

“ခုတော့ ဘာမှလုပ်ဖို့မလိုသေးဘူးဗျ။ ကာယကံရှင်တွေက ကျွန်တော့်ကို ကြိုတင်ပြီးလာပြော ထားလို့ သိရတာပဲရှိသေးတယ်။ ထောင်အာဏာပိုင်တွေဘက်က တရားဝင်ဆက်သွယ်လာတာမရှိသေးဘူး။ အဲ ဆက်သွယ်လာတဲ့အခါကျရင် ဘာဆက်လုပ်သင့်တယ်ဆိုတာ ကြိုပြီး လေ့လာနေတာပါ။ တစ်ခုတော့ ရှိတယ်။ တရားဝင်ဆက်သွယ်လာရင် ခင်ဗျားအနေနဲ့ ဒီအမှုကို ခင်ဗျားဘယ်လိုအမြင်သဘောထားမျိုးနဲ့ ရည်ရွယ်ချက်မျိုးနဲ့ အမိန့်ချခဲ့တယ်။ ဘယ်လိုရည်ရွယ်ချက်နဲ့ မှတ်ချက်ရေးခဲ့တယ်ဆိုတာတွေကို ကျွန်တော့်ကို တရားဝင်အစီရင်ခံစာ ရေးဖို့လိုလိမ့်မယ်။ ကျွန်တော့်အနေနဲ့ ကိုယ့်လက်ထက်က ကိစ္စလည်း မဟုတ်၊ ကိုယ်စစ်ခဲ့တဲ့အမှုလည်း မဟုတ်တော့ စေ့စေ့စပ်စပ် လုပ်ရမယ်။ ကိုယ့်မှာတာဝန်မရှိဘူးဆိုပြီး ခေါင်းရှောင်နေလို့လည်း မဖြစ်ဘူးလေ။ ဒီကိစ္စဟာ သာမာန်သေးဖွဲ့တဲ့ရုံးကိစ္စမဟုတ်ဘူး။ နိုင်ငံသားတစ်ယောက် အနေနဲ့ ဥပဒေနဲ့အညီ ပေးထားတဲ့အခွင့်အရေးရနိုင်ခွင့် ရှိမရှိဆိုတာနဲ့ ပတ်သက်နေတဲ့ အရေးကြီးတဲ့ ကိစ္စ ဖြစ်တယ်”

“ကျွန်တော် သတိရပြီ၊ ကျွန်တော်အင်ကွာရီကိစ္စတွေ သွားစစ်နေရတုန်းက မိုးမခရွာကလူတွေ လာသွားတယ်ဆိုတာ ဒီကိစ္စပဲဖြစ်မယ်ထင်တယ်”

“ဟုတ်မှာပေါ့ အဲဒါဖြစ်နိုင်ပါတယ်”

“ဒါဆို ကျွန်တော် ဒီကိစ္စအတွက် ရုံးတွင်းမှတ်စုရေးပြီးတင်ပြထားရမလားဆရာ”

“မဟုတ်သေးဘူးဗျ ရုံးတွင်းမှတ်စုလောက်နဲ့ မလုံလောက်ဘူး။ ကျွန်တော်က သိချင်တာတွေ ကို တရားဝင်မေးမယ်။ ခင်ဗျားကလည်း တရားဝင်တင်ပြရမယ်။ ခုတော့ မလိုသေးပါဘူး။ ထောင်အာ ဏာပိုင်ဘက်က တရားဝင် ဆက်သွယ်လာမှ လုပ်ရမှာပါ။ ဩော် ဒါနဲ့မေးစရာတစ်ခု ကျန်သေးတယ်။ ဒီအမှုမှာ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ခင်ဗျားယူဆသလို ထောင်က တွက်ချက်လျှော့ပေါ့ပေးရမှာ မဟုတ်ဘဲ ခင်ဗျားက စီရင်ချက်ချကတည်းက တစ်ခါတည်း လွတ်ငြိမ်းချမ်းသာခွင့်ပါ တွက်ချက်ပြီး အမိန့်ချရမယ်ဆို ရင် ခင်ဗျား မောင်ချစ်ဆွေကို ဘယ်လိုအမိန့်ချမလဲ”

ဖိုးဖြူစင်ရဲ့မေးခွန်းကို ခေတ္တမျှအချိန်ယူ စဉ်းစားပြီး ဦးအောင်ထူးက ပြန်ဖြေပါတယ်။

“၃နှစ်နဲ့ ၆လ”

“ကောင်းပြီလေ ကြိုတင်ပြီးမေးကြည့်တာပါ။ တဲ အချိန်အတော်ကြာသွားပြီ သွားနိုင်ပါပြီဗျာ”

ဖိုးဖြူစင်က အစသတ်လိုက်ပါတယ်။ ဦးအောင်ထူးလည်း ထိုင်ရာကနေ ထပြီးထွက်ခဲ့ပါတယ်။ အခန်းဝရောက်ပြီးမှ ဦးအောင်ထူးက တစ်ခေါက်ပြန်လှည့်ဝင်လာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





"ခဏလေး ခွင့်ပြုပါဆရာ။ ဟို ဟို ကျွန်တော် လုပ်ခဲ့တာ တစ်ခုခုမှားနေတယ်လို့၊ ပြီးတော့ မောင်ချစ်ဆွေဟာ ပြစ်ဒဏ်လျှော့ပေါ့ခံစားခွင့် မရှိဘူးလို့ ဆရာထင်ပါသလားခင်ဗျာ"

"နိုး. . . .နိုး ကျွန်တော် ဒီလိုမထင်ပါဘူးဗျာ။ ခင်ဗျားအမှားတစ်ခုခုလုပ်ခဲ့တယ်လို့ မထင်သလို တကယ်လို့ လိုအပ်ချက် တစ်စုံတစ်ရာ ရှိနေတယ်ဆိုရင်တောင် ခင်ဗျားမှာ တာဝန်မရှိဘူးလို့ ထင်ပါတယ်။ ပြီးတော့ မောင်ချစ်ဆွေဆိုတဲ့ကလေးလည်း ပြစ်ဒဏ်လျှော့ပေါ့ခံစားခွင့် မရထိုက်ဘူးလို့ကျွန်တော် မထင်ပါဘူး"

"ဟုတ်၊ ကျေးဇူးပါ ခွင့်ပြုပါခင်ဗျာ"

စိတ်သက်သာရာ ရသွားဟန်နဲ့ လှည့်ထွက်သွားတဲ့ ဦးအောင်ထူးကို ငေးကြည့်ရင်း ဖိုးဖြူစင် စိတ်မှော လူမောဖြစ်ကာ ကျန်ရစ်ခဲ့ရပါတော့တယ်။

## ရှာပုံတော်

ဖိုးဖြူစင်ဟာ 'ဝင်စာ'လို့ ခေါင်းစီးရေးထားတဲ့ ဖိုင်အတွင်းက စာရွက်တစ်ရွက်ကို စူးစိုက်ကြည့်နေမိပါတယ်။ အကျဉ်းထောင်တာဝန်ခံအရာရှိ လက်မှတ်ရေးထိုးထားတဲ့ အဲဒီစာက သူ့ထံလိပ်မူထားပါတယ်။ ရာဇဝတ်အမှုအမှတ် ၂၇၇/၇၉ ပုဒ်မ ၃၀၂ (၂)အရ ထောင်ဒဏ် (၇)နှစ်ကျ ဝရမ်းကို ရည်ညွှန်းပြီး တရားခံချစ်ဆွေ (ဘ) ဦးရှိန်၏အပြစ်ကျ ဝရမ်းပေါ်မှ နိုင်ငံတော်ကြေညာချက် ၂/၈၀နှင့်ပတ်သက်သည့် ခံစားခွင့်ကိစ္စကို အကြောင်းအရာအဖြစ် ဖော်ပြထားပါတယ်။

ဝင်စာဖိုင်ရဲ့ဘေးမှာ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အမှတ် ၂/၈၀၊ ၄င်းအမိန့်နှင့် စပ်ဆိုင်သည့် ညွှန်ကြားချက်များလို့ ရေးထားတဲ့ ဖိုင်တစ်ခုရှိနေပြီး ရာဇဝတ်အမှုအမှတ် ၂၇၇/ ၇၉ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ချစ်ဆွေလို့ ရေးထားတဲ့ အမှုတွဲကလည်း အတူရှိနေခဲ့ပါတယ်။ ဖိုးဖြူစင်ရဲ့ ညွှန်ကြားချက်အရ တရားခွင်စာရေး မောင်သက်ဇင်နဲ့ လက်နှိပ်စက်စာရေး မောင်ကျော်ကျော်တို့အသင့် စုစည်းပေးထားတာတွေပေါ့။

www.burmeseclassic.com

www.burmeseclassic.com




ထောင်တာဝန်ခံ အရာရှိရဲ့စာမှာ ထောင်ပို့ဝရမ်းမှာ တရားခံဟာ အမိန့်အမှတ် ၂/၈၀ အရ အကျိုး ခံစားခွင့်ရှိတယ်လို့ ဖော်ပြထားပါတယ်တဲ့။ အဲဒီမှတ်ချက်အရ အကျဉ်းသားရဲ့ပြစ်ဒဏ် (၇)နှစ်ကို အကျဉ်း ထောင်က တစ်ဝက်လျှော့ပေးရမှာ ဖြစ်ပေမယ့် အမိန့်အမှတ် ၂/၈၀မှာ လူသတ်မှုကို (၁၀)နှစ် ထက်ပိုပြီး ကျခံခြင်း မရှိစေရလို့ပါတဲ့အတွက် အကျဉ်းထောင်အနေနဲ့ အဲဒီအကျဉ်းသားရဲ့ အပြစ်ဒဏ် ကာလကို လျှော့ပေါ့ပေးရန် အခက်အခဲရှိနေပါတယ်တဲ့။

BURMESE CLASSIC .com

ဆက်လက်ဖော်ပြရာမှာ တရားရုံးအနေနဲ့ အဲဒီအကျဉ်းသားရဲ့ အပြစ်ဒဏ်ကာလမှ အမိန့်အမှတ် ၂/ ၈၀အရ တစ်ဝက်ထပ်မံလျှော့ချစေလို၍ မှတ်ချက်ရေးသွင်းခြင်း ဟုတ်-မဟုတ်၊ ဟုတ်မှန်ပါက အဲဒီ အကျဉ်းသားအတွက် အမှန်တကယ် ကျခံစေထိုက်တဲ့ ပြစ်ဒဏ်ကာလကို ဖော်ပြပြီး မှတ်ချက်မှာ အမိန့် အမှတ် ၂/၈၀ အရ ထည့်သွင်းစဉ်းစားပြီး အပြစ်ဒဏ်ချမှတ်ကြောင်း ထည့်သွင်းရေးသားပေးစေလိုပါ တယ်လို့ ဖော်ပြထားတဲ့အပြင် အဲဒီလို မှတ်ချက်ရေးသွင်းနိုင်စေဖို့အတွက် အကျဉ်းသားရဲ့ အပြစ်ကျ ဝရမ်းမိတ္တူကို ပြန်လည်ပေးပို့ပါကြောင်းနဲ့ ဖြည့်စွက်ပြီး ပါကလည်း အကျဉ်းထောင်သို့ ဆောလျင်စွာ ပြန်လည်ပေးပို့ပါရန် မေတ္တာရပ်ခံပါတယ်လို့ ဆိုထားပါတယ်။

ဖိုးဖြူစင်ဟာ နိုင်ငံတော်က ထုတ်ပြန်ခဲ့တဲ့ လွတ်ငြိမ်းချမ်းသာခွင့်၊ လွတ်ငြိမ်းချမ်းသာခွင့် အမိန့် နဲ့ စပ်လျဉ်းပြီး တရားရုံးချုပ်က ထုတ်ပြန်ခဲ့တဲ့ ညွှန်ကြားချက်နှစ်စောင်ကို အပြန်ပြန်အလှန်လှန် ဖတ်ရှုလေ့ လာခဲ့တဲ့အပြင် မောင်ချစ်ဆွေရဲ့ အမှုတွဲကိုလည်း အသေးစိတ်လေ့လာခဲ့ပါတယ်။ အဲဒီနည်းတူပဲ ထောင် တာဝန်ခံအရာရှိဟာ သူ့ထံပေးပို့လာတဲ့ တရားဝင်အကြောင်းကြားစာကိုလည်း ဂရုတစိုက်ဖတ်ပါ တယ်။

ထောင်တာဝန်ခံအရာရှိရဲ့စာမှာ ဦးအောင်ထူးရေးခဲ့ မှတ်ချက်တွေအရ ထောင်က မောင်ချစ်ဆွေ ရဲ့ ပြစ်ဒဏ်ကို တစ်ဝက်လျှော့ပေါ့ပေးရမယ့်အချက်ကို သဘောပေါက်ကြောင်း ပေါ်လွင်ပါတယ်။ ဒါပေမယ့် အဲဒီလိုမောင်ချစ်ဆွေရဲ့ ခံစားခွင့်ကို ဆောင်ရွက်ပေးဖို့အတွက် သူ့ဘက်မှာ အခက်အခဲရှိတယ်လို့ ဆိုပါ တယ်။ အဲဒါကတော့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်မှာ လူသတ်မှုဆိုလျှင် ထောင်ဒဏ် (၁၀)နှစ်ထက်ပို၍ ကျခံခြင်း မရှိစေရလို့ဖော်ပြ ထားပြီး ချမှတ်ထားတဲ့ ပြစ် ဒဏ်က (၇)နှစ်ဖြစ်တော့ (၁၀) နှစ်ထက် မပိုတဲ့ အတွက် ပြစ်ဒဏ် ထပ်မံ လျှော့ပေါ့ပေးဖို့ အခက်အခဲ ရှိတယ်ဆိုတာပဲ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ချစ်ဆွေကို ချမှတ်ထားတဲ့ပြစ်ဒဏ် (၇)နှစ်ဟာ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရပေးထားတဲ့ ခံစားခွင့်ကိုရရှိပြီး ဖြစ်တယ်လို့ ထောင်တာဝန်ခံဘက်၊ ယူဆပြီး ဦးအောင်ထူးကတော့ မောင်ချစ်ဆွေအပေါ် သူချမှတ်ခဲ့တဲ့ ပြစ်ဒဏ်ဟာထိုက်သင့်တဲ့ ပြစ်ဒဏ်သာဖြစ်ပြီး လွတ်ငြိမ်းချမ်းသာခွင့်အကျိုးခံစားခွင့် မပေးရသေးဘူး။ ဒါကြောင့် လွတ်ငြိမ်းချမ်းသာခွင့် အကျိုးခံစားခွင့်ကို ထောင်ကိုရောက်တဲ့အခါကျတော့မှ ထောင်အာဏာပိုင်များက လျှော့ပေါ့သတ်မှတ်ပေးရမယ်လို့ သဘောထားခဲ့ပါတယ်။ ဒီအယူအဆကွဲလွဲကြမှုအပေါ် မူတည်ပြီးမောင်ချစ်ဆွေရဲ့ လွတ်ငြိမ်းချမ်းသာခွင့် ကိစ္စ ပေါ်ပေါက်လာရတာ ဖြစ်တယ်လို့ ဖိုးဖြူစင် ယူဆခဲ့ပါတယ်။

ထောင်တာဝန်ခံ အရာရှိရဲ့ ရှုမြင်သုံးသပ်ချက်ကို မှားယွင်းတယ်လို့ ဖိုးဖြူစင် ကောက်ချက်မချခဲ့ပါဘူး။ ဒါပေမယ့် အမှုကို လက်တွေ့စစ်ဆေးစီရင် အမိန့်ချခဲ့တဲ့ တရားသူကြီး ဦးအောင်ထူးရဲ့ ရိုး ရှင်းတဲ့သဘောထား အမြင်နဲ့ နိုင်းယှဉ်တင်ပြချက်များအရ မောင်ချစ်ဆွေဟာ ချမှတ်ခံထားရတဲ့ ပြစ်ဒဏ် မှ လွတ်ငြိမ်းချမ်းသာခွင့် အကျိုးခံစားခွင့် ရရှိသင့်တယ်လို့ ဖိုးဖြူစင် သဘောထားခဲ့ပါတယ်။



ထောင်တာဝန်ခံအရာရှိရဲ့စာအရ သူ့ဘက်က ဆောင်ရွက်ပေးရမယ့်ကိစ္စမှာ အခက်အခဲရှိတာကို ဖော်ပြခဲ့ပေမယ့်တကယ်လို့မောင်ချစ်ဆွေဟာ ဥပဒေနဲ့ အညီခံစားခွင့် ရရှိထိုက်မယ်ဆိုရင် ရရှိ ခံစားစေလိုတဲ့ စေတနာမျိုး သဘောထားမျိုးရှိတယ်လို့ ယူဆနိုင်ပါတယ်။ ဒါကြောင့်လည်း သူ့အား မူလတရားရုံးရဲ့ သဘောထားကို တရားဝင် ဆက်သွယ်တောင်းခံခဲ့တာ ဖြစ်တယ်လို့ ကောက်ယူနိုင်ပါတယ်။

ထောင်တာဝန်ခံအရာရှိက မေးမြန်းခဲ့တဲ့ မူလရုံးရဲ့ အမြင်သဘောထားကိုရှင်းလင်းတိကျစွာ အကြောင်းပြန်ကြားရမယ့်ကိစ္စမှာ အခက်အခဲမရှိခဲ့ပေမယ့် အပြစ်ကျဝရမ်းမှာ ပြစ်ဒဏ်ကာလကို ပြင်ဆင် ရေးသားဖို့ မှတ်ချက်ကို ပြင်ဆင်ရေးသားပေးဖို့ဆိုတဲ့ အချက်နဲ့ ပတ်သက်လို့ ဖိုးဖြူစင်အနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



အလေးအနက် ဆင်ခြင်သုံးသပ်စရာအကြောင်း ပေါ်ပေါက်ခဲ့ရပါတယ်။

မောင်ချစ်ဆွေကို ပြစ်ဒဏ်ချမှတ်ခဲ့တဲ့ အချိန်က ချမှတ်ခဲ့တဲ့ အမိန့်နဲ့ရေးသားခဲ့တဲ့မှတ်ချက်တွေဟာ တရားရုံးချုပ်ရဲ့ ပထမအကြိမ် ညွှန်ကြားချက်အတည်ဖြစ်နေချိန် ဖြစ်ပြီး အဲဒီတရားဝင်ညွှန်ကြားချက်နဲ့အညီ မူလရုံးက ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ပထမညွှန်ကြားချက်ကို ပယ်ဖျက်ပြီး တရားရုံးချုပ်က ဒုတိယညွှန်ကြားချက်ထုတ်ခဲ့ပြီး နောက်ပိုင်းမှာ မူလညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခဲ့တာကို ဒုတိယညွှန်ကြားချက်ပါ အချက်များအရ ပြင်ဆင်ဆောင်ရွက်ပေးဖို့ဆိုတာ သင့်လျော်မှန်ကန်မှုရှိမှာ မဟုတ်ဘူးလို့ ဖိုးဖြူစင်တွေးခဲ့မိပါတယ်။ မူလရုံးဘက်မှာ အမှားအယွင်း တစ်စုံတစ်ရာ မရှိခဲ့တဲ့အပြင် တကယ်လို့ အမှားတစ်စုံတစ်ရာ ရှိခဲ့ရင်တောင် ကိုယ်ချခဲ့တဲ့အမိန့်ကို ကိုယ်ပြန်မပြင်သင့်ဘူးလို့ ထင်ခဲ့ပါတယ်။

တရားရုံးများကို အပ်နှင်းထားတဲ့ စီရင်ပိုင်ခွင့်နဲ့ လိုက်နာရမြဲဖြစ်တဲ့ ကျင့်ထုံးကျင့်နည်းတွေအရ မူလရုံးက ချမှတ်ခဲ့တဲ့အမိန့်ကို အဲဒီရုံးကပဲပြန်ပြီး ပြင်ဆင်ချမှတ်တာမျိုး မဖြစ်သင့်ဘူးလို့လည်း ဖိုးဖြူစင် တွေးခဲ့မိပါတယ်။ တကယ်လို့ မူလရုံးရဲ့အမိန့်ကို ပြန်လည်ပြင်ဆင်ဖို့ဆိုရင် အဆင့်မြင့်တဲ့ အထက်တရား ရုံးကသာ ပြင်ဆင်ရမှာ ဖြစ်တယ်လို့ ဖိုးဖြူစင် သိမှတ်ထားခဲ့တာ ဖြစ်ပါတယ်။ မောင်ချစ်ဆွေရဲ့ ကိစ္စမှာ မူလရုံးအနေနဲ့ ထောင်တာဝန်ခံအရာရှိက သိရှိလိုတဲ့အချက်ကို တရားဝင်၊ တာဝန်ခံပြန်ကြားပေးခဲ့မယ်ဆိုရင် ဒီအချက်ကို ရည်ညွှန်းပြီး မောင်ချစ်ဆွေရဲ့ခံစားခွင့်ကိစ္စကို ဆောင်ရွက်ဖို့ပေး အခက်အခဲမရှိနိုင်တော့ဘူးလို့လည်း ဖိုးဖြူစင် တွေးခဲ့မိပါတယ်။

BURMESE CLASSIC .com

"ဆရာ ဧည့်သည်တွေ ရောက်နေပါတယ်"

ရုံးအကူ မောင်သောင်းရဲ့ စကားသံကြောင့် ဖိုးဖြူစင်အတွေးရပ်သွားပါတယ်။

"ဘယ်သူတွေလဲဘာကိစ္စလို့ ပြောလဲ"

"ဆားမလောက်က ကိုကျော်ဝင်းတို့ပါ။ ဘာကိစ္စလို့တော့ မပြောဘူး။ ချစ်ဆွေကိစ္စလို့ ထင်ပါတယ်"

"ကောင်းပြီလေ လွှတ်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



မောင်သောင်း ပြန်ထွက်သွားပြီး မကြာခင် ကိုကျော်ဝင်းနဲ့ ကိုပန်ကြီးတို့ ဝင်လာကြပါတယ်။ ဖိုးဖြူစင်က နှုတ်ဆက်ပြီး ထိုင်ကြဖို့ ညွှန်ပြလိုက်ပေမယ့် ကိုကျော်ဝင်းက မထိုင်ရသေးမီ အလျင်စလို ပြောလာပါတယ်။

"အစ်ကို ထောင်ပို့ဝရမ်းရောက်လာပြီလား"

BURMESE CLASSIC .com

"ထောင်ပိုင်ကြီးက ပို့လိုက်ပြီ ပြောပါတယ်။ ဆရာကြီးဆီက ဝရမ်းပြန်ရောက်ရင် သူလုပ်ပေးစမယ်လို့ ပြောပါတယ်"

စိတ်အားထက်ထက်သန်သန် ပြောနေကြတဲ့ ကိုကျော်ဝင်းနဲ့ ကိုပန်ကြီးတို့ကို ဖိုးဖြူစင် ငေးကြည့်နေခဲ့မိပါတယ်။

"သူတို့မနေ့က ထောင်ဝင်စာတွေ့ပြီး ပြန်လာခဲ့ကြတာ၊ ထောင်ပိုင်ကြီးက အစ်ကို့ရုံးကိုဝရမ်းပြန်ပို့လိုက်ပြီပြောလို့ လာမေးကြတာပါ"

ကိုကျော်ဝင်းက သူတို့လာရတဲ့အကြောင်းရင်းကို ထပ်ရှင်းပြပါတယ်။

"ရောက်ပြီကိုကျော်ဝင်းရေ ဟောဒီစားပွဲပေါ်က ဖိုင်တွေ စာရွက်စာတန်းတွေအားလုံးဟာ မောင်ချစ်ဆွေကိစ္စနဲ့ ပတ်သက်တာတွေချည်းပါပဲ။ အမှုက ကိုယ့်လက်ထက်မတိုင်မီက ဖြစ်ခဲ့တဲ့အမှုဆိုတော့ ပြည့်ပြည့်စုံစုံ ပြန်ဖတ်နေရတယ်"

ကိုကျော်ဝင်းနဲ့ ကိုပန်ကြီးတို့ဟာ ထောင်ပို့ဝရမ်းပြန်ပို့လိုက်တာ ရောက်နေပြီဆိုတာ သိလိုက်ရလို့ အတော်လေး စိတ်သက်သာသွားပုံရသွားကြပါတယ်။

"မောင်ချစ်ဆွေကို ပြစ်ဒဏ်ကနေ လျှော့ပေါ့ပေးရမယ်ဆိုတဲ့အချက်ကို ထောင်က လက်ခံပါတယ်။ လုပ်ထုံးလုပ်နည်းအရ အခက်အခဲဖြစ်နေလို့ ထောင်ပို့ဝရမ်းကိုပြန်ပြင်ခိုင်းတာပါ။ မောင်ချစ်ဆွေအနေနဲ့ ရသင့်ရထိုက်တဲ့အကျိုးခံစားခွင့်ကို ရမှာပါ"

ဖိုးဖြူစင်က ကိုကျော်ဝင်းတို့ သဘောပေါက်အောင် အေးအေးဆေးဆေး ရှင်းပြပါတယ်။

"ချစ်ဆွေအနေနဲ့ ခံစားခွင့်ရှိတယ်၊ ခံစားခွင့်ရမယ်လို့ အစ်ကိုကိုယ်တိုင်ယုံကြည်ထားတယ်ဆိုတော့ ဝရမ်းကိုပြန်ပြင်ပြီး အမြန်ပြန်ပို့ပေးဖို့ပဲလိုတော့တာပေါ့နော်"

"ဟုတ်ပါတယ်ဆရာကြီးရယ်။ ဆရာကြီးကသာ ဝရမ်းကိုပြန်ပြန်ပြီးရင် ကျွန်တော်တို့ကိုယ်တိုင်ယူသွားပြီး အမြန်ဆုံးရောက်အောင် ပို့ပေးပါမယ်"

ကိုကျော်ဝင်းရော ကိုပန်ကြီးပါ ဝရမ်းကို ပြန်ပို့ဖို့ကိစ္စအတွက် အလွန်စိတ်စောနေကြတာကို ဖိုးဖြူစင်သဘောပေါက်နားလည်နိုင်ပါတယ်။ ဒါကြောင့်လည်း သူတို့ကိုစိတ်ရှည်လက်ရှည်နဲ့ နှစ်သိမ့်ဖျောင်းဖျရပါတယ်။

"ဒီကိစ္စအတွက် မောင်ရင်တို့ဘယ်လောက် စိတ်မောနေတယ်၊ ပူပင်နေကြတယ်ဆိုတာ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



နားလည်ပါတယ်။ တရားစီရင်ရေးနဲ့ ပတ်သက်တဲ့ကိစ္စတွေဟာ တခြားဌာနဆိုင်ရာ ကိစ္စတွေက တချို့လုပ်ငန်းတွေလို အလျင်စလို ဆူလွယ်နပ်လွယ် လုပ်လို့မရပါဘူး။ လိုက်နာရမယ့် လုပ်ထုံးလုပ်နည်းတွေက များသလိုလေးနက်လှပါတယ်။ အခုကိစ္စမှာ မောင်ချစ်ဆွေရ သင့်ရထိုက်တဲ့ အခွင့်အရေးရမှာပါ။ စိတ်ချပါ။ ဒါပေမယ့် သိပ်အလောတကြီးလုပ်ရင် မှားတတ်ပါတယ်။ ဒီကိစ္စကို ကိုယ်အမြန်ဆုံး စီစဉ်ဆောင်ရွက်မှာပါ။ ဒီလိုစာမျိုးကို ကာယကံရှင်လက်ထဲ တိုက်ရိုက်ထည့်ပေးတာမျိုးလုပ်လို့မရပါဘူး။ သင့်လည်းမသင့်တော်ပါဘူး။ အဲဒီတော့ အခုထက် နည်းနည်းပိုပြီး စိတ်ရှည်သည်းခံပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်။

ဖိုးဖြူစင်စိတ်ရှည်ရှည်ထားပြီး ရှင်းပြတာကို ကိုကျော်ဝင်းတို့ ဂရုတစိုက် နားထောင်ခဲ့ကြပါတယ်။

"ကျွန်တော်လည်း အစ်ကို့စိတ်ဓာတ်ကိုရော သဘောထားကိုပါ သိတဲ့အပြင် ညီအစ်ကိုအရင်းအချာတွေလို ဖြစ်နေလို့သာ ပြောရတာပါ။ တခြားတရားသူကြီးတစ်ဦးဦးဆိုရင်တော့လည်း အခုလို ပြောဖြစ်မှာမဟုတ်ပါဘူး"

"ဟုတ်ပါတယ်ဆရာကြီးရယ်၊ ပြောမှားဆိုမှားဖြစ်နေရင် တောင်းပန်ပါတယ်။ ကျွန်တော်တို့မှာက တစ်ရက်စောပြီးရင် တစ်ရက်စိတ်အေးရမှာပါ။ အထူးသဖြင့် အဘိုးကြီးအဘွားကြီးတွေဆိုရင် ဒီကိစ္စအတွက် ရင်တဖိုဖိုနဲ့ မအိပ်နိုင်မစားနိုင်ဖြစ်နေကြရှာတာပါ"



ဖိုးဖြူစင်က သူတို့စကားကို အလေးအနက်နားထောင်ပြီး သူတို့တတွေ စိတ်စောနေကြတာကို ကြိုးစားပြီး နှစ်သိမ့်ခဲ့ရပါတယ်။ သူကိုယ်တိုင်လည်း ဒီကိစ္စအတွက် စိတ်စောနေခဲ့ရုံမက စိတ်မောနေခဲ့ရတာပါပဲ။


• ဝိုးတဝါးအိပ်မက်လေလား

"ကျွန်တော် သိပ်နားမလည်လို့ပါနော်။ ဒီအတိုင်းဆိုရင်ထောင်ပိုင်က လုပ်ပေးပါ့မလား

www.burmeseclassic.com

www.burmeseclassic.com





မသိဘူး။ သူက ထောင်ပို့ဝရမ်းကို ပြန်ပြင်ရေးပြီး ပြန်ပို့ခိုင်းထားတာဆိုတော့....''

ဖိုးဖြူစင်ရဲ့စာကို ဖတ်ပြီးတဲ့အခါမှာ ကိုပန်ကြီးက မဝံ့မရဲ ပြောလာပါတယ်။

''ဟုတ်တယ်အစ်ကို၊ ဒီအတိုင်းဆို ရှာလည်နေတော့မယ် ထင်တာပါပဲ။ ဒီပုံနဲ့တော့ မိုးကြီးချုပ်လို့တောင်မှ အိမ်ပြန်ရောက်ပါတော့မလား ဆိုတာမျိုး ဖြစ်နေမလားမသိဘူး''

ကိုကျော်ဝင်းက အားမလိုအားမရဝင်ပြောပါတယ်။ သူတို့စိတ်အားထက်သန်မျှော်လင့်ထားတာမျိုး ဖြစ်မလာလို့ စိတ်ဓာတ်ကျသွားကြပုံရပါသည်။

''ကိုကျော်ဝင်းတို့လည်း ကိုယ့်စာကိုဖတ်ပြီးကြပြီပဲ။ ဒီစာထဲမှာ တရားရုံးက ဒီအမှုကိုဘယ်လိုဘယ်ပုံဆောင်ရွက်ခဲ့တယ်ဆိုတာ ဂဃနဏရှင်းပြထားပါတယ်။ အထူးသဖြင့် မောင်ချစ်ဆွေဟာ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ ချမှတ်ထားတဲ့ ပြစ်ဒဏ်ကနေ လျှော့ပေါ့ခံစားခွင့်ရှိတယ်။ တရားရုံးက အမိန့်ချခဲ့စဉ်က လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ထည့်သွင်းစဉ်းစားဆုံးဖြတ်ခဲ့ခြင်း မဟုတ်ဘူး။ မောင်ချစ်ဆွေ ရထိုက်တဲ့ ခံစားခွင့်ကို အကျဉ်းထောင်က ဆက်လက်လျှော့ပေါ့ပေးဖို့ သဘောထားကို စီရင်ချက်အမိန့်မှာ ဖော်ပြထားတဲ့အပြင် ထောင်ပို့ဝရမ်းမှာလည်း ဒီသဘောထားအတိုင်း မှတ်ချက်ကို တိတိကျကျ ရေးသားပါတယ်လို့ မူလရုံးရဲ့သဘောထားကို သူမေးထားတဲ့အတိုင်း ပြန်ရှင်းပြထားပါတယ်။ အဲဒီအပိုဒ်မှာ ရေးထားတာကို ကြည့်ပါ။ ''တရားခံချစ်ဆွေအား ချမှတ်ထားသည့် ထောင်ဒဏ် ၇ နှစ် ပြစ်ဒဏ်သည် ထိုက်သင့်သော ပြစ်ဒဏ်ကိုချမှတ်ခဲ့ခြင်း ဖြစ်ပြီး၊ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ပါ ခံစားခွင့်များကို အမိန့်ချမှတ်ခဲ့စဉ်က ထည့်သွင်းထုတ်နုတ်ထားခြင်းမရှိဘဲ၊ သက်ဆိုင်ရာအကျဉ်းထောင်အနေဖြင့် ဆက်လက်ထုတ်နုတ်လျှော့ပေါ့ ခံစားခွင့်ပြုရန် ရည်ရွယ်သတ်မှတ်၍ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အမှတ် ၂/၈၀ အကျိုးခံစားခွင့်ကို ရရှိစေရမည်ဟု မှတ်ချက်ရေးခဲ့ခြင်း ဖြစ်ပါသည်'' လို့ အတိအကျတာဝန်ယူ ဖော်ပြထားပါတယ်။ ဒါကြောင့် တရားရုံးချုပ်ရဲ့ ပထမညွှန်ကြားချက်အရ ပြစ်ဒဏ်လျှော့ပေါ့ပေးရမည့် ကိစ္စကို အကျဉ်းထောင်အနေနဲ့ ဆက်လက်ဆောင်ရွက်ပေးပါလို့လည်း ရေးထားပါတယ်။ မူလတရားရုံးဘက်က ဒီ လောက် တာဝန်ခံထားရင် အကျဉ်းထောင်အနေနဲ့ ဆောင်ရွက်မပေးနိုင်စရာအကြောင်း ရှိမှာမဟုတ်တော့ပါဘူး''

ဖိုးဖြူစင်က သူ့ရဲ့စာထဲမှာ ပါတဲ့စာပိုဒ်တချို့ကို ကောက်နုတ်ဖော်ပြပြီး ကိုကျော်ဝင်းတို့နားလည်သဘောပေါက်အောင် တတ်နိုင်သ၍ ကြိုးစားပြီး ရှင်းပြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



“အစ်ကိုရေးထားတာ ရှင်းပါတယ်။ ကောင်းလည်းကောင်းပါတယ်။ ဒါပေမယ့်သူတို့က ဒီဝရမ်းကို ပြင်ရေးပေးမှ လုပ်ပေးမယ့်သဘော ဖြစ်နေတော့”

ကိုကျော်ဝင်းက စကားကိုဆုံးအောင် မပြောဘဲ ရပ်ထားလိုက်ပါတယ်။ ဒါနဲ့ပဲ ဖိုးဖြူစင်လည်း စိတ်မကောင်းစွာနဲ့ပဲ စိတ်ရှည်သည်းခံပြီး အခြေအနေကိုစောင့်ကြည့်ဖို့နဲ့လိုအပ်လာရင် သူကိုယ်တိုင် သက်ဆိုင်ရာအဖွဲ့အစည်းတွေဆီလိုက်ပါ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးမယ့်အကြောင်း ပြောပြီး ပြန်လွှတ်လိုက်ရပါတယ်။

သူတို့ထွက်သွားကြတော့ အကျဉ်းထောင်တာဝန်ခံ အရာရှိထံလိပ်မူပြီ သူပို့ခဲ့တဲ့စာကို ပြန်ဖတ်ကြည့်နေခဲ့မိပါတယ်။ သူ့ဘက်ကတော့ မှန်တယ်ရှင်းတယ်လို့ ယူဆခဲ့ပါတယ်။ စာထဲမှာတရားရုံးချုပ်ရဲ့ ညွှန်ကြားစာများကို အသေးစိတ်ရှင်းပြခဲ့ပါတယ်။ မောင်ချစ်ဆွေဟာ ချမှတ်ထားတဲ့ ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ သတ်မှတ်ထားတဲ့ အကျိုးခံစားခွင့်များကို ခံစားခွင့်ရထိုက်ကြောင်း တာဝန်ယူဖော်ပြထားခဲ့ပါတယ်။ တစ်ခုတော့ ရှိတာပေါ့လေ။ ထောင်တာဝန်ခံအရာရှိတောင်းဆိုခဲ့သလို ထောင်ပို့ဝရမ်းကို ပြန်လည်ပြင်ဆင်ရေးသားဖို့ဆိုတာကတော့ မလိုအပ် မဖြစ်သင့်လို့ပြင်ဆင် ဖြည့်စွက်ခြင်း မပြုနိုင်ကြောင်း၊ အဲဒီလိုပြင်ဆင်ပေးခြင်း မပြုနိုင်ပေမယ့် မောင်ချစ်ဆွေရဲ့ ဥပဒေနဲ့အညီ ခံစားပိုင်ခွင့်ကို တရားရုံးချုပ်ရဲ့ ပထမညွှန်ကြားချက်နဲ့အညီ အကျဉ်းထောင်အနေနဲ့ တာဝန်ယူစီစဉ်ဆောင်ရွက်ပေးဖို့ဖြစ်ကြောင်း ရေးထားတာဖြစ်ပါတယ်။ ဒါကတော့ ထောင်တာဝန်ခံအရာရှိရဲ့ ဆက်သွယ်အကြောင်းကြားလာမှုအပေါ်ဖိုးဖြူစင်ရဲ့ ပြန်ကြားချက် ဖြစ်ပါတယ်။

BURMESE CLASSIC .com

## တစ်ဆင့်တက်သော်

သက်ဆိုင်ရာ အကျဉ်းထောင်အနေနဲ့ ဖိုးဖြူစင်ရဲ့စာအရ မောင်ချစ်ဆွေရဲ့ကိစ္စကို ဆောင်ရွက်ပေးတန်ကောင်းရဲ့လို့ မျှော်လင့်ခဲ့ပေမယ့် မျှော်လင့်သလို ဖြစ်မလာခဲ့ပါဘူး။ တစ်စုံတစ်ရာအကြောင်းပြန်ကြားဆက်သွယ်မှု မပြုခဲ့သလို ထူးခြားမှုလည်း ရှိမလာခဲ့ပါဘူး။ ကိုကျော်ဝင်းတို့လည်း အားနာလို့ပဲလား စိတ် ဓာတ်ကျသွားလို့ပဲလားမသိ၊ ရုံးကိုအလာကျဲသွားပါတော့သည်။ ကိုပန်ကြီးကတော့ တစ်ခါတရံ လာပေမယ့် အကြောင်းမထူးသေးဘူးဆိုတဲ့ သတင်းစကားနဲ့သာ ပြန်သွားရလေ့ရှိပါတယ်။

(၆)လလောက်ကြာတဲ့အထိ မောင်ချစ်ဆွေရဲ့ ကိစ္စဟာ ထူးခြားမှုတစ်စုံတစ်ရာရှိမလာသေးတဲ့ အတွက် ဖိုးဖြူစင်က နှိုးဆော်စာ နှစ်ကြိမ်လောက်ထပ်ပို့ခဲ့ပါသေးတယ်။ အဲဒီလိုနှိုးဆော်စာတွေထုတ်ခဲ့တာကို ကိုပန် ကြီးကို ပြခဲ့ပေမယ့် ကိုပန်ကြီးကတော့ သိပ်ပြီးမျှော်လင့်ချက်မထားတော့သလို ဖြစ်လာပါတယ်။

အဲဒီကာလမှာပဲ ဖိုးဖြူစင်တစ်ယောက် သင်တန်းတွေ၊ အစည်းအဝေးတွေ၊ နှီးနှောဖလှယ်ပွဲတွေ

www.burmeseclassic.com

www.burmeseclassic.com



ရှုံး စစ်ကိစ္စတွေနဲ့လုံးထွေးနေခဲ့ရလို့ မောင်ချစ်ဆွေ ကိစ္စနဲ့ အဆက်ပြတ်နေခဲ့ရသလို ကိုကျော်ဝင်းတို့ ကိုပန် ကြီးတို့နဲ့လည်း မတွေ့ရတော့သလောက်ဖြစ်နေခဲ့ရပါတယ်။ ဒီလိုနဲ့ ရုံးမှာ အချိန်ယူပြီး ပြန်နေနိုင်တဲ့ အခါ မောင်ချစ်ဆွေကိစ္စ သီးခြားဖွင့်ထားတဲ့ ဖိုင်ကို ပြန်ကြည့်ခဲ့မိပါတယ်။ ပြန်ပြီး စိစစ်ကြည့်လိုက်တဲ့ အခါ မှာ အတော်တုန်လှုပ်သွားခဲ့ရပါတယ်။ ကြည့်စမ်း မောင်ချစ်ဆွေရဲ့ကိစ္စ တစ်စုံတစ်ရာ အကြောင်းထူး ဘဲ ဆိုင်းငံ့အဆင့်နဲ့ ငုပ်လျှိုးနေခဲ့တာ တစ်နှစ်ခွဲလောက်တောင် ရှိခဲ့ပြီပဲ။ မောင်ချစ်ဆွေ ပြစ်ဒဏ်ခံနေရတဲ့ ကာလဟာ (၃)နှစ်နီးပါးတောင် ရှိနေပြီ။ စီရင်ချက်မချမီ အချုပ်ခံထားရတဲ့ ကာလ၊ ထောင်ထဲရောက် တဲ့အခါ ရလေ့ရှိတဲ့ လျှော့ရက်တွေ ကျရက်တွေပါ ထည့်တွက်ရင် လွတ်သင့်တဲ့ကာလကိုတောင် ရောက်နေခဲ့ပြီပဲ။

မြတ်နီ

BURMESE CLASSIC .com

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့်
မှုခင်းများလျော့နည်းကျဆင်းရေးအတွက်

ရှိလေးဆောင်
မဂ္ဂဇင်း

ဖြစ်ရပ်မှန် အယ်ဒီတာအဖွဲ့

24 Hour Hotline 09 5196331, 09 49282620
အမှတ် (၁၈၉)၊ ဒုတိယထပ်၊ ၃၄ လမ်းအထက်၊
ကျောက်တံတားမြို့နယ်။
E-mail: true.megazine@gmail.com

www.burmeseclassic.com

www.burmeseclassic.com



# အဓမ္မမှု ကာကွယ်နည်းလမ်းညွှန်



➢ အဓမ္မမှုအများအပြားမှာ အဓမ္မအကျင့်ခံရသူ၏နေအိမ်တွင် ကျူးလွန်ခံခဲ့ရခြင်းဖြစ်သည်။ မည်သူမည်ဝါမသိတဲ အိမ်အတွင်းသို့ ဝင်ခွင့်မပေးသင့်။ တံခါးကိုဖွင့်မပေးမီ မည်သူမည်ဝါ ဖြစ်ကြောင်းသိပါစေ။ ဧည့်သည် သည်မည်သူမည်ဝါဖြစ်ကြောင်း ထင်ထင်ရှားရှားရှိပါစေ ။

➢ ဆယ်ကျော်သက်ကျောင်းသူကလေးများကို အဓမ္မမုဒိမ်းမှုကာကွယ်နည်းလမ်းညွှန်များ စနစ်တကျ သင်ကြားပေးထားသင့်သည်။ မိဘကြီးကြပ်ကွပ်ကဲမှု မရှိဘဲ မိမိသမီးပျိုအား နေအိမ်တွင် ယောက်ျားကလေးအပေါင်းအသင်းများ ဧည့်ခံခြင်းမပြုစေသင့်။ မျက်နှာစိမ်းအမျိုးသားဧည့်သည်များအား အိမ်တွင်းသို့ အဝင်မခံဖို့ အရေးကြီးသည်ဆိုသည့်အချက်ကို နားလည်သဘောပေါက်အောင်ပြောထားသင့်သည် ။

➢ မိမိသမီးပျိုသည် ဘယ်နေရာ တွင် ဘယ်သူနှင့်အတူရှိနေမည်ကို သိပါစေ။ အပေါင်းအသင်းများနှင့်သာ တစ်စုတစ်ဝေး သွားလာစေသင့်သည်၊ တတ်နိုင်လျှင် လမ်းမထွက်ဘဲ အိမ်မှာသာနေဖို့ ဆုံးမသင့်သည်။

➢ ညဥ့်နက်လာလျှင် တစ်ဦးတည်းလမ်းမထွက်ပါနှင့်။ အကယ်၍ လမ်းမထွက်ဖြစ်လို့ ထွက်ခဲ့ရလျှင်လည်း အိမ်တံခါးအနီး ချုံဖုတ်၊ ချုံနွယ်များ၊ ရပ်ထားသောကားများအနီးမှ ကပ်မလျှောက်ပါနှင့်။

➢ အကယ်၍နောက်မှ အမျိုးသားတစ်ဦးဦး နောက်ယောင်ခံလိုက်နေလျှင် နေအိမ်တွင် ခုခံကာကွယ်နိုင်စွမ်းသူမရှိခဲ့လျှင် နေအိမ်သို့ တန်းတန်းမတ်မတ် မပြန်သင့်။

➢ အခြားအကူအညီပေးနိုင်မည့်သူများကို ရှာပါ။ အစွမ်းကုန်ပြေးခြင်း၊ အသံကုန်အော်ဟစ်အကူအညီတောင်းခြင်းများသည် ထိရောက်သော ကာကွယ်နည်းဖြစ်သည်။

➢ အကယ်၍ ကိုယ်ထိလက်ရောက် အစော်ကားခံရလျှင် မိမိအား ကျူးလွန်သူအမျိုးသား၏ပုံသဏ္ဌာန်ကို ချင့်ချိန်တွက်ဆပြီး မိမိ၏ကိုယ်ခံ၊ ခုခံနိုင်စွမ်းရှိမရှိကိုပါ ချင့်ချိန်တွက်ဆပါ။ လက်နက်ပါသော အဓမ္မသမားများအား သာမန်အားဖြင့် ခုခံတိုက်ခိုက်ခြင်းမပြုလျှင် အန္တရာယ်အကင်းဆုံးဟု ဆိုစမုတ်ပြုကြသည်။ လက်နက်မပါသော မုဒိမ်းအဓမ္မသမားများအား ခုခံတိုက်ခိုက်လျှင် လွတ်နိုင်သည့်အခွင့်အလမ်းသာပေလိမ့်မည်။ မိမိက ခုခံကာကွယ်သောလက်နက်ဖြင့် မိမိကို ပြန်လည် အသုံးချပြီး အကျိုးယုတ်စေလိမ့်မည်ဆိုသည့် အချက်ကိုလည်း သတိချပ်ပါ။

➢ အကယ်၍ လွတ်လမ်းမရှိ၍ ခုခံနိုင်ရန် မဖြစ်နိုင်ခဲ့လျှင် ပရိယာယ်ဖြင့် စကားစစ်ထိုးခြင်းဖြင့် မိမိအား ကျူးလွန်ခံရမည့်အဖြစ်ကို ဖယ်ရှားနိုင်ပေလိမ့်မည်။

➢ အကယ်၍မုဒိမ်းမှုကျူးလွန်ခံရလျှင် ဆေးအစစ်ခံယူပါ။ သက်ဆိုင်ရာတွင် တိုင်ချက်ဖွင့်၍ တရားဥပဒေအရအရေးယူဆောင်ရွက်ပါ။

R / D. Jan : 82

www.burmeseclassic.com